ဂု ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၀)၊ အမှတ်(၂၉)　　၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်　　၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၆ ၊ ၂၀၁၁)

# မြေအသုံးပြုခွင့်နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာချက်ထုတ်ပြန်

## ပုဂလိကပိုင် မြေယာများကို ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများထံ ငှားရမ်းနိုင်ပြီ

ပြည်သိမ်း

ရန်ကုန်၊ အောက်တိုဘာ-၃

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် မြေအသုံးပြုခွင့်နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာနှစ်ခုကို စက်တင်ဘာ ၃၀ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်လိုက်သည်။

အဆိုပါဥပဒေများ ထုတ်ပြန်မည်ကိုမျှော်လင့်ပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်လိုသူများက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ စုံစမ်းမေးမြန်းမှုများလည်း ရှိနေကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကုမ္ပဏီများဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ စာ(၁၂)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဂျပန်အမျိုးသမီးအသတ်ခံရမှု မည်သို့စီရင်မည်ကို ဂျပန်အစိုးရစောင့်ကြည့်နေ

အေးမြကျော်

ရန်ကုန်၊ အောက်တိုဘာ-၃

ကျောက်ပန်းတောင်းမြို့အနီးတွင်စက်တင်ဘာ ၂၈ရက်ကဖြစ်ပွားခဲ့သော ဆိုင်ကယ်တက္ကစီမောင်းသူက ဂျပန်ခရီးသည်အမျိုးသမီးအား အဓမ္မပြုကျင့်ရန်ကြံစည်ပြီး လက်လွန်၍ သေစေခဲ့သော အမှုအပေါ် သက်ဆိုင်ရာက မည်သို့စီရင်မည်ကိုဂျပန်အစိုးရအနေနှင့်စောင့်ကြည့်လျက်ရှိကြောင်း ရန်ကုန်မြို့အခြေစိုက် ဂျပန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက 7Day Newsသို့ပြောကြားသည်။ စာ(၃)သို့

## နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအား ဒေါ်အောင်ဆန်းစုကြည် ကြိုဆို

သီဟာ

စာ(၁၂)သို့

# မြစ်ဆုံစီမံကိန်းကို အစိုးရသက်တမ်းအတွင်း ရပ်ဆိုင်းထားမည်

အေးမြကျော်

ရန်ကုန်၊ စက်တင်ဘာ - ၃၀

ပြည်သူများ၏ဆန္ဒအတိုင်း မိမိတို့အစိုးရသက်တမ်းအတွင်းတွင် မြစ်ဆုံစီမံကိန်းကို ဆက်လက်တည်ဆောက်ခြင်းမပြုစေဘဲ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း နိုင်ငံတော် သမ္မတက နေပြည်တော်တွင် ကျင်းပလျက်ရှိသော လွှတ်တော်နှစ်ရပ်သို့ စက်တင်ဘာ၃၀ရက်က သဝဏ်လွှာပေးပို့ကာ အသိပေးခဲ့သည်။ စာ(၂၈)သို့

# အမှုကြန့်ကြာခြင်းများနှင့် ကာလနှင့်ကိုက်ညီမှုမရှိသည့် ငွေဒဏ်များက တရားရုံးအပေါ် အားကိုးယုံကြည်မှုလျော့နည်းစေ

ငြိမ်းငြိမ်းနိုင်



ဆောင်းပါး-စာ(၃၁)သို့

လူမှုရေး အောင်ဘာလေထီ

# အောင်ဘာလေထီ အပိုဂုဏ်ပြုဆုပေးသည့် အစီအစဉ် ပယ်ဖျက်


မေဝင်းမွန်

ရန်ကုန်၊ စက်တင်ဘာ - ၂၉

မည်သည့်ထီစောင်ရေမှမဆို အောင်ဘာလေထီဆုပေါက်သူများအား ထီကိုယ်စားလှယ်ကြီးများက အပိုဆောင်းဂုဏ်ပြုဆုငွေထပ်မံချီးမြှင့်ခြင်းအစီအစဉ်ကို လာမည့် နိုဝင်ဘာ ၁ရက်တွင် ဖွင့်လှစ်မည့် (၂၇၄)ကြိမ်မြောက်အောင်ဘာလေထီဖွင့်ပွဲမှစတင်၍ ဆောင်ရွက်ခြင်း မပြုရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက ထီလုပ်ငန်းရှင်များနှင့်ယနေ့တွေ့ဆုံကာပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

အောင်ဘာလေသိန်းထီကိုအကြောင်းပြု၍ ကံစမ်းမဲဖောက်ခြင်း၊ဗလာမပါကံစမ်းမဲဖောက်ခြင်း စသည့်ကံစမ်းမဲနှင့်ဆက်စပ်သည့် လုပ်ဆောင်ချက်များကို ခွင့်ပြုမည်မဟုတ်ဘဲ စာ(၃၀)သို့






CNC
JEANS
Men's wear
Environment Friendly


D//2
100% Cotton
D2
THADINGYUT FESTIVAL


K&M

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စီအင်န်ဂျီကားဟောင်းများသတ်မှတ်ချက်များအတိုင်း စီအင်န်ဂျီကားတင်သွင်းနိုင်

**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ-၃**

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်ဖြင့် စီအင်န်ဂျီကားဟောင်းအပ်နှံသူများမှာ စီအင်န်ဂျီ တပ်ဆင်ခွင့်ရလိုပါက မူရင်းစီအင်န်ဂျီကားကိုပြည်ပမှတင်သွင်းရမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အထက်ပါအစီအစဉ်ဖြင့် အစားထိုး ကားသွင်းနိုင်သော ကားများတွင် စီအင်န်ဂျီတက္ကစီယာဉ်အများအပြားပါဝင်ပြီး အဆိုပါကားများမှာ ကားဟောင်းအပ်ပြီးပါက စီအင်န်ဂျီတပ်ဆင်ခွင့် ရ၊မရကို အထူး သိလိုနေကြသည်။ ထို့ကြောင့် သက်ဆိုင်ရာက စီအင်န်ဂျီကားများအတွက်သတ်မှတ်ချက်များထုတ်ပြန်ရာတွင် စီအင်န်ဂျီကားအပ်နှံသူမှာ စီအင်န်ဂျီတပ်ဆင်အသုံးပြုလိုပါက မူရင်းစီအင်န်ဂျီကားကိုသာ တင်သွင်းရမည်ဖြစ်သည်။ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့နှစ်မျိုးစလုံးအသုံးပြုနိုင်သော ကားများကို တင်သွင်းခွင့်မရှိဘဲ စီအင်န်ဂျီတစ်မျိုးတည်း အသုံးပြုနိုင်သောကားကို တင်သွင်းရမည်ဟု သတ်မှတ်ထားသည်။

ထို့အပြင် မူလယာဉ်ဟောင်းတွင်တပ်ဆင်ခဲ့သောစီအင်န်ဂျီအိုး၏ အရွယ်အစားနှင့်ပေါက်ကွဲမှုပမာဏတူညီရမည်ဟုလည်းသတ်မှတ်ထားသည်။ ပြည်ပမှ ကားတင်သွင်းရာတွင်သဘာဝဓာတ်ငွေ့အသုံးပြုမောင်းနှင်နိုင်သောကားများမှာ စက်သုံးဆီအသုံးပြုမောင်းနှင်သောကားများထက် ဈေးပိုများကြောင်းလည်း သတင်းရရှိသည်။

အထက်ပါ ကန့်သတ်ချက်များကြောင့် စီအင်န်ဂျီတပ်ဆင်ထားသောယာဉ်အစီးရေမှာ တိုးလာရန်မရှိဘဲ လျော့နည်းသွားရန်သာရှိကြောင်းလည်း သတင်းရရှိသည်။

ပြည်တွင်းရှိ စီအင်န်ဂျီကားများတွင်အသုံးပြုနေသော သဘာဝဓာတ်ငွေ့မှာ ကမ်းလွန်သဘာဝဓာတ်ငွေ့မဟုတ်ဘဲ ပြည်တွင်း၌ အကန့်အသတ်ဖြင့် ထုတ်ယူနိုင်သေးသောကုန်းတွင်းသဘာဝဓာတ်ငွေ့ဖြစ်သည်။ လက်ရှိတွင် ပြည်တွင်း၌ ကုန်းတွင်းသဘာဝဓာတ်ငွေ့ကုဗပေသန်း ၇၀ဝန်းကျင် နေ့စဉ်ထုတ်လုပ်နေရာမှ သဘာဝဓာတ်ငွေ့သုံးကားများအတွက်နေ့စဉ်ကုဗပေ သန်း ၂၀ ဖြန့်ဝေပေးနေကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-ဂျပန်အမျိုးသမီးအသတ်ခံရမှု မည်သို့စီရင်မည်ကို ဂျပန်အစိုးရစောင့်ကြည့်နေ မှ

"ဂျပန်အစိုးရအနေနဲ့ကတော့ဒီဖြစ်စဉ်ဟာ မြန်မာနိုင်ငံတွင်းမှာဖြစ်တဲ့အတွက် ဒီက ဘယ်လိုအရေးယူမလဲဆိုတာကိုပဲ စောင့်ကြည့်နေပါတယ်"ဟု ဂျပန်သံရုံးမှပြောရေးဆိုခွင့်ရှိသူမစ္စတာမာယုရာမက7Day News၏ ထိုအမှုကိစ္စကိုဂျပန်အစိုးရအနေနှင့် မည်သို့ဆောင်ရွက်သွားရန်ရှိပါသလဲဆိုသည့်အမေးကို ပြန်လည်ဖြေကြားခဲ့သည်။

စက်တင်ဘာ ၂၈ရက် နေ့လယ်ပိုင်းတွင် အသက် ၃၁နှစ်အရွယ် ဂျပန်အမျိုးသမီး ချီဟာရုရာမတ်စုသည် ကျောက်ပန်းတောင်းမြို့မှ အသက်၃၉နှစ်အရွယ်ရှိမင်းသိုက်ဆိုသူ၏ဆိုင်ကယ်ကိုငှားရမ်းကာ ရှုခင်းပုံများရိုက်ရန် ညောင်ဦးသို့ထွက်ခွာခဲ့ရာ ကျောက်ပန်းတောင်းမြို့မှ ၂၅မိုင်အကွာ ညောင်နီကျင်းရွာအနီး ပဲစင်းငုံခင်းတစ်ခုတွင် အဓမ္မပြုကျင့်ရန်ကြံစည်ရာမှ ဂျပန်အမျိုးသမီးက ရုန်းကန်သဖြင့် ကြိုးနှင့်လည်ပင်းကို ညှစ်သောကြောင့် သတိလစ်မေ့မြောကာ သေဆုံးသွားခဲ့သည်။

ယခုအခါ တရားခံဟု ယူဆရသူ မင်းသိုက်ကို မြင်းခြံခရိုင်တရားရုံးတွင် အောက်တိုဘာ၄ရက်နေ့တွင် စွဲချက်တင်ပြီး စတင်စစ်ဆေးသွားမည်ဖြစ်ကာဝင်းကို မြင်းခြံထောင်တွင် ချုပ်နှောင်ထားကြောင်းသိရသည်။

"မုဒိမ်းမှုမြောက်မမြောက်ကတော့ ပြောလို့မရသေးပါဘူး။ မှုခင်းဆရာဝန်ကြီးရဲ့ဆေးစစ်ချက်ကို လျှို့ဝှက်ထားရပါတယ်။ တရားရုံးမှာမှ စစ်ဆေးသွားပါလိမ့်မယ်။ အခုတော့လူသတ်မှုနဲ့စွဲချက်တင်မှာပါ" ဟုကျောက်ပန်းတောင်းရဲစခန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

အသတ်ခံခဲ့ရသော ဂျပန်အမျိုးသမီး၏အလောင်းကို သက်ဆိုင်ရာက စစ်ဆေးမှုများပြုလုပ်ပြီး အောက်တိုဘာ ၁ရက်တွင် ဂျပန်နိုင်ငံရှိမိသားစုထံပေးပို့လိုက်ပြီဖြစ်ပြီး မိသားစုများ၏ဆန္ဒကိုမူ မသိရှိရသေးကြောင်းဂျပန်သံရုံးမှသိရသည်။ အဆိုပါဂျပန်အမျိုးသမီးသည်မြန်မာနိုင်ငံသို့အလည်အပတ်လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်မှကျောက်ပန်းတောင်းမြို့သို့ရောက်သောနေ့မှာပင် အသတ်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါဂျပန်အမျိုးသမီးသေဆုံးမှုတွင်တရားခံဟုယူဆထားသူ မင်းသိုက်ကိုကျောက်ပန်းတောင်းရဲစခန်း၌(ပ)၂၃၃၊၁၁ပြစ်မှု(၃၀၂)ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး အောက်တိုဘာ၄ရက်မှစတင်ကာမြင်းခြံခရိုင်တရားရုံးတွင် အမြန်ဆုံးစစ်ဆေးအရေးယူသွားနိုင်ရန်ဆောင်ရွက်သွားမည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။



7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## CRIME CORNER

### ပဲခူးတွင်ဖြစ်ပွားခဲ့သော ဖောက်ထွင်းမှု လူငယ်အများစုပါဝင်

**အိဖြူလွင်** **ရန်ကုန်၊ စက်တင်ဘာ- ၂၈**

စက်တင်ဘာ ၁၀ ရက်က ပဲခူးမြို့ရှိ အိမ်တစ်အိမ်တွင် ရွှေထည်ပစ္စည်းမျိုးစုံတန်ဖိုး ကျပ်၉၁သိန်းကျော်ဖိုး ခိုးယူခံခဲ့ရရာ ပြစ်မှုကျူးလွန်သူများတွင် အသက် ၁၆ နှစ်အရွယ် လူငယ်လေးဦးပါဝင်ကြောင်း မြန် မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖောက်ထွင်းမှုသည် ယင်း နေ့လယ်ခင်းအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အိမ်ရှင်က နေအိမ်အား သော့ခတ်ကာ အပြင်ထွက်သွားချိန် နံနက် ၁၀ နာရီခွဲ မှ မွန်းလွဲ ၃ နာရီခွဲခန့်အတွင်း ဖောက်ထွင်းခိုးယူခံရခြင်းဖြစ်သည်။

အမှုအား စုံစမ်းဖော်ထုတ်ချက်များအရ ပြစ်မှုကျူးလွန်သူများကိုစက်တင်ဘာ ၁၁ ရက်မှစတင်ဖမ်းဆီးခဲ့ပြီး ၁၇ ရက်တွင် နေပြည်တော်သို့ ထွက်ပြေးတိမ်းရှောင်နေသူအပါအဝင် ပြစ်မှုကျူးလွန်သူ စုစုပေါင်းခြောက်ဦးကို ဖမ်းဆီးမိခဲ့ကြောင်းသိရသည်။

ပြစ်မှုကျူးလွန်သူအားလုံးသည် ပဲခူးမြို့တွင်ပင် နေထိုင်သူများဖြစ်ပြီး အသက် ၁၈နှစ် မပြည့်သေးသူ လူငယ်များအများစုပါဝင်နေခြင်းဖြစ်သည်။

အဆိုပါအမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ထိရောက်သည့်ပြစ်ဒဏ်ရရှိရန်အတွက် ပဲခူးအမှတ်(၁)ရဲစခန်းက ဆောင်ရွက်လျက်ရှိပြီး ပ-၄၄၁/ ၂၀၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ထားရှိကြောင်းသိရသည်။

### ကလေးငယ်လေးဦးကို သွေးဆောင်ခေါ်ယူသွားသော အမျိုးသမီးအား ဖမ်းဆီး

**အိဖြူလွင်** **ရန်ကုန်၊ အောက်တိုဘာ- ၁**

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ကနောင်မင်းသားကြီးလမ်းမပေါ်တွင် ကလေးငယ် လေးဦးဆော့ကစားနေစဉ် အသက် ၄၀ ခန့်ရှိ အမျိုးသမီးတစ်ဦးက ကလေးများကို ဖြားယောင်းခေါ်ဆောင်သွားခဲ့သည့် ဖြစ်ရပ်တစ်ခု စက်တင် ဘာ ၂၁ ရက်က ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ကလေးများသည် အသက် ၅ နှစ်အရွယ် ၃ ဦးနှင့် အသက် ၁၃ နှစ်အရွယ် ၁ဦး စုစုပေါင်းလေးဦးဖြစ်ပြီး ကနောင်မင်းသားကြီးလမ်းတွင်ပင်နေထိုင်ကြသူများဖြစ်ကြောင်း သိရသည်။

ကလေးများဆော့ကစားချိန်တွင်အဆိုပါအမျိုးသမီးရောက် ရှိလာပြီး အလုပ်သွားရှာရန် သွားမည်ကို တစ်ယောက်တည်း မသွားရဲသောကြောင့်အဖော်လိုက်ခဲ့ပေးပါဟု ပြောကာ ကလေးများကို ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ကလေးမိဘများ သိရှိ၍ ရပ်ကွက်လူကြီးများ၊ တာဝန်ရှိသူများနှင့်အတူ လိုက်လံရှာဖွေရာမှ ကလေးများနှင့် အဆိုပါအမျိုးသမီးကို ဒဂုံအရှေ့ပိုင်းမြို့နယ် စက်မှုဇုန်ရှိ ယန္တရားပြင် စက်ရုံတစ်ရုံရှေ့၌ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသမီးသည် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃၉)ရပ်ကွက်နေထိုင်သူဖြစ်ပြီးမည်သည့်အတွက်ကလေးများကို ခေါ်ဆောင်သွားသည်ကို စစ်ဆေးနေဆဲဖြစ်သည်ဟုသိရသည်။

အမှုကိုဒဂုံအရှေ့ရဲစခန်းက(ပ)၂၈၈/ ၂၀၁၁ပုဒ်မ၃၅၃ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

# မိုးစပါးအထွက်နှုန်း လျော့နည်းနိုင်

**အောင်သူရ**

**ရန်ကုန်၊**
**စက်တင်ဘာ-၂၈**

ယခုနှစ်တွင် မိုးစပါးအထွက်နှုန်း လျော့နည်းနိုင်ကြောင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများကပြောကြားသည်။

“မိုးရွာရက်များတာရယ်၊ မိုးအုံ့တဲ့ရက်များတော့ နေရောင်ခြည်ရရှိမှုနည်းတဲ့အတွက် အထွက်လျော့နိုင်တယ်လို့ မှန်းထားပါတယ်”ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့တွင် စိုက်ပျိုးသော တောင်သူများကလည်း ယခုနှစ် မျိုးစပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ တင်းခန့် လျော့နည်းနိုင်ကြောင်း ခန့်မှန်းထားကြသည်။

ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုများနေသဖြင့် လယ်မြေအချို့ရေမြုပ်ကာ အခုအချိန်ထိ မစိုက်နိုင်သော လယ်မြေများ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရှိနေဆဲဖြစ်သည်။

“ရိတ်သိမ်းချိန်မှာ မိုးရွာရင် ထပ်ပြီးအထွက်လျော့နိုင်သေးတယ်”ဟု ဓနုဖြူမြို့နယ်ပိုင် ခွန်နန်ကျေးရွာမှ တောင်သူကြီးတစ်ဦးကဆိုသည်။

ယခုနှစ် မိုးရာသီတွင် မိုးကောင်းခဲ့ပြီး ဒေသအများစုတွင် မိုးရေချိန်လက်မများ စံချိန်တင်ခဲ့သည်။ ယမန်နှစ်က မိုးစပါးစိုက်ဧက ၁၇သန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ထိုပမာဏထက်စိုက်ဧကလျော့နည်းနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။



# လူတစ်စု ဖမ်းဆီးခေါ်ဆောင်သွားရာမှ ကလေးငယ်တစ်ဦးလွတ်မြောက်လာ

**ကျော်အေး**

**မန္တလေး၊ စက်တင်ဘာ- ၂၄**

**ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ (၁၀)ရပ်ကွက်၊ နဝရတ်လမ်းနှင့်လမ်းသွယ်(၃)တွင်နေထိုင်သည့် အသက်၁၂နှစ်အရွယ်ဆွံ့အနားမကြားယောကျ်ားလေး တစ်ဦး ခေတ္တပျောက်ဆုံးမှုဖြစ်ပွားခဲ့ပြီး ပြန်လွတ်မြောက်လာရာ သူ၏လက်ဟန်ခြေဟန်ပြောဆိုမှုများအရ အခြားကလေးငယ်များလည်း ဖမ်းဆီးခံထားရကြောင်း ပါဝင်ခဲ့၍ ပြင်ဦးလွင်ရဲစခန်းသို့ ဆက်သွယ်တိုင်ကြားခဲ့ကြောင်း ပျောက်ဆုံးသူ၏ မိဘများကပြောသည်။**

အဆိုပါအသက် ၁၂ နှစ်အရွယ် ဆွံ့အနားမကြားကလေးသည် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက စတင်ပျောက်ဆုံးသွားပြီး နောက်တစ်နေ့နံနက် ၅ နာရီအချိန်တွင် လက်၌ ကြိုးတုပ်လျက် အနေအထားဖြင့် အိမ်ရှေ့တွင်ဘဲလ်တီးကာ သံတံခါးအားထုံးနှက်နေရာ မိသားစုဝင် တစ်ဦးက တံခါးဖွင့်ပေးပြီး ကြိုးတုပ်ထားခြင်းအား ဓားနှင့်ဖြတ်၍ ဖြေပေးခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

၎င်းကလေးသည် မိမိတို့၏ သားရင်းမဟုတ်သော်လည်း လွန်ခဲ့သည့် သုံးနှစ်ကျော်ကပင် မွေးစားခဲ့ခြင်းဖြစ်ကာ ရိုးသားမှုရှိပြီး ဉာဏ်ရည်နှင့် မှတ်ဉာဏ်မှာ နိမ့်ကျခြင်းမရှိကြောင်း ကျပ်သိန်းဂဏန်းရှိငွေကြေးကိုပင် သိမ်းဆည်းခွင့်ပေးခြင်းနှင့် သိမ်းဆည်းထားနိုင်ခြင်းများရှိကြောင်း အဆိုပါမိသားစုဝင်တစ်ဦးက ဆက်လက်ပြောကြားသည်။

ထိုကလေးပြန်တွေ့သည့်နေ့က အဖြစ်အပျက်အား ပြန်လည်ပြောကြားရာတွင် “ကလေးက အရမ်းမောနေတယ်။ ပြေးလာတာတဲ့။ ငိုလည်းငိုတယ်။ ည ၁၀ နာရီ ၁၁ နာရီလောက်ကတည်းကစပြေးလာပုံရတယ်။ ဒီကိုနံနက် ၅ နာရီအစောကြီး ရောက်လာတယ်။ လက်နှစ်ဖက်ကိုလည်း ပိနံကြိုးနဲ့ ကျစ်ပြီး ချည်ထားတာ။ သွေးမလျှောက်သလို အရာတွေတောင် ထင်နေတယ်” ဟု ကလေးနှင့် အနေများပြီး ကလေးပြောသည့် လက်ဟန်ခြေဟန်နားလည်သူ မိခင်ကဆိုသည်။

အိမ်ရှေ့မှနေ၍ လူတစ်ဦးက လက်ခုပ်တီးခေါ်ရာ ၎င်းအနီးရောက်ရှိချိန်၌ ပခုံးပုတ်ကာ လမ်းထိပ်သို့ ခေါ်ဆောင်သွားကြောင်း ကားတစ်စီးအနီးရောက်ချိန်၌ ဆေးထိုးခံရသကဲ့သို့ ခံစားရပြီး ကားပေါ်ရောက်ချိန်တွင် မူးဝေသွားကြောင်း၊ ယင်းနောက် ခေါ်ဆောင်ခံခဲ့ရကြောင်း ကလေး၏ လက်ဟန်ခြေဟန်ပြောကြားချက်များအား မိခင်က ပြန်လည်ပြောကြားသည်။

ဖမ်းဆီးခေါ်ဆောင်ခံထားရသည့် နေရာရောက်ရှိချိန်တွင် မိမိမှာ လက်နှစ်ဖက်အား ရှေ့တွင် တုပ်လျက်အနေအထားနှင့် ရှိနေပြီး မိမိထက်ကြီးသည့် ယောကျ်ားလေး နှစ်ယောက်သည် လက်နောက်ပစ်အနေအထားနှင့် တုပ်နှောင်ခံထားရသည်ဟုဆိုသည်။ ၎င်းအားထိုးကြိတ်မှု မလုပ်သော်လည်း ကျန်ယောကျ်ားလေး နှစ်ယောက်မှာ ထိုးကြိတ်ခံထားရ၍ သွေးထွက်သံယိုမှုများတွေ့ရကြောင်း ခြံခတ်ထားသည့်အထဲတွင် ကျောင်းသူအရွယ် မိန်းကလေးတစ်ဦးကိုလည်းတွေ့ရကြောင်း ၎င်းက ပြန်လည်ရှင်းပြသည်။

စာ(၁၂)သို့







7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# နေပြည်တော်မှ ရေဘေးသင့်သူများ မိုးဆက်မရွာ သက်သာရာရ

ထူးသန့်

နေပြည်တော်၊ စက်တင်ဘာ-၃၀

နေပြည်တော်ဒေသရှိ အနိမ့်ပိုင်းနေရာများတွင် ပြီးခဲ့သည့်ရက်ပိုင်းက မိုးသည်းထန်၍ ရေကြီးရေလျှံမှုများ ကြုံခဲ့ရသော်လည်း မိုးရွာသွန်းချိန် နာရီပိုင်းသာရှိခဲ့ပြီး ဆက်လက်မရွာသွန်းခဲ့သည့်အတွက် သက်သာရာရခဲ့ကြောင်း ကိုယ်တိုင်ရေဘေးကြုံခဲ့သူများကပြောသည်။

နှစ်ပေါင်းများစွာအတွင်း ကြုံတွေ့ခဲ့ဖူးခြင်းမရှိဟုဆိုသော အဆိုပါ မိုးရွာသွန်းမှုကြောင့် လူနေရပ်ကွက်၊ ကျေးရွာနှင့် စိုက်ခင်းအများအပြားတွင် ရေများလျှံတက်ခဲ့သည်။ အနိမ့်ပိုင်းနေရာများတွင် အဆိုးဆုံးကြုံတွေ့ခဲ့ရပြီး မြို့ပေါ်ရပ်ကွက်အချို့တွင် နှစ်ပေခန့်အထိ ရေမြင့်တက်ခဲ့ကာ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ခရမ်းကိုင်းနှင့် ဆင်ဆိပ်ရွာများတွင်မူ ၄၊ ၅ ပေအထိ မြင့်တက်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

"ဆင်ဆိပ်ရွာကတော့ အနိမ့်ဆုံး၊ အဆိုးဆုံးပဲ။ တစ်ရွာလုံးခံလိုက်ရတယ်။ ကျွန်တော်တို့ရွာတောင်အိမ်ခြေ၃၀၀ကျော်လောက် ရေဘေးခံရတယ်။ ရေဘယ်လောက်တက်လဲဆိုတော့ ဟိုးကခြံစည်းရိုးကို တွေ့တယ်မဟုတ်လား။ အဲဒီခြံစည်းရိုးမြုပ်လုလုပဲ" ဟုငါးပေခန့်အမြင့်ရှိသောခြံစည်းရိုးကိုညွှန်ပြရင်း ခရမ်းကိုင်းကျေးရွာမှ အသက်၅၃နှစ်ရှိဒေသခံ အမျိုးသားကြီးတစ်ဦးက ပြောကြားခဲ့သည်။



နေပြည်တော်လယ်ဝေးမြို့ရှိ ကျေးရွာတစ်ရွာမှ ရေဘေးသင့်ဒေသခံများကို ကယ်ဆယ်ရေးစခန်း၌ တွေ့ရစဉ် ဓာတ်ပုံ-ထူးသန့်

မြို့ပေါ်ရှိအနိမ့်ပိုင်းရပ်ကွက်များတွင်လည်း ရေကြီးမှုကြုံတွေ့ခဲ့ရပြီး ပေါင်းလောင်းရပ်ကွက်မှ အိမ်ရှင်မတစ်ဦးက "အိမ်ကြမ်းခင်းအထိ ရေဝင်ရောက်တာမျိုး ကျွန်မတစ်သက်၊ မကြုံဖူးဘူး။ တခြားနိမ့်တဲ့အိမ်တွေဆို ပိုဆိုးလိမ့်မယ်။ အဲဒါတောင် မိုးရွာချိန် ၅ နာရီ၊ ၆ နာရီ လောက်ပဲရှိလို့။ ဆက်ပြီးရွာရင် မတွေးရဲဘူး" ဟူ၍ ၎င်းတို့၏ အတွေ့အကြုံကို ပြန်လည်ပြောဆိုသည်။

ရေကြီးမှု အဆိုးဆုံးခံခဲ့ရသည့် ရပ်ကွက်တစ်ခုဖြစ်သော အောင်မင်္ဂလာရပ်ကွက်မှ အသက် ၅၀ ကျော်အရွယ် အိမ်ရှင်မတစ်ဦးကလည်း "ညက မိုးဆက်မရွာတော့လို့သာ နေဖြစ်တာပါ" ဟူ၍ ရေဝင်ထားသော မီးဖိုဆောင်ကို ပြန်လည်ပြင်ဆင်ရင်းပြောသည်။

မိုး/ဇလ၏ ထုတ်ပြန်ချက်အရ ပျဉ်းမနားမြို့တွင် ၆ ဒသမ ၄၃ လက်မ၊ ရေဆင်းတွင် ၆ ဒသမ ၅ အသီးသီးရွာသွန်းခဲ့သည်။ အသက်၆၀ကျော်ဒေသခံများကမူ၎င်းတို့၏ တစ်သက်တွင် ဤကဲ့သို့ မိုးရွာသွန်းမှုမျိုး မကြုံတွေ့ဖူးကြောင်း ပြောဆိုသည်။ ယခုရေဘေးကြောင့် ကယ်ဆယ်ရေးစခန်းများကို ဇမ္ဗူသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီ ပရိဝုဏ်နှင့် ပျဉ်းမနားမြို့ရှိ ဘာသာရေးအဆောက်အအုံများတွင် အလျင်အမြန်ဖွင့်လှစ်ပေးခဲ့ပြီး အိမ်ခြေ ၂၀၀၀ ခန့်ကို ကယ်ဆယ်ခဲ့ရကြောင်း သိရှိရသည်။

# အောက်တိုဘာ၉ – ၁၀တွင်မိုးကောင်းနိုင်

အောင်သူရ

ရန်ကုန်၊ အောက်တိုဘာ-၃

တောင်တရုတ်ပင်လယ်၌ ဖြစ်ပေါ်နေသော Nalgae မုန်တိုင်းသည် ဗီယက်နမ်ကမ်းခြေကို အောက်တိုဘာ ၆ရက်တွင် လတ္တီတွဒ် ၂၀N အောက်မှဖြတ်သန်းနိုင်သဖြင့်မြန်မာနိုင်ငံတွင်အောက်တိုဘာ ၉ ရက်နှင့် ၁၀ရက်များ၌ မိုးရွာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ပြောသည်။

"အခုလမ်းကြောင်းအတိုင်းသာလာရင် မြန်မာပြည်အောက်ပိုင်းမှာ မိုးရွာမယ်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းတို့လည်း ရွာလိမ့်မယ်။ စက်တင်ဘာ ၂၆၊ ၂၇မှာရွာတဲ့ မိုးထက်ပိုများလိမ့်မယ်" ဟု ဦးထွန်းလွင်ကဆိုသည်။

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့ပြီး ဗီယက်နမ်ကမ်းခြေသို့ လတ္တီတွဒ် ၂၀ Nအောက်နိမ့်သော နေရာမှ ဖြတ်သန်းခဲ့သဖြင့် မြန်မာနိုင်ငံတွင် စက်တင်ဘာ ၂၆ရက်နှင့် ၂၇ရက်၌ မိုးရွာသွန်းခဲ့ပြီး ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးမြို့အချို့ပင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

ယခုဖြစ်ပေါ်နေသော Nalgae မုန်တိုင်းသည် ဗီယက်နမ်ကမ်းခြေသို့ အောက်တိုဘာ ၆ ရက် ညပိုင်းတွင်ဖြတ်သန်းမည်ဟု ခန့်မှန်းထားသည်။ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်သော မုန်တိုင်းများသည် ဗီယက်နမ်ကမ်းခြေသို့ လတ္တီတွဒ် ၂၀ Nအောက်မှ ဖြတ်ပါက မြန်မာနိုင်ငံတွင် မိုးကောင်းလေ့ရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# ငွေလဲကောင်တာများတွင် ဒေါ်လာနှင့် အက်ဖ်အီးစီကို ပြန်ရောင်းသူများ

အောင်သူရ


**ရန်ကုန်၊ အောက်တိုဘာ - ၁**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းတွင် ငွေလဲကောင်တာ (Money Changer) စဖွင့်သော အောက်တိုဘာ၁ရက်က ဒေါ်လာနှင့်အက်ဖ်အီးစီကို လာရောင်းသူ များပြားခဲ့ကြောင်း သတင်းရရှိသည်။

ငွေလဲကောင်တာ စဖွင့်သော အောက်တိုဘာ ၁ ရက်နံနက် ၉ နာရီတွင် အမေရိကန်တစ်ဒေါ်လာနှင့်အက်ဖ်အီးစီတစ်ယူနစ်လျှင် ၈၃၀ ကျပ်၊ တစ်ယူရိုလျှင် ၁,၀၈၀ ကျပ်နှင့် စင်ကာပူတစ်ဒေါ်လာလျှင် ၆၇၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သည်။

"နိုင်ငံတကာဈေးနဲ့ အပြင်ဈေးကွက်အနေအထားကိုကြည့်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ဖွင့်ဈေးနဲ့ ပိတ်ဈေးရှိလာမှာပေါ့" ဟု သမဝါယမဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဈေးစတင်ဖွင့်သောနေ့တွင် ငွေလဲကောင်တာ၌စင်ကာပူတစ်ဒေါ်လာလျှင် ၆၇၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း နှစ်နာရီခန့်ကြာသောအခါ ၆၆၀ ကျပ်နှင့် နောက်နှစ်နာရီခန့်အကြာတွင် ၆၃၅ ကျပ်ထိကျဆင်းသွားခဲ့သည်။



ငွေလဲကောင်တာတွင် ငွေလဲလှယ်ပေးနေစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အမေရိကန်ဒေါ်လာဝယ်ယူသောဈေးတွင် ငွေစက္ကူတန်ဖိုးအကြီးအသေး ပမာဏအလိုက် ဈေးနှုန်းကွာဟမှုဖြင့် အချို့ဘဏ်များက ဝယ်ယူကြောင်းရောင်းချသူများကပြောသည်။

"တစ်ဒေါ်လာတန်ဖိုး ၁၀၀ (ကျပ်)၊၁၀တန်၊ ၂၀တန်ဆို၈၀(ကျပ်)နဲ့ ၅၀တန်ဆို ၂၀(ကျပ်) လောက်လျှော့ပေးတယ်"ဟုရောင်းချသူတစ်ဦးကဆိုသည်။

စတင်ဖွင့်လှစ်သောနေ့တွင် လာရောက်ရောင်းချသူများမှာ ဒေါ်လာ ၁၀၀ တန်များသာရှိသဖြင့် ယနေ့ပေါက်ဈေးအတိုင်းဝယ်ယူခဲ့သော်လည်း နောက်ပိုင်းရက်များတွင် ငွေစက္ကူတန်ဖိုးအကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းကွာဟမှုရှိမည်ဖြစ်ကြောင်းမြန်မာ အရှေ့တိုင်းဘဏ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့ပြင် လာရောက်ရောင်းချသောငွေစက္ကူများ၌ စုတ်ပြဲခြင်း၊ စွန်းထင်းခြင်းနှင့် နွမ်းကြေခြင်းများရှိပါက ဝယ်ယူမည်မဟုတ်ဘဲ ငွေစက္ကူစစ်ဆေးသည့် စက်က လက်မခံပါက ဝယ်ယူမည်မဟုတ်ဟု ငွေလဲကောင်တာမှ တာဝန်ရှိသူများကဆိုသည်။ **စာ(၁၂)သို့**

# မြန်မာ – အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှု လက်ရှိထက် ၂၀၁၅တွင် နှစ်ဆတိုးမြှင့်မည်

မေဝင်းမွန် **ရန်ကုန်၊ စက်တင်ဘာ - ၂၈**


အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်ရေးကို ၂၀၁၅ ခုနှစ်တွင် လက်ရှိထက် နှစ်ဆတိုးမြှင့်ရန် (ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဘီလီယံအထိ ရောက်ရှိရန်) ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယသမ္မတနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အိန္ဒိယ-အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် အရ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုနှစ်ဆတိုးကာ စိုက်ပျိုးရေးသုတေသနနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်ရန် အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ရှရီအနန်ရှားမားတို့ စတုတ္ထအကြိမ်မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ကုန်ပစ္စည်း ၂၂မျိုးမှ ၄၀အထိတိုးမြှင့်ကုန်သွယ်မှုပြုမည်ဖြစ်သည်။ စိုက်ပျိုးရေးသုတေသနလုပ်ငန်းနှင့် မျိုးကောင်းမျိုးစေ့များပေးဝေရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကာ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ တူးဖော်ရေးအတွက် အိန္ဒိယကုမ္ပဏီများကရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းထားသည်ဟုထုတ်ပြန်ချက်တွင်ပါရှိသည်။ လာမည့် ၂၀၁၃ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၂၀ တန်ဖိုးရှိ ကုလားတန်ဘက်စုံစီမံကိန်းပြီးစီးမည်ဖြစ်ရာ အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များ၊ မြန်မာ နိုင်ငံစစ်တွေဆိပ်ကမ်းတို့ကို ရေလမ်းခရီးဖြင့်လည်းကောင်း၊ မီဇိုရမ်ဒေသသို့ ကုန်းလမ်းဖြင့်လည်းကောင်း သွားနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုကောင်းမွန်လာမည့်လမ်းကြောင်းတစ်ခုဖြစ်လာမည်ဟု ဆိုသည်။ လက်ရှိနှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိပြီး မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံနှင့်သစ်တောထွက်ပစ္စည်းများကို အများဆုံးတင်ပို့သည်။ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အသားနှင့် ဆေးဝါးပစ္စည်းများကို အများဆုံးတင်ပို့သည်။

Ref; Press Information Bureau




TRI
LIVES BRILLIANTLY
TRI Shirt
TRI Pants (Soft Jeans)
TRI Style Pants
TEEN-AGE SERIES
TAS Shirt (Soft Jean)
TAS Shirt
TAS T-Shirt (Two-Fold)
TAS Suit Pants (Straight Fit)
TAS Slipper
TAS Short Pants (Relaxed Fit)

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## ၂၀၁၁ ခုနှစ် အောက်တိုဘာ၅ရက်မှ ၁၁ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေဟာ မြန်မာတစ်နိုင်ငံလုံးမှ ဆုတ်ခွာသွားခဲ့ပြီ ဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာနိုင်ပြီး ပိုမိုအားကောင်းလာဖွယ်ရာရှိပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ မိုးတိမ်တောင်များဖြစ်ထွန်းမှုကြောင့် မိုးသက်လေပြင်းများ ရံဖန်ရံခါကျရောက်ပြီး ခေတ္တမျှလှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅မိုင်မှ ၃၅ မိုင်ခန့်အထိတိုက်ခတ်နိုင်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၅ရက်မှ အောက်တိုဘာလ ၁ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ရွာသွန်းခဲ့သောမိုးရေချိန်များမှာ မိုးရေချိန် ၀ ဒသမ ၂လက်မမှ ၀ ဒသမ ၈လက်မအထိ ရွာသွန်းခဲ့သောဒေသများမှာ ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း မိုးရေချိန် ၀ ဒသမ ၈လက်မမှ ၂လက်မအထိ ရွာသွန်းခဲ့သောဒေသများမှာ ချင်းပြည်နယ် တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်အလယ်ပိုင်းနဲ့ တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးမြောက်ပိုင်းနဲ့ အနောက်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်း၊ ကရင်ပြည်နယ်မြောက်ပိုင်း၊ မွန်ပြည်နယ်မြောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မိုးရေချိန် ၂ လက်မမှ၄ လက်မအထိ ရွာသွန်းခဲ့သောဒေသများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး အရှေ့တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးအနောက်တောင်ပိုင်း၊ မွန်ပြည်နယ်အလယ်ပိုင်း၊ ကရင်ပြည်နယ်တောင်ပိုင်း စတဲ့ဒေသများဖြစ်ကြပါတယ်။

လာမယ့်ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဘက်ဆီသို့ အရှေ့ဘက်က ရွေ့လျားလာတဲ့ မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်နှစ်ကြိမ်ဖြတ်သန်းသွားနိုင်တဲ့အပြင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းမှာလေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်တာကြောင့် မြန်မာနိုင်ငံ ဒေသအတော်များများမှာ မိုးရွာနိုင်ပါတယ်။ ဒါကြောင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် တောင်ပိုင်းတို့မှာ ငါးရက်ခန့်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ လေးရက်ခန့်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးမြောက်ပိုင်းနဲ့ ကယားပြည်နယ်တွေမှာ သုံးရက်ခန့်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်တို့မှာ တစ်ရက်မှ နှစ်ရက်ခန့်မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ တစ်ပြည်လုံးမှာ နေ့အပူချိန်များ ဖြစ်မြဲရဲ့အောက်လျော့နည်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့မှာ လက်ရှိရေအမှတ်များအောက်ကို ကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် စိုးရိမ်ရေအမှတ်များအထက် ကျော်လွန်ရောက်ရှိနေသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ ဒုဋ္ဌဝတီမြစ်၊ ငဝန်မြစ်၊ သံလွင်မြစ်ရေနဲ့ စစ်တောင်းမြစ်ရေများဟာ စိုးရိမ်ရေအမှတ်ရဲ့အောက်ကို ကျဆင်းသွားနိုင်ပြီး မြစ်ငယ်များကတော့ စိုးရိမ်ရေအမှတ်များဝန်းကျင်မှာပဲ ဆက်လက်ရှိနေနိုင်ပါတယ်။ အခြားသော မြစ်များမှာ ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။ ခြွင်းချက်အနေနဲ့ကတော့ မိုးဆက်တိုက်သုံးရက်မှ လေးရက်ခန့် ဆက်တိုက်ရွာသွန်းပါက စစ်တောင်း၊ သံလွင်၊ ငဝန်နဲ့ ပဲခူးမြစ်တို့မှာ စိုးရိမ်ရေအမှတ်များဆီကို ပြန်လည်ရောက်ရှိလာဖွယ်ရာဖြစ်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ခန့်မှန်းကာလအတွင်း မုန်တိုင်းနှစ်လုံးမှသုံးလုံး ဆက်လက်ဖြစ်ပေါ်နေနိုင်ပြီး အနောက်ဘက်ကို ရွေ့လျားနိုင်တယ်လို့ ခန့်မှန်းရတဲ့အတွက် ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံအပေါ်ကို အရှေ့ဘက်မှ မုန်တိုင်းများကြောင့် မိုးရွာသွန်းမှုတစ်ကြိမ်မှနှစ်ကြိမ်ခန့်ဖြစ်ပေါ်နိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ကားပါကင်လေလံခွန်တိုးမြှင့်

## အင်ဂျင်နီယာဌာန(လမ်း/တံတား)မှကောက်ခံသော အခွန်အများစုကို အောက်တိုဘာ၁ရက်မှစတင်တိုးမြှင့်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၇**

ရန်ကုန်မြို့ စကြံ်များပေါ်ရှိ ကားပါကင်လေလံခွန်များကိုယခုလမှစတင် ပြောင်းလဲတိုးမြှင့်ကောက်ခံသွားမည်ဖြစ်သော်လည်း ကားပါကင်သုံးစွဲသူတစ်ဦးချင်းစီထံမှ ကားရပ်နားခများကို တိုးမြှင့်ကောက်ခံခွင့်ပြုသွားမည်မဟုတ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။



"ကားပါကင်လေလံဆွဲတဲ့ လူတွေကို လေလံခွန်တိုးမြှင့်ပေမယ့် သူတို့ကို လက်ရှိကားပါကင်ကြေးထက် တိုးကောက်ခံတာမျိုး ခွင့်မပြုပါဘူး"ဟု အထက်ပါဌာနမှ ဒု-ဌာနမှူး ဦးမျိုးလွင်က ပြောသည်။

အဆိုပါဌာနက ကောက်ခံလျက်ရှိသော ကားပါကင်၊ မီးစက်၊ တယ်လီဖုန်းရုံ၊ ယာဉ်ဂိတ်တဲ၊ ထရန်စဖော်မာ၊ မီဒီယာကော်နာနှင့် လမ်းမီးတိုင်ကြော်ငြာများ၊ ကားမှတ်တိုင်များတွင် ကြော်ငြာကပ်ခွင့်နှုန်းထားများကို ယခုလမှစတင်ကာတိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရပြီးသူများနှင့် ခွင့်ပြုချက်အသစ်လျှောက်မည့်သူများအားလုံး ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ အောက်တိုဘာလမှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှာ ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် စတင်လည်ပတ်ကြရတော့မည်ဖြစ်သည်။

"ဒီလို တိုးကောက်တာက ဌာနအတွက် အခွန်ရရှိရေးတစ်ခုတည်းအတွက်မဟုတ်ပါဘူး။ လမ်းဘေးဈေးသည်တွေကို စနစ်တကျလုပ်ဆောင်ပြီးတဲ့အခါမှာ မီးစက်၊ ထရန်စဖော်မာ၊ ကားပါကင်၊ ဂိတ်တဲတွေ၊ တယ်လီဖုန်းရုံတွေက အနှောင့်အယှက်ဖြစ်နေသေးတယ်။ ဒါကြောင့် စကြံ်ပေါ်မှာ ကျန်နေခဲ့တာတွေကို အနည်းဆုံးဖြစ်သွားအောင်လို့ နှုန်းထားတွေ တိုးတာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ရှင်းပြသည်။

ခွင့်ပြုချက်ရထားပြီး နှစ်စဉ်ကြေး အခွန်ဆောင်ပြီးသူများအား သတ်မှတ်ရက်ပြည့်သည်အထိ မူလနှုန်းထားအတိုင်းသာကောက်ခံမည်ဖြစ်သော်လည်း အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

"ခွင့်ပြုချက်ရပြီးသား ဟုတ်မဟုတ်ကို စိစစ်သွားမယ်။ တချို့ဌာနခွင့်ပြုချက်မရှိဘဲ အိမ်ရှေ့၊ ဆိုင်ရှေ့တွေမှာ သူတို့ကားတွေပဲ ရပ်လို့ရအောင် တိုင်တွေ၊ ခုံတွေချထားတယ်။ ဒါက မလုပ်သင့်ဘူး။ တခြားကားတွေ ရပ်မယ်ဆိုရင် ဖယ်ပေးရမယ်"ဟု ဒု-ဌာနမှူး ဦးမျိုးလွင်ကပြောသည်။

အသစ်တိုးမြှင့်သွားမည့် သတ်မှတ်နှုန်းထားများမှာ ကားပါကင်နှင့် တယ်လီဖုန်းရုံ၊ ကားဂိတ်တဲများကို တစ်စတုရန်းပေလျှင် ၈၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ တယ်လီဖုန်းရုံနှင့် ကားဂိတ်တဲများရှိ ကြော်ငြာများအား တစ်စတုရန်းပေလျှင် ၅,၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ မီးစက်များအား တစ်စတုရန်းပေလျှင် ၃,၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ထရန်စဖော်မာများအား တစ်နှစ်တစ်ကြိမ်ကောက်ခံသည့်နှုန်းအစား တစ်ကြိမ်တည်း ကျပ်ရှစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ကားမှတ်တိုင်များရှိကြော်ငြာများအား(၁၆ ပေ-၁၄ပေ)တစ်ချပ်လျှင် ကျပ်လေးသိန်း၊ Light Box များအား(၄ ပေ-၂ပေ)တစ်ချပ်လျှင် ကျပ်ခြောက်သောင်းနှုန်းဖြင့် လည်းကောင်း၊ လမ်းမီးတိုင်ကြော်ငြာများအား နိုင်ငံခြားငွေဖြင့် ဖက်စပ်လုပ်ငန်းကြော်ငြာဖြစ်ပါကတစ်ပတ်အတွက် ကန်ဒေါ်လာ၁,၇၀၀နှင့်ပြည်တွင်းထုတ်လုပ်ကြော်ငြာဖြစ်ပါက တစ်ပတ်လျှင် ကျပ်လေးသိန်းဖြင့်လည်းကောင်းအသီးသီး ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

## ကားအရောင်းပြခန်းဖွင့်လိုသူများ ငှားရမ်းခဈေးကြီး၍ စောင့်ကြည့်နေ

**ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ - ၂၈**

ကားအရောင်းပြခန်းများ ငှားရမ်းဖွင့်လှစ်ရန် အိမ်ခြံမြေစုံစမ်းမှုများရှိနေသော်လည်း ဈေးနှုန်းမြင့်မားနေသည့်အတွက် စောင့်ကြည့်ဆဲအခြေအနေ၌သာရှိကြောင်းပြည်တွင်းအိမ်ခြံမြေအကျိုးဆောင်များထံမှ စုံစမ်းသိရှိရသည်။

ရန်ကုန်မြို့တွင်း၌ အရောင်းပြခန်းများဖွင့်လှစ်နိုင်သည့်အကျယ်အဝန်းပမာဏနည်းပါးခြင်း၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်းတို့၌ လိုအပ်သည့် ပမာဏအကျယ်အဝန်းရှိသော်လည်း ငှားရမ်းခဈေးများသဖြင့် ဆက်လက်ရှာဖွေနေမှုများသာရှိသည်။

"ပြခန်းသမားက သိန်း ၂၀၊ ၃၀ ပဲတတ်နိုင်တယ်။ သိန်း ၆၀ ဆိုရင်တောင်မနိုင်တော့ဘူး"ဟု ယူနတီအိမ်ခြံမြေအကျိုးဆောင်မှ ကိုဇော်ဇော်ကဆိုသည်။

ယင်းကဲ့သို့ကားအရောင်းပြခန်းများအတွက် နေရာရှာနေသူများသည် ပြည်တွင်းလုပ်ငန်းရှင်များဖြစ်ပြီး ပြည်ပမှ တစ်ဆင့်ခံဝင်သူမှာ အနည်းငယ်သာရှိကြောင်းသိရှိရသည်။

ထို့အပြင် ယခုရက်ပိုင်းတွင် ဂိုဒေါင်အငှားများလည်းရှိပြီး ကျပ် ၁၀ သိန်းမှ သိန်း ၂၀ ကြားတွင် အလုပ်ဖြစ်နေကြောင်း ငှားရမ်းသူများမှာ လျှပ်စစ်ပစ္စည်းထုတ်လုပ်သူများ၊ အီလက်ထရွန်နစ်ပစ္စည်းတပ်ဆင်ထုတ်လုပ်သည့် ပြည်တွင်းလုပ်ငန်းရှင်များဖြစ်သည်ဟု သိရသည်။

အိမ်ခြံမြေအရောင်းအဝယ်မှာ ယခုရက်ပိုင်းတွင် လူအများက ကားကိစ္စကိုသာ အာရုံစိုက်နေကြသဖြင့် ခပ်လေးလေးသာ အရောင်းအဝယ်ဖြစ်ကြောင်း ခြံမြေများဆိုလျှင် ကျပ်သိန်း ၅,၀၀၀ အောက်များသာ ခပ်ကျဲကျဲအရောင်းအဝယ်ဖြစ်သည်။ ရန်ကုန်မြို့နှင့် ထိစပ်နေသော မြို့နယ် တောင်ဥက္ကလာပ၊ သဃ်န်းကျွန်းတို့တွင် ကျပ်သိန်း ၂,၀၀၀ ဝန်းကျင်မြေကွက်များ အနည်းငယ်အရောင်းအဝယ်ရှိနေသည်။ မြို့သစ်များဖြစ်သည့် ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းတို့မှာအရောင်းအဝယ်နည်းနေကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးစိုးသိန်းကပြောသည်။

**TRADEMARK CAUTION**

Troikaa Pharmaceuticals Limited, a company incorporated in India at Commerce House-1, Satya Marg, Bodakdev, Ahmedabad-380054, Gujarat, India is the Owner and Sole Proprietor of the following the title and description of the Patent :-

**Pharmaceutical Compositions Comprising Paracetamol And Process For Preparing The Same**

**Reg: No.4/9148/2011**

In respect of : "Disclosed herein are injectable compositions containing high concentration of paracetamol or its pharmaceutically acceptable salts wherein the concentration of paracetamol or its pharmaceutically acceptable salt is >150mg/ml in a judiciously tailored solvent system comprising glycofurol, ethanol, water or a solvent system comprising glycofurol, ethanol, polyethylene glycol, water. The viscosity of the said injectables is <28 cps. Further disclosed is the process for preparing the said injectables. The injectables can be administered by intramuscular route, intravenous route or as intravenous infusion after diluting in one of the routinely used intravenous fluids, infusion solutions of antibacterial, antifungal and amoebicidal drugs and along with anxiolytics (Midazolam injection ) or narcotic analgesics (Fentanyl Citrate injection etc) as they remain stable, clear and transparent atleast for 6 hours after dilution."

Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 6.Oct.2011

# Life

7DAY NEWS JOURNAL

Vol.10, No.29 · OC



ဓာတ်ပုံ - အောင်သူရ

နေပြည်တော်မြို့နယ်မှ လယ်ယာလုပ်သားတစ်ဦးကို မိုးစပါးစိုက်ပျိုးချိန်က တွေ့ရစဉ်

# ရေရှည်အတွက် ရတက်မအေးကြသူများ

သူရအောင်ထက်

**အုံ့မှိုင်းနေသော ကောင်းကင်ထက်မှ မိုးစက်များ တဖွဲဖွဲရွာချနေသည်။ ရွာသွန်းနေသောမိုးကိုကြည့်၍ တောင်သူကိုအောင်ကျော်မိုးတစ်ယောက် စိတ်မသက်မသာဖြစ်ကာ ယခုလို ဖွင့်ဟလာသည်။**

**"ရာသီဥတု ဒီပုံစံကိုကြောက်တယ်ဗျာ။ မနှစ်ကလိုသာ ဒီနှစ်ဆက်ဖြစ်ရင် လယ်သမားတွေဘဝပျက်ပြီ"ဟု ဘဝတူ လယ်သမား များအတွက် နေပြည်တော်မြို့နယ်ပိုင် စွန်နန်ရွာမှ တောင်သူကိုအောင်ကျော်မိုးက ရတက်မအေးဖြစ်နေရှာသည်။**

ယခုလို စပါးပင်များ ပန်းပွင့်၍ အသီးများဖုံးနေချိန်တွင် မိုးရွာနေသဖြင့် အခင်းသီးများနိုင်ပြီး ရိတ်သိမ်းချိန်တွင် မိုးထပ်ရွာသွန်းပါက အလေအလွင့်များကာ စပါးအထွက်နှုန်း သိသိသာသာလျော့ကျတော့မည်ဖြစ်သည်။

ယခုနှစ် မိုးရာသီတွင် မိုးကောင်းခဲ့သည့်အတွက် အပင်နှင့် အနှံများ ကောင်းသော်လည်း အဖျင်းများမည်ဟု ယူဆထားပြီး တစ်ဧကလျှင် ၁၀တင်းခန့် အထွက်လျော့နိုင်ကြောင်းတောင်သူကိုအောင်ကျော်မိုးက ပြောသည်။

မိုးစပါး အဓိကစိုက်ပျိုးသော ဒေသများရှိ ညှော့မထအုပ်စုဝင် စပါးမျိုးများမှာ အသီးအနှံများ ထွက်၍ သီတင်းကျွတ်လပြည့်ကျော်(အောက်တိုဘာလလယ်)တွင်အားလုံးရိတ်သိမ်းရတော့မည်ဖြစ်သည်။

စပါးရိတ်သိမ်းသည့်အောက်တိုဘာလအတွင်း ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းသုံးလုံး(သို့မဟုတ်)နှစ်လုံးနှင့်နိုဝင်ဘာလအတွင်း နှစ်လုံး(သို့မဟုတ်) တစ်လုံးဖြစ်နိုင်သည်ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ခန့်မှန်းထားသည်။

"မုန်တိုင်းများ ဖြစ်ပေါ်လာပါက မြန်မာပြည်သို့ မဝင်သည့်တိုင် မိုးတော့ ရွာမှာသေချာတယ်" ဟု ၎င်းက ပြောဖူးသည်။

ယမန်နှစ် မိုးစပါးရိတ်သိမ်းချိန် အောက်တိုဘာလကုန်ခါနီးတွင်ဖြစ်ပေါ်ပြီး မြန်မာနိုင်ငံသို့ဝင်ရောက်ခဲ့သောဂီရိမုန်တိုင်းကြောင့် စပါးများ မိုးမိ၍ အရည်အသွေးပျက်ကာ အလေအလွင့်များခဲ့ပြီး အထွက်နှုန်းပါထိခိုက်ခဲ့ကြသည်။

ယခုနှစ်အခြေအနေမှာ ယမန်နှစ်က အခြေအနေထက် ပိုဆိုးသည်ဟုဆိုရပေမည်။ မိုးရေမလိုအပ်တော့သည့် ယခုအချိန် နေ့စဉ်နီးပါး မိုးရွာသွန်းနေပြီး အချို့လယ်ကွက်များမှာ ရေမြုပ်နေသဖြင့် ယခုထိတိုင် မစိုက်နိုင်သေးဟု ရေဝတီတိုင်းဒေသကြီး နေပြည်တော်မြို့နယ်မှတောင်သူကြီးတစ်ဦးကဆိုသည်။

ထိုအခြေအနေမျိုးမှာ နေပြည်တော်တစ်မြို့တည်းတွင်သာကြုံတွေ့နေရသည်တော့မဟုတ်ပေ။ ဆန်စပါးအဓိကစိုက်ပျိုးသော ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့လည်း ထိုအခြေအနေအတိုင်းပင်ဟု အဆိုပါဒေသမှ တောင်သူကြီးများကဆိုသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးများ ပျက်စီးမှုကို မြန်မာသာမက ထိုင်း၊ ဗီယက်နမ်နိုင်ငံများတွင်လည်း ကြုံတွေ့ရစဉ်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ရရှိသော စာရင်းဇယားများအရ ယခုနှစ် မိုးစပါးစိုက်ဧကမှာ ယမန်နှစ်ကထက် တစ်သန်းနီးပါး လျော့နည်းနိုင်ပြီး မိုးများသဖြင့် အထွက်နှုန်းပါ ထိခိုက်နိုင်သည်ဟု သိရသည်။

ထိုကဲ့သို့ပင် လက်တွေ့ စပါးစိုက်နေသော တောင်သူများမှာလည်း စပါးပင် ပန်းပွင့်ချိန်နှင့် အသီးဖုံးချိန်တွင် မိုးအုံ့ခြင်း၊ မိုးရွာသွန်းခြင်းကြောင့် အထွက်နှုန်း လျော့မည်ဟု တွက်ချက်ထားကြသည်။

တောင်သူလယ်သမားများသည် ရာသီဥတုဒဏ်အား ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းမှစ၍ ခံခဲ့ရသည်။

စာ(၁၁)သို့

ဈေးဝယ်ထွက်မယ်

# မင်္ဂလာခန်းဝင်ပစ္စည်းအတွက် ခေါင်းမရှုပ်စေဖို့

အိဖြူလွင်



ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)

မင်္ဂလာဆောင်ရာသီလို့ပြောနိုင်တဲ့ဝါကျွတ်ချိန်ခါဟာ ရက်အနည်းငယ်အလိုမှာပဲ ရောက်လာတော့မှာပါ။

မင်္ဂလာပစ္စည်းတွေထဲမှာ အပါအဝင်ဖြစ်ပြီး ခန်းဝင်ပစ္စည်းလို့ခေါ်တဲ့ မပါမဖြစ် ပစ္စည်းတွေကတော့ အိမ်ထောင်သစ်တစ်ခု စတင်ရာမှာ အရေးပါတဲ့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေပါ။

အိပ်ရာ၊ ခုတင်ကနေစ အဝတ်ဗီရို၊ မှန်တင်ခုံနဲ့ စားပွဲကုလားထိုင်၊ ဆိုဖာ၊ ဆက်တီစသဖြင့်မျိုးစုံတဲ့ ပရိဘောဂတွေထဲမှာ ကိုယ်တတ်နိုင်တဲ့ အတိုင်းအတာနဲ့ အိမ်ထောင်ဦးကို စတင်လေ့ရှိကြတာပါ။

ဒီပစ္စည်းတွေထဲမှာ အများစုဝယ်လေ့ရှိကြတာကအဝတ်ဗီရိုနဲ့ ခုတင်၊ မွေ့ရာတို့ဖြစ်ပြီး ခန်းဝင်ပစ္စည်းစာရင်းထဲမှာ မပါမဖြစ်အနေနဲ့ ထည့်လေ့ရှိကြပါတယ်။

ခန်းဝင်ပစ္စည်းတွေကို ဝယ်ယူရတာ အလုပ်လည်းရှုပ် ပင်လည်းပင်ပန်းတာကြောင့် တစ်နေရာတည်းမှာ အပြီးသတ်ရွေးချယ်ဝယ်ယူနိုင်အောင် ပစ္စည်းလည်းစုံ ရွေးချယ်စရာလည်းများတဲ့ ပရိဘောဂဆိုင်ကိုဒီတစ်ပတ်ဈေးဝယ်လမ်းညွှန်ကဏ္ဍကနေ လမ်းညွှန်ပေးလိုက်ပါတယ်။

ဒီဆိုင်မှာရနိုင်တဲ့ပစ္စည်းတွေက သံခုတင်အမျိုးအစားနဲ့ မွေ့ရာတွေ၊ အဝတ်ဗီရိုအရွယ်မျိုးစုံနဲ့ အိမ်ထောင်တစ်ခုမှာရှိအပ်တဲ့ ပရိဘောဂမျိုးစုံတွေကိုရနိုင်တာပါ။ ခုတင်တွေက ထိုင်းနိုင်ငံက ပြုလုပ်တာဖြစ်ပြီး အဝတ်ဗီရိုတွေ မှန်တင်ခုံတွေကတော့တရုတ်တိုင်ပေက ပြုလုပ်တာဖြစ်ပါတယ်။

ခုတင်တွေရဲ့ ဈေးနှုန်းက ၁၅,၀၀၀ ဝန်းကျင်ခန့်ကနေစပြီး အဝတ်ဗီရိုတွေရဲ့ ဈေးနှုန်းကတော့ ၁၃,၀၀၀ ကျပ်ကနေ စပါတယ်။

မိန်းကလေးတွေ မက်မောကြတဲ့ မှန်တင်ခုံလှလှလေးတွေကတော့ ၈၅,၀၀ ကျပ်ကနေစပြီး အရောင်စုံ၊ ပုံစံစုံ ရွေးချယ်နိုင်ပါတယ်။

ဈေးနှုန်းနဲ့ပစ္စည်းကို မိမိစိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ပြီး ဝါကျွတ်အထူးအစီအစဉ်ပစ္စည်းတွေလည်း အများအပြားရှိတာကြောင့် ဈေးဝယ်ထွက်မယ့်သူတွေအားလုံးဒီပရိဘောဂပစ္စည်းဆိုင်ကို နှစ်သက်မယ်လို့ ထင်ပါတယ်။


ကိုယ်တိုင်မင်္ဂလာဆောင်ဖို့ ဝယ်ယူချင်သူတွေရော၊ အိမ်ရဲ့ ပရိဘောဂပစ္စည်းတွေကိုထပ်ဖြည့်ချင်လို့ဝယ်ယူချင်သူတွေရော၊ မင်္ဂလာလက်ဖွဲ့အတွက် ဝယ်ယူချင်သူတွေအားလုံး စိတ်တိုင်းကျ အဆင်ပြေနှစ်သက်မယ့် ဒီဆိုင်ရဲ့ လိပ်စာကတော့ ယုဇနပလာဇာ တတိယထပ်က Sweet Furniture Mart မှာပါလို့လမ်းညွှန်ပေးလိုက်ပါတယ်။



# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

## သီးစုံသနပ်



အနောက်တိုင်းမှာ အစာမစားမီ စားလေ့ရှိတဲ့ အပီတိုက်ဇာလို့ခေါ်တဲ့ နှုတ်မြိန်စာတစ်မျိုးဖြစ်သော Vegetable Salad လို အသီးရွက်စုံသုပ်တစ်မျိုးကို ဒီတစ်ပတ် စီစဉ်ထားပါတယ်။

သီးရွက်စုံသနပ်လို့ခေါ်တဲ့ သီးရွက်စုံသုပ်ဖို့ ကြိုက်နှစ်သက်ရာ အသီးအရွက်မျိုးစုံကို စိတ်တိုင်းကျရွေးချယ်ထည့်သွင်းလို့ရပါတယ်။

ဝိုက်ဖီရဲ့ သီးရွက်စုံသနပ်မှာတော့ ရုံးပတီသီး၊ ခရမ်းသီး သေးသေး၊ မျှစ်၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်ကြီးရွက်၊ ကြက်ဟင်းခါးသီး၊ မုန်လာဥနီ၊ ပဲသီးစတာတွေကိုထည့်ထားပါတယ်။

သီးစုံသနပ်လုပ်ဖို့ ကြက်သွန်နီကြော်ဆီသတ်ရယ်၊ နှမ်းလှော်ရယ်၊ ငရုတ်သီးစိမ်းအနည်းငယ်ရယ်ပဲလိုအပ်ပါတယ်။

သီးစုံသနပ်လုပ်မယ့်အသီးအရွက်တွေကို အရင်ဆုံး ရေနွေးဖျောပါမယ်။ ရေနွေးဖျောပြီးသား အရွက်တွေကို အနေတော်အရွယ်တုံးလေးတွေဖြစ်အောင် လှီးထားပါ့မယ်။ လှီးပြီးသားအသီးအရွက်စုံကို ခုနက ကြက်သွန်ကြော်ဆီချက်နဲ့ အရသာမှုန့်တွေထည့်ပြီး နယ်ပါမယ်။ အရသာအနေတော်ဖြစ်ပြီဆိုမှ နှမ်းလှော်နဲ့ ကြက်သွန်နီတို့ကို ထည့်ပေးရပါမယ်။ အဲဒါဆိုရင်တော့ အနံ့၊ အရသာနဲ့ပြည့်စုံတဲ့ သီးစုံသနပ်တစ်ပွဲရပါပြီ။

မြန်မာနည်းမြန်မာ့ဟန်နဲ့ပြုလုပ်ထားတဲ့ဒီသီးစုံသနပ်ကအသီးအရွက်အရသာအစုံနဲ့အသုပ်တစ်မျိုးကိုစားရသလိုခံတွင်းမြိန်စေမှာအမှန်ပါပဲ။

# သီတင်းကျွတ်မီးထွန်းပွဲနှင့် ကာတွန်းပွဲတော်ကျင်းပမည်

ဥက္ကာကိုကို                    ရန်ကုန်၊ အောက်တိုဘာ - ၁


သီတင်းကျွတ်မီးထွန်းပွဲနှင့် ကာတွန်းပွဲတော်ကို ယခုလ ၁၀ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နံ့သာလမ်းတွင် ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကာတွန်းဆရာ ၃၀ ဦးခန့် ပါဝင်ပြသကြမည်ဖြစ်ကြောင်းသိရသည်။

သက်ရှိထင်ရှား ကာတွန်းဆရာများက မေတ္တာဖြင့်ရေးဆွဲပေးထားသော မူရင်းကာတွန်းပုံ ၁၀၀ကျော်ကို နံ့သာလမ်း တစ်လျှောက်တွင် ချိတ်ဆွဲပြသမည်ဖြစ်ပြီး ကယ်ရီကေးချား ရုပ်ပြောင်ရေးဆွဲပေးသည့်အစီအစဉ်များလည်း ပါဝင်မည် ဖြစ်ကြောင်း နံ့သာလမ်းရပ်ကွက်ကူညီစောင့်ရှောက်ရေးအသင်းမှ ဦးကျော်မင်းကပြောသည်။

"ဆရာကြီးဦးဘဂျမ်း လုပ်ခဲ့သလို ကာတွန်းပြပွဲကို အမှတ်တရအနေနဲ့ မနှစ်ကစလုပ်ခဲ့ပါ တယ်။ လူငယ်၊ လူကြီး အားလုံး ပျော်ရွှင်စည်ကားစေဖို့ ရည်ရွယ်ပါ တယ်"ဟု ဦးကျော်မင်းကပြောသည်။

နံ့သာလမ်းရပ်ကွက် ကူညီစောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို (၅၈)ကြိမ် မြောက်ထည့်သွင်းပြုလုပ်မည်ဖြစ်ကာ ကာတွန်းပွဲတော်ဖွင့်ပွဲကို ၁၁ ရက် ညနေ ၄နာရီတွင်ပြုလုပ်မည်ဟုသိရသည်။

ကာတွန်းဆရာများဖြစ်သော ကျော်ထွန်း၊ သစ်ထွဏ်း၊ သိန်းဦး (မြို့မ)၊ အောင်ကြီး၊ တာရာ၊ ငယ်ဦး၊ အောင်သန်း၊ ကျော်ဦး၊ ဖေသဏ်း၊ လူကြီးမင်း၊ အကိန်း၊ အောင်မင်းမင်း၊ ဟန်မျိုးအောင် စသဖြင့် ၃၀ကျော်ပါဝင်မည်ဖြစ်သည်။









## စာ-၉၊ ရှေ့ရေးအတွက် ရတက်မအေးကြသူများ မှ

၂၀၁၀-၂၀၁၁မိုးစပါးနှင့် ပဲသီးနှံများမှာ အဆိုးဆုံးဖြစ်ခဲ့သည်။ စပါးစိုက်ပျိုးချိန်တွင် ရေလုံလောက်စွာမရသဖြင့် ရေတင်စိုက်ခဲ့ရသည်။ သို့သော် နှစ်ကုန်ပိုင်းတွင် လာနီညာရာသီဥတု ဖြစ်ပေါ်သဖြင့် ရိတ်သိမ်းချိန်တွင် မိုးရွာသွန်းခဲ့ကာ စပါးများ မိုးမိခဲ့ရသည်။ ထို့အပြင် မတ်လတွင် ရွာသွန်းခဲ့သောမိုးမှာ ပဲစိုက်တောင်သူများ အထိနာဆုံးဖြစ်ခဲ့ရသည်။

ထို့အပြင် ယခုနှစ်စပါးစိုက်ပျိုးချိန်တွင် မိုးများခဲ့ပြီး လယ်မြေအချို့ ရေနစ်မြုပ်ခဲ့သည်။ သို့သော် ထိုကဲ့သို့သော ရာသီဥတုမျိုးဖြစ်ပေါ်မည်ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဧပြီလမှ စ၍ ပြောခဲ့သော်လည်း အများစုမှာ မသိရှိခဲ့ကြပေ။ ယခင်က တောင်သူလယ်သမားများမှာ ဦးထွန်းလွင်၏ လပတ်မိုးလေဝသခန့်မှန်းချက်အား နားထောင်လေ့ရှိသော်လည်း ယခုအခါတွင် မိုးလေဝသသတင်းအား နားမထောင်ကြတော့ပေ။

ထို့ကြောင့် အောက်တိုဘာလတွင် သုံးလုံး(သို့မဟုတ်) နှစ်လုံး၊ နိုဝင်ဘာလတွင် နှစ်လုံး(သို့မဟုတ်)တစ်လုံး ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်သည်ဟု ဦးထွန်းလွင်က ဩဂုတ်ကုန်တွင် ခန့်မှန်းထားခဲ့သည်။ ထိုအခြေအနေကိုသိရှိသော တောင်သူမှာ နည်းပါးခဲ့သည်။

"ရှေ့ရာသီဥတု သတင်းတော့မသိဘူး။ ဒါပေမဲ့ ဒီအခြေအနေကို စိတ်ပူလို့ ခြွေလှေ့စက်ဝယ်ရင်ကောင်းမလားလို့ သူငယ်ချင်းတွေနဲ့တိုင်ပင်နေတာ"ဟု ဓနုဖြူမြို့နယ်ပိုင် စွန်နန်ရွာမှ တောင်သူတစ်ဦးကဆိုသည်။

တတ်နိုင်သူအချို့က ထိုကဲ့သို့စက်ပစ္စည်းများဝယ်ရန် တိုင်ပင်နေသော်လည်း အချို့မှာမူ ယမန်နှစ်က အသုံးပြုခဲ့သော မိုးကာစများသာရှိသည်။ စပါးရိတ်သိမ်းချိန် မိုးရွာပါက ထိုမိုးကာစဖြင့် အုပ်၍ ပဲစိုက်ရန်ပြင်ဆင်ကြတော့မည်ဟုလည်း တောင်သူများကဆိုသည်။

"ဒီစွတ်စိုနေတဲ့အနေအထားနဲ့ နောက်မိုးတွေနဲ့ ပဲစိုက်တောင်သူတွေအတွက် စိတ်ပူတယ်။ ပဲကစိုက်တဲ့အချိန် မိုးရေချိန်နှစ်လက်မ ရွာရင်တောင်အကုန်ပျက်ပြီ"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကဆိုသည်။

ပဲသီးနှံများမှာ ရက်တိုတိုနှင့် ဝင်ငွေအများဆုံးရသော တောင်သူများအတွက် အသက်ကယ်ဆေးဖြစ်သည်။ ရေကြီးနစ်မြုပ်၍ မိုးစပါးမစိုက်နိုင်သော တောင်သူများမှာ ပဲစိုက်ရန်အားထည့်နေကြသည်။

"ဒီနောက်မိုးနဲ့ ပဲစိုက်ဖို့ပြင်နေတဲ့ တောင်သူတွေအတွက် စိတ်အရမ်းပူတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ တောင်သူကြီးဦးကျော်ခင်ကဆိုသည်။

ရေထဲမိုးထဲတွင် တကယ်ရုန်းကန်နေရသော လယ်သမားတို့ဘဝမှာ လွတ်လပ်ရေးရပြီးစကပင် ရတက်မအေးခဲ့ရပေ။ ပြည်တွင်းစစ်မီးကြောင့် အခက်အခဲရှိခဲ့ရပြီး ဆိုရှယ်လစ်ခေတ်တွင်လည်း တံခါးပိတ်စီးပွားရေးစနစ်ကြောင့် လယ်သမားဘဝ နာလန် မထူနိုင်ဖြစ်ခဲ့သည်။


၂၀၀၃ ခုနှစ်မှစ၍ လယ်ယာကဏ္ဍအား ပုဂ္ဂလိကသို့လွှဲပြောင်းပေးခဲ့သော်လည်း Food Security ကုန်စျေးနှုန်းမတက်ရေး ပေါ်လစီကြောင့် ထင်သလောက် ခရီး မပေါက်ခဲ့ပေ။ ထို့နောက် အတိုင်းအတာတစ်ခုအထိ လွတ်လပ်လာခဲ့သော်လည်း ရာသီဥတုဖောက်ပြန်မှုနှင့်ထပ်မံကြုံရပြန်သည်။

ထို့ကြောင့်လည်း လယ်ယာမြေကိုစွန့်ခွာသူများ ပေါများလာခဲ့ပြီး ရွှေ့ပြောင်းလုပ်သားအဖြစ် ရေခြားမြေခြားသို့ စွန့်ခွာသွားခဲ့ကြသဖြင့် လယ်ယာလုပ်သားရှားပါးမှုနှင့်ကြုံတွေ့နေရပေပြီ။

ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့ တက်လာပြီးနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကိုလည်း လုပ်ကိုင်လာသည်ကိုတွေ့ရသည်။

ထိုကဲ့သို့ လုပ်ကိုင်လာသော်လည်း ရာသီဥတုသတင်းကိုပင် မသိရှိသော လယ်သမားများ များစွာရှိနေသေးသည်။ ထို့အပြင် ရှေ့ဆက်ကြုံလာရမည့် ရာသီဥတု၏ရိုက်ခတ်မှုကို ရှိသည့်အင်အားဖြင့်သာ ခုခံရန်သာရှိသည်။ ဒါတွေဟာ တကယ်ကိုရေထဲမိုးထဲမှာ ရုန်းကန်နေရသော လယ် သမား အများစု၏ ပုံရိပ်အစစ်အမှန်များသာဖြစ်ပါသည်။

မိုးစပါးစိုက်ပျိုးမှုပြီး၍ ရိတ်သိမ်းချိန်နီးလေ သူတို့အတွက် ရတက်မအေးလေ ဖြစ်နေရပါသည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## လပြည့်နေ့များ၏ ဩဇာသက်ရောက်မှု . . .

မြတ်ဗုဒ္ဓဘုရားအဖြစ်ကိုရောက်တဲ့နေ့ ကဆုန်လပြည့်နေ့မှာ သဗ္ဗညုတဉာဏ်တော်ကိုရဖို့ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ အောင်တော်မူဖို့အတွက် အလောင်းတော်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေကိုဖြည့်ကျင့်ပြီးမှ ပွင့်တော်မူနိုင်တာဖြစ်တယ်။ လပြည့်နေ့ဟာ မြတ်ဗုဒ္ဓရဲ့ ဘဝဖြစ်စဉ်မှာ ထူးခြားတဲ့အဖြစ်အပျက်တွေနဲ့ဆက်စပ်မှုရှိနေလို့ ဗုဒ္ဓဘာသာဝင်တွေအတွက် အထူးအကျိုးသက်ရောက်မှုရှိတယ်လို့ယူဆကြပါတယ်။ မြတ်စွာဘုရားဖွားတော်မူတဲ့နေ့ဟာ လပြည့်နေ့ဖြစ်တယ်။ မြတ်စွာဘုရား တောထွက်တော်မူတဲ့နေ့ဟာ လပြည့်နေ့ဖြစ်တယ်။ သဗ္ဗညုတဉာဏ်ကို ဗောဓိပင်ရင်းမှာ ရရှိတော်မူတဲ့နေ့ဟာ လပြည့်နေ့ဖြစ်တယ်။ တရားဦးဓမ္မစကြာကို ဟောတော်မူတဲ့နေ့ဟာလည်း လပြည့်နေ့ပါ။ ဒ့ါအပြင် သက်တော် ၈၀၊ ဝါတော် ၄၅ ဝါအတွင်းမှာ အရေးပါတဲ့ အဖြစ်အပျက်တွေဟာလည်း လပြည့်နေ့များမှာဖြစ်ခဲ့တာများပါတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံးမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်များဟာ လပြည့်နေ့ကို အထွတ်အမြတ်ထားပြီး ဘာသာရေးအကျိုးသက်ရောက်မှုရှိတယ်ဆိုတာကိုယုံကြည်ကြတယ်။

ကောင်းကင်က လဟာ တခြားဂြိုဟ်နက္ခတ်များလိုပဲ လူသားများအပေါ် ဩဇာသက်ရောက်မှုအထိုက်အလျောက်ရှိတယ်။ စိတ်ဆင်းရဲနေကြသူတွေ၊ စိတ်ဝေဒနာရှင်တွေဟာ လပြည့်နေ့ကျရင် ပိုပြီးရောဂါတိုးလာတတ်တာကို လေ့လာတွေ့ရှိရတယ်။ တချို့ရောဂါရှင်တွေဟာ လဆန်းရက်တွေမှာ ရောဂါတိုးလာတာကိုလည်းတွေ့ရတယ်။ ဒီရေ အတက်အကျဟာလည်း လရဲ့ ဆွဲအားကြောင့်ဖြစ်ရကြောင်း လေ့လာ တွေ့ရှိခဲ့ကြတယ်။ လူ့ခန္ဓာကိုယ်ရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းဟာ ရေဓာတ်များဖြစ်ပါတယ်။ ဆေးပညာရှင်များ လေ့လာတွေ့ရှိထားတာက ခန္ဓာကိုယ်ထဲက ရေဓာတ်ဟာ လပြည့်နေ့တွေမှာ ပိုပြီး လွတ်လွတ်လပ်လပ် စီးဆင်းတယ်လို့ဆိုတယ်။ မိမိရဲ့စိတ်ကို အဆင့်မြင့်အောင် စင်ကြယ်အောင်လေ့ကျင့်ပျိုးထောင်ထားခြင်းမရှိကြတဲ့ လူပုဂ္ဂိုလ်များမှာ လရဲ့ ဩဇာသက်ရောက်မှုပိုပြီးထိရောက်တယ်လို့ဆိုပါတယ်။

ရည်ညွှန်း-'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက'ဆန်းလွင်(ရှင်အာဒိစ္စရံသီ) (၁၉၃၈-၂၀၀၂)

## တစ်နေရာတည်းတွင်သတင်းအချက်အလက်စုံ ရရှိမည့် မင်္ဂလာဆောင်ပြပွဲ ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ- ၂၃**

ဝါကျွတ်တွင် မင်္ဂလာဆောင်နှင်းကြမည့် မင်္ဂလာမောင်နှံများ တစ်နေရာတည်းတွင် သတင်းအချက်အလက် အစုံအလင်ရရှိမည့်Wedding & Lifestyle Expo 2011 ကို အောက်တိုဘာလအတွင်းပြုလုပ်မည်ဖြစ်ကြောင်း မိတ်ကပ်ပညာရှင် ခင်စန်းဝင်းက ပြောသည်။

"ဒီပွဲမှာ မကြီးစန်းကပါဝင်ကူညီပေးတာပါ။ မကြီးစန်းတို့ပြခန်းမှာ မော်ဒယ်မင်းသားမင်းသမီး ပေါက်စလေးတွေနဲ့ မိတ်ကပ်ပြင်ဆင်ခြင်းတွေကို ကူညီပြသပေးထားပါမယ်။ နောက်ပြီး ပြပွဲလာတဲ့သူတွေတခြားမိတ်ကပ်ဘယ်သူနဲ့ပဲပြင်ပြင် ရပါတယ်။ မကြီးစန်းတို့ပြခန်းမှာ ဘယ်သူမဆိုအဝတ်အစား၊မိတ်ကပ်၊ဆံပင် စိတ်ကြိုက်ပြင်ဆင်ပြီး ဓာတ်ပုံရိုက်ကူးနိုင်ပါတယ်။ မော်ဒယ်ရှိုးပိုင်းကိုတော့ အန်တီပေါက်(မိုးကုတ်ပေါက်ပေါက်)ကတာဝန်ယူတင်ဆက်မှာပါ" ဟု ခင်စန်းဝင်းကပြောကြားသည်။




**မကြာသေးမီက ပတ်ခ်ရွိုင်ရယ်ဟိုတယ်တွင် ပြုလုပ်ခဲ့သော မင်္ဂလာပြပွဲ**

ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)

ယခုပြပွဲတွင် ရန်ကုန်မြို့ပေါ်ရှိ ဟိုတယ်တစ်ခုချင်းစီအလိုက် ပြခန်းများ ပါဝင်နိုင်အောင် ညှိနှိုင်းစီစဉ်နေပြီးပြခန်းပေါင်း၇၀ ခန့်တွင်မိတ်ကပ်ဆရာများ၊ဝတ်စုံဒီဇိုင်နာများ၊ မင်္ဂလာဝတ်စုံငှားရမ်းခြင်းလုပ်ငန်းများ၊ ပန်းအလှဆင်လုပ်ငန်းများ၊ဓာတ်ပုံစတူဒီယိုများ၊ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုပညာရှင်များ၊ လက်ဝတ်ရတနာငှားရမ်းခြင်းလုပ်ငန်း၊ ပရိဘောဂနှင့် ခန်းဝင်ပစ္စည်းလုပ်ငန်းများ၊ ပွဲတက်ချိတ်နှင့် ပိုးထည်တိုက်၊ မင်္ဂလာခန်းမနှင့် ဟိုတယ်များ၊ ဆံပင်အရေပြားနှင့် ခြေသည်းလက်သည်းဆိုင်ရာ အလှပြုပြင်ခြင်း စသည့် သတင်းအချက်အလက်စုံ ပြခန်းများပါဝင်မည်ဖြစ်သည်။ ယင်းပြပွဲကို အောက်တိုဘာ ၂၈ရက်မှ၃၁ရက်အထိတပ်မတော်ခန်းမတွင် ပြသမည်ဖြစ်ပြီး ပြခန်းဖွင့်လှစ်လိုသူများသည် PR Services ဖုန်း- ၃၈၀၂၉၂ သို့ အောက်တိုဘာ ၇ ရက် နောက်ဆုံးထား ဆက်သွယ်နိုင်သည်ဟု သိရသည်။

## One More ၏ ဒုတိယခြေလှမ်းအဖြစ် ဘာကကျောင်းနှစ်ကျောင်းသို့ သွားရောက်လှူဒါန်း

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၃၀**

လူတစ်ဦးလျှင် တစ်လ ကျပ်တစ်ထောင်ထည့်ဝင်ထားသည့် One More အစီအစဉ် ဒုတိယအကြိမ်မြောက်အနေဖြင့် စေတနာရှင် ၄,၆၀၈ ဦး စုစည်းပါဝင်ခဲ့ပြီး ဒလမြို့နယ်နှင့်လှိုင်သာယာမြို့နယ်တို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှစ်ကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

One More အစီအစဉ် စတင်ဆောင်ရွက်ခဲ့သည့်ဩဂုတ်လတွင် စေတနာရှင် ၉၀၅ ဦး စုစည်းပါဝင်ခဲ့ကြပြီး ယခုလ၌ ယင်းအစီအစဉ်၌ ပါဝင်ဆောင်ရွက်သူဦးရေ ၃,၇၀၃ ဦး ထပ်မံတိုးပွားလာခြင်းဖြစ်သည်။

စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာနယ်ပယ်နှင့် ဒေသအသီးသီးမှ စေတနာရှင်များပါဝင်မှုဖြင့် ပရဟိတကျောင်းများနှင့် မိဘမဲ့ဂေဟာများအား လစဉ် အလှည့်ကျ ထောက်ပံ့နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ထားသည့်One More




အစီအစဉ်စက်တင်ဘာလအတွက် စေတနာရှင် ၄,၆၀၈ ဦးထံမှ ကျပ်လေးဆယ့် ခြောက် သိန်း ရှစ်ထောင်ကို လက်ခံ ရရှိခဲ့သည်။

အဆိုပါလှူဒါန်းငွေများကို ကျောင်းသား ၂၁၈ ဦးအား ပညာသင်ကြားနေသော ဒလမြို့နယ်ရှိ ကမာကဆစ်အနောက်ကျောင်းနှင့် ကျောင်းသား ၂၄၉ ဦးအား ပညာသင်ကြားနေသော လှိုင်သာယာမြို့နယ်ရှိ မဟာဒီပဝံသ ကျောင်းတို့အတွက် ကျပ်နှစ်ဆယ့်သုံးသိန်းလေးထောင်စီ သွားရောက် ပေးပို့ထောက်ပံ့ခဲ့ကြကြောင်း ယင်းအစီအစဉ်အား ဦးဆောင်နေသူတစ်ဦးဖြစ်သော ကိုပြည်သွေးနိုင်ကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

မျက်နှာဖုံးသတင်း

# နိုင်ငံတော်သမ္မတ၏သဝဏ်လွှာအား ဒေါ်အောင်ဆန်းစုကြည်ကြိုဆို

သီဟ

ရန်ကုန်၊စက်တင်ဘာ-၃၀

နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်က ၎င်း၏လက်ထက်တွင် မြစ်ဆုံစီမံကိန်းအား ရပ်ဆိုင်းထားရန် လွှတ်တော်နှစ်ရပ်သို့ သဝဏ်လွှာပေးပို့ခြင်းအား ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုကြောင်း သူမနှင့် ဦးအောင်ကြည် တွေ့ဆုံမှုအပြီး ပြောကြားသွားသည်။

"ပြည်သူလူထုရဲ့ စိုးရိမ်မှုတွေ၊ ကြောင့်ကြမှုတွေထောက်ထားပြီးတော့ ဒီမြစ်ဆုံရေကာတာကြီး စီမံကိန်းကိုရပ်ဆိုင်းထားမယ်လို့ ဒီလိုမှာကြားလိုက်တယ်လို့နားလည်ပါတယ်"ဟုဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က သမ္မတကြီး၏သဝဏ်လွှာနှင့်ပတ်သက်၍သူ၏အမြင်ကို ပြောပြရာတွင်

"ကျွန်မအမြင်မှာတော့ ပြည်သူရဲ့အသံကို နားထောင်တာဟာ အင်မတန်မှကောင်းပါတယ်။ ဒီဟာက အစိုးရတိုင်းလုပ်ရမယ့်ကိစ္စပါ။ ပြည်သူရဲ့အသံကိုနားထောင်ရမယ်။ ပြည်သူရဲ့စိုးရိမ်ကြောင့်ကြမှုတွေကို တကယ်ပဲ လေးလေးနက်နက်ထားပြီးတော့ ဖြေရှင်းပေးရမယ်"ဟု ပြောကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်တို့တွေ့ဆုံခြင်းသည် ယခုအကြိမ်အပါအဝင် တစ်ဆယ့်သုံးကြိမ်ရှိပြီဖြစ်ပြီး အစိုးရသစ်လက်ထက်တွင် တတိယအကြိမ်တွေ့ဆုံခြင်းဖြစ်သည်။

## မျက်နှာဖုံး-မြေအသုံးပြုခွင့်နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာချက်ထုတ်ပြန် မှ

အသုံးပြုခွင့် အမိန့်ကြော်ငြာစာ၌မြေယာနှင့်ပတ်သက်၍ ယခင်က အစိုးရပိုင်မြေ၊ အစိုးရဌာန၊ အဖွဲ့အစည်းပိုင်မြေများသာ ငှားရမ်းခွင့်ပြုသော်လည်း လက်ရှိထုတ်ပြန်သည့် ဥပဒေအရ နိုင်ငံသားပိုင် ပုဂ္ဂလိကမြေများမှာပါ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းနိုင်မည်ဖြစ်သည်။

နိုင်ငံခြားငွေကြေးဆိုင်ရာအမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ စက်တင်ဘာလဆန်းပိုင်းက UMFCCI ၌ ကျင်းပခဲ့သော ဟောပြောပွဲတွင် ယခင်က နိုင်ငံခြားကငွေလဲနှုန်း သတ်မှတ်မှု တစ်ဒေါ်လာ ခြောက်ကျပ်ကို ပယ်ဖျက်ပြီး လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း လုပ်ဆောင်နိုင်မည်ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ကုမ္ပဏီများ ညွှန်ကြားမှုဆိုင်ရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာတွင် မြေယာအသုံးပြုခွင့်ကာလနှင့်ပတ်သက်၍ အမှန်တကယ် လိုအပ်သည့် မြေငှားရမ်းခွင့်(သို့မဟုတ်)မြေအသုံးပြုခွင့်ကာလကိုစီးပွားရေးလုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏပေါ်မူတည်၍ နှစ် ၃၀ ငှားရမ်းခွင့်ပြုသည်၊ ငှားရမ်းမှုသက်တမ်းကုန်ဆုံးပြီး ရင်းနှီးမြှုပ်နှံသူက လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက ၁၅ နှစ် နှစ်ကြိမ်သက်တမ်းတိုးခွင့်ပြုသည်၊ ယင်းသို့ ငှားရမ်းအသုံးပြုရာတွင် လုပ်ငန်းများမှာ နှစ်ရှည်သီးပင်နှင့် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေးလုပ်ငန်း၊ ရာသီသီးနှံစိုက်ပျိုးရေးလုပ်ငန်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတို့ ပါဝင်သည်၊ အဆိုပါလုပ်ငန်းများထဲတွင် ရာသီသီးနှံစိုက်ပျိုးရေးလုပ်ငန်းသည်သတ်မှတ်သောစည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ကိုင်ခွင့်ရှိသည်"ဟု ဖော်ပြထားသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာရင်တော့ ပြည်တွင်းဒေါ်လာဈေးကျသွားနိုင်တယ်။ ဒါက မြန်မာငွေတရားဝင်မာလာတဲ့သဘောပေါ့"ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သူ၏ အမြင်ကိုပြောသည်။

သို့သော် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှုသည် အချိန်အတိုင်းအတာတစ်ခုထိ ကြာမြင့်သည့်အတွက် ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုကြောင့် ဒေါ်လာဈေးကျဆင်းနိုင်ရန် မရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပြည်တွင်းစက်မှုဇုန်များတွင် မြေလွတ်ကျန်ရှိမှုမှာလည်း သီလဝါ၊ ဝါးတစ်ရာကဲ့သို့ စက်မှုဇုန်များတွင်သာ အများဆုံးကျန်ရှိပြီး ရွှေပြည်သာ၊ လှိုင်သာယာ စသည့် စက်မှုဇုန်များတွင် မြေကွက်လွတ်ကျန်ရှိမှုနည်းပါးလှကြောင်းကိုလည်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက ဆိုသည်။

## စာ-၆၊ ငွေလဲကောင်တာများတွင် ဒေါ်လာနှင့် အက်ဖ်အီးစီကို ပြန်ရောင်းသူများ မှ

စတင်ဈေးဖွင့်သည့်နေ့တွင်ပင် လာရောက်ရောင်းချသူများပြားခဲ့ပြီး ရန်ကုန်အခြေစိုက် ငွေရောင်းငွေဝယ်လုပ်သူများအား အများဆုံးတွေ့ရသည်။ နိုင်ငံခြားသားနှစ်ဦးလာရောက်ပြီး လူများသဖြင့် ခဏတွင်းချင်း ပြန်ထွက်သွားခဲ့သည်။ ဘဏ်မှ ပြန်လည်ရောင်းချသောဈေးနှုန်းအား နေ့လယ် ၂ နာရီကျော်တွင် စတင်ဈေးဖွင့်ခဲ့ပြီး ဝယ်ဈေးထက် ငါးကျပ်ပိုများကာ တစ်ဒေါ်လာလျှင် ၈၃၅ ကျပ်ဈေးဖွင့်ခဲ့သည်။ ဘဏ်မှ ဝယ်ယူရန် အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီအတွက်သာ ဈေးဖွင့်ခဲ့သည်။

"အပြင်ဈေးကွက်မှာလို ခေါင်းကြီး ခေါင်းသေးမရှိတော့ဘူး။ စစ်တဲ့စက်က လက်ခံရင် ဝယ်တယ်"ဟု အင်းဝဘဏ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အင်းဝဘဏ်တွင် လာရောက်ရောင်းချသူတစ်ဦးထံ၌ ဒေါ်လာ၁၀၀တန်(၃၄)ရွက်မှာငွေစက္ကူစစ်ဆေးသည့်စက်က လက်မခံသဖြင့် ဝယ်ယူရန် ငြင်းဆိုခဲ့သည်ကိုလည်း တွေ့ရသည်။

ဈေးစတင်ဖွင့်သောနေ့တွင် မှတ်ပုံတင်ပြရုံဖြင့် ကန့်သတ်ချက်မရှိ ဝယ်ပေးသော်လည်း နောက်ပိုင်းရက်များတွင် ကန့်သတ်ချက်များရှိလာမည်ဟု အထက်ပါတာဝန်ရှိသူများကဆိုသည်။

"ဒေါ်လာ ၂,၀၀၀ အောက်ဆိုရင်မှတ်ပုံတင်လိုမယ်။ ဒေါ်လာ ၂,၀၀၀ အထက်ရောင်းမယ်ဆိုရင် အကြောင်းအရာနဲ့ အထောက်အထားလိုမယ်။ ဥပမာ-အင်န်ဂျီအိုကဆိုရင် အဖွဲ့အစည်းရဲ့ ထောက်ခံစာလိုမျိုးပေါ့"ဟု မြန်မာအရှေ့တိုင်းဘဏ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထိုကဲ့သို့ ကန့်သတ်သောပမာဏမှာ ငွေလဲကောင်တာတစ်ခုနှင့်တစ်ခုမတူဘဲ အင်းဝဘဏ်ကမူ တစ်သောင်းအထက် ရောင်းချမှသာ အထောက်အထားလိုမည်ဟု အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

"ဝယ်တဲ့ငွေလေးမျိုးထဲမှာ အက်ဖ်အီးစီရောင်းအားက အများဆုံးပဲ"ဟု CB ဘဏ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပုဂ္ဂလိကဘဏ်ခြောက်ခု၏ နိုင်ငံခြားငွေလဲလှယ်ကောင်တာများကို သိမ်ဖြူလမ်းအောက်ဘလောက်တွင်အောက်တိုဘာ၁ရက်မှစ၍ နေ့စဉ်ပိတ်ရက်မရှိနံနက် ၄ နာရီမှ ညနေ ၄နာရီအထိ မည်သူမဆို ဝယ်ယူရောင်းချပေးနေသည်။ ၁၂နာရီမှ မွန်းလွဲ၁နာရီအထိကိုမူထမင်းစားချိန်အဖြစ်ခေတ္တပိတ်သည်။

## စာ-၄၊ လူတစ်စု ဖမ်းဆီးခေါ်ဆောင်မှုမှ ကလေးငယ် တစ်ဦးလွတ်မြောက်လာ မှ

မိမိနှင့်အတူ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် ယောကျ်ားလေးနှစ်ဦးအနက်မှ တစ်ဦးသည် လက်ပြန်ကြိုးတုပ်ခံထားရသည့် လက်အား ပွတ်တိုက် လွတ်မြောက်ခဲ့ပြီး နောက်ပိုင်းတွင် အစောင့်အား ရိုက်နှက်၍ ထွက်ပြေးခဲ့ရကြောင်း၊ မိမိအနေဖြင့် တစ်ညလုံး ပုန်းရှိုးကွယ်ရှိုးနှင့်ပြန်ပြေးလာခဲ့ရကြောင်း ဆက်လက်ရှင်းပြသည်။

ထိုဖမ်းဆီးထားသည့် နေရာ၌ ညနေမှောင်သွားချိန်တွင်လည်း ထမင်းမကျွေးဘဲ အမဲခြောက်များအား မီးကင်ကျွေးကြောင်း မစားသည့်သူများအား ရိုက်နှက်ကြောင်းနှင့် မိမိအကျီတွင်လည်း အဆိုပါ မီးကင်သည့် မီးတောက်မှ မီးပွားလွင့်၍ လာဟပ်ရာ အကျီမီးလောင်ပေါက်ခဲ့ကြောင်း၎င်းကပြသခဲ့သည်။

ညပိုင်းမှစ၍ ထွက်ပြေးလွတ်မြောက်လာမှုတွင် ကျန်မိန်းကလေးငယ်များအားမခေါ်ဆောင်ခဲ့မှုအား မေးမြန်းရာအဆိုပါကလေးငယ်များအိပ်ပျော်နေကြောင်းနှင့် ၎င်းတို့လည်း ရိုက်နှက်မှုပြီးပြီးချင်း ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုအကြောင်းအရာများအား တိုင်ကြားမှုနှင့် ဆက်စပ်ကာ လူကုန်ကူးတားဆီးကာကွယ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး) နှင့် ဆက်သွယ်မိပြီး ထွက်ပြေးရာလမ်းကြောင်းတစ်လျှောက် မိမိတို့နှင့် အတူ သွားရောက်ကြည့်ရှုသတင်းရယူခဲ့ကြောင်း မိဘနှစ်ဦးကပြောသည်။

ထို သို့ ထွက်ပြေးလွတ်မြောက်လာပြီး နောက်တစ်ရက်တွင် မျက်ကွင်းညိုညိုနှင့် လူတစ်ဦးသည် ဆိုင်ကယ်ဖြင့် လေးခေါက်ခန့် အိမ်ရှေ့သို့ ခေါက်တုံ့ ခေါက်ပြန်စီးနင်းကာ ကြည့်ရှုမှုများပြုလုပ်ခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် မိမိတို့ နယ်မြေခံတပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်းနှင့်ကလေး၏ ပြောဆိုချက်များသည် ဇာတ်ဝင်ခန်းပုံစံမျိုးဖြစ်နေကြောင်းပြင်ဦးလွင်စခန်းမှူးက မေးမြန်းမှုအပေါ် ဖြေကြားခဲ့သည်။

အဆိုပါပျောက်ဆုံးခဲ့သည့် ဆွံ့အနားမကြားကလေးမိဘများအနေဖြင့် မိမိကလေးအပေါ်တွင် ယုံကြည်ချက်အပြည့်ရှိကာ လိမ်လည်ပြောဆိုတတ်ခြင်းလည်းမရှိကြောင်း၊ အိမ်မှုကိစ္စများလည်း ဝိုင်းဝန်းလုပ်ဆောင်နိုင်ကြောင်း ပြောသည်။ မှတ်ဉာဏ်ကောင်းမှုပိုင်းနှင့် ပတ်သက်၍ ပြောကြားရာတွင်"တောင်ပြန်းပွဲကို လိုက်ပို့ခဲ့ဖူးတယ်။ အဲဒီတုန်းကမှတ်ဉာဏ်နဲ့လမ်းတွေကြည့်ပြီး အိမ်ရောက်အောင်ပြန်လာတာတဲ့"ဟု ခုနစ်နာရီခန့်ပြေး၍ပြန်ခဲ့သည့်အခြေအနေကိုထောက်ပြရှင်းလင်းသည်။

"စိတ်ဝင်စားဖို့ကောင်းတယ်။ သူတစ်ခုခုတော့ဖြစ်ခဲ့တာသေချာတယ်။ ဒါပေမဲ့ ကလေးကဆွံ့အနားမကြားဖြစ်နေတယ်။ တစ်ဆင့်ခံအမေရဲ့ ပြန်လည်ဘာသာပြန်ပေးရမှုဖြစ်နေတယ်။ တချို့ဟာတွေ လွဲမှားနိုင်တာတွေ ရှိကောင်းရှိမယ်။ တာဝန်အရတော့ ဆက်လက်စုံစမ်းမှုပြုလုပ်နေပါတယ်"ဟု လူကုန်ကူးမှု တားဆီးကာကွယ်ရေးအထူးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကပြောသည်။

Sweety

ကြော်ငြာအတွက်သရုပ်ဆောင်သစ်ရွေးချယ်ခေါ်ယူခြင်း

Sweety ဘော်လီနှင့် ဘရာဇီယာ အတွက် TV ကြော်ငြာ ရိုက်ကူးရန် ဒါရိုက်တာဦးအောင်ကိုလတ်မှ ကြီးမှူး၍ သရုပ်ဆောင်သစ် ရွေးချယ်ပွဲ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဝါသနာရှင်များ အောက်ပါ အချက်အလက်များအတိုင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

(၁) မျက်နှာအလှဓာတ်ပုံ (၄"x 6") - (၂)ပုံနှင့်အထက်
(၂) ကိုယ်လုံးအလှဓာတ်ပုံ (၄"x 6") - (၂)ပုံနှင့်အထက်
(၃) ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်
(၄) မိဘအုပ်ထိန်းသူ၏ခွင့်ပြုချက်


တို့နှင့်အတူ စာတိုက်သေတ္တာအမှတ် (၃၃၉) သို့ ကြော်ငြာပါသည့်နေ့မှ (၂) ပတ်အတွင်း လျှောက်ထားရန်

သတ်မှတ်ချက်
(၁) အရပ် (၅ပေ ၂လက်မ) နှင့် အထက်ရှိသူဖြစ်ရမည်။
(၂) ရုပ်ရည်ချောမောလှပ၍ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်ရမည်။
(၃) အသက်(၁၆-၂၆)နှစ်အတွင်းအိမ်ထောင်မရှိသူ(အပျို)ဖြစ်ရမည်။

မှတ်ချက်
- ရွေးချယ်မခံရသော ဓာတ်ပုံများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။
- စီစစ်ရွေးချယ်ခံရသော သူများကို လူတွေ့စစ်ဆေး ရွေးချယ်ပါမည်။
- ဓာတ်ပုံများအား ကွန်ပျူတာဖြင့်ပြုပြင်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

သတ်မှတ်ထားသောအချက်အလက်များနှင့် ကိုက်ညီသူများကိုသာ စီစစ်ရွေးချယ်သွားမည် ဖြစ်ပါသည်။

Vol.10, No.29 • OCTOBER 6, 2011



# စိတ်ဖိစီးမှုမှ အခြေတည်သည့် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ

ဝတ်ရည်

လူတစ်ဦးနှင့်တစ်ဦး နေ့စဉ်လုပ်ရှားသည့် ပတ်ဝန်းကျင်သာ ကွာခြားနိုင်သော်လည်း လူအများသည် မိမိသက်ဆိုင်ရာပတ်ဝန်း ကျင်တွင် ပြိုင်ဆိုင်မှုများနှင့် ကြုံတွေ့ရပြီး စိတ်ဖိအားများ ပိုမို ရင်ဆိုင်လာရလေ့ရှိသည်။

စိတ်ဖိစီးမှု ခံစားရခြင်းကြောင့် ဖြစ်ပေါ်လာသော ဝေဒနာများသည် သတိမမူမိသည့်အချိန်တွင် စတင်ခံစားကြရခြင်းဖြစ်ပြီး ရောဂါလက္ခဏာများ ပြသသည်ကို လူအများစု သတိမမူမိသည်ကများသည်။

စိတ်ဖိအားများပြားနေခြင်းကြောင့်ဖြစ်ပွားလေ့ရှိသည့်ရောဂါဝေဒနာများအနက် စိတ်ဖိစီးမှုများလျှင်ဖြစ်တတ်သော ရောဂါလက္ခဏာတစ်ခုအဖြစ် သတ်မှတ်နိုင်ပြီး မကြာခဏဖြစ်ပွားရာမှ နာတာရှည်အဖြစ် ဖြစ်ပွားနိုင်သော ရောဂါလက္ခဏာမှာ ခေါင်းတစ်ခြမ်းကိုက်ခြင်းဝေဒနာ ဖြစ်ကြောင်း ဒေါက်တာထွန်းသိန်းကပြောသည်။ ခေါင်းတစ်ခြမ်း ကိုက်သည့် ရောဂါဝေဒနာကို ဆေးပညာအခေါ် အရ Migrain ဟုခေါ်သည်။

ခေါင်းတစ်ခြမ်းကိုက်ခြင်းသည် မိမိနှင့် မတည့်သည့်အစားအစာများ စားသုံးခြင်းကြောင့်နှင့် အိပ်ရေးပျက်သည့် အချိန်များပြားခြင်း၊ နေပူထဲသွားလာပြီးသည့် အချိန်များတွင် ခဏသာ ခံစားကြရလေ့ရှိသော်လည်း စိတ်ဖိစီးမှုများပြားသည့် အချိန်များတွင် ပိုမိုခံစားကြရကြောင်း သိရသည်။

"ခဏတာဖြစ်တဲ့ ခေါင်းတစ်ခြမ်းကိုက်တဲ့ သူတွေအတွက်တော့ ပါရာစီတမောလို အကိုက်အခဲပျောက်ဆေးတွေသောက်ရင် သက်သာပေမယ့် စိတ်ကြောင့်ဖြစ်တဲ့ ခေါင်းတစ်ခြမ်းကိုက်တာကတော့ပြင်းထန်တယ်။ တချို့ဆိုနှစ်နဲ့ချီပြီးဖြစ်ကြတဲ့အတွက် ရောဂါကုတဲ့ သီးသန့်ဆေးမျိုးတွေဖြစ်တဲ့ Migrain ဆေးတွေ၊ Pain killer လိုဆေးမျိုးတွေနဲ့ ကုသရတယ်"ဟု အဆိုပါဆရာဝန်ကပြောကြားသည်။

ခေါင်းကိုက်သည့်ပုံစံသည် အမျိုးမျိုးကွာခြားမှုရှိပြီး တစ်ခါတစ်ရံဖြစ်ပွားသည့် စိတ်ပူပန်မှုများကြောင့်ဖြစ်သည့် ခေါင်းကိုက်ခြင်း၊ နာတာရှည်ခေါင်းကိုက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ခေါင်းတစ်ခုလုံးကိုက်ခဲခြင်းစသည့် ပုံစံအမျိုးမျိုးရှိပြီး ခေါင်းတစ်ခြမ်းကိုက်ခြင်း၏ လက္ခဏာများသည် နာကျင်မှုအား အလွန်အကျွံခံစားရခြင်းမျိုးမဟုတ်ဘဲ ခေါင်းတစ်ခုလုံး(သို့မဟုတ်)ခေါင်း၏ဘယ်ဘက်(သို့မဟုတ်)ညာဘက်အခြမ်းမှနေ၍ ခေါင်းထဲတွင် တဒုန်းဒုန်းထုနေသကဲ့သို့ခံစားကြရလေ့ရှိကြောင်း သိရသည်။

"ငယ်ငယ်လေးကတည်းက ခေါင်းတစ်ခြမ်းကိုက်တာကို ခဏခဏဖြစ်လေ့တော့ရှိတယ်။ ဒါပေမဲ့ အခုတစ်ပတ်လောက်ရှိနေပြီ ပြင်းပြင်းထန်ထန်ကို ဖြစ်နေတာ ဘယ်လိုမှနေလို့မရတော့ဘူး"

စာ(၁၄)သို့

## ငှက်သိုက်တံဆိပ်အားဆေးကို လိုက် လိမ်လည်သူများရှိနေ

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ- ၂၉

ငှက်သိုက်အမှတ်တံဆိပ်အားဆေးဘူးများအား လူတစ်စုက နယ်မြို့များရှိ စတိုးဆိုင်များ၌ အတုနှင့် အစစ်လဲလှယ်၍ လိမ်လည်နေကြကြောင်း အလိမ်ခံရသူများကပြောသည်။

"ဆိုင်မှာ လူရှုပ်တဲ့အချိန်မှ ငှက်သိုက် နှစ်ပါကင်လာဝယ်တယ်။ ခဏနေတော့ တံဆိပ်မှားလို့ဆိုပြီး ပြန်ပေးပြီး ထွက်သွားတယ်။ နောက်နေ့ဝယ်သူလာလို့ထုတ်ပေးတော့မှ အထဲက ဘူးတွေက လိမ်းဆေးဘူးတွေဖြစ်နေတယ်"ဟု အုတ်တွင်းမြို့နယ်မှ အလိမ်ခံရသူ စတိုးပိုင်ရှင်တစ်ဦးကပြောသည်။

ထို့အတူ အလားတူဖြစ်ရပ်မျိုး တစ်ရက်ခြားတွင် ကျွဲပွဲမြို့နယ်၌ ဖြစ်ပွားခဲ့ပြီး ငှက်သိုက်ပုံး တစ်ဒါဇင်အား အတုပြုလုပ်ထားသော ဘူးများဖြင့် လဲလှယ်သွားကြောင်း အဆိုပါဆိုင်ရှင်ကပြောသည်။

"အပြင်က ပါကင်ဘူးမှာတော့ ငှက်သိုက်အစစ်ရဲ့ပါကင်ပဲ။ အထဲက ပုလင်းတွေကျမှသာ လိမ်းဆေးတွေထည့်ထားတာ"ဟု အလိမ်ခံရသူများကပြောသည်။

ခြောက်လုံးပါဝင်သော ငှက်သိုက်အားဆေး တစ်ပါကင်လျှင် ကျပ်သုံးသောင်းဝန်းကျင် ဈေးရှိကြောင်း ဈေးကွက်အတွင်းမှသိရှိရသည်။

## ကျူစီစင်တာသို့ လာရောက်သွေးစစ်ဆေးသူများတွင် အိတ်ချ်အိုင်ဗီရောဂါပိုး တွေ့ရှိသူ လျော့ကျ

နေလင်းထွန်း

ရန်ကုန်၊ အောက်တိုဘာ - ၁

အိတ်ချ်အိုင်ဗီရောဂါပိုး ရှာဖွေစစ် ဆေးနေသည့် ကျူစီ(QC)စင်တာများတွင် လာရောက်သွေးစစ်ဆေးခံသူဦးရေမြင့်တက်လာသော်လည်း ရောဂါပိုးဖြစ်ပွားသူ တွေ့ရှိမှုနှုန်း လျော့ကျသွားခဲ့ကြောင်း PSI(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရောဂါပိုးသံသယရှိသူများ ကျူစီစင်တာတွင် လာရောက် စစ်ဆေးခံယူမှုမှာ ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သော်လည်း လာရောက်စစ်ဆေးခံသူများထဲမှ ရောဂါပိုးတွေ့ရှိမှုမှာ ၂၆ ရာခိုင်နှုန်းမှ ၂၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်းသိရသည်။

"ကျူစီမှာ လာပြတဲ့သူတွေက ရောဂါပိုးသံသယရှိတဲ့သူတွေများတဲ့အတွက် ရောဂါပိုးတွေ့ရှိရတဲ့နှုန်းများနေတာပါ။ ရောဂါပိုးလာစစ်တဲ့လေးယောက်မှာတစ်ယောက်နှုန်းနီးပါးက အိတ်ချ်အိုင်ဗီရောဂါပိုးတွေ့ရှိရတာပေါ့။ ရောဂါပိုးတွေ့ရှိရတဲ့နှုန်းကျလာတာက အစိုးရဘက်ကလည်း စီမံချက်အနေနဲ့လုပ်တယ်။ နောက်တစ်ခုက အရင်ထက်ပွင့်လင်းလာတယ်။ အင်န်ဂျီအိုတွေကလည်း ပူးပေါင်းဆောင်ရွက်မှုပိုကောင်းလာတယ်။ ကြိုတင်ကာကွယ်မှုတွေကောင်းလာတယ်။ သတိပြုအလေးထားမှုတွေတက်လာတယ်။ အဲ့ဒါတွေ သက်ရောက်မှုကြောင့်ကျလာတယ်လို့တော့ သုံးသပ်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အဆိုပါစင်တာလေးခုကို ဖွင့်လှစ်ထားသည်။ ကျူစီစင်တာများသို့ အခြေခံလူတန်းစားများနှင့် လူလတ်တန်းစားအချို့ လာရောက်သွေးစစ်ဆေးမှုခံယူလျက်ရှိကြပြီး သုံးပုံနှစ်ပုံခန့်မှာ ငွေကြေးချို့တဲ့သူများဖြစ်ကြကြောင်းသိရသည်။

အိတ်ချ်အိုင်ဗီရောဂါပိုး လာရောက်စစ်ဆေးမှုခံယူသူအရေအတွက်သည် ၂၀၀၉ ခုနှစ်တွင် ၅,၈၀၀ဦးခန့်ရှိပြီး ၂၀၁၀ ခုနှစ်တွင် ၆,၆၀၀ဦးခန့်ရှိကြောင်းသိရသည်။



Regional
7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## မီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းမှု ချောင်းသာတွင်ဖြစ်ပွား

အောင်သူရ၊ သိမ့်သိမ့်စိုး

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

ချောင်းသာကမ်းခြေမီးလောင်မှုတွင် အိမ်ထောင်စုရှစ်စုမှ လူဦးရေစုစုပေါင်းလူ ၃၇ ဦး မီးဘေးသင့်ခဲ့ကြောင်း ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းအသင်းမှ ပြန်ကြားရေးတာဝန်ခံကိုညီညီအောင်က ပြောသည်။

အဆိုပါမီးလောင်မှု စတင်လောင်ကျွမ်းသည့် ဆိုင်ကယ်ပြင်ဆိုင်ပိုင်ရှင်တစ်ဦးမှာ ခရီးသွားနေကြောင်း သတင်းရရှိသည်။ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၉၈ သိန်းဖိုးရှိသည့် မီးလောင်မှုမှာ ချောင်းသာကျေးရွာတွင်ဖြစ်ပွားခဲ့ကြောင်းမြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းမီးလောင်မှုမှာ ပုသိမ်မြို့နှင့် ၃၈ မိုင်ကွာ ချောင်းသာမြို့နယ် အမှတ်-၃ ရပ်ကွက် အထကကျောင်းလမ်းရှိဆိုင်ကယ်ပြုပြင်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင် မီးကြွင်းမီးကျန်မှ ဓာတ်ဆီပုံးသို့ကူးစက်ကာ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ၃၆ပေ× ၄၈ ပေ အကျယ်ရှိ ပျဉ်ခင်းနှစ်ထပ် ဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေးဆိုင် အပြင် အနားရှိ နေအိမ်ငါးလုံးစလုံး လောင်ကျွမ်းသွားပြီး တစ်ခြမ်းဆီသာ လောင်ကျွမ်းသွားသောအိမ်နှစ်လုံးလည်းရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို မီးသတ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုတစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်ကိုးဦးနှင့် အရန် ၁၀ ဦးသွားရောက်ကာ တပ်မတော်သား၊ ရဲတပ်ဖွဲ့နှင့် ပြည်သူများဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် ယင်းည ၁၁နာရီခွဲတွင် မီးငြိမ်းနိုင်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## ငါးထောင်တန်အတုရိုက်နှိပ်သူအားဖမ်းဆီး

ယဉ်ထွေး

**ဇီးကုန်း၊ စက်တင်ဘာ- ၂၆**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ လယ်မရွာအုပ်စုတွင် စက်သုံးဆီဆိုင်သို့ ငါးထောင်တန်ငွေစက္ကူအတုများဖြင့် ဆီဖိုးငွေလာရောက်ပေးချေရာမှ ငွေစက္ကူအတုပြုလုပ်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်းစုံစမ်းသိရသည်။

စက်တင်ဘာ ၂၄ ရက်နေ့လယ် ၁၂ နာရီအချိန်ခန့်က ရန်ကုန်-ပြည်ကားလမ်းမပေါ်ရှိ ရောရွှေဝါ စက်သုံးဆီအရောင်းဆိုင်သို့ သန်းထိုက်(၃၁)နှစ် ဇီးကုန်းမြို့၊ ဘော်ဘင်လမ်း၊ မှော်ရကျေးရွာအုပ်စုနေသူသည် စက်သုံးဆီဖိုးငွေကျပ်နှစ်သိန်း လာရောက်ပေးအပ်ခဲ့ရာငါးထောင်တန် ငွေစက္ကူတစ်သိန်းအုပ်တွင် အပေါ်ဆုံးတစ်ရွက်နှင့် အောက်ဆုံးတစ်ရွက်မှ အပကျန်ငွေစက္ကူများမှာ နံပါတ်အားလုံးတူသည့် ငွေစက္ကူများဖြစ်နေသည်ကိုတွေ့ရှိခဲ့သည်။ ရောရွှေဝါ စက်သုံးဆီဆိုင်မှ ဦးမောင်မောင်ကြီးကနံပါတ်တူငါးထောင်တန်ငွေစက္ကူကို နမူနာအဖြစ် ယူထားပြီး ကျန်ငွေများကို သန်းထိုက်အား ပြန်လည်ပေးအပ်ခဲ့ပြီး ရဲအုပ်ဦးအေးကိုထံသတင်းပေးခဲ့သည်။



*ဖမ်းဆီးရမိသော ငါးထောင်တန်အတုများနှင့် တရားခံ*

ရဲအုပ်ဦးအေးကိုနှင့်အတူ အမှတ် ၄ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးဦးမျိုးညွန့်၊ မှော်ရကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်သန်းတို့နှင့် သန်းထိုက်အိမ်တွင်သွားရောက်ရှာဖွေခဲ့ရာ နံပါတ်တူငါးထောင်တန် ငွေစက္ကူ ၂၉ ရွက်နှင့်အတူ နေအိမ်အောက်ခန်းမှ ငွေစက္ကူထုတ်လုပ်ခဲ့သည့်ကွန်ပျူတာဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့သဖြင့် ရှာဖွေ ပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့သည်။

ငွေစက္ကူအတုပြုလုပ်မှုနှင့်ပတ်သက်၍ သန်းထိုက်ကဝန်ခံထွက်ဆိုခဲ့ရာ ဇီးကုန်းရဲစခန်းက ပြစ်မှုအမှတ် ပ/ ၂၃၈၊ ပုဒ်မ ၄၈၉ (က)(ခ)(ဂ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။


## ယင်းမာပင်မြို့နယ်တွင် လေဆင်နှာမောင်းငယ်နှစ်ခု တစ်ပြိုင်နက်တိုက်ခတ်

မျိုးမင်းဦး

**မုံရွာ၊ စက်တင်ဘာ- ၃၀**

မုံရွာခရိုင်၊ယင်းမာပင်မြို့နယ် အတွင်းစက်တင်ဘာလ ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲအချိန် ကောင်းကင်ယံတွင်လေဆင်နှာမောင်းငယ်နှစ်ခု တစ်ပြိုင်နက်တည်းတိုက်ခတ်ခဲ့ကြောင်းယင်းမာပင်မြို့နယ် ဒေသခံများပြောပြချက်အရ သိရသည်။

"ကောင်းကင်မှာမိုးတွေအုံ့ဆိုင်းနေတဲ့အချိန် မိုးတိမ်တွေကြားက အနက်ရောင်တိမ်ကြောင်းလေးတစ်ခုအောက်ဘက်ကိုဆင်းနေတာ စတွေ့တယ်။ တဖြည်းဖြည်းနဲ့ကြီးထွားလာပြီးလေဆင်နှာမောင်းအသွင် အောက်ကနေအထက်ကိုဝဲကတော့ထိုးတက်နေတယ်။ လေဆင်နှာမောင်းက မြေကြီးအထိတော့မရောက်ဘူး။လေထဲမှာပဲကောင်းကင်ပေါ်ပြန်တက်သွားတယ်။ လေဆင်နှာမောင်း



*ဝေဟင်တွင်တိုက်ခတ်နေသော လေဆင်နှာမောင်းငယ်ကိုတွေ့ရစဉ်* ဓာတ်ပုံ - မျိုးမင်းဦး

ငယ်တစ်ခုကမိုးတိမ်တိုက်အောက်ကို ငါးမိနစ်လောက်နဲ့ပျောက်ကွယ်သွားတယ်။လေဆင်နှာမောင်းနည်းနည်းကြီးတာကတော့ ဆယ်မိနစ်ကျော်ကျော်မြင်တွေ့ခဲ့ရတယ်။ လေဆင်နှာမောင်းနှစ်ခုလုံး စက်တင်ဘာလ ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲမှာတစ်ပြိုင်နက်တည်း မြင်တွေ့ခဲ့ရတယ်" ဟုယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

"စက်တင်ဘာလ ၂၈ ရက် မွန်းလွဲပိုင်းမှာလည်းကောင်းကင်မှာ လေဆင်နှာမောင်းလိုလေပြင်းတိုက်တဲ့ ဝဲဂယက်ကြီး တွေ့ခဲ့ရတယ်။ အခု စက်တင်ဘာလ ၃၀ ရက်ညနေပိုင်းမှာလည်း လေဆင်နှာမောင်းငယ်နှစ်ခုကိုကောင်းကင်မှာမြင်ခဲ့ရတယ်။လေဆင်နှာမောင်းလို ဝဲဂယက်တွေကြောင့် မြေပြင်မှာအပင်တွေလဲ အိမ်တွေပြိုနဲ့ကြုံတွေ့ရမယ်လို့ ထင်နေတာ။အခုကောင်းကင်မှာလေပြင်းတိုက်တာဆိုတော့ မြေပြင်မှာပျက်တာစီးတာတော့ မကြားမိသေးဘူး။ မိုးတော့သည်းတယ်" ဟု ယင်းမာပင်မြို့နယ်အတွင်း လေဆင်နှာမောင်းငယ်နှစ်ခုတစ်ပြိုင်နက်တိုက်ခတ်မှုကို နယ်ကျေး စာကျကျေးရွာဒေသခံတစ်ဦးကမျက်မြင်ကြုံခဲ့ရပုံကိုပြောသည်။

အဆိုပါ ကောင်းကင်ယံမှ လေဆင်နှာမောင်းငယ်နှစ်ခုတိုက်ခတ်မှုကြောင့် မြေပြင်တွင် လေပြင်းတိုက်ခတ်ခြင်း၊ အပင်နှင့် လူနေအိမ်များလဲပြို ပျက်စီးဆုံးရှုံးခြင်းမရှိခဲ့ကြောင်း သိရသည်။

## ကုန်တန်ချိန်သတ်မှတ်ချက်ပြန်စ၍ ထော်လာဂျီများ ဝင်ငွေတိုး

စိုင်းသာအောင်

**ရန်ကုန်၊ စက်တင်ဘာ- ၃၀**

ကုန်တင်ကားများ သတ်မှတ်တန်ချိန်အတိုင်းတင်ရမည်ဟုပြန်လည်သတ်မှတ်သဖြင့် မန္တလေး-မူဆယ်လမ်းတွင် ပြေးဆွဲနေသော ကုန်တင်ကားကြီးများတိုးဂိတ်များ၌ သတ်မှတ်တန်ချိန်အတိုင်းသာဖြတ်သန်းခွင့်ပြုခြင်းကြောင့် ကုန်ကျစရိတ်များပိုမိုများပြားလာကြောင်း ကွှဲဆည်ကန် အဝေးပြေးကားဂိတ်စခန်း၊ယာဉ်မှူးများထံမှသိရသည်။

စက်တင်ဘာ ၂၇ ရက်က မန္တလေး-မူဆယ်လမ်း ၁၆ မိုင်အေးရှားဝေါလ် တိုးဂိတ်တွင်တန်ပိုတင်ထားသော ၁၂ ဘီးကား အစီး ၃၀ ခန့် ရပ်နားထားသည်ကို တွေ့ရှိရသည်။ ၎င်းကုန်တင်ကားကြီးများသည် မူဆယ်ဘက်မှဓာတ်မြေသြဇာကို အများဆုံး တင်ဆောင်လာခြင်းဖြစ်ပြီး သတ်မှတ်တန်ချိန်အတိုင်း တိုးဂိတ်ဖြတ်သန်းရန်အတွက် ထော်လာဂျီများ၊ ခြောက်ဘီးကားများဖြင့် ကုန်များအား ကဲ့တင်နေသည်ကိုတွေ့ရသည်။

ယခုရာသီတွင် မူဆယ်- မန္တလေးလမ်းမှာ ဓာတ်မြေသြဇာများ အများဆုံး တင်ရကြောင်း ၁၂ ဘီးကားယာဉ်မောင်းတစ်ဦးက ပြောသည်။ ထိုလမ်းတွင် ၁၂ ဘီး၊ ၁၀ ဘီးကုန်တင်ကားကြီးအစီး၃၀၀ ခန့်ရှိပြီး အာဆီယံမူအတိုင်းသာ ကုန်တင်ရပါက နောက်ထပ်ကုန်တင်ကားကြီးအစီး၆၀၀ ခန့်လိုအပ်ကြောင်း မိမိတို့ကုန်တင်ကားကြီးများ အနေဖြင့် တိုးဂိတ်အတိုင်း ပစ္စည်းများ ဝိတ်လျှော့ပြီး

စာ(၁၈) သို့




Padamyar fm
၏
(၂) နှစ်ပြည့်နှစ်ပတ်လည်မှစ၍
နောင်လာမယ့် ရာစုနှစ်များစွာအထိ
နားဆင်သူ ပရိသတ်များ၏ သောတအာရုံကို လွှမ်းမြိုးနိုင်သော
FM အဖြစ် ရပ်တည်နိုင်ပါစေ။
Shwe Taung Development Co., Ltd.
High Tech Concrete Technology Co., Ltd.
High Tech
High Tech Concrete Co., Ltd.
Golden Tri Star Co., Ltd.
OCTAGON
Octagon International Service Co., Ltd.
Octagon International Co., Ltd.
Junction Centre
JUNCTION
Junction Hotel

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# နယ်မြို့များတွင် အသက်မပြည့်ဘဲ ဆိုင်ကယ်မောင်းနှင်သူများကို အရေးယူမှုအားနည်း

ဝေယံ

**ရန်ကုန်၊ဇူလိုင်- ၁၃**

နယ်မြို့ကြီးများတွင် အသက်မပြည့်သည့်ယာဉ်မောင်းနှင်သူများကိုဖမ်းဆီးအရေးယူလျက်ရှိသော်လည်း အချို့သောမြို့ငယ်များတွင် အထက်တန်းကျောင်းသားများ ဆိုင်ကယ်စီးနင်းကာကျောင်းတက်လျက်ရှိနေသေးကြောင်းနယ်ဒေသခံများထံမှသိရသည်။

“မိဘတွေက ပြီးပြီးရောဆိုပြီး ဆိုင်ကယ် ဝယ်ပေးလိုက်ကြတယ်။ဆိုင်ကယ်က စက်တပ်ယဉ်ဖြစ်တော့ အန္တရာယ်တအားများတယ်။ မိုးကုတ်မှာ ကျောင်းသားတွေနဲ့ ယာဉ်တိုက်မှု ဖြစ်တာ တစ်လကိုနှစ်ကြိမ်၊ သုံးကြိမ်ရှိတယ် အသေအပျောက်ဖြစ်တာမတွေ့ရပေမယ့် အန္တရာယ်သိပ်များတဲ့အတွက်အထက်တန်းကျောင်းသားတွေဆိုင်ကယ်စီးနင်းတာကိုတားမြစ်သင့်ပါတယ်” ဟုမိုးကုတ်မြို့ ဒေသခံတစ်ဦးကဆိုသည်။

ယာဉ်စည်းကမ်းနှင့်ပတ်သက်၍ မန္တလေး၊မော်လမြိုင်၊နေပြည်တော်၊ပြည်အစရှိသောမြို့ကြီးများတွင်ယာဉ်မောင်းလိုင်စင်နှင့်တကွ ဖမ်းဆီးအရေးယူလျက်ရှိကြသော်လည်း မြို့ငယ်အများစု၌ ဖမ်းဆီးခြင်းမရှိကြသေးဟု သိရသည်။



**နယ်မြို့တစ်မြို့မှ ဆိုင်ကယ်စီးလူငယ်များ** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယာဉ်မောင်းလိုင်စင် သက်တမ်းအရ ယဉ်မောင်းနှင်သူမှာ အသက် ၁၈ နှစ်ပြည့်မှ လိုင်စင်လျှောက်ထားခွင့်ရှိသော်လည်း အများစုသော တက္ကသိုလ် ပထမနှစ် ကျောင်းသားများမှာ ၁၆ မှ ၁၇ နှစ်များအထိသာ ရှိ ကြ၍ ယာဉ်မောင်းလိုင်စင်ဝင်ရန် မဖြစ်နိုင်သော်လည်း ဖမ်းဆီးမှုရှိပါက ကျောင်းသားကတ်ဖြင့် တက္ကသိုလ်ကျောင်းသားဖြစ်ကြောင်းပြသပြီး နားလည်မှုဖြင့် မောင်းနှင်နေကြကြောင်း သိရသည်။

“အရင်က မဖမ်းပါဘူး။ ဆိုင်ကယ်ဦးထုပ်ပါရင်မတားဘူး။အခုမှ ဖမ်းတားလိုက်တော့ ရပ်ပေးလိုက်တာ၊ လိုင်စင်ကမရှိ ကလေးကို မောင်းခိုင်းတာဆိုတော့ အသက်မပြည့်သေးလို့ ဒဏ်ငွေသောင်းနှစ်ထောင်တောင်းတယ်။ ပိုက်ဆံမပါသေးလို့ ရွာအထိ ပြန်ယူရဦးမယ်၊ဖမ်းမယ်ဆိုလည်း အသိလေးတော့ပေးသင့်တာပေါ့။ဒါမှန်း သိကလေးကို မမောင်းခိုင်းပါဘူး” ဟုပြည်မြို့ ရွှေဆံတော်အနီး ယာဉ်ထိန်းစစ်ဆေးရေးဂိတ်တွင် အဖမ်းဆီးခံရသူတစ်ဦးကဆိုသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ ဖမ်းဆီးအရေးယူလျက်ရှိသောအမှုများတွင် ဆိုင်ကယ်ဦးထုပ်မပါရှိမှု၊ ဦးထုပ်မေးသိုင်းကြိုးတပ်ဆင်ထားမှု မရှိခြင်းတို့ကို ဒဏ်ငွေတစ်သောင်းနှစ်ထောင်ကျပ်ဖြင့်အရေးယူလျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ဝန်ထမ်းနှင့်ကျောင်းသားများကို ဒဏ်ငွေလျှော့ပေါ့အရေးယူကြောင်း သိရသည်။

# မျှော့များကို ဒိုင်ဖွင့်ကာ ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူ

အောင်သူရ

**ရန်ကုန်၊ စက်တင်ဘာ - ၂၆**

လယ်ကွင်းများ၊ချောင်းမြောင်းများတွင် အများဆုံးတွေ့ရပြီး ကျွဲ၊ နွားများနှင့်လူများကို တွယ်ကိုက်တတ်သော မျှော့များအား ပဲခူးတိုင်း ဒေသကြီး အရှေ့ခြမ်းတွင်ကျယ်ကျယ်ပြန့်ပြန့်ဝယ်ယူနေကြောင်းသတင်းရရှိသည်။

“ဒိုင်ဖွင့်ပြီးတော့ကို ဝယ်နေတာ တစ်ပိဿာကို ၅,၅၀၀(ကျပ်) ဈေးပေးတယ်” ဟုဝေါမြို့ ဒေသခံတစ်ဦးကဆိုသည်။ ယခင်က ကျွဲနှင့်နွားများကျောင်းရန် လုပ်သားတစ်ဦးလျှင် စရိတ်ငြိမ်း ကျပ် ၃၀,၀၀၀ မှ ၄၀,၀၀၀ ကြား ပေးရသော်လည်း ယခုအခါ ကျွဲကျောင်းသူက ကျွဲပိုင်ရှင်အား တစ်ကောင်လျှင် ကျပ် ၁,၀၀၀ ပြန်ပေးကြောင်း ဒေသခံများကပြောသည်။

“အခု ကျွဲကျောင်းသားက မျှော့ဖြုတ်ဖို့ဆိုပြီးတစ်နေ့ကို လုပ်သားတစ်ဦးကို ၃,၀၀၀ (ကျပ်)ပေးပြီး ပြန်ငှားတာတောင်ရှိနေတယ်” ဟု ကဝ ဒေသခံတစ်ဦးကဆိုသည်။ ထို့အပြင် ကျွဲနှင့် နွားများမရှိသောသူများမှာ ရေအိုင်ခွက်ထဲဆင်း၍ မျှော့ကိုက်ခံပြီးနောက် မျှော့အားဖြုတ်၍ ပြန်လည်ရောင်းချကြကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်ကိုင်သူများမှာ တစ်နေ့လျှင် ကျပ် ၅၀၀၀ မှ ၆,၀၀၀ ကြားရရှိကြကြောင်းလည်း သိရသည်။ အဆိုပါမျှော့များအား တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပြီး ယခုနှစ် မိုးရာသီအစမှစ၍ လုပ်ကိုင်ခဲ့ကြရာ ယခုအခါ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာကြခြင်းဖြစ်သည်။

# သဲကုန်း အ.ထ.က ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန်၊စက်တင်ဘာ- ၂၆**

ပဲခူးတိုင်းဒေသကြီး၊ပြည်ခရိုင်၊သဲကုန်းမြို့ သဲကုန်း အ. ထ. က ကျောင်းသား၊ကျောင်းသူဟောင်းများ (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပူဇော်ပွဲတွင်သဲကုန်း အ. ထ. က၌ နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၀ ပြည့်ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့သွားကြမည်ဖြစ်ပြီး အလှူငွေ ထည့်ဝင်လိုသူများအနေဖြင့် ဦးခင်မောင်ထွန်း(ရန်ကုန်) ၀၉၅၁-၁၃၅၈၇၊ ဦးသိန်းဇော်(မန္တလေး) ၀၉-၆၈၀၆၁၁၃၊ ဦးဆွေမြင့်(နေပြည်တော်) ၀၉-၇၃၀၂၀၇၇၆၊ ဦးဌေးလွင်(ပြည်) ၀၅၃-၂၇၇၆၂ နှင့် ဦးတင်ဦး(သဲကုန်း) ၀၅၃-၆၂၀၂၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

# ချင်းတွင်းမြစ်မှ ရှားပါးငါးမျိုးစိတ် မြန်မာ-အိန္ဒိယ နယ်စပ်တွင် အရောင်းသွက်

မျိုးမင်းဦး

**မုံရွာ၊ စက်တင်ဘာ- ၂၈**

ချင်းတွင်းမြစ်အတွင်း ရှားပါးစပြုလာပြီဖြစ်သော ကပ်သပိုး ငါး (ဒေသအခေါ် နိုင်လွန်ငါး)များအား ငါးကြပ်တင်ခြောက်အဖြစ် အိန္ဒိယ-မြန်မာနယ်စပ် ဈေးကွက်တွင်အရောင်းသွက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းရှင်အသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

“ချင်းတွင်းမြစ်ထဲမှာတစ်ချိန်ကနိုင်လွန်ငါးတွေပေါပေါများများတွေ့ရပေမယ့် အခုရှားလာတယ်လို့ပြောလို့ရပြီ။ချင်းတွင်းထဲမှာရှားပါးစပြုနေတဲ့ နိုင်လွန်ငါးတွေက မြောက်ယမားချောင်းဆည်အထက်ပိုင်းမှာ ရေလျှောင်တမံဖြစ်တဲ့ ရေကူရေလှောင်တမံထဲမှာ နိုင်လွန်ငါးတွေပေါပေါများများရှိတယ်”ဟုအဆိုပါတာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ကပ်သပိုးငါးကြပ်တင်ခြောက်များကို အိန္ဒိယနယ်စပ်ဈေးကွက်တွင် တစ်ပိဿာလျှင် ၄,၅၀၀ ကျပ်မှ ၅,၀၀၀ ကျပ်အထိ ဈေးပေါက်လျက်ရှိပြီး ပုလဲမြို့နယ်အတွင်း မြောက်ယမားဆည်အနီး ဒေသများမှ အိန္ဒိယနယ်စပ် ဈေးကွက်သို့ အဓိက တင်ပို့လျက်ရှိကြောင်းသိရသည်။

ချင်းတွင်းမြစ်ကြောတစ်လျှောက် ခန္တီးမှ မြောင်မြို့အထိ အင်းအိုင်ပေါင်း ၄၉ အင်းရှိပြီး ငါးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်လျက်ရှိကာ ချင်းတွင်းမြစ်အတွင်း နေထိုင်ကျက်စားလျက်ရှိသည့် ငါးများအား ငါးသားပေါက်ချိန်ကာလမှအပ ကျန်ကာလများတွင် ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

# ကုသိုလ်ဖြစ် လိပ်လွှတ်ကြသူများ သတိပြုရန်လို



ဇေကရာဇ်

**စစ်တွေ၊ စက်တင်ဘာ- ၂၆**

ရခိုင်ပြည်နယ်အတွင်း ဘုရား၊ ကျောင်းကန်များနှင့် လိပ်ဘေးမဲ့ကန်များ၌ ကုသိုလ်ဖြစ် လိပ်လွှတ်သူများသည် မိမိတို့လွှတ်လိုသော လိပ်အား ဂရုပြုလွှတ်သင့်ကြောင်း သိရသည်။

အုတ်ပတ်လည်ဖြင့် တည်ဆောက်ထားသော ရေကန်များ၌ လိပ်မွေးမြူထားခြင်းသည် လိပ်များ၏ဘဝရှင်သန်ခွင့်၊ဥဥခွင့်များ မရရှိနိုင်ကြောင်းသိရသည်။ ဘုရားကျောင်းကန်များ၌ လိပ်များအား ကုသိုလ်ဖြစ်လွှတ်ကြသည်မှာ ဗုဒ္ဓဘာသာတို့၏ မွန်မြတ်သောစိတ်ပင်ဖြစ်သော်လည်း မိမိတို့လွှတ်လိုက်သည့်လိပ်မှာ ကုန်းလိပ်ဖြစ်နေပါက ယင်းလိပ်၏ အသက်ရှင်သန်ခွင့်ကို ထိခိုက်နိုင်သည့်အပြင် ရေချိုလိပ်များအား မှန်၊ အုတ်ကန်တို့ဖြင့် တည်ဆောက်ထားသည့်ကန်များတွင် မွေးမြူပါက လိပ်မများမှာဥဥနိုင်မည်မဟုတ်ကြောင်း သိရသည်။ မည်သည့်လိပ်များမဆို ကုန်းပေါ်၌သာ ဥဥတတ်ကြပြီး မြေကြီး၏ အပူချိန်နှင့် သဲအပူချိန်တို့ရမှသာ ဥပေါက်နိုင်၍ ကုသိုလ်ဖြစ် လိပ်လွှတ်မည်ဆိုပါက ကုန်းလိပ်ကို ကုန်းပေါ်၌သာ လွှတ်ကြရန်နှင့် လိပ်မွေးကန်များတွင်လည်းကုန်းမြေ (သို့မဟုတ်) သဲများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း လိပ်သတ္တဝါအကြောင်း ကျွမ်းကျင်သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် ကုန်းလိပ်၊ ရေချိုလိပ်၊ ပင်လယ်လိပ်ဟူ၍ ၃၂ မျိုးခန့်ရှိပြီး ကုန်းလိပ်လေးမျိုးကို သိထားပါက လိပ်များကို ဘေးမဲ့လွှတ်ရာ၌ ယင်းလိပ်များ၏ အသက်ရှင်သန်မှုကို ထိခိုက်နိုင်မည်မဟုတ်သောကြောင့် ကုန်းလိပ်နှင့် ရေလိပ်ခွဲခြား၍သာ လွှတ်သင့်ကြောင်း ၎င်းကပြောသည်။ ကုန်းလိပ်နှင့်ရေလိပ်တို့၏ အသွင်သဏ္ဌာန်မှာ ကုန်းလိပ်တွင် ရှေ့ခြေထောက်တုတ်ခိုင်ပြီး အကြေးများဖြင့် ဖုံးအုပ်ထားကြောင်းနှင့် ကျောခွံနှင့် ရင်ခွံမှာ တောင့်တင်းပြီးကျောခွံမှာ လွှစောင်းသဏ္ဌာန် အကြေးကွက်များပါရှိသည်ကိုတွေ့ရတတ်သည်။ ရေလိပ်၏ ကျောခွံမှာ ပြောင်ချော၍ ပျော့ပျောင်းပြီး ရှေ့ခြေနှင့် နောက်ခြေတို့မှာ ရေယက်အပြည့် (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း ပါတတ်သည်။ သို့ဖြစ်ပါ၍ ကုန်းလိပ်ကို ကုန်းပေါ်၌သာ လွှတ်သင့်ပြီး ရေလိပ်များကိုလည်း စနစ်တကျ ထိန်းသိမ်းမွေးမြူသင့်ကြောင်းသိရသည်။

လက်ရှိ ရခိုင်ကမ်းရိုးတန်းတွင် ဥဥတတ်သည့် ပင်လယ်လိပ်ကြီးများမှာ တရားမဝင် ဖမ်းယူသူများကြောင့် တစ်စထက်တစ်စ ရှားပါးလာပြီး ကုန်းလိပ်နှင့် ရေလိပ်များမှာလည်း အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ကုန်းလိပ်သုံးမျိုးခန့် ကျက်စားလျက်ရှိသော်လည်း တောင်လိပ်တစ်မျိုးကိုသာ အများဆုံးတွေ့ရှိရပြီးမည်သည့်လိပ်မျိုးကိုမဆို သတ်ဖြတ်စားသောက်သည့် အန္တရာယ်မှ ဝိုင်းဝန်းကာကွယ်ရမည်ဖြစ်ကြောင်း သိရသည်။

# ဘဏ်နှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများတွင် လုပ်ကိုင်လိုသူများအတွက် သင်တန်းဖွင့်

ညီညီဇော်

**မန္တလေး၊ စက်တင်ဘာ - ၂၄**

မန္တလေးမြို့တွင် ပုဂ္ဂလိကဘဏ် များ၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် အာမခံကုမ္ပဏီများတွင်အလုပ်လုပ်ကိုင်လိုသူများအတွက် Diploma in Banking, Securities & Investment Management သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါသင်တန်းကို စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်ထားသော Kaplan(Singapore) နှင့် အင်္ဂလန်နိုင်ငံ Securities & Investment Institute(SII) တို့ပူးပေါင်းဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး အဆိုပါသင်တန်းကိုတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘွဲ့ရများလျှောက်ထားနိုင်ကြောင်းသိရသည်။ ဘာသာရပ် ၁၀ ခု သင်ကြားမည်ဖြစ်ပြီး Elements of Economics၊ Business Law၊ Rules & Regulations for Finical Advisor Services၊ Principles of Management၊ Introduction to Securities & Investment (International)၊ Operational Risk၊ International Certificate in Investment Management (ICertIM) စသော ဘာသာရပ်များပါဝင်သည်။ သင်တန်းကာလ ၁၀ လ ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ ဒီပလိုမာသင်တန်းတက်ရောက်လိုသူများသည် Tip Top: International Education Services Provider စီစဉ်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# မန်းကုန်စည်ဒိုင်တွင် နေ့စဉ်ပေါက်ဈေးများကို အလိုအလျောက်ဖြကြားပေးသောစက်တပ်ဆင်မည်

ညီညီဇော်

မန္တလေး၊
စက်တင်ဘာ - ၂၉

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)တွင် ပဲနှမ်းကုန်စည်နှင့် မြန်မာဈေးနှုန်း နေ့စဉ် ပေါက်ဈေးနှုန်းများကို အလိုအလျောက် ဖြေကြားမည့် APIS (Automatic Price Information System) စက်တပ်ဆင်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

EC- FAO ပရောဂျက်အထောက်အပံ့ဖြင့်တပ်ဆင်မည့်၎င်း အလိုအလျောက် ဖြေကြားစက်သည် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်ရှိကုန်စည်ဒိုင်များတွင် တပ်ဆင်မည်ဟုသိရကြောင်း မန်းကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကုန်စည်ဒိုင်ကြီးများတွင်၎င်း EC- FAO ပရောဂျက်အထောက်အပံ့ဖြင့် မြန်မာဈေးနှုန်း အလိုအလျောက်ဖြေကြားစက်တပ်ဆင်ရန်အတွက် မကွေးမြို့တွင်ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲမှ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပြီး နောက်ထပ်လည်း ကုန်စည်ဒိုင်ခြောက်ခုအတွက် မုံရွာ၊ ဟသ်ာတ၊ မကွေး၊ ပခုက္ကူ၊ လားရှိုး၊ တောင်ကြီးတို့ကဲ့သို့ ဈေးကွက်ရှိပြီး ကုန်စည်ဒိုင်လုပ်ငန်းများစနစ်တကျဆောင်ရွက်နိုင်မည့်မြို့များ၌ ရွေးချယ်တပ်ဆင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မုံရွာ-မနလေးခရီးသည်တင်ယာဉ်များ အပြိုင်အဆိုင်မောင်းနှင်ရာမှ မကြာခဏယာဉ်တိုက်မှုကြုံ

ရန်နိုင်ကျော်

မုံရွာ၊ စက်တင်ဘာ- ၃၀

မုံရွာ-မန္တလေးအဝေးပြေးလမ်းမကြီးအား B.O.T စနစ်ဖြင့်ပုဂ္ဂလိကလုပ်ငန်းရှင်များလွှဲပြောင်း လုပ်ကိုင်ခွင့်ပြုခဲ့သည့်နောက်ပိုင်းအဝေးပြေးလမ်းမကြီးအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ခဲ့သဖြင့်ခရီးသည်တင်ယာဉ်များအပြိုင်အဆိုင်မောင်းနှင်ခဲ့ရာမှ ယာဉ်တိုက်မှုများ မကြာခဏကြုံတွေ့ခဲ့ရကြောင်း စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်း ခင်မွန်ကျေးရွာအနီးယာဉ်တိုက်မှုတွင်ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများ၏ ပြောပြချက်အရ သိရှိရသည်။

"မုံရွာ-မန္တလေးကားလမ်းက ကုမ္ပဏီတွေလုပ်ကိုင်ခွင့်ပေးတော့ အရင်တုန်းကလမ်းလိုချိုင့်တွေကျင်းတွေမရှိတော့ဘဲ လမ်းတော်တော်ကောင်းပါတယ်။ လမ်းကလည်းကောင်း၊ကားကလည်းအဆင့်မြင့်ကားတွေပြောင်းတော့လမ်းကောင်းကောင်း ကားကောင်းကောင်းအပြိုင်အဆိုင်မောင်းတော့ ယာဉ်တွေ တိုက်ပြီပေါ့။ မုံရွာ-မန္တလေးခရီးသည်တင်ယာဉ်လိုင်းမှာမဟာနွယ်နဲ့အောင်ကမ္ဘာကားအသင်းနှစ်သင်းကတစ်ချိန်တည်းတစ်ပြိုင်တည်းအပြိုင်အဆိုင်မောင်းတော့ ယာဉ်တိုက်မှုမှာ နှစ်သင်းစလုံးမကြာခဏဖြစ်နေတယ်။စက်တင်ဘာ ၂၇ ရက်က မုံရွာကနေမန္တလေးထွက်တဲ့နံနက် ၅ နာရီအောင်ကမ္ဘာကားက ချောင်းဦးမြို့နယ်ခင်မွန်ကျေးရွာအနီးမှာကုန်တင်ကားနဲ့မျက်နှာချင်းဆိုင်တိုက်လို့ ကားစပယ်ယာပွဲချင်းပြီးသေသွားပြီးခရီးသည်တွေလည်း ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့တယ်" ဟု အဆိုပါယာဉ်တိုက်မှုကို မျက်မြင်ကြုံတွေ့ခဲ့ရသောခရီးသည်တစ်ဦးကပြောသည်။




မုံရွာ-မန္တလေးအဝေးပြေးလမ်းမကြီးကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှတာဝန်ယူတည်ဆောက်ခဲ့ပြီး အဝေးပြေးလမ်းအဖြစ်တိုးတက်ခဲ့သည့်နောက်ပိုင်း ခရီးသည်တင်ယာဉ်များ၊ကုန်တင်ယာဉ်များ အပြိုင်အဆိုင်မောင်းနှင်မှုများကြောင့် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ယခုနှစ်စက်တင်ဘာလ ၂၈ ရက် ည ၁၂ နာရီ အချိန်ခန့်က ချောင်းဦးမြို့နယ်၊ ရေးပိုးစားကန်အနီးတွင် ကုန်တင်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ဆိုင်ကယ်စီးသူများနေရာတွင်ပင်ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရှိရသည်။

မုံရွာ-မန္တလေး အဝေးပြေးကားလမ်းမကြီးပေါ်တွင်မြောက်မှတောင်သို့အရှိန်ပြင်းစွာမောင်းနှင်လာသော မဟာနွယ်အဆင့်မြင့် ခရီးသည်တင်ယာဉ်နှင့် Kenbo-125 ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲယာဉ်တိုက်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး(၁၀)ဦးဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါဖြစ်ရပ်မှာ ဩဂုတ် ၁၈ ရက် နံနက်(၉နာရီ ၁၅မိနစ်)အချိန် မုံရွာမြို့ ကုန်တင်ယာဉ်ရပ်နား စခန်းရှေ့တွင် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဝန်ထမ်းအလိုရှိသည်
Marketing Manager - ကျား/မ (2 post)
Marketing - ကျား/မ (3 post)
Account - မ (3 post)
Electronic Engineer - ကျား (3 post)
Driver - ကျား (3 post)
Office Staff - ကျား/မ (3 post)
SANN THIT TUN TRADING Co.,LTD.



# သီတင်းကျွတ် အထူးဈေးရောင်းပွဲတော်နှင့် စာအုပ်အရောင်းပွဲတော်များ ကျင်းပမည်

ညီညီဇော်

မန္တလေး၊ စက်တင်ဘာ - ၃၀

မန္တလေးမြို့တွင် သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်နှင့် စာအုပ်အရောင်းပွဲတော်များကျင်းပမည်ဟု သတင်းရရှိသည်။

သီတင်းကျွတ် အကြိုစာအုပ်အရောင်းပွဲတော်ကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ မန္တလေးမြို့ ၃၅လမ်း၊ ၇၂လမ်းနှင့် ၇၃ လမ်းကြားရှိရာပြည့်မန္တလေး စာအုပ်အရောင်းဆိုင်အမှတ်(၁)နှင့် ၃၄ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ ဆိုင်အမှတ် (၂)တို့တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါစာအုပ်အရောင်းပွဲတော်တွင် စာအုပ်များကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိလျှော့ဈေးဖြင့် ရောင်းချပေးမည်ဟု ရာပြည့်မန္တလေးစာအုပ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရတနာပုံဈေးတွင် လည်း သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဝတ်အထည်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ အလှကုန်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ အိမ်ဆောက်ပစ္စည်းများ၊ စာအုပ်ဆိုင်များ၊ စက်မှုဇုန်များမှ ထုတ်ကုန်များ၊ သင်တန်းကျောင်း များ၊ စိုက်ပျိုးရေး မွေးမြူရေးသုံးပစ္စည်းများ၊ စားသောက်ဆိုင်များ၊ စာရေးကိရိယာများနှင့် အခြားအထွေထွေ လူသုံးကုန်ပစ္စည်းများ ပါဝင်ပြသရောင်းချကြမည်ဟု သတင်းရရှိသည်။

# စာ(၁၅) ကုန်တန်ချိန်သတ်မှတ်ချက်ပြန်စထော်လာဂျီများ ဝင်ငွေတိုး မှ

ပစ္စည်းပြောင်းတင်ရသည့်အတွက် အချိန်ကုန်၊ ငွေကုန် လူပန်းဖြစ်ရကြောင်း ၎င်းကပြောသည်။

၁၆မိုင်ထုံးဘိုအေးရှားဝေါလ်တိုးဂိတ်ထော်လာဂျီပိုင်ရှင်တစ်ဦးကလည်း အဆိုပါသတ်မှတ်ချက်ကြောင့် အုန်းချော-ထုံးဘိုရှိဒေသခံထော်လာဂျီနှင့်အလုပ်သမားများ ဝင်ငွေတိုးလာသည်ဟုဆိုသည်။ ၁၂ ဘီးကုန်တင်ကားကြီးတစ်စီးတွင် ဓာတ်မြေဩဇာအိတ်ပေါင်း ၇၀၀ခန့်တင်ဆောင်ပြီးသတ်မှတ်တန်ချိန်ထက်အိတ်၃၀၀ပိုကြောင်း ၎င်းအိတ် ၃၀၀ကို မိမိတို့က အလုပ်သမား အပါအဝင် ဓာတ်မြေဩဇာတစ်အိတ်ကုန်တင်ချခ ၁၅၀ ကျပ်ယူကြောင်း ၎င်းက ပြောကြားသည်။

မန္တလေးမြို့ ၃၁ လမ်း၊ ၈၅× ၈၆ ကြား ဓာတ်မြေဩဇာ ဈေးကွက်မှ ဓာတ်မြေဩဇာ ဖြန့်ချိရောင်းချသူတစ်ဦးက "တန်ပိုပြဿနာကြောင့် တောင်သူလယ်သမားတွေမှာဓာတ်မြေဩဇာတစ်အိတ် အနည်းဆုံးကျပ် ၃,၀၀၀ မှ အများဆုံး ၅,၀၀၀ ကျပ်အထိဈေးတက်သွားတယ်။ တန်ပို ပြဿနာကြောင့် အရင် ၃၀,၀၀၀ ကျပ် တန်တစ်အိတ်က ၃၅,၀၀၀ ကျပ်၊ အရင် ၃၅,၀၀၀ တန်တစ်အိတ်က အခု ၄၀,၀၀၀ ကျပ်ထိဈေးတက်သွားတယ်"ဟုပြောကြားသည်။

ရွှေဘို၊ ဝက်လက်၊ ဒီပဲယင်း၊ မတ္တရာ၊ ကျောက်ဆည်၊ စဥ့်ကိုင်၊ ပုသိမ်ကြီးမြို့နယ်များမှ တောင်သူလယ်သမားများအနေဖြင့်စပါးစိုက်ခင်းများအတွက် ဓာတ်မြေဩဇာလိုအပ်ချိန်ဖြစ်၍ မန္တလေး-မူဆယ်လိုင်းတွင် ကုန်တင်ကားကြီးများ၏ ၈၀ ရာခိုင်နှုန်းမှာဓာတ်မြေဩဇာများကိုသာ အများဆုံးသယ်ယူကြကြောင်း သိရသည်။

ဝန်ထမ်းအလိုရှိသည်

7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011



# ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ယာယီဖွဲ့စည်း

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကို စက်တင်ဘာ၁၈ရက်က ယာယီဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

ထိုအသင်းကိုသက်ဆိုင်ရာက ခွင့်ပြုပါက ပြည်ပအလုပ်အကိုင်အေဂျင်စီအားလုံးကို ဖိတ်ခေါ်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုလည်း အများ၏ဆန္ဒဖြင့် ပြန်လည်ရွေးချယ်ရန်အစီအစဉ်ရှိကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးကပြောသည်။

ယာယီဖွဲ့စည်းထားသော အဆိုပါအသင်းနာယကများ၏ဩဝါဒခံယူပွဲအား စက်တင်ဘာ ၂၇ ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။ အဆိုပါပွဲ သို့ ဖိတ်ကြားထားသူများအပါအဝင်လူ၃၀ ခန့်တက်ရောက်ခဲ့သည်။

ယာယီဖွဲ့စည်းထားသောအသင်း၏ နာယကအဖွဲ့ဝင်များအဖြစ်ဦးစိန်ဖေ(Arbourfield ကုမ္ပဏီလီမိတက်)၊ ဦးစိုးမြင့်အောင် (ရွှေပြည်ငြိမ်း ကုမ္ပဏီ) နှင့် ဦးဝင်းထွန်း(Myanmar worker ကုမ္ပဏီ) တို့အား ရွေးချယ်ထားကြောင်း



*အရှေ့အလယ်ပိုင်းမှ ချမ်းသာကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်သော ယူအေအီးတွင်လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေသော ပြည်ပအလုပ်သမားများကိုတွေ့ရစဉ်။ ယူအေအီးနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများတွင် မြန်မာအလုပ်သမားများလည်း သွားရောက်လုပ်ကိုင်လျက်ရှိသည်*

ဖွဲ့စည်းပုံ စည်းမျဉ်းမူကြမ်းတွင် ဖော်ပြထားသည်။

ထို့အပြင် အဆိုပါမူကြမ်း၌ ပင် အသင်းဥက္ကဋ္ဌ ဦးတင်မောင်မြင့်(ရွှေအင်အား)၊ ဒုဥက္ကဋ္ဌ ဦးမင်းလှိုင်(ထက်ဦး)၊ အတွင်းရေးမှူး ဦးတင်မြင့်(ပန်ဒါပါဝါ)၊ တွဲဖက်အတွင်းရေးမှူး ဦးနိုင်ဦးတို့ အပါအဝင် အဖွဲ့ဝင် ၁၅ဦးပါဝင်သည်။

ထိုတွေ့ဆုံပွဲပြီးနောက်ပိုင်း လိုင်စင်ရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူများအား အဆိုပါအသင်းတွင် ပါဝင်သူများက အသင်းဝင်ရောက်ရန် လိုက်လံစည်းရုံးနေကြောင်း သိရသည်။

"အသင်းကိုမူအရထောက်ခံတယ်။ အခင်းအကျင်းကိုတော့ ကြည့်ရမယ်။ အများဆန္ဒနဲ့ ရွေးချယ်တင်မြှောက်မယ်ဆိုရင်တော့ ကောင်းမယ်"ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၁ ခုနှစ်အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလိုင်စင် ၁၀၀ကျော်ထုတ်ပေးထားကြောင်းသတင်းရရှိသည်။

## ဖိလစ်ပိုင်သည် အာရှတွင် အမျိုးသမီးများ အတွက် အကောင်းဆုံးနေရာ ဖြစ်လာ

**မနီလာ၊ စက်တင်ဘာ - ၂၆**

အမေရိကန်မှ နိုင်ငံတကာမဂ္ဂဇင်းနယူးစ်ဝိခ်၏ သတ်မှတ်ချက်အရ ဖိလစ်ပိုင်နိုင်ငံသည်အာရှတိုက်တွင် အမျိုးသမီးများ နေထိုင်ရန် အကောင်းဆုံးနိုင်ငံဖြစ်ကြောင်း သိရှိရသည်။

နယူးစ်ဝိခ်မဂ္ဂဇင်း၏ "အမျိုးသမီးများအတွက် အကောင်းဆုံးနှင့် အဆိုးဆုံးနေရာများစာရင်း"တွင် ဖိလစ်ပိုင်မှာအဆင့်၁၇ရခဲ့ပြီး စာရင်းတွင်နိုင်ငံပေါင်း၁၆၅နိုင်ငံပါဝင်ခဲ့သည်။ စာရင်းတွင်အမျိုးသမီးများ၏ ဘဝနေထိုင်မှုကို အဓိကသက်ရောက်မှုရှိသည့် နယ်ပယ်ငါးခုဖြစ်သော ဥပဒေလက်အောက်၌ အမျိုးသမီးများအား ဆက်ဆံမှု၊ အမျိုးသမီးများ၏နိုင်ငံရေးဩဇာ၊ အလုပ်ခွင်များတွင် ပါဝင်မှု၊ ပညာသင်ကြားနိုင်ခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှုခံယူရရှိမှုတို့ဖြင့် တိုင်းတာအဆင့်သတ်မှတ်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် စာရင်းတွင် ပျမ်းမျှရမှတ် ၁၀၀ ၌ ၈၆ ဒသမ ၃ မှတ်ရကာ ထိပ်တန်းနိုင်ငံ ၂၀ စာရင်းတွင် ပါဝင်သည့်တစ်ခုတည်းသောအာရှနိုင်ငံဖြစ်လာသည်။

တရုတ်နိုင်ငံမှာ စာရင်းတွင် အဆင့် ၂၃ ရခဲ့ပြီး အာရှ၌ ဒုတိယ၊ မွန်ဂိုလီးယားမှာ အဆင့် ၃၂ ဖြင့် အာရှ၌တတိယနေရာရခဲ့သည်။ စာရင်းအရကမ္ဘာပေါ်တွင် အမျိုးသမီးများအတွက်အဆိုးဝါးဆုံးနေရာမှာဗဟိုအာဖရိကမှ ချတ်ဒ်နိုင်ငံဖြစ်ပြီး ယင်းနောက်တွင် အာဖဂန်နစ္စတန်၊ ယီမင်၊ ကွန်ဂို၊ မာလီ၊ ဆော်လမွန်ကျွန်းစုများ၊ နိုင်ဂျာ၊ ပါကစ္စတန်၊ အီသီယိုပီးယား၊ ဆူဒန်နှင့် ဂီနီယာနိုင်ငံတို့က အစဉ်လိုက် ရပ်တည်ခဲ့သည်။

—Ref: Phillipines Daily Inquirer

## Free Classified | ဝန်ထမ်းအလိုရှိသည် | အခမဲ့ကြော်ငြာကဏ္ဍ

Choice Service Co.,Ltd, အတွက် Marketing - F-5 Posts အမှတ်-၁၀၃၃၊ ကျောက်တော်ကြီးဘုရားမှတ်တိုင်နှင့် ၁၀ မိုင်ကုန်းကြားပြည်လမ်းမ၊ အင်းစိန်မြို့နယ်။
**ဖုန်း-၆၄၆၆၃၀၊ ၆၄၆၆၃၃**
**လိုင်းခွဲ(၂၀၅/ ၂၀၄)**

---

Today Advertising Ltd. အတွက် Marketing Manager -ကျား/မ(၂)ဦး၊ ဘီ-၁၁၊ အဏ္ဏဝါလမ်းသွယ်-၂၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။
**ဖုန်း-၂၀၂၈၄၂၊ ၂၀၂၇၇၅**

---

Deluxe Formula Industrial Co.,Ltd, ဂိုဒေါင်မှူး-ကျား/မ(၂)ဦး၊ စာရင်းကိုင် -မ(၅)ဦး၊ Sale & Markting မန်နေဂျာ- ကျား (၃)ဦး၊ Sale& Marketing Leader -ကျား/မ(၅)ဦး၊ Sale & Marketing - ကျား/မ(၁၀)ဦး၊
**ဖုန်း-၆၈၅၅၂၆၊ ၆၈၅၉၈၈**

---

Structural Design Engineer -(2) ဦး၊ Architect -(1) ဦး၊ Draft Person -(2)ဦး၊ Thiha Yarzar Construction & Engineering Co., Ltd,
**ဖုန်း-၀၉ -၇၃၁၆၅၃၀၄၊**
**၀၉ ၂၀၃၉၀၃၂**

---

Freight Forwarding Company အတွက် Markting Manager ကျား/မ-(၂)ဦး၊ Operation Manager -ကျား/မ(၂)ဦး၊ Markting Executive -ကျား/မ-(၄)ဦး၊ **ဖုန်း-၀၁ ၂၀၁၀၃၅**

---

ရွှေဆိုင်အရောင်းဝန်ထမ်း-ကျား/မ-(၇)ဦး၊ အမှတ်-၅၀၅၊ မဟာဗန္ဓုလလမ်း၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။
**ဖုန်း-၀၁ ၃၈၂၀၄၇၊၀၉၅၁၃၁၉၇၂**

---

မြိုင်မဟာအိမ်ခြံမြေအကျိုးဆောင် -အိမ်ခြံမြေကျွမ်းကျင်ဝန်ထမ်း-ကျား(၄)ဦး၊ မ-(၄)ဦး၊ Marketing -ကျား(၄)ဦး၊ မ(၄)ဦး၊
**ဖုန်း-၀၉-၇၃၁၄၇၉၀၄၊**
**၀၉-၇၃၀၈၈၉၇၂**

---

ကျောက်မြောင်းတွင် တာဝန်ထမ်းဆောင်ရန် အထက်တန်းအနိမ့်ဆုံး၊ အသက် (၃၅)နှစ်အောက်။
**ဖုန်း-၀၉၇၃ ၀၄၉ ၅၄၃**

---

အရောင်းဝန်ထမ်း-မ(၂)ဦး၊ အထွေထွေလုပ်သား -ကျား/မ(၃)ဦး၊ ယာဉ်မောင်း-ကျား(၁)ဦး၊ အမှတ်၆၃၊ မြေညီ၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်။

---

Bar Maid- မ(၂)ဦး၊ Waiter-ကျား(၅)ဦး၊ Zawgyi House Cafe, အမှတ်-၃၇၂၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။
**ဖုန်း-၃၈၀၃၉၈၊ ၂၅၆၃၅၅**
**လိုင်းခွဲ(၃၀၂၇)**

---

City Mart Holding Co.,Ltd, အရောင်းဝန်ထမ်း-ကျား-မ(၃၀)ဦး၊ ငွေကိုင်-မ(၃၀)ဦး၊ အမှတ်-၁-၁၁၊ ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

---

တက္ကသိုလ်ဟန်မင်းဦးဓာတ်ပုံဗီဒီယိုရိုက်ကူးတည်းဖြတ်ရေးလုပ်ငန်း၊ Photoshop ကျွမ်းကျင်-မ(၅)ဦး၊ ပညာသင်ဝန်ထမ်း-မ-(၅)ဦး၊ ရုံးဝန်ထမ်း-မ(၅)ဦး၊ အမှတ်-၂၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ **ဖုန်း- ၂၂၇၁၉၉**

---

စက်ချုပ်၊ စီးကွန့်ကျွမ်းကျင်ဝန်ထမ်း၊ နှင်းဝေဝေ Fashion Shop
**ဖုန်း-၀၉ ၅၀ ၆၀ ၄၉၇**

---

ကြွေပြားအရောင်းစာရေး-မ(၂)ဦး၊ နေပြည်တော်တွင် နေရမည်။ ဖုန်း-၀၉၅၁၅၇၁၇၂၊ စရိတ်ငြိမ်း။

---

Min Thurein Publishing Services, ကွန်ပျူတာ စာစီစာရိုက်-မ(၂)ဦး၊
**ဖုန်း-၀၉ ၅၁ ၄၈၅၂၄**

---

Micro Peacock Co.,Ltd, Assistant Admin Manager-ကျား/မ(၁)ဦး၊ Assistant Markting Manager -ကျား/မ(၁)ဦး၊ Assistant Technical Manager -ကျား/မ(၁)ဦး၊ အမှတ်-၈၀၇၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။

---

Japanese Language Instructor -(1)Post , Better Life ACTY Co.,Ltd, Room-507, 5th Floor, La Pyayt Wun Plaza, Dagon Tsp, **Ph: 382529**

---

Rising White Tiger Co.,Ltd, Office Staff -ကျား/မ(၂)ဦး၊ Accountant-ကျား/မ(၁)ဦး၊ Sales & Marketing -ကျား/မ(၂) ဦး၊ Driver -ကျား(၁)ဦး၊ risingwhitetiger.mm@gmail.com

---

အိမ်အကူအမျိုးသမီးအလိုရှိသည်။ အမှတ်-၁၇၉-မြေညီ၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်။

---

စိုးစံ(လင်း)အိမ်ခြံမြေကုမ္ပဏီလီမိတက်မှ အိမ်ခြံမြေကျွမ်းကျင်-ကျား/မ (၅)ဦး၊ Marketing -ကျား/မ(၁၀)ဦး၊
**ဖုန်း-၅၁၀၆၀၀၊ ၅၁၀ ၉၅၀**

---

LAVENDER BLOSSOM CO.,LTD, ကျား/မ(၁)ဦး၊
ဖုန်း-၀၉ ၈၆ ၀၁ ၆၀၃၊
၀၁၀ ၃၀၀ ၁၅၀၄

---

United Mobile (Dr.G) Phone & Accessories Sales & Service (Mandalay Branch) အတွက် Asst; Manager(Admin) (၁)ဦး၊ IT Hardware , Software (၂)ဦး၊ ဆိုင်/နယ်လှည့်အရောင်း-(၈)ဦး၊ Supervisor(Sale & Marketing (၂)ဦး၊ Store (၂)ဦး၊
**ဖုန်း-၀၂၇၄၁၇၇၊၀၉-၄၉၃၂၂၄၃၉**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း အသိအမှတ်ပြု
3D
E-Lan Co.,Ltd.
(WHO - World Health Organization)
(MDA - Myanmar Dentists Association)
3D သုံးရင် သွားကျန်းမာတယ်
သန့်ရှင်းနိုင်မှာ သွားကျန်းမာ
နေ့စဉ် 3D ပါ




အမေချစ်တဲ့ အီလန်နဲ့ ဝါကျွတ်ဂါရဝပြုပါတယ်
E-LAN
ဆပ်ပြာမှုန့်

# Education

7DAY NEWS JOURNAL

Vol.10, No.29 • OCTOBER 6, 2011

## ဘကကျောင်းများ ထောက်ပံ့ရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် မလိုဟု ပညာရေးဝန်ကြီးပြောဆို

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၇**

ငွေကြေးချို့တဲ့သည့် မိသားစုမှ ကလေးငယ်များနှင့်မိဘမဲ့ကလေးငယ်များ တက်ရောက်ပညာသင်ယူနေကြသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (ဘကကျောင်း)များကို ထောက်ပံ့ပေးခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ထုတ်ပြန်ပြဋ္ဌာန်းရန် မလိုအပ်ကြောင်း ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောကြားသည်။



ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ထောက်ပံ့ခြင်းဆိုင်ရာဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါက်တာမြတ်ဉာဏစိုး၏ မေးခွန်းအား ပညာရေးဝန်ကြီးက အမျိုးသားလွှတ်တော်တွင် ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

လွှတ်တော်တွင် ယင်းအဆိုတင်သွင်းမှုနှင့်ပတ်သက်၍ “တင်တဲ့သူကို တော်တော်ကျေးဇူးတင်ပို့ကောင်းတယ်။ ဒါပေမဲ့ ပြန်ဖြေရှင်းသွားတာက တော်တော်စိတ်မကောင်းဖြစ်ဖို့ ကောင်းတယ်။ ဒီနှစ်ကစပြီး မူလတန်းအဆင့်ကလေးတွေအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေ အခမဲ့ရတယ်။ ကျန်တဲ့ကလေးတွေအတွက်ကတော့ အစိုးရဈေးနဲ့ ဝယ်လို့ရတယ်။ ထောက်ပံ့မှုပေးမယ်ဆိုရင်တော့ ကျန်တဲ့သင်ထောက်ကူပစ္စည်းတွေ၊ ဗလာစာအုပ်တွေကူညီမယ်ဆိုရင်တော့ ကောင်းတာပေါ့။ အဲဒါတွေက အခုပံ့ပိုးမှုမရသလောက်ပါပဲ”ဟု ကျောင်းသားဦးရေ ၂,၀၀၀ နီးပါးအား အလယ်တန်းအဆင့်ထိ ပညာသင်ကြားပေးလျက်ရှိသော ရွှေပြည်သာမြို့နယ်ရှိ တေဇရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

လက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ကျောင်းရပ်တည်လည်ပတ်နိုင်ရေးအတွက် ဆရာလစာ၊ ကျောင်းအထွေထွေ အသုံးစရိတ်၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာ၊ ကလေးများ၏ နေထိုင်စားသောက်စရိတ်များအတွက် စေတနာရှင်အလှူရှင်များအား အဓိက အားထားနေရကြောင်း သိရသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အခြေခံပညာအဆင့်အလိုက် ကျောင်းသင်ဘာသာရပ်များ သင်ကြားပေးနေသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၄၃၁ ကျောင်းကို မြို့နယ် ၂၅၂ မြို့နယ်တွင် ဖွင့်လှစ်ထားပြီး နှစ်စဉ်ကျောင်းသား၊ ကျောင်းသူ နှစ်သိန်းတစ်သောင်းငါးထောင်ကျော် တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

ပညာရေးသတင်းတိုများ

## “ဆရာဟူသည်မှာ”ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်

**ရန်ကုန်၊ စက်တင်ဘာ - ၃၀**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အနေဖြင့် ‘ဆရာဟူသည်မှာ’ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအား အောက်တိုဘာလ ၅ရက်တွင် ဗြိတိသျှကောင်စီ(မြန်မာ)၌ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အောက်တိုဘာ ၅ ရက် ညနေ ၅နာရီမှ စတင်၍ ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် ဒေါက်တာခိုင်ဖြူထွဋ်က ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်လိုသူများသည် ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီတွင် ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

## မိုဘိုင်းဖုန်းအပလီကေးရှင်းနည်းပညာဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ - ၃၀**

မိုဘိုင်းဖုန်း အပလီကေးရှင်းနည်းပညာဆိုင်ရာဟောပြောပွဲကို အောက်တိုဘာလ ၈ရက် နံနက် ၉နာရီခွဲမှ ၁၁နာရီခွဲထိ ပြည်လမ်း၊ မဟာမြိုင်မှတ်တိုင်အနီးရှိ Gusto ကွန်ပျူတာသင်တန်းကျောင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ဟောပြောပွဲတွင် အဆိုပါသင်တန်းကျောင်းအုပ် ဦးဝင်းထိန်ဝင်းက ပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

## စာရေးဆရာ ကျော်ဝင်း၏ ဟောပြောပွဲ

**ရန်ကုန်၊ စက်တင်ဘာ - ၃၀**

စာရေးဆရာ ကျော်ဝင်းက ‘Change (Democratization)’ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို အောက်တိုဘာလ ၉ ရက်၊ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း PS စီးပွားရေးသင်တန်းကျောင်းမှသိရသည်။

# ပုဂ္ဂလိကကျောင်းများ ဖွင့်ရန်ပြင်ဆင်ကြပြီ

**နေလင်းထွန်း**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ရေး လေ့ကျင့်သင်ကြားပေးလျက်ရှိသော ဘာသာရပ်သင် ကိုယ်ပိုင်ကျောင်းများနှင့် ဘော်ဒါဆောင်ကျောင်းများအတွက်ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေမူကြမ်းအား ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ လွန်ခဲ့သော ၂နှစ်ကသတင်းကြီးခဲ့သည့် ပုဂ္ဂလိကကျောင်းအမည်ခံ ဘော်ဒါကျောင်းများအတွက် တရားဝင်ဖွင့်လှစ်ခွင့်ရရှိစေမည့်ဥပဒေတစ်ရပ်စတင်အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သည်။

သက်တမ်းရင့်ဘော်ဒါကျောင်းအချို့အား ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခွင့်ပြုသည်ဆိုသောသတင်းထွက်ပေါ်ခဲ့ချိန်က ပုဂ္ဂလိကကျောင်းအမည်ဖြင့်ကြော်ငြာများ ထင်ထင်ရှားရှားဖော်ပြခြင်း၊ ကျောင်းအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ သို့သော် အဆိုပါကျောင်းဖွင့်ချိန်ရောက်ရှိသည့်တိုင် ဘော်ဒါကျောင်းများအား ပုဂ္ဂလိကကျောင်းများအနေဖြင့် တရားဝင်သတ်မှတ်နိုင်ခြင်း မရှိခဲ့သလို ပုဂ္ဂလိကကျောင်းအမည်အသုံးပြုနေခြင်းကိုလည်း တားမြစ်ပိတ်ပင်ခဲ့သည်။ ယင်းကဲ့သို့ ပုဂ္ဂလိကကျောင်းဖွင့်ခွင့်ရပြီဟု ကြေညာခဲ့ကာမှ ဖွင့်ခွင့်မရသောအချိန်တွင် ကျောင်းသားမိဘအချို့က မိမိတို့သားသမီးများအား ကျောင်းမှ ပြန်လည်နုတ်ထွက်ခဲ့ခြင်းများဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ဘော်ဒါကျောင်းတည်ထောင်သူအချို့နှင့် ကျောင်းသားမိဘများကြား ငွေပြန်မအမ်းသည့်အတွက်ပြဿနာအချို့လည်း ဖြစ်ပွားခဲ့သည်။





**ရန်ကုန်မြို့ရှိ ပုဂ္ဂလိကကျောင်းစာရင်းဝင် ကျောင်းနှစ်ကျောင်း**

သို့သော်ရန်ကုန်၊မန္တလေးနှင့်ပြင်ဦးလွင်မြို့တို့ရှိပုဂ္ဂလိကကျောင်းစာရင်းဝင် ဘော်ဒါကျောင်းများရှိ ကျောင်းသားများအား အချိန်ပြည့်စာသင်ကြားခြင်းနှင့် ပဉ္စမတန်းမှ နဝမတန်းထိ အတန်းတင်စာမေးပွဲစစ်ဆေးခြင်းတို့အတွက် နားလည်မှုဖြင့် ခွင့်ပြုပေးခဲ့သည်။

“စာရွက်စာတမ်းအထောက်အထားတော့မရှိဘူး။ ဒီလိုပဲ နားလည်မှုနဲ့ လုပ်ခွင့်ပေးထားတာပါ။ အစိုးရကျောင်းတစ်ခုမှာ စာရင်းသွင်းထားပြီး ကျောင်းသွားတက်စရာမလိုတော့ဘူး။ ငါးတန်းကနေကိုးတန်းထိကို ကိုယ်တိုင်စာမေးပွဲစစ်ဆေး အတန်းတင်ခွင့်လည်းရတယ်”ဟုပုဂ္ဂလိကကျောင်းစာရင်းဝင်ထားသည့်ဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးကပြောသည်။ ပညာရေးလုပ်ငန်းလုပ်ကိုင်သူအချို့ထံသို့ အဆိုပါ ဥပဒေမူကြမ်းရောက်ရှိနေပြီဖြစ်သည်။

ယခုပြဋ္ဌာန်းလိုက်သည့်ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းတွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ လုပ်ငန်းတာဝန်များ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း၊ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်ထုတ်ပေးခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း၊ တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့် အထွေထွေဟူ၍အခန်းခုနစ်ခန်း ပါဝင်သည်။

ကိုယ်ပိုင်ကျောင်းဆိုသည်မှာ ပညာရေးအရည်အသွေးမြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ်များအတွက် သင်ခန်းစာများထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာကျောင်းကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မှတ်ပုံတင်ဥပဒေကြမ်း၌ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ရာတွင် ပြည်ပနိုင်ငံအကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သော ကျောင်းမဖြစ်စေရ၊ နိုင်ငံခြားအဖွဲ့အစည်းမှ ဦးစီးတည်ထောင်ဖွင့်လှစ်သော(သို့မဟုတ်) ထိုအဖွဲ့အစည်း၏အကူအညီဖြင့်တည်ထောင်ဖွင့်လှစ်သော ကျောင်းမဖြစ်စေရ၊ သာသနာပြုကျောင်းမဖြစ်စေရ၊ ကိုယ်ပိုင်ကျောင်းနှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်းမပြုရဟူ၍ဖော်ပြပါရှိသည်။

လက်ရှိအခြေအနေနှင့် ပတ်သက်၍ မန္တလေးမြို့တွင် ကျောင်းသား ၃၀၀ ကျော်အား ပညာသင်ကြားနေသောပုဂ္ဂလိကကျောင်းစာရင်းဝင်ဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးက “အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေတယ်။

**စာ(၂၂)သို့**

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ တက္ကသိုလ်များ ဝင်ခွင့်ရွေးချယ်ရေးစနစ် ပြောင်းလဲရန်မရှိသေး

**ဝတ်ရည်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၄**

ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာတက္ကသိုလ်များတွင် ကျောင်းသားများရွေးချယ်ရာ၌ လက်ရှိအသုံးပြုနေသည့် ဝင်ခွင့်ရွေးချယ်ရေးစနစ်ကိုသာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမျိုးသားလွှတ်တော်တွင်ပြန်လည်ဖြေကြားခဲ့သည်။

ဉာဏ်ရည်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများအား အထူးအခွင့်အရေးတစ်ရပ်အဖြစ် ကျောင်းသားခွဲတမ်းစနစ်ဖြင့် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ တက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ခွင့်ပြုသည့်စနစ်သစ်တစ်ခုဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇာယာဒ်ရော်မံ(ခ)ဦးဒွေးဝင်းက မေးမြန်းခဲ့ခြင်းဖြစ်သည်။

၁၉၉၄ ခုနှစ်မှစတင်၍ အဆိုပါတက္ကသိုလ်များတွင် ထိုကဲ့သို့ ဒေသ၏ လူဦးရေအလိုက် အချိုးချခွဲဝေမှုကို အခြေခံသော ဝင်ခွင့်ရွေးချယ်ရေးစနစ်သစ်အား အသုံးပြုခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် ဇူလိုင်လမှစတင်၍ လက်ရှိလူမှုရေး၊ စီးပွားရေးအခြေအနေအရ ကျင့်သုံးရန် မသင့်လျော်တော့သဖြင့် ထိုခွဲတမ်းချစနစ်အား ရပ်နားထား၍ ယခုအသုံးပြုနေသည့် ဝင်ခွင့်ရွေးချယ်ရေးစနစ်ကိုသာ အသုံးပြုနေခြင်းဖြစ်ကြောင်း ဒေါက်တာဖေသက်ခင်၏ ဖြေကြားမှုကို စက်တင်ဘာ ၂၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။



ယခုအချိန်တွင် ဆေးပညာဆိုင်ရာ ဘာသာရပ်များသည် အခြေခံပညာအထက်တန်းစာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီး အမှတ်ရရှိမှုအများဆုံးဖြစ်သည့် ကျောင်းသားကျောင်းသူများသာ တက်ရောက်နိုင်သည့် ဘာသာရပ်ဖြစ်ပြီး ခွဲတမ်းဖြင့်ပြုလုပ်ပါက ကျန်းမာရေး စောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းပေါ်တွင် ရောင်ပြန်ဟပ်နိုင်ကြောင်း ဝန်ကြီးက အမျိုးသားလွှတ်တော်တွင်ဖြေကြားခဲ့သည်။

သို့သော်ဆေးကျောင်းပြီးသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဆေးရုံများတွင် အလုပ်နေရာမရှိသဖြင့် ဆေးကုမ္ပဏီများနှင့် အခြားနေရာများတွင် အလုပ်ဝင်နေရသူများလည်း များပြားနေကြောင်း လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဆရာဝန်ကြီးများကပြောကြားသည်။

# လုပ်ငန်းခွင်တစ်နှစ်ပါဝင်သည့်ဒီပလိုမာသင်တန်း စင်ကာပူတွင် တက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊စက်တင်ဘာ - ၃၀**

စင်ကာပူနိုင်ငံရှိ Tourism Management Institute of Singapore တွင်လုပ်ငန်းခွင်လက်တွေ့တစ်နှစ်ပါဝင်သည့် WSQ Diploma in Tourism ဘာသာရပ်အားလျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဘာသာရပ်ဖြင့် ဒီပလိုမာရရှိပြီးပါက Southern Cross University တွင် Bachelor of Business in Tourism Management ဘာသာရပ်အား ဆက်လက်တက်ရောက်နိုင်ကြောင်း သိရသည်။ ဒီပလိုမာပြီးဆုံးပြီးသူများ လုပ်ငန်းခွင်တစ်နှစ်ဝင်ရောက်လုပ်ကိုင်ပါက စင်ကာပူအမျိုးသားခရီးသွားလာရေး အေဂျင်စီလက်အောက် ရှိကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လုပ်ခလစာများ ခံစားခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီပလိုမာအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် ၁၆နှစ်ပြည့်ပြီးသူများလျှောက်ထားနိုင်ကာ ဘွဲ့တစ်ခုခုရရှိပြီးသူများဖြစ်ပါက ကျောင်းပြီးချိန်တွင် S pass လျှောက်ထားနိုင်ကြောင်း သိရသည်။

# ဘုန်းတော်ကြီးကျောင်းမှ ဆရာ၊ဆရာမများကို အင်္ဂလိပ်ဘာသာ သင်ကြားမှုနည်းစနစ်များ သင်ကြားပေး

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ- ၂၅**

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်ဘာသာစကားသင်ကြားမှုနည်းစနစ်သင်တန်းများ သင်ကြားပို့ချနေမှုကို Save the Children နှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သင်တန်းကာလ ၇ရက် ကြာမြင့်သော သင်တန်းကို လှိုင်သာယာမြို့နယ်ရှိ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ၁၀ ကျောင်းမှ ဆရာ၊ ဆရာမ ၅၀ခန့် အား အောက်တိုဘာလတွင် သင်တန်းပို့ချရန် စီစဉ်ထားကြောင်း ဗြိတိသျှကောင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"သင်တန်းအတွက် ဘီစီက သင်တန်းဆရာတွေ စေလွှတ်ပေးတယ်။ သင်ထောက်ကူပစ္စည်းတွေ ပံ့ပိုးပေးတယ်။ အစိုးရကျောင်းတွေက အကူအညီတောင်းရင်လည်း ပေးဖို့ဆန္ဒရှိပါတယ်။ နယ်က ဘုန်းတော်ကြီးသင်ကျောင်း တွေက ဘီစီကိုဆက်သွယ်ဆောင်ရွက်ရင် သင်တန်းဆရာတွေ စေလွှတ်ပေးဖို့ရှိပါတယ်" ဟုဂင်းကပြောသည်။

အင်္ဂလိပ်ဘာသာစကားသင်ကြားမှု နည်းစနစ်သင်တန်းအား ဧပြီလတွင် ရွှေပြည်သာမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာ၊ဆရာမများအတွက် သင်ကြားပို့ချခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ကလေးငယ်များအား ပညာသင်ကြားနေသော ဆရာ၊ ဆရာမများသည် တာဝန်ထမ်းဆောင်ရန်အတွက် အရည်အချင်းသတ်မှတ်ထားခြင်းမရှိဘဲ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်း တို့မှ သင်ကြားပို့ချသော ကာလတိုသင်တန်းများကို တက်ရောက်လေ့လာကြရကြောင်းသိရသည်။

စာ- ၂၁၊ ပုဂ္ဂလိကကျောင်းများ ဖွင့်ရန်ပြင်ဆင်ကြပြီ မှ

အဓိကအနေနဲ့ သတ်မှတ်ထားတဲ့ သိပ္ပံခန်းတွေ၊ ဓာတ်ခွဲခန်းတွေအတွက်ပြင်ဆင်နေတယ်။ ဥပဒေမူကြမ်းက တော်တော်မျှတပါတယ်။ ဥပဒေထွက်လာရင် လုပ်လို့ကိုင်လို့ပိုကောင်းလာမယ်လို့မျှော်လင့်ပါတယ်" ဟုဆိုသည်။

ဘာသာရပ်သင် ကိုယ်ပိုင်ကျောင်းများနှင့် ဘော်ဒါကျောင်းများသည် အစိုးရမှ တရားဝင်အသိအမှတ်မပြုသည့်တိုင် လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကစ၍ ကျောင်းသားဈေးကွက် အခိုင်အမာရရှိနေခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်ဆိုပါက ကျောင်းသားများအား အချိန်ပြည့်ပညာသင်ကြားနိုင်မည်ဖြစ်၍ ကွန်ပျူတာ၊ အင်္ဂလိပ်ဘာသာစကား၊ ဂီတ၊ အနုပညာကဲ့သို့ ထပ်ဆောင်းဘာသာရပ်များ သင်ကြားပို့ချရန်ကျောင်းတည်ထောင်ထားသူများကပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည်။

"ကိုယ်ပိုင်ကျောင်းဖွင့်ခွင့်ရရင်တော့ ကွန်ပျူတာသင်ပေးမယ်။ အင်္ဂလိပ်ဘာသာထပ်သင်ပေးမယ်။ ကိုယ်ပိုင်ကျောင်းဖြစ်လာရင် ကလေးက ကျူရှင်ယူစရာမလိုအောင်သင်ပေးဖို့အစီအစဉ်ရှိတယ်။ ရန်ကုန်က ဘော်ဒါကျောင်းတွေကို လိုက်လေ့လာပြီးပြီ။ ဒီမှာတော့ အစိုးရကျောင်းပုံစံအတိုင်း စာသင်ခန်းတွေ ယူထားတယ်။ အားကစားကွင်းရှိအောင်လည်း ပြင်ဆင်ထားပြီးသားပါ။ အားကစားကွင်းမရှိဘူးဆိုရင် ကျောင်းပိတ်ရက်မှာ ကလေးတွေက ဂိမ်းဆိုင်တို့၊ ဘီလီယက်ခုံတို့ ရောက်သွားလိမ့်မယ်။ အားနည်းချက်ကတော့ ဆရာပေါ့။ ကျွမ်းကျွမ်းကျင်ကျင်ဆရာကနယ်မှာထက်ရန်ကုန်မှာရှိတာပေါ့"ဟု ကျောင်းသား ၆၀၀ ကျော်အား လေ့ကျင့်သင်ကြားနေသောမြိတ်မြို့ရှိ ဘာသာရပ်သင် ကိုယ်ပိုင်ကျောင်းနှင့် ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ထားသူကပြောသည်။

အဆိုပါကျောင်းများသည် ဒေသအနှံ့အပြားတွင် ကွဲပြားခြားနားသောပုံစံအမျိုးမျိုးဖြင့် ဖွင့်လှစ်အောင်မြင်နေလျက်ရှိကြပြီး စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်သည် ကိုယ်ပိုင်ကျောင်းများအတွက် မြေနေရာအခက်အခဲဖြစ်ပေါ်နေသလို ကျောင်းသားကုန်ကျစရိတ်မြင့်မားသောနေရာတစ်ခုဖြစ်နေသည်။ ရန်ကုန်မြို့ရှိ ဘော်ဒါကျောင်းများသည် အထပ်မြင့်တိုက်များကို အခြေခံဖွင့်လှစ်ထားကြခြင်းဖြစ်ပြီး အားကစားကွင်းကဲ့သို့ မြေနေရာ ဖန်တီးရန် ငွေကြေးရင်းနှီးမြှုပ်နှံမှု များစွာပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။

"ရန်ကုန်ကိုတော့ မြေနေရာ ခွင့်ချက်ထားပေးမယ်လို့ မျှော်လင့်တယ်။ ဥပဒေမူကြမ်းမှာတော့ မြေနေရာသတ်မှတ်ချက်မပါသေးဘူး။ ဒီထက်ပိုပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ရှယ်ယာတွေလိုမယ်။ ကျွန်တော်ကတော့ ကိုယ့်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံနိုင်သလောက်နဲ့ တစ်နိုင်တစ်ပိုင်ပဲ လုပ်သွားမယ်။ မြေနေရာလည်း လိုက်ရှာနေပါတယ်" ဟု ပုဂ္ဂလိကကျောင်း စာရင်းဝင်ထားသည့်ဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးကဆိုသည်။

ပုဂ္ဂလိကကဏ္ဍမှတည်ထောင်ဖွင့်လှစ်ထားသောဘော်ဒါကျောင်းများသည် ကျောင်းသားများအား နေထိုင်စားသောက်ရေး၊ စာသင်ကြားရေးတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နှစ်ပညာသင်စရိတ်မှာ သက်ဆိုင်ရာဘော်ဒါကျောင်းပေါ်မူတည်၍ ကျပ်သိန်းချီပေးသွင်းကြရသည်။ ကျောင်းသားများအတွက်သင်ထောက်ကူပစ္စည်းများ၊ ထပ်ဆောင်း ဘာသာရပ်သင်ကြားမှုများ တိုးချဲ့ဝန်ဆောင်မှုပေးခြင်းနှင့်အတူ ပညာသင်စရိတ်များလည်း မြင့်တက်လာမည်ဖြစ်ကြောင်း ဘော်ဒါကျောင်းပိုင်ရှင်အချို့ကဆိုသည်။

"မနှစ်က (ကျပ်)သိန်းသုံးဆယ်၊ ဒီနှစ် သုံးဆယ့်ငါးသိန်း၊ ဝန်ဆောင်မှုတွေ တိုးမြှင့်ပေးတာနဲ့ ကျောင်းလခက နည်းနည်းစီတက်သွားဖို့ရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဘော်ဒါကျောင်းများအား ကိုယ်ပိုင်ကျောင်းအနေဖြင့်ပြောင်းလဲဖွင့်လှစ်လိုက်ပါက အစိုးရ၏ တရားဝင် အသိအမှတ်ပြုမှုရရှိလာမည်ဖြစ်ပြီး ကျောင်း၏ ပညာသင်ကြားမှု၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကျောင်းသားမိဘ၊ အုပ်ထိန်းသူများ၏ ဝေဖန်အကြံပြုချက်များ၊ တောင်းဆိုချက်များနှင့်မကျေနပ်ချက်များကို ပိုမိုရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိနေကြောင်း၊ ယခုအခြေအနေထက် ဖိအားကြီးမားနိုင်ကြောင်း ကျောင်းတည်ထောင်ထားသူများက သုံးသပ်ကြသည်။

"တစ်နှစ်ကို (ကျပ်)သိန်းအစိတ်လောက် ကုန်သွားတယ်။ အဲ့ဒါ သူသုံးဖို့၊ စွဲဖို့ ပေးတာ မပါသေးဘူး။ စည်းကမ်းပိုင်းတော့ မဆိုးပါဘူး။ ဒါပေမဲ့ကလေး အခြေအနေမကောင်းရင်ကြိုပြောသင့်တယ်။ တခြားကျောင်းတစ်ခုကတော့ ကလေးအခြေအနေမကောင်းရင် အောင်ချက်ထိခိုက်မှာစိုးလို့ စာမေးပွဲဝင်အဖြေမခံဘူးတဲ့။ အခုတော့ ပဲခူးမှာပဲ ကျူရှင်တက်ပြီးဖြေခိုင်းမယ်"ဟု ပြင်ဦးလွင်မြို့ရှိ နာမည်ကြီး ဘော်ဒါကျောင်းတစ်ခုတွင် ပညာသင်ယူပြီးနောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲကျရှုံးခဲ့သောကျောင်းသားတစ်ဦး၏မိခင်က ပြောသည်။

ကိုယ်ပိုင်ကျောင်းများ ပေါ်ပေါက်လာချိန်တွင် ဘော်ဒါကျောင်းများအကြား ဝန်ဆောင်မှုဆိုင်ရာနှင့် ပညာသင်စရိတ်တို့တွင် ပြိုင်ဆိုင်မှုများရှိလာနိုင်သလို အစိုးရကျောင်းများ၏ ပညာရေးအရည်အသွေးကိုလည်း မြှင့်တင်ရန်လိုအပ်ကြောင်း ပညာရှင်များကသုံးသပ်သည်။

"ကျောင်းတွေအပြိုင်အဆိုင်ဖြစ်လာပြီဆိုရင်တော့ ဝင်ငွေမြင့်တဲ့ စားသုံးသူ(ကျောင်းသား)တွေကိုဝန်ဆောင်မှုပေးသလို သိပ်ဈေးမကြီးတာကိုလည်း နောက်ဈေးကွက်တစ်မျိုးအတွက် လုပ်ခွင့်ရှိမှာပေါ့။ ဒါပေမဲ့ အရေးကြီးတာက အစိုးရကျောင်းတွေမှာလည်း ပံ့ပိုးပေးနိုင်တဲ့အဆင့်ရော၊ သင်ကြားမှုရော မြှင့်တင်ရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမှန်အတိုင်းပြောရင် နိုင်ငံတော်က ပေးတဲ့ပညာရေးစနစ်ဟာ Customers (ကျောင်းသားတွေ) လိုချင်တဲ့ အားထားတဲ့ တန်ဖိုးထားတဲ့စနစ်မဟုတ်ဘူး။ ကျောင်းသားတွေရဲ့ လိုအပ်ချက်ကိုလည်း မဖြည့်ဆည်းပေးနိုင်ဘူး။ ဈေးကွက်စီးပွားရေးစနစ်လို လွတ်လပ်ခွင့်ရှိရင် အကျိုးအမြတ်အတွက် လူတွေက ကျောင်းမျိုးစုံဖွင့်လာတာပါပဲ။ ကျောင်းသားတွေ၊ လူငယ်တွေက ကိုယ့်ပညာရေးကို မျက်ကွယ်ပြုလာကြတာပေါ့။ အဲ့ဒါ တစ်ခုခုတော့ လုပ်ရမှာပဲ၊ အခု ဒီမိုကရေစီခေတ်မှာ။ အဲ့ဒီ ပုဂ္ဂလိက ကျောင်းတွေက ထိုက်ထိုက်တန်တန်ပိုက်ဆံယူမယ်။ ပြီးတော့စည်းကမ်းရော၊ သင်ကြားမှုရော အဆင့်မြင့်မြင့်လုပ်မယ်။ အဲ့ဒီအတွက် သူတို့က အောင်ချက်ကောင်းမှာပေါ့။ ဒီဘက်က မပြည့်စုံတာတွေ၊ မဖြည့်ဆည်းနိုင်တာတွေ၊ စည်းကမ်းလျော့နည်းတဲ့ သင်ကြားမှုတွေ ဖြစ်နေရင်တော့ အောင်ချက်က မကောင်းဘူးပေါ့။ အဲ့လိုဖြစ်လာမှာပေါ့။ အဲ့ဒီတော့ သူတို့ကို ခွင့်ပြုရင် အစိုးရရဲ့ ကျောင်းတွေကိုလည်း ဖြည့်ဆည်းရမယ်၊ ပြင်ဆင်ရမယ်။ ပိုက်ဆံမတတ်နိုင်တဲ့အများအတွက်လည်း အညံ့စားကျောင်းတွေ ဖြစ်နေရအောင်ပေါ့"ဟု ပါမောက္ခဒေါ်ရီရီမြင့်ကဆိုသည်။

Technology
7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## လိုင်းဖုန်းများအားလုံးကို ကြိုတင်ငွေဖြည့်ကတ်စနစ် ပြောင်းမည်

ယုဇနကိုကို

ရန်ကုန်၊ စက်တင်ဘာ- ၂၆

မြန်မာ့ဆက်သွယ်ရေးရုံးများသို့ လစဉ်ပုံမှန်သွားရောက်ကာ တယ်လီဖုန်းအသုံးပြုခပေးဆောင်နေရသည့် ဖုန်းများအားလုံးကို ယခုနှစ်ဒီဇင်ဘာလတွင် နောက်ဆုံးထား၍ ကြိုတင်ငွေဖြည့်စနစ်ဖြစ်သည့် Prepaid Top Up Card အဖြစ်သို့ပြောင်းလဲပေးတော့မည် ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဖုန်းဘီလ်များ သွားရာက်ပေးဆောင်နေရဆဲဖြစ်သည့် ဖုန်းအမျိုးအစားများမှာ အိမ်သုံးနှင့် လုပ်ငန်းသုံး ကြိုးဖုန်းများနှင့် ကျပ် ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများဖြစ်သည်။

ယင်းဖုန်းလိုင်းများကိုယခုကဲ့သို့ကြိုတင်ငွေဖြည့်ကတ်စနစ်များအဖြစ် ပြောင်းလဲရန်ဆောင်ရွက်ရခြင်းမှာ ဆက်သွယ်ရေးရုံးများသို့သွားရောက်ကာ စောင့်ဆိုင်းငွေပေးချေရသည့် အချိန်များလျော့နည်းသက်သာစေရန်နှင့် နိုင်ငံတကာနည်းတူ Prepaid Card များကိုသာ လွယ်ကူစွာအသုံးပြုနိုင်စေရန်အတွက်ဟုသိရသည်။

ငွေဖြည့်ကတ်စနစ်ပြုလုပ်ရာတွင် ကျပ်ငါးသိန်းတန် စီဒီအမ်အေနှင့် ဂျီအက်စ်အမ်ဖုန်းများကဲ့သို့ပင် အနည်းဆုံးကျပ် တစ်သောင်းတန်ဖိုးရှိ Prepaid Card များဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် ယင်းနေရာများနှင့် အနီးတစ်ဝိုက်မြို့နယ်များတွင် Prepaid Card ကို ဦးစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

## ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်သုံးသူများ အဆင်မပြေဖြစ်နေဟုဆို



ဓာတ်ပုံ - ဖြိုးမောင်မောင်(အေဖ်ပီ)

ယုဇနကိုကို

ရန်ကုန်၊စက်တင်ဘာ- ၂၆

ရန်ကုန်မြို့တွင်း ကျပ်တစ်ဆယ့်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းကိုင်ဆောင်သူများ ယခုနောက်ပိုင်းတွင် အသုံးပြုရာ၌ ပိုမိုခက်ခဲလာကြောင်း စုံစမ်းသိရသည်။

အများဆုံးကြုံတွေ့နေရသည့် ပြဿနာများမှာ ဆက်သွယ်ရေးရုံးများသို့ ဖုန်းဘီလ်ဆောင်ရာတွင် အမှန်တကယ်ကျသင့်ရမည့် အသုံးပြုခထက် ပိုမိုကျသင့်နေခြင်း၊ ဆက်သွယ်မှုကွန်ရက်များမကောင်းမွန်ခြင်းတို့ဖြစ်ကြကြောင်း သိရသည်။

လက်ရှိတွင် ယင်းဖုန်းအမျိုးအစားကို ကိုင်ဆောင်ထားပြီး မိုဘိုင်းဖုန်းအရောင်းဆိုင်ကိုဖွင့်လှစ်ထားသူ အသက် ၃၀ အရွယ်ရှိ အမျိုးသားတစ်ဦးက "ကျွန်တော့်ဂျီအက်စ်အမ်ဖုန်းမှာ ဖုန်းဘီလ်ဆောင်တိုင်းပြဿနာတက်နေတာ နှစ်ကြိမ်ရှိနေပြီ။ ပထမတစ်ခေါက်ရော ဒုတိယတစ်ခေါက်ရော ဖုန်းဘီလ်သွားဆောင်တဲ့အခါတကယ်ကျသင့်တဲ့နှုန်းထက် နောက်ထပ်တစ်ဆတိတိပိုကျနေတယ်။တကယ်ကျသင့်တာ သုံးသောင်းခြောက်ထောင်ဆိုရင် နောက်ထပ် သုံးသောင်းခြောက်ထောင်တိတိထပ်ကျနေတာ။ သူတို့ဆီကိုသွား စာရွက်တွေကိုပရင့်ထုတ်ခိုင်းပြီး သေချာစစ်ကြည့်မှ စာရွက်တစ်ရွက်တည်းမှာကျသင့်ငွေပမာဏစာရင်းအတိအကျနဲ့ ဖုန်းခေါ်ဆိုမှုတွေကနှစ်ခါနှစ်ခါစီဖြစ်နေတာ။ နှစ်ကြိမ်လုံး အတူတူပဲ။ အဲ့ဒီလိုဖြစ်နေတာတွေကျွန်တော်တစ်ဦးတည်းမဖြစ်နိုင်ပါဘူး"ဟု ၎င်း၏ အတွေ့အကြုံကိုပြောသည်။

အထက်ပါအဖြစ်အပျက်နှင့် အလားတူဖြစ်ရပ်များသည်လည်း ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းကိုင်ဆောင်သူများတွင် လစဉ်ဆိုသလို ကြုံတွေ့နေရကြောင်း ဖုန်းကိုင်ဆောင်အသုံးပြုများထံမှသိရသည်။

"ကျွန်မဆို အခု ဒီနှစ်ထဲမှာ အဆင်မပြေတာခဏခဏပဲ။ ဖုန်းအသုံးပြုခကျသင့်တာက တကယ်ကျသင့်တာထက် ပိုပြီးများနေလို့ သိသိသာသာလျော့ကြည့်တယ်။ ဒါပေမဲ့လည်း လကုန်လို့ ဖုန်းဘီလ်သွားဆောင်ရင် အရင်လတွေက ကျသင့်တဲ့နှုန်းဝန်းကျင်ပဲ။ ကိုယ်ကသုံးတာသိသိသာသာလျော့လိုက်လို့ ဖုန်းဘီလ်က သိသိသာသာမကျသွားဘူး။ စစ်ကြည့်ဖို့ပြောရင်လည်း အဆင်မပြေဘူး။ ကျွန်မတို့ဂျီအက်စ်အမ်သမားတွေကို တစ်ခုခုတော့လုပ်ပေးသင့်ပါပြီလို့ထင်တယ်"ဟုရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်အတွင်းနေထိုင်သူ အသက်၄၅နှစ်အရွယ် အမျိုးသမီးတစ်ဦးကလည်း ၎င်း၏အတွေ့အကြုံကိုပြောသည်။

ယင်းကဲ့သို့ ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများတွင် အသုံးပြုသူများ ဆက်တိုက်ကြုံတွေ့နေရသည်ဟုဆိုသော ဖုန်းဘီလ်ပမာဏများ ပိုမိုကျသင့်နေခြင်းအပြင် နောက်ထပ်ကြုံတွေ့နေရသည့်အခက်အခဲမှာ ဖုန်းလိုင်းများမကောင်းမွန်ခြင်းပင်ဖြစ်ကြောင်းသိရသည်။

"ဖုန်းက ဘေးချင်းကပ် ခေါ်နေတာတောင် ဆက်သွယ်မှုဧရိယာပြင်ပပြောလိုက်၊ မအားသေးပါပြောလိုက်နဲ့ ဖြစ်နေတာ ခုနောက်ပိုင်းမှာ ခဏခဏပါပဲ။

စာ(၂၄)သို့

## ငွေဈေးအနည်းငယ်ပြန်မြင့်လာ ကွန်ပျူတာပစ္စည်း အရောင်းပြန်အေး

ယုဇနကိုကို

ရန်ကုန်၊စက်တင်ဘာ- ၂၆

အမေရိကန်ဒေါ်လာဈေးနှုန်းတန်ဖိုးများ ပြန်လည်မြင့်တက်လာသောကြောင့် ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် အရောင်းအဝယ်များပြန်လည်ကျဆင်းသွားကြောင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ ဖွင့်လှစ်ထားကြသည့်အရောင်းဆိုင်များမှစုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်နှစ်ပတ်နီးပါးကစတင်ပြီး ဈေးနှုန်းများကျဆင်းနေရာမှ ပြန်လည်မြင့်တက်လာခဲ့သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းထားများကြောင့် ယခုကဲ့သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၏ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

ထို့ကြောင့်ပြည်တွင်းကွန်ပျူတာပစ္စည်းများဝယ်လိုအားသည် ယခုကာလများအတွင်း ပြန်လည်ကျဆင်းလာကြောင်း ရန်ကုန်နှင့် မန္တလေးအခြေစိုက်လုပ်ငန်းရှင်အချို့ထံမှသိရသည်။

၂၀၁၁ စက်တင်ဘာမတိုင်မီကာလများတွင် ဆက်တိုက်ဆိုသလိုကျဆင်းခဲ့သည့်နိုင်ငံခြားငွေလဲလှယ်နှုန်းထားများကြောင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းရောင်းချမှုများမှာ အသင့်အတင့်မှ အလွန်ကောင်းမွန်သည့် အနေအထားများတွင်ရှိခဲ့ကြောင်းသိရသည်။

"အခုဒေါ်လာဈေးတွေပြန်တက်တော့ အရောင်းကချက်ချင်းကျသွားတာသိသာတယ်။ ပြီးခဲ့တဲ့လကအထိ ဒေါ်လာဈေးကဆက်တိုက်ကျနေတော့ အဲ့ဒီအချိန်အထိအရောင်းအဝယ်ကကောင်းနေတယ်။ ခြောက်ရာကျော်အထိကျသွားတဲ့အချိန်ကဆို အလုပ်အဖြစ်ဆုံးပဲ" ဟု ရန်ကုန်အခြေစိုက်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်နှစ်ပတ်ကျော်က ဈေးကွက်အတွင်းရှိခဲ့သည့် ကွန်ပျူတာပစ္စည်းဈေးနှုန်းများနှင့် ယခုလက်ရှိရောင်းချနေကြသည့် ဈေးနှုန်းများ၏ ကွာခြားချက်များမှာ အနည်းဆုံးကျပ်နှစ်သောင်းမှ ကျပ်တစ်သိန်းကျော်ဝန်းကျင်အထိဖြစ်ကြောင်းသိရသည်။










# အွန်လိုင်းဈေးဝယ်ကတ်မလိုဘဲ Amazon နှင့် eBay ဆိုက်များတွင် ဈေးဝယ်နိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ- ၂၆**


အမေရိကန်နိုင်ငံ၏ ကမ္ဘာကျော် အွန်လိုင်းဈေးဝယ်စတိုးများ ဖြစ်ကြသည့် Amazon နှင့် eBay ဝက်ဘ်ဆိုက်များတွင် အွန်လိုင်းဈေးဝယ်ကတ်များ ရှိရန်မလိုဘဲ ရန်ကုန်မြို့မှပင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါ အွန်လိုင်းဈေးဝယ်စတိုးများတွင် ရောင်းချသောမည်သည့် နည်းပညာပစ္စည်းများကိုမဆို ပြည်တွင်းမှပင် ဝယ်ယူနိုင်မည့် ဝန်ဆောင်မှုကို ရန်ကုန်မြို့အခြေစိုက် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် IT City က အခကြေးငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အမေရိကန်နိုင်ငံရှိ အဆိုပါ အွန်လိုင်းစတိုးများတွင် ရောင်းချသည့် နည်းပညာပစ္စည်းများကို ဝယ်ယူရာ၌ အွန်လိုင်းပေါ်တွင် သတ်မှတ်ထားသည့် ဈေးနှုန်းအပြင် ပစ္စည်းတန်ဖိုးအလိုက် ဝန်ဆောင်ခကိုပေးချေရမည်ဖြစ်ကြောင်းသိရသည်။

ပစ္စည်းမှာယူသူများအနေဖြင့် မှာယူသည့်နေ့မှစတင်ကာ အများဆုံးရက်သတ္တပတ်တစ်ပတ်အတွင်း ဝယ်ယူသည့်ပစ္စည်းများကို ရရှိမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဝန်ဆောင်မှုနှင့် ပတ်သက်ပြီး ကွန်ပျူတာပညာရှင်နှင့် လုပ်ငန်းရှင်တစ်ဦးက " ဒီလိုမျိုးဝန်ဆောင်မှုတွေခေတ်စားလာတာကြာပါပြီ။ ဒီမှာက များသောအားဖြင့် ပစ္စည်းအစစ်ရဖို့ကရှားတယ်။ အခုလို ဝန်ဆောင်မှုကျတော့ အမေရိကလိုနိုင်ငံကပစ္စည်းကို တိုက်ရိုက်မှာယူသုံးနိုင်ပြီး ဝန်ဆောင်ခကလည်း အရမ်းမရှိတာကြောင့် ကိုယ်ဝယ်လိုက်တဲ့ပစ္စည်းကို ယုံယုံကြည်ကြည်နဲ့ အသုံးပြုနိုင်မှာဖြစ်တယ်။ ဒီနိုင်ငံကနည်းပညာအသုံးပြုမှု တဖြည်းဖြည်းမြင့်လာတဲ့အနေအထားပါ" ဟု သုံးသပ်ပြောကြားသည်။



အထက်ပါကဲ့သို့ပြည်ပနိုင်ငံများမှ အွန်လိုင်းများပေါ်တွင်ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများကို ပြည်တွင်းမှ ဝယ်ယူနိုင်သည့် ဝန်ဆောင်မှုများ တဖြည်းဖြည်းချင်းတွင်ကျယ်လာပြီး ယခုအချိန်အထိ ထိုကဲ့သို့ လုပ်ငန်းမျိုးမှာ အရေအတွက် လေးခုခန့်ရှိလာပြီဟု သိရသည်။





## စာ(၂၃) - ဆယ်ငါးသိန်းတန် ဂျီအက်စ်အမ်သုံးသူများ အဆင်မပြေဖြစ်နေဟုဆို မှ

ဒီလိုဖြစ်နေတာကြာလာပြီဆိုတော့ ဆယ့်ငါးသိန်းတန်သမားတွေကို တစ်ခုခုတော့လုပ်ပေးသင့်တယ်ဗျ။ ဖုန်းခတွေကလည်းတစ်လတစ်လပိုပြီးကျလာတယ်။ လိုင်းကလည်း တဖြည်းဖြည်းကျလာတယ်။ ဒီဖုန်းတွေသုံးပြီး အလုပ်လုပ်ရတာ ချောချောမွေ့မွေ့ မဖြစ်တော့ဘူး"ဟု မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကလည်းဆိုသည်။

ယခုကဲ့သို့ကျပ်တစ်ဆယ့်ငါးသိန်းတန် မိုဘိုင်းဖုန်းများအသုံးပြုသူအများစုကြုံတွေ့နေရသည့် အထက်ပါပြဿနာများနှင့်ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကမူ ကျပ်တစ်ဆယ့်ငါးသိန်းတန်ဖုန်းများအတွက် ကြိုတင်ငွေဖြည့်စနစ်ဖြင့်အသုံးပြုနိုင်ရန် ဆောင်ရွက်နေကြောင်း ပြီးခဲ့သည့်လအတွင်းက မီဒီယာများကို ပြောကြားခဲ့သည်။



# ပြည်တော်ပြန်တို့ အသံ

သီဟ၊နေလင်းအောင်

**“ရဲရဲတောက် ရဲရဲတောက် ဆိုပြီး အသည်းခြောက်အောင် သောက်နေတဲ့သူတွေကိုကျွန်တော်တို့တွေ့ခဲ့ရပါတယ်”**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အထက်ပါစကားကိုဆိုလာသူမှာ ၂၀၀၇ ခုနှစ် တန်ဆောင်မုန်းလပြည့် ညချမ်းအချိန်က ကန်တော်ကြီး မျှော်စင်ကျွန်းအငြိမ့်တွင် ပရိသတ်ကြိုက် ပြက်လုံးများဖြင့် နာမည်ရခဲ့သည့် သီးလေးသီးဆေးရောင်စုံ အငြိမ့်အဖွဲ့မှ လူရွှင်တော် စိန်သီးပင်။

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့သည် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစကာ စင်ကာပူ နိုင်ငံသို့ ထွက်ခွာခဲ့ရာမှ ပြည်ပနိုင်ငံများတွင် လေးနှစ်တာ ဖျော်ဖြေမှုများပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်က ပြည်တော်ပြန်ဝင်ခဲ့သည်။

၎င်းတို့အဖွဲ့ ပြန်လည်ဝင်ရောက်လာခြင်းသည် နိုင်ငံရေးလေ့လာသူများနှင့် အခြားသော တရားမဝင် အဝေးရောက်နေသူများ စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိသောကိစ္စတစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင် လွတ်လပ်စွာနေထိုင်ခွင့်ရရှိနေသော အနေအထားဖြစ်ကြောင်းလည်းအဖွဲ့ခေါင်းဆောင် ဂေါ်ဇီလာကပြောသည်။

ထိုအဖွဲ့သည်ပြည်ပနိုင်ငံများတွင် ပရိသတ်အကြိုက်ပြက်လုံးအများစုဖြင့် ပြည်ပမှ မြန်မာများအားဖျော်ဖြေခဲ့ကြရာယင်းသို့သော ပွဲစဉ်ပေါင်း ၃၀ကိုစင်ကာပူ၊ အမေရိက၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း အစရှိသည့် နိုင်ငံခြောက်နိုင်ငံတွင်တင်ဆက်ခဲ့ကြသည်။ အဆိုပါပွဲများမှ အချို့အားပြည်ပအခြေစိုက် မီဒီယာများက ထုတ်လွှင့်ပံ့ပိုးပေးခဲ့ကြသည်။

သီးလေးသီးဆေးရောင်စုံအဖွဲ့ပြည်ပသို့မထွက်ခွာမီကပင်မြန်မာနိုင်ငံသို့ ပြန်လာမည်၊ မျှော်စင်ကျွန်းတွင် ထပ်မံဖျော်ဖြေမည်ဟု ပြောဆိုသွားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင် လေးနှစ်ကြာမြင့်ခဲ့ပြီးမှ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ ပြည်ပရောက် မြန်မာများပြန်လာခွင့်နှင့် ပတ်သက်သော မိန့်ခွန်းကြောင့် ပြန်လည်ရောက်ရှိလာကြသော ယင်းအဖွဲ့အား ပြည်ပ၌ ရှိစဉ်ပြုလုပ်ခဲ့သောပွဲစဉ်များတွင် ပြက်ခဲ့သည့်ပြက်လုံးများကြောင့် စိုးရိမ်စိတ်ရှိမရှိမေးမြန်းရာ “ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ လုံးဝစိုးရိမ်တာမရှိပါဘူး။ အဓိကကတော့ ကျွန်တော်တို့က သမ္မတကို အပြည့်အဝ ယုံကြည်ထားတယ်။ ပြီးတော့ ဒီပြက်လုံးတွေကလည်း ပြည်သူတွေရဲ့အသံကို ကျွန်တော်တို့က ပြန်လုပ်တာဆိုတော့ ဒီကိစ္စမှာ ကျွန်တော်တို့စိတ်ရှင်းပါတယ်” ဟုဂေါ်ဇီလာကပြောသည်။

သီးလေးသီးအဖွဲ့ ပြည်ပသို့ စတင်ရောက်ရှိချိန်က ပြည်ပရှိ နိုင်ငံရေးအဖွဲ့အစည်းများ၏ ကြိုဆိုမှုများဖြင့် အဆင်ပြေပြေဖြစ်ခဲ့သော်လည်း အချိန်ကြာမြင့်လာသည်နှင့်အမျှ အဆိုပါအဖွဲ့များ၏ သရုပ်အမှန်ကို တွေ့ရှိလာကာအဆင်မပြေမှုများရှိခဲ့သည်ဟု ဆိုသည်။ ၎င်းတို့က ပြည်ပတွင် နေထိုင်ပြီး နှစ်နှစ်ခန့်အကြာတွင်မှသိရှိရသည့် အမျိုးမျိုးသော နိုင်ငံရေးလှုပ်ရှားမှု အဖွဲ့အစည်းများနှင့် ပတ်သက်၍ပြောကြားရာတွင် . .

“ဒီကနေ အကြောင်းအမျိုးမျိုးကြောင့်ပြည်ပထွက်ခွာသွားသူတွေအနေနဲ့ ဟိုမှာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားကြရတယ်။ တချို့ကလည်း ကိုယ်တတ်တဲ့ပညာလေးနဲ့လုပ်စားကြတယ်။ တချို့ကျတော့လည်း အသင်းအဖွဲ့တည်ထောင်ပြီး လုပ်စားကြတယ်” ဟု သီးလေးသီး၏အဖွဲ့ခေါင်းဆောင် ဂေါ်ဇီလာကပြောသည်။ “ကျွန်တော်တို့ရောက်ခဲ့တဲ့ လေးနှစ်တာကာလမှာ အဖွဲ့အစည်းကတော်တော်များတယ်။ မဲဆောက်လို ဟာမျိုးမှာဆိုလည်း အဖွဲ့အစည်းက တစ်ရာကျော်လောက်ရှိတယ်။ ချင်းမိုင်မှာဆိုလည်း ခုနစ်ဆယ်၊ ရှစ်ဆယ်လောက်ရှိတယ်”ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပြည်ပရှိနိုင်ငံရေး အဖွဲ့အစည်းများတွင် အမှန်တကယ်နိုင်ငံရေးစိတ်ဓာတ်ဖြင့် လုပ်ဆောင်နေသူများလည်းရှိသကဲ့သို့ ဝမ်းရေးအတွက်လုပ်စားနေကြသူများလည်းရှိကြပြီး လုပ်စားနေကြသူများမှာ အများစုဖြစ်သည်ဟု သီးလေးသီးအဖွဲ့မှ ပြည်တော်ပြန်ဝင်လာကြသူများကဆိုသည်။

“ပြည်ပမှာ ဒီမိုကရေစီအော်ပြီးတော့ ဒီမိုကရေစီမရစေချင်တဲ့သူတွေက ပိုတောင်များနေသေးတယ်။ အစည်းအဝေးတွေမှာဆိုသူတို့ ကြွေးကြော်တာက တော်လှန်ရေးကြီး အခွန့်ရှည်ပါစေလို့ ကြွေးကြော်ကြတယ်။ တော်လှန်ရေးဆိုတာ အခွန့်ရှည်လို့မှမရတာ။ အခွန့်ရှည်တော့ ပိုပြီး ဒုက္ခရောက်မှာပေါ့”ဟု သီးလေးသီးအဖွဲ့ဝင်တစ်ဦးက ပြည်ပတွင်တွေ့ရှိခဲ့သည့်အတွေ့အကြုံအားပြန်လည်ဖောက်သည်ချပြောပြသည်။

သီးလေးသီးအဖွဲ့အနေနှင့်လည်း ပြည်ပသို့မထွက်ခွာခင်အချိန်က ပြည်ပရှိ နိုင်ငံရေးအဖွဲ့အစည်းများသည် ထိုကဲ့သို့သောအခြေအနေများရှိသည်ကို အမှန်တကယ် သိရှိခြင်းမရှိခဲ့ကြောင်း ဂေါ်ဇီလာကပြောသည်။

“ကျွန်တော်တို့ သီးလေးသီးဆေးရောင်စုံ ခုနစ်ယောက် ဟိုရောက်ခါစတုန်းကတော့ ဟိုအိမ်ကလာပါ၊ ဟိုအဖွဲ့အစည်းကလာပါဆိုပြီးတော့။ ဒါက ရောက်ခါစမှာပေါ့ ကျွန်တော်တို့ တကယ့်တကယ်ငတ်ပြီလည်းဆိုရော ကျွန်တော်တို့ကို ကျွေးမယ့်သူမရှိတော့ဘူး။ ကျွန်တော်တို့ ထမင်းငတ်တဲ့ရက်တွေလည်း အများကြီးပဲ။ ခေါက်ဆွဲပြုတ်သောက်ရတဲ့ရက်တွေလည်းအများကြီးပဲ”ဟု အခက်အခဲများအား စိန်သီးကပြန်ဖွင့်ဟသည်။

သီးလေးသီးဆေးရောင်စုံအဖွဲ့တွင် ဂေါ်ဇီလာ၊စိန်သီး၊ဇီးသီး၊ ကြယ်သီး၊ ပန်းသီးနှင့် မင်းသမီးချောစုမျိုး၊မြစံပယ်ငုံ တို့ဖြင့်ဖွဲ့စည်းထားရာ လက်ရှိတွင် ဂေါ်ဇီလာ၊ စိန်သီး၊ဇီးသီး နှင့် မင်းသမီးချောစုမျိုးတို့သာ ပြည်တော်ပြန်ဝင်လာခြင်းဖြစ်သည်။ ကြယ်သီး၊ ပန်းသီးနှင့် မင်းသမီး မြစံပယ်ငုံတို့မှာပြည်ပတွင်ကျန်ရှိနေသေးသည်။

သီးလေးသီးဆေးရောင်စုံအဖွဲ့သည် ပြည်ပတွင်နေထိုင်သည့် လေးနှစ်ကာလအတွင်း အဆင်မပြေမှုများ ကြုံတွေ့ရသော်လည်း ထိုအဆင်မပြေမှုများသည် ၎င်းတို့ ပြန်လည်ဝင်ရောက်လာခြင်းနှင့် သက်ဆိုင်မှုမရှိကြောင်းသိရသည်။

“ကျွန်တော်တို့ကို ပြောကြတယ်။ ဒီကောင်တွေက နိုင်ငံကြီးတွေရောက်ရင် ခုန်ချမယ့်ကောင်တွေဆိုပြီး။ ဒါပေမဲ့ ကျွန်တော်တို့ ဘယ်နိုင်ငံကြီးမှာမှ ခုန်မချခဲ့ပါဘူး” ဟုဂေါ်ဇီလာကဆိုသည်။

သီးလေးသီးအဖွဲ့၏ အဖြစ်သည် အခြားသော အနုပညာလှုပ်ရှားသူများကဲ့သို့ အစပိုင်းတွင် ခက်ခဲကြမ်းတမ်းမှုများနှင့် ကြုံတွေ့ရပြီး နောက်ပိုင်းတွင် အဆင်ပြေသွားသည့်အဖြစ်မျိုးမဟုတ်ဘဲ အစပိုင်းတွင်ကြိုဆိုဂုဏ်ပြုမှုများ၊ ပွဲခွင်များ ဖြင့်သာယာခဲ့ပြီး နောက်ပိုင်းအချိန်များတွင်မှ အခက်အခဲများနှင့် ရင်ဆိုင်လာခဲ့ကြရခြင်းဖြစ်သည်။

ဒုက္ခရောက်နေချိန်တွင် ကူညီခဲ့သူအများစုမှာမြန်မာနိုင်ငံအရေးအတွက်လှုပ်ရှားနေကြသည့် နိုင်ငံရေးသမားများမဟုတ်ဘဲ အခြားသူများဖြစ်သည်ဟု ဆိုသည်။

“နောက်ပိုင်းကျတော့ ကျွန်တော်တို့ကို ခင်တဲ့သူတွေက နိုင်ငံရေးနဲ့မပတ်သက်တဲ့သူတွေကကျွန်တော်တို့ကိုခင်ကြတယ်။ ခင်တော့ ကူညီကြတာတွေရှိပါတယ်။ နိုင်ငံရေးသမားတွေထဲမှာလည်း စိတ်ကောင်းရှိပြီး ကူညီတဲ့သူတွေလည်း ရှိခဲ့ပါတယ်။ တကယ့်တကယ်ကျွန်တော်တို့ငတ်ပြီဆိုတော့ ကျွန်တော်တို့ကို ဆေးဖော်ကြောဖက်မလုပ်တဲ့ နိုင်ငံရေးသမားတွေ တော်တော်များပါတယ်”ဟု စိန်သီးကပြောသည်။

“ကျွန်တော် သမ္မတကြီး စကားကိုကြားတော့ တော်တော်ဝမ်းသာသွားတယ်။ သမ္မတကြီးရဲ့ နှုတ်စကားနဲ့ပဲရှိသေးတယ်။ ကျွန်တော်တို့ ရအောင်ပြန်လာတယ်” ဟု စိန် သီးကပြောသည်။

ပြည်ပတွင် နေထိုင်လျက်ရှိသည့်နိုင်ငံရေးသမားများနှင့်ပတ်သက်၍လည်း သီးလေးသီးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဇီးသီးကမူ “တချို့ကျတော့လည်း ကိုယ့်နိုင်ငံကြီးပြောင်းလဲတာကိုမြင်ချင်တဲ့သူတွေရှိတယ်ဗျ။ တချို့ကျတော့လည်း ကိုယ့်နိုင်ငံကြီး ပြောင်းလဲသွားမှာကိုကြောက်တဲ့သူတွေလည်းရှိတယ်” ဟု ပြောကြားသည်။

အထက်တွင်ဆိုခဲ့သည့်မမှန်ကန်သော ပြည်ပရောက်အဖွဲ့များနှင့်လည်း ၎င်းတို့အဖွဲ့ သဘောထားမတူညီမှုများ ကြုံတွေ့ခဲ့ရပြီး နောက်ပိုင်းတွင် ပွဲငှားရမ်းသော အဖွဲ့အစည်းအချို့၏ ရပ်တည်မှုကိုမနှစ်သက်၍ ငြင်းပယ်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခု ပြန်လည်ရောက်ရှိချိန်တွင် အဆိုပါအဖွဲ့အနေဖြင့် အနုပညာလုပ်ငန်းများအား အစမှပြန်စသည့် အနေအထားဖြစ်သည်ဟု ဆိုသည်။ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပထမဆုံးပြည်တွင်းလှုပ်ရှားမှုတစ်ခုအဖြစ် ရုပ်သံမီဒီယာတစ်ခုတွင် တွေ့ဆုံမေးမြန်းခန်းတစ်ခု ရိုက်ကူးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သီးလေးသီးအဖွဲ့ အနေဖြင့် ပြည်တွင်း၌နေထိုင်ကာ အနုပညာလှုပ်ရှားမှုများသာ တစ်စိုက်မတ်မတ်ဆက်လက်လုပ်ကိုင်တော့မည်ဟု အဖွဲ့သားများကပြောကြားသည်။

၎င်းတို့ ဆိုသကဲ့သို့ ပြည်ပရောက်မမှန်ကန်သည့် နိုင်ငံရေးလှုပ်ရှားမှုအဖွဲ့များနှင့်ပတ်သက်၍လည်း ယခုမြန်မာနိုင်ငံတွင် ပွဲများပြန်လည်လုပ်ကိုင်ပါက ယင်းအဖွဲ့များနှင့်ပတ်သက်သည့် ပြက်လုံးများ ပါဝင်ထည့်သွင်းသွားဦးမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် လေးနှစ်အတွင်းကပြည်တွင်း အခြေအနေများကိုသရော်သည့်ပြက်လုံးများဖြင့် ပရိသတ်မေတ္တာကို ရရှိခဲ့သော ယင်းအဖွဲ့သည် ယခုပြည်တော်ပြန်ဝင်ပြီး နောက်ပိုင်း ပြည်ပရောက်အဖွဲ့အစည်းအချို့၏ မမှန်ကန်သောလုပ်ရပ်များနှင့် အမှားအယွင်းများအား ပြန်လည်ပြက်လုံးထုတ် ကျော်ဖြတ်ကြဦးမည်ဖြစ်လေရာ. . . ။ ။

# ချေးငွေနှင့် ဆင်းရဲနွမ်းပါးမှု ထိပ်တိုက်အတွေ့

ယုဇနကိုကို၊သန်းဌေး၊ ကျော်သီဟ

အချိန်က ၂၀၁၁၊ စက်တင်ဘာ ၁ ရက်၊ ည ၈ နာရီကျော်။ နေရာက ရန်ကုန်မြို့၊ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်တစ်ခု၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်ဖြစ်သည်။ လူဦးရေ သုံးဆယ်ကျော်သော လူတန်းကြီးကမညီမညာနှင့် ယင်းအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် တန်းစီနေသည်။ မတ်တပ်ရပ်ကာ စောင့်သူများရှိသကဲ့သို့ဆောင့်ကြောင့်ထိုင်ကာ စောင့်နေကြသူများကလည်းရှိသေးသည်။

အမျိုးသားဦးရေထက် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းအမျိုးသမီးဦးရေက ပိုများသည်။ ထိုထဲတွင် အိမ်ထောင်သည်များက ရာခိုင်နှုန်းအများဆုံးဖြစ်နေခဲ့သည်။

“မနက်ဖြန်မနက်တော့ ရှစ်သောင်းတန် ရွှေလက်စွပ်လေး တစ်ကွင်းသွားလုပ်လိုက်မယ်။ လုပ်ချင်နေတာကြာပြီ။ အဖတ်တင်အောင်လို့လေ”၊ “ကျွန်မကတော့ လောလောဆယ် ပေးစရာရှိတဲ့ အကြွေးကိုဆပ်လိုက်မယ်။ ဒါမှ အလုပ်ဖြောင့်ဖြောင့်လုပ်နိုင်မှာ”၊ “အတိုးကသက်သာတော့ ဘာရယ်မဟုတ်ဘူး ဒီလိုပဲလာချေးတာ။ ပိုက်ဆံရရင်တော့ မနက်ဖြန် အိမ်မှာလိုတာလေးတွေအတွက် ဈေးဝယ်ထွက်ရမယ်”

မတူညီသည့် ထိုစကားသံအမျိုးမျိုးက ထိုလူအုပ်ကြီးထဲမှထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုလူတန်းကြီးစောင့်နေကြသည့်အရာမှာ ထိုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ချေးပေးမည့် ချေးငွေများကိုပင်ဖြစ်သည်။

အထက်ပါရပ်ကွက်အတွင်းရှိဖြစ်ရပ်ကဲ့သို့ အလားတူဖြစ်ရပ်များသည်လည်း ယင်းနှင့်တစ်ချိန်တည်းမှာပင် အခြားသော နေရာဒေသအသီးသီးရှိ သက်ဆိုင်ရာရပ်ကွက်များတွင်လည်းဖြစ်ပေါ်ခဲ့ကြသည်။

နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပြဿနာကိုဖြေရှင်းနိုင်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရသစ်က မြို့ပေါ်ရပ်ကွက်များနှင့်ကျေးလက်ဒေသနေပြည်သူများအတွက် အဓိကရည်ရွယ်သည့် အသေးစားချေးငွေလုပ်ငန်းကို ၂၀၁၁၊ ဩဂုတ်လဆန်းပိုင်းကစတင်ခဲ့သည်။

အစိုးရအနေဖြင့် ငွေကြေးလိုအပ်နေသူများကို ငွေထုတ်ချေးပေးလိုက်ခြင်းဖြင့် ထိုငွေများကို အသုံးပြုကာ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများကို ထူထောင်လုပ်ကိုင်နိုင်လာကြစေရန်အတွက်အဓိကရည်ရွယ်ထားသည်။

“ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ဆိုတာချေးရုံနဲ့မရဘူး။ တကယ်လုပ်ရမှာက အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးပေးရမှာ”ဟု မုံရွာမြို့မှ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးကသူ၏အမြင်ကိုပြောသည်။

ချေးငွေလိုအပ်သည့် မည်သည့် လိုအပ်သူတိုင်းကိုမဆို ငွေချေးထုတ်ပေးမည့်သူမှာ ဗဟိုသမဝါယမအသင်းဖြစ်သည်။

ထို့ကြောင့် ဗဟိုသမဝါယမ အသင်းက ငွေကျပ်တစ်ရာပေါ်တွင် သုံးကျပ်နှုန်းဖြင့် အတိုးယူပြီး ချေးပေးသည့်စနစ်ကို သတ်မှတ်ခဲ့သည်။ သို့သော် ၎င်းတို့ရရှိသည့် ငွေကျပ်တစ်ရာပေါ်ရှိ အတိုးနှုန်း သုံးကျပ်အနက် မှ တစ်ကျပ်နှင့် ၆၇ ပြားကို ဘဏ်တိုးနှုန်းအဖြစ် ပြန်လည်ပေးရသည်။ ထို့ကြောင့် ကျန်ရှိသည့် တစ်ကျပ်နှင့် ၃၃ ပြားသည် သမဝါယမအသင်းမှ ရရှိသည့်အတိုးနှုန်းဖြစ်သည်။

ချေးငွေပမာဏများကိုမူ အတိအကျသတ်မှတ်ထားခြင်းမရှိပေ။ အနည်းဆုံးငွေကျပ်သုံးသောင်းမှ အများဆုံးကျပ်သုံးသိန်းအထိချေးပေးနေသည်ဟု ရန်ကုန်တိုင်း၊လှိုင်ရပ်ကွက်အတွင်းရှိမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှသိရသည်။

ငွေကျပ်သုံးသောင်းနှင့် တစ်သိန်းမပြည့်သည့် ပမာဏကိုချေးယူသူများအနေဖြင့် သက်ဆိုင်ရာရုံးများသို့မည်သည့်အထောက်အထားမှ ပြသရန်မလိုဘဲ ချေးယူနိုင်သည်ဟုဆိုသည်။ ကျပ်သုံးသိန်းချေးယူမည့်သူများအနေဖြင့်မူ အနည်းဆုံး မိသားစုစီးပွားရေးလုပ်ငန်းတစ်ခုကို အထောက်အထားအဖြစ်ပြသရမည်ဖြစ်သည်။

သို့သော် မည်သည့်ချေးငွေထုတ်ယူသူမဆို ဆောင်ရွက်ရမည့် အဓိကအချက်မှာအစိုးရ၏ သတ်မှတ်ချက်တစ်ခုဖြစ်သည့် ဝိုင်းကြီးချုပ်စနစ်ပင်ဖြစ်သည်။ ဝိုင်းကြီးချုပ်စနစ်ဆိုသည်မှာ ချေးငွေထုတ်ယူလိုသည့် လူငါးဦးဖြင့်ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုလိုသည်။ ထိုချေးငွေထုတ်ယူသည့် ငါးဦးအဖွဲ့ကတစ်ဦးနှင့်တစ်ဦး အပြန်အလှန်တာဝန်ယူရန် သဘောတူညီချက်ထားရှိထားရမည်ဖြစ်သည်။ ထိုအဆင့်ပြီးမှ သက်ဆိုင်ရာက ချေးငွေထုတ်ချေးပေးမည်ဖြစ်ပြီး ချေးယူသူအဖွဲ့မှ တစ်ဦးတစ်ယောက်က မည်သည့်အကြောင်းကြောင့်ပျက်ကွက်ခဲ့သည်ဖြစ်စေ ကျန်လေးဦးက ထိုပျက်ကွက်သူအတွက် ပေးဆပ်ရမည်ဖြစ်သည်။

အစိုးရသစ်၏ အဆိုပါအသေးစားချေးငွေလုပ်ငန်းနှင့်ပတ်သက်ပြီးဗဟိုသမဝါယမအသင်းမှ အထွေထွေမန်နေဂျာ ဦးမင်းလွင်က “ဒီချေးငွေစနစ်က ဆင်းရဲသားပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်တဲ့စနစ်တစ်ခုဖြစ်တယ်။ နောက်ပြီး ငွေချေးချင်တဲ့မည်သူမဆိုဗဟိုသမဝါယမအသင်းမှာအသင်းဝင်ရမှာဖြစ်ပါတယ်။ အသင်းဝင်ဖြစ်မှပိုက်ဆံချေးလို့ရမှာပါ” ဟုဆိုသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011



# ညာလိုက် ညာလိုက် ကောက်ကောက်လိုက်

အရှင်တေဇောသာရ(ထနောင်းကန်)

“လုပ်စားကိုင်စားရတာ ခက်ခဲလာတော့ လိမ်ညာပြီး မသမာတဲ့နည်းတွေနဲ့ရအောင်လုပ်ကြတော့တာပဲ”

“ခက်တာနဲ့ ခိုးရတော့မှာလား။ မလွယ်တာနဲ့ ညာရတော့မှာလား။ ဒါဆိုရင် ဖြောင့်တယ်လို့ ဘယ်ခေါ်လို့ရတော့မှာလဲ။ အကောက်လို့ပဲ ခေါ်ရတော့မှာပေါ့”

လူတွေမှာ လူဖြောင့်၊ လူကောက်လို့နှစ်မျိုးရှိပါတယ်။ တစ်ခါလူကောက်မှာလည်း သုံးမျိုးရှိပါတယ်။ ဥပမာနဲ့ အရင်ပြောရမယ်ဆိုရင်နွားသေးကောက်၊ လ ရေးကောက်နဲ့ ထွန်ကိုင်းကောက်တို့ဖြစ်ပါတယ်။

လမ်းသွားရင်း စွန့်ချသွားတဲ့ နွားသေးကြောင်းကိုမြင်ဖူးသူတွေကတော့နွားသေးကောက်လို့ပြောလိုက်တာနဲ့ “ဘယ်နေရာလေးတော့ ဖြောင့်ပါတယ်” လို့ ပြောစရာမရှိအောင် ကွေးကောက်နေတာကို စိတ်ထဲ ပေါ်လာမှာဖြစ်ပါတယ်။ မမြင်ဖူးသူတွေလည်း “အဖြောင့်မရှိ အကောက်သက်သက်ပဲ”လို့တွေးယူနိုင်ပါတယ်။

လရေးကောက်ဆိုတာကိုတော့ လူတိုင်းမြင်ဖူးကြပါတယ်။ မိုးသားတိမ်တိုက် ကင်းစင်တဲ့လဆန်း ၃ ရက်နေ့ည ကောင်းကင်ကို မော့ကြည့်လိုက်ရင် တွေ့ရတဲ့ ‘လ ကွေးကွေး’ကို ပြောတာဖြစ်ပါတယ်။ “သုံးရက်လ ခုံးမျက်စ”လို့ မျက်ခုံးရဲ့အလှအပကိုတင်စားရာမှာလည်း သုံးနှုန်းကြပါတယ်။ အဖြောင့်လည်း မဟုတ်၊ အကောက်အကွေ့ကြီးလည်းမဟုတ်။ “ကွေးကွေးလေး”လို့ ပြောရမယ့် “အကောက်”ဖြစ်ပါတယ်။

“ထွန်ကိုင်းကောက်”ဆိုတာ ထယ်ထိုးတဲ့အခါထယ်ကိုလက်နဲ့ ကိုင်ပြီး ထိန်းရတဲ့ လက်ကိုင်အကောက်ဖြစ်ပါတယ်။ ပြောမယ်ဆိုရင် အကောက်တစ်ပိုင်း၊ အဖြောင့်တစ်ပိုင်းဖြစ်ပါတယ်။ လက်ကိုင်တဲ့ နေရာက ကောက်နေပြီး အောက်ပိုင်းက အဖြောင့်ဖြစ်နေလို့ပါ။ “ဖြောင့်ကောက်လေး”လို့လည်း ပြောနိုင်ပါတယ်။

လူကောက်တွေနဲ့ယှဉ်တွဲပြီး ပြောရမယ်ဆိုရင် မတော်မတရားတွေပြုလုပ်၊ မဟုတ်မဟတ်တွေ ပြောဆို၊ ဥပဒေကို လက်တစ်လုံးခြားရှောင်တိမ်း၊ အဲဒီလိုတွေ ကျူးလွန်ပြီးခါမှ “ငါ မကောင်းတာ မှန်သမျှရှောင်ကြဉ်တယ်။ ဘာမှ မလုပ်ဘူး” ပြောတာမျိုးဟာ ကျူးလွန်လည်း ကျူးလွန်၊ လိမ်ညာလည်းလိမ်ညာတဲ့အတွက်နွားသေးကောက်လိုလူမျိုးဖြစ်ပါတယ်။

မကောင်းတာ လုပ်နေပြီး “မကောင်းတာလုပ်ရမှာကြောက်တယ်”လို့ ပြောတာဟာ အပြောတခြား၊ အလုပ်တခြားဖြစ်တဲ့အတွက် (နွားသေးကောက်လောက် မဆိုးတဲ့) “လ ရေးကောက်လိုလူမျိုး”ဖြစ်ပါတယ်။

မကောင်းတာလုပ်ပေမယ့် “မကောင်းမှု လုပ်ရတာကို ဘယ်သူ မကြောက်ဘဲ နေမှာလဲ၊ လူတိုင်းကြောက်ကြသလို ငါလည်းကြောက်တယ်၊ ဒါပေမဲ့ မလွှဲသာမရှောင်သာတဲ့အတွက် မကောင်းမှုတွေကို လုပ်မိနေရတယ်”လို့ ပြောတာဟာ မကောင်းမှုလုပ်တဲ့အတွက် အကောက်၊ ငါလည်းကြောက်တယ်လို့ ပြောတာဟာ အဖြောင့်ဖြစ်နေတာမို့ ထွန်ကိုင်းကောက်ဖြစ်ပါတယ်။

ကံနဲ့ခွဲခြားပြောရမယ်ဆိုရင် ကိုယ်နှုတ်စိတ်သုံးမျိုးလုံးမစင်ကြယ်ဘူးဆိုရင် နွားသေးကောက်ဖြစ်ပါတယ်။ ကိုယ်နှုတ်စိတ်သုံးမျိုးထဲက တစ်မျိုးမှာ စင်ကြယ်ပြီး နှစ်မျိုးမှာ မစင်ကြယ်ဘူးဆိုရင် လရေးကောက်ဖြစ်ပါတယ်။ နှစ်မျိုးက စင်ကြယ်ပြီး တစ်မျိုးမှာမစင်ကြယ်ဘူးဆိုရင် ထွန်းကိုင်းကောက်ဖြစ်ပါတယ်။ သုံးမျိုးလုံး စင်ကြယ်နေမယ်ဆိုရင် အကောက်မဟုတ်တော့ဘဲ အဖြောင့်ဖြစ်သွားပါတယ်။ အကောက်ကင်းပါမှ အဖြောင့်ရှင်းပါလိမ့်မယ်။ အကောက်သေးဖြစ်ဖြစ် အကောက်ကြီးဖြစ်ဖြစ် မကောက်မိဖို့ အရေးကြီးပါတယ်။ အကောက်လမ်းစဉ်ကို ကျင့်ရင် အကောက်တွေသွားရာလမ်းကို ကောက်ကောက်ပါအောင်လိုက်ရမှာဖြစ်ပါတယ်။ အကောက်တွေသွားရာလမ်းကို မလိုက်ချင်ဘူးဆိုရင် အကောက်လမ်းစဉ်ကို မလိုက်နာဘဲရှောင်ရှားရမှာဖြစ်ပါတယ်။

အကောက်အမျိုးမျိုးတွေထဲမှာ တချို့က ညာပြီးကောက်ကြပါတယ်။ တချို့က ညာပြီးကောက်ကြပါတယ်။ ညာသူတွေဟာ “ငါလုပ်နေတာ ငါပြောနေတာတွေဟာမကောင်းတာတွေမဟုတ်ဘူး။ ကောင်းတာတွေကိုပဲ ငါလုပ်၊ ငါပြောနေတာဖြစ်တယ်”ဆိုပြီး ဇွတ်အတင်း ကိုယ့်ကိုယ်ကိုယ်လည်း ညာတတ်ကြတယ်။ “ကိုယ့်ကိုယ်ကိုယ်အသိဆုံးပါ။ ခင်ဗျားတို့မသိနိုင်ပါဘူး။ ကျွန်တော်လုပ်တာတွေဟာ ကုသိုလ်စိတ်နဲ့ လုပ်နေတာတွေချည်းပဲ”လို့လည်း သူများကိုညာပြောကြတယ်။ အဲဒီလိုညာတဲ့အခါ ယုံတဲ့သူလည်း ရှိပါတယ်။ မယုံတဲ့လူလည်း ရှိပါတယ်။ သူများတွေ ယုံလို့လည်း အကောက်က အဖြောင့်ဖြစ်မသွားဘူး။ သူများတွေ မယုံလို့လည်း အဖြောင့်ကအကောက်ဖြစ်မသွားဘူး။ ယုံယုံမယုံယုံ အကောက်က အကောက်ပဲ။ အဖြောင့်က အဖြောင့်ပဲ။

ညာတဲ့သဘောဟာလည်း အကောက်ဖြစ်ပါတယ်။ ညာတာ သနားတဲ့သဘောဖြစ်တဲ့ ကရုဏာကို ဆိုလိုတာ မဟုတ်ပါဘူး။ အရေးယူသင့်ပါလျက် အရေးမယူတာ၊ အပြစ်ပေးသင့် ပါလျက် အပြစ်မပေးတာ၊ ဆုံးမ တားမြစ်သင့်ပါလျက် မဆုံးမ မတားမြစ်တာမျိုးကို ဆိုလိုတာဖြစ်ပါတယ်။

လူတစ်ယောက်မှာ အနာပေါက်ပြီးပြည်ပုပ်တွေတည်နေပါတယ်။ အဲဒီပြည်ပုပ်ကို ဖောက်ခွဲညှစ်ထုတ်ရတဲ့အခါ ကိုယ်တိုင်ပဲ ညှစ်ညှစ်၊ သူများကိုပဲ ညှစ်ခိုင်း ညှစ်ခိုင်း နာကျင်မှာကို စိုးရိမ်တဲ့အတွက် ညာပြီး လျှော့ပြီးညှစ်မယ်ဆိုရင် ပြည်ပုပ်တွေ မကုန်ပါဘူး။ ပြည်ပုပ်တွေမကုန်ဘူးဆိုရင် အနာမပျောက်ပါဘူး။ ပြည်ပုပ်တွေ ထပ်တည်မယ်။ ထပ်ပြီးညာ၊ ညှစ်၊ ပြည်ပုပ်မကုန်၊ ပြည်ပုပ်တွေ ထပ်တည်၊ ပြန်ပြီးထပ်ညှစ်၊ ညာညှစ်၊ ပြည်ပုပ်မကုန်၊ ထပ်ဖြစ်၊ တစ်ခါ ညာပြီး ညှစ်၊ မကုန်၊ ပြန်တည်၊ ပြန်ညှစ်။ ဘယ်တော့မှ ပျောက်မှာ မဟုတ်တော့ဘူး။ မညာမတာနဲ့ အနာခံပြီး ပြည်ပုပ်တွေ ကုန်ခန်းသွားအောင် ညှစ်ထုတ်လိုက်မယ်ဆိုရင် အနာထပ်မဖြစ်တော့ဘဲ ပျောက်ကင်းသွားပါလိမ့်မယ်။ နာမှာစိုးရိမ်လို့ ညာလေလေ၊ အနာမပျောက်လေဖြစ်ပါတယ်။

တစ်ခါတုန်းက ၁၀ နှစ်သားအရွယ် ကလေးတစ်ယောက်ဟာ သူများပစ္စည်းတစ်ခုကို ခိုးယူလိုက်ပါတယ်။ ဒါကိုကိုယ်တိုင်မြင်လိုက်ရတဲ့ လူတစ်ယောက်က ကလေးရဲ့ မိဘများကို တိုင်ပြောပါတယ်။ မိဘတွေက သားကိုခေါ်ပြီး “ငါ့သားသူများပစ္စည်းကို ခိုးတယ်ဆိုတာ ဟုတ်သလား”လို့မေးတဲ့အခါ ဟုတ်တယ်လို့ဝန်ခံလိုက်ပါတယ်။ ဖခင်ဖြစ်သူက ဆုံးမပေးပါမယ်လို့ ပြောပြီး ကလေးကို အခန်းထဲခေါ်သွားပြီး ရိုက်ပါတယ်။ လူကိုရိုက်တာမဟုတ်ပါဘူး။ ခုံကိုရိုက်တာဖြစ်ပါတယ်။ လာပြီးတိုင်ပြောတဲ့လူက “လွန်လွန်ကျွံကျွံလည်း မလုပ်ပါနဲ့”လို့ စိုးရိမ်ပြီး သတိပေးလိုက်မိပါတယ်။ တကယ်တော့ လုံးဝမရိုက်ဘဲ(လူကိုလည်း မရိုက်၊ ခုံကိုလည်း မရိုက်ဘဲ)နေတာမှ တော်ပါသေးတယ်။ ညာလည်း ညာ၊ ညာလည်းညာပြီး ရိုက်ပြတဲ့အတွက် ကလေးကို “မင်း ဆက်ခိုး”လို့ အားပေးသလိုဖြစ်သွားပါတယ်။ တကယ်ပဲ အဲဒီကလေးဟာ သူခိုးလေးကနေ သူခိုးကြီးဖြစ်သွားရပါတယ်။

တချို့အကောက်ဟာကောက်နေမှန်း မသိသာလှပါဘူး။ အဖြောင့်နဲ့ ယှဉ်ကပ်ကြည့်လိုက်မှ အကောက်က ပေါ်လာပါတယ်။ ဒါကြောင့် “မကောက်ပါဘူး။ ဖြောင့်ပါတယ်”လို့ ယူဆထားတဲ့ အခြေအနေတွေကိုကိုယ့်စိတ်ကူးထင်မြင်ချက်သက်သက်နဲ့ပဲ မယူဆသင့်ပါဘူး။ စံပြပေတံ၊ သမာဓိကိုက်တံတွေ မူရင်းအဖြောင့်မျဉ်းတံတွေရှိနေပါတယ်။ အကောက်ကို ဖြောင့်အောင် ပြုပြင်တဲ့အခါမှာ အဓိကလိုအပ်ချက်ကတော့ “ရိုးသားစိတ်”ဖြစ်ပါတယ်။ ညာမိပြီ၊ ညာမိပြီလို့ အသိပေါ်လာတာ ဝန်ခံလိုက်နိုင်တာဟာ ရိုးသားစိတ်ကြောင့်ဖြစ်ပါတယ်။ ရိုးသားစိတ်ရှိတဲ့အတွက် အကောက်ကြီး(နွားသေးကောက်) မဖြစ်တော့ပါဘူး။ ရိုးသားတဲ့ အကောက်ဖြစ်တာမို့ ဖြောင့်ရတာ လွယ်ကူနိုင်ပါတယ်။ ညာမိ၊ ညာမိပြီး မညာပါဘူး။ မညာပါဘူးလို့ ရှောင်တိမ်းတာဟာ မရိုးသားစိတ်ကြောင့် ဖြစ်ပါတယ်။ အဲဒါမရိုးသားတဲ့ အကောက်ကြီးဖြစ်တဲ့အတွက် အဖြောင့်ဖြစ်ဖို့ သိပ်ကို ခဲယဉ်းပါတယ်။

လူတွေမှာတစ်ခါတစ်ရံကာယကံကောက်နေတတ်ပါတယ်။ တစ်ခါတစ်ရံ ဝစီကံကောက်နေတတ်ပါတယ်။ တစ်ခါတစ်ရံမနောကံ ကောက်နေတတ်ပါတယ်။ တစ်ခါတစ်ရံ ကံနှစ်မျိုး၊ တစ်ခါတစ်ရံကံသုံးမျိုးကောက်နေတတ်ပါတယ်။ တချို့မကြာခဏကောက်နေကြပြီး တချို့ကျတော့ တစ်ခါတစ်ခါမှ ကောက်တတ်ကြပါတယ်။

တချို့ကျပြန်တော့အမြဲတမ်းလိုလို ကောက်နေတတ်ပါသေးတယ်။ ကောက်ရတဲ့ အကြောင်းရင်းတွေထဲမှာ “ကိုယ်ရချင်၊ လိုချင်လို့၊ သူများရသွားမှာ၊ ယူသွားမှာ စိုးရိမ်ကြောက်ရွံ့လို့၊ ငါကွလို့လက်မထောင်ချင်လို့”ဆိုတဲ့ အကြောင်းတွေက အများစုဖြစ်ပါတယ်။ ကိုယ့်အကောက်ကို မမြင်ဘဲ၊ ဖြောင့်အောင်လုပ်ဖို့ သတိမမူဘဲ သူများအကောက်ကိုပြစ်တင်ကဲ့ရဲ့တတ်သူတွေလည်းရှိကြပါတယ်။

ညာပြီးတော့ပဲဖြစ်ဖြစ် ညာပြီးတော့ပဲဖြစ်ဖြစ် အကောက်ကြီး၊ အကောက်လတ်၊ အကောက်သေး တစ်ခုမှ မဖြစ်အောင် ရှောင်နိုင်ရပါမယ်။ အဖြောင့်ဖြစ်သွားအောင်လည်း အားစိုက်ပြင်ဆင်ရပါမယ်။ ဖြောင့်အောင် မပြင်နိုင်လို့၊ မပြင်မိလို့၊ ပြင်ရကောင်းမှန်းမသိလို့ဆက်ဆက်ပြီး ကောက်နေမယ်ဆိုရင် အကောက်သူတို့သွားရာလမ်းကို ကောက်ကောက်ပါအောင် လိုက်ရပါလိမ့်မယ်။

**မုဆိုးသည် မြားဖြောင့်နှင့် တစ်နေ့လည်၍ ရှာသော် လေ့လောင်းတစ်စင်းပြည့်၏။ တံငါသည် ငါးများကောက်နှင့် တစ်နေ့လည်၍ ရှာသော်လေ့လောင်း တစ်စင်း မပြည့်နိုင်။ ထို့ကြောင့် ကောက်သော် မစားလောက်၊ ဖြောင့်သော် မစားနိုင်ဟု ဆိုကြကုန်၏။ ။**

(ဝန်မင်းရာဇာ)

အောင်ချမ်းမြေ

- Air-Con
- 2B

(I) (Mon to Fri)
(Mon to Fri)

(II) (Thur ~ Fri)
(Sat ~ Sun)

(I) 06:30 am to 10:30 am (V) 11:30 am to 03:30 pm
(II) 07:30 am to 11:30 am (VI) 12:30 pm to 04:30 pm
(III)8:30 am to 12:30 pm (VII) 01:30 pm to 05:30 pm
(IV)09:30 am to 01:30 pm (VIII) 03:30 pm to 07:30 pm

(I)09:30 am to 01:30 pm (II) 11:30 pm to 03:30 pm

(50% Discount)
(I) (II) (III)
(Mon to Fri)
(I) 08:30 am to 12:30 pm, (II) 09:30 am to 01:30 pm
(III) 11:30 am to 03:30 pm, (IV)12:30 pm to 04:30 pm

(Sat,Sun, Mon, Tue, Wed) 7:30 am to 11:30 am

(Open 6:00 am to 7:00 pm)

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.29 • OCTOBER 6, 2011

## နိုင်ငံတစ်ဝန်း လောင်းကစားမှုပပျောက်ရေး အဆိုကို လွှတ်တော်အတည်ပြု

**သန်းဌေး၊ ဟိန်းထက်**

**ရန်ကုန်၊ စက်တင်ဘာ-၂၇**

နိုင်ငံတစ်ဝန်းလုံးတွင်လောင်းကစားမှုပပျောက်ရေးအဆိုကိုအမျိုးသားလွှတ်တော်က အတည်ပြုလိုက်သည်။

ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်းကိုကြီးမားစွာထိခိုက်နိုင်သည့် လောင်းကစားခြင်းများ ကင်းစင်ပပျောက်သွားစေရန် လူထုလှုပ်ရှားမှု အပါအဝင်နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးပါရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် ဇွန်လအတွင်း ပညာပေးကာလသတ်မှတ်ပြီး ဇူလိုင် ၁ ရက်မှ စတင်၍ အထူးစီမံချက်တစ်ရပ်ရေးဆွဲကာလောင်းကစားပပျောက်ရေးကော်မတီများဖွဲ့၍ ဌာနဆိုင်ရာအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ကဖြေကြားသည်။

လောင်းကစားသူများနှင့် ဆက်သွယ်ပြီးမသမာမှုပြုလုပ်သည်ဟု သတင်းများကြားသိရလျှင်၊ တိုင်စာများရောက်ရှိလာခဲ့လျှင် ချက်ချင်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူအပြစ်ပေးမှုများကို ပြုလုပ်လျက်ရှိကြောင်းလည်း ၎င်းကပြောသည်။

ထိုသို့ အရေးယူဆောင်ရွက်ရာတွင် လာဘ်ငွေယူခြင်း၊ တောင်းခြင်း စသည့် အကျင့်ပျက်ခြစားသော၊ လောင်းကစားသမားများနှင့် ဆက်သွယ်ပြီး မသမာမှုပြုလုပ်ကြသည့် တပ်ဖွဲ့ဝင်များ၊ လောင်းကစားမှုကို ဖမ်းဆီးရန် တာဝန်ပျက်ကွက်သည့် တပ်ဖွဲ့ဝင်များ၊ လောင်းကစားများထံမှ လာဘ်ငွေရယူသည့် တပ်ဖွဲ့ဝင်များအားရာထူးကြီးငယ်မရွေး စစ်ဆေးဖော်ထုတ်အရေးယူခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

လောင်းကစားပပျောက်ရေးကို ရန်ကုန်တိုင်းဒေသကြီး၌ ပြီးခဲ့သည့် မတ်လဆန်းမှစတင်၍ လုပ်ဆောင်ခဲ့ပြီးသက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်းလုပ်ဆောင်ခဲ့ကြသည်။

"ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ဖို့စံပြအနေနဲ့ရန်ကုန်တိုင်းဒေသကြီးမှာလောင်းကစားမှုတွေကို တင်းကျပ်စွာ အရေးယူဖော်ထုတ်ခဲ့ပါတယ်"ဟုသက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဆက်လက်၍ လောင်းကစားမှုတွင် နှစ်လုံးထီ၊ သုံးလုံးထီ၊ ဘောလုံးမှအစ အခြားလောင်းကစားများကို ရန်ကုန်တိုင်းဒေသကြီး၌ တင်းကျပ်စွာ အရေးယူခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာနှင့် အမေရိကန်သံတမန်များ ဝါရှင်တန်တွင် ထူးခြားစွာ တွေ့ဆုံ

**ရန်ကုန်၊ စက်တင်ဘာ- ၃၀**

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုလက္ခဏာများကို ကြိုဆိုသည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနအဆင့်မြင့်အရာရှိများ ဝါရှင်တန်တွင် စက်တင်ဘာ ၂၉ရက်ကထူးထူးခြားခြားတွေ့ဆုံစကားပြောဆိုခဲ့သည်။

မကြာသေးမီက ခန့်အပ်လိုက်သည့်မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ညှိနှိုင်းရေးမှူး Derek Mitchell, အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell, လူ့အခွင့်အရေးကျွမ်းကျင်သူ Michael Posner တို့နှင့် ဦးဝဏ္ဏမောင်လွင်တို့တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

"အခုတွေ့ဆုံမှုက ပြီးခဲ့တဲ့အပတ်က ကုလသမဂ္ဂမှာ မြန်မာအစိုးရကိုယ်စားလှယ်နဲ့ အမေရိကန်ရဲ့စေ့စပ်ညှိနှိုင်းရေးကြိုးပမ်းမှုနောက်ဆက်တွဲဖြစ်ပါတယ်။ ပြီးတော့စက်တင်ဘာလဆန်းပိုင်းက မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့ Derek Mitchell ခရီးစဉ်ရဲ့ နောက်ဆက်တွဲတွေ့ဆုံမှုလည်း ဖြစ်ပါတယ်"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Mark Toner ကပြောကြားသည်။

ဝါရှင်တန်အနေဖြင့် မြန်မာနိုင်ငံအပေါ် စေ့စပ်ညှိနှိုင်းရေးနှင့် ဒဏ်ခတ်ပိတ်ဆို့မှုနှစ်လမ်းသွားမူဝါဒအတိုင်း ဆက်သွားနေခြင်းဖြစ်သော်လည်း ယခုလက်ရှိ မြန်မာအစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နေခြင်းကဲ့သို့သော နိုင်ငံအတွင်း တိုးတက်မှုများကို ကြိုဆိုကြောင်း Mark Toner က ဆက်လက်ပြောကြားသည်။

"အခြားအရေးပါတဲ့ ပြဿနာတွေမှာလည်းဖြစ်ပေါ်တိုးတက်လာဖို့ကျွန်တော်တို့ ဆက်လက်အားပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရသူများ လွှတ်ပေးရေး၊ အမျိုးသားရင်ကြားစေ့ရေးကိုဦးတည်သည့် အတိုက်အခံအဖွဲ့အစည်းများ၊ လူနည်းစုတိုင်းရင်းသားများအားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်စေရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများဖြစ်ပေါ်ရေးစသည်တို့လည်းဆက်လက်တွန်းအားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

*—Ref: AFP*

## ယင်လပ်၏ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် အစီအစဉ်မရှိ



Photo - Reuters

**ဘန်ကောက်၊စက်တင်ဘာ-၃၀**

ထိုင်းနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ယင်လပ်ရှင်နာဝါထရာသည်စက်တင်ဘာ၅ရက်တွင်မြန်မာနိုင်ငံသို့သူမ၏ပထမဆုံးခရီးစဉ် အနေဖြင့်လာရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်းတွင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန်အစီအစဉ်မပါဝင်ကြောင်း ထိုင်းနိုင်ငံထုတ် သည်နေးရှင်းသတင်းစာတွင်ဖော်ပြထားသည်။

ထိုင်းအစိုးရထိပ်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကိုကိုးကားရေးသားထားသောထိုသတင်းတွင် ယင်လပ်သည် အောက်တိုဘာ ၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် နေပြည်တော်သို့ တစ်ရက်တာခရီးလာရောက်ကာသမ္မတဦးသိန်းစိန်နှင့်သာတွေ့ဆုံသွားမည်ဟုရေးသားဖော်ပြထားသည်။

ထိုင်းအစိုးရထိပ်တန်း အရာရှိတစ်ဦးအဆိုအရ ယခုခရီးစဉ်သည် ယင်လပ် ဝန်ကြီးချုပ်အဖြစ်တာဝန်ယူအပြီး အိမ်နီးချင်းဖြစ်သော မြန်မာနိုင်ငံသို့ မိတ်ဆက်သည့် အနေဖြင့်လာရောက်သောခရီးစဉ်တစ်ခုသာဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသို့ လာရောက်အပြီးတွင်အောက်တိုဘာ ၁၁ နှင့် ၁၂ ရက်တို့တွင် မလေးရှားနှင့် စင်ကာပူနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

ယင်လပ်ရှင်နာဝပ်ထရာသည် ရွေးကောက်တင်မြှောက်ခံရသော ထိုင်းနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာပြီး ရွေးကောက်တင်မြှောက်ခံရအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အကူအညီပေးရန် တိုက်တွန်းခဲ့သည်။

*—Ref: The Nation*

## မန်းကူးစက်ရောဂါကုဆေးရုံမှ အိမ်သာအခက်အခဲကို ဖြေရှင်းပေးမည်ဟုဆို

**မင်းဒင်**

**မန္တလေး၊ အောက်တိုဘာ - ၁**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကမ်းနားလမ်းရှိကူးစက်ရောဂါကုဆေးရုံကြီးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကုသမှုခံယူသူများအနေဖြင့် အိမ်သာခက်ခဲနေသည်ကို အဆင်ပြေစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူနာများဘက်က ယခုကဲ့သို့အခက်အခဲရှိကြောင်းကြားသိရ၍ မိမိတို့ဘက်ကလည်း ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာ အဆင့်ဆင့်သို့တင်ပြပြီးဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"အားလုံးအဆင်ပြေတယ်။ ဆရာဝန်၊ ဆရာမတွေကလည်း ဂရုစိုက်တယ်။ လူနာရောက်လာတာနဲ့ တစ်ခါတည်းကိုတန်းပြီး ဆေးတိုက်၊ ဆေးပုလင်းချိတ်လုပ်ပေးတာ၊ တစ်ခုပဲ၊ အိမ်သာက နှစ်လုံးပဲရှိတယ်။ လူနာတွေပြုံကျလိုက်တော့ အိမ်သာထဲအညစ်အကြေးသွန်ဖို့ကိုစောင့်နေရတယ်"ဟု အဆိုပါဆေးရုံသို့တက်ရောက်၍ ဆေးကုသမှုခံယူခဲ့သူတစ်ဦး၏ လူနာစောင့်ကပြောကြားသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်ရာ လူနာစောင့်ထက်ပို၍ ဆွေမျိုးသားချင်းများ လိုက်ပါလာမှုသည် ရောဂါကူးစက်ပျံ့နှံ့မှုအတွက် အားပေးရာရောက်မည်ဖြစ်သလို အဆိုပါလူနာစောင့်များကြောင့် လူများ၍အိမ်သာ အဆင်မပြေသည်လည်း ဖြစ်နိုင်ကြောင်း တာဝန်ရှိသူများကပြန်လည်ဖြေကြားသည်။

ဝမ်းပျက်ဝမ်းလျှောလူနာများ ကုသရာဆေးရုံများတွင် အိမ်သာလုံလောက်စွာရှိရန်နှင့် အိမ်သာသန့်ရှင်းမှုရှိရန်မှာ အရေးကြီး၍ အဆိုပါလိုအပ်ချက်များ လျင်မြန်စွာဖြည့်ဆည်းပေးနိုင်ပါက ပိုကောင်းမည်ဟုထင်မြင်မိကြောင်း လူနာစောင့်တစ်ဦးကလည်း သူ၏အမြင်ကိုပြောသည်။

ယခုရက်ပိုင်းအတွင်း မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီး၌ ဝမ်းပျက်ဝမ်းလျှောရောဂါကွက်ကျားဖြစ်ပွားလျက်ရှိရာ ရေကို ကျိုချက်သောက်သုံးရန်၊ မကျိုချက်နိုင်ပါက ကလိုရင်းခတ်ထားသည့်ရေအားသောက်သုံးရန်၊ အစားအစာသန့်ရှင်းရန်၊ ယင်နားစာများ မစားကြရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးရန်များပြုလုပ်ပြီး ကြိုတင်ကာကွယ်ထားသင့်ကြောင်း တာဝန်ရှိသူဆရာဝန်တစ်ဦးက ပြောကြားသည်။

## နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလာနိုင်ခြင်းကြောင့် မနလေးမြေဈေးမြောက်

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ-၃၀**

မန္တလေးမြို့အချက်အချာကျသောနေရာများတွင် နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံခွင့်ပြုလိုက်သဖြင့် မန္တလေးမြို့လယ်ဗဟို(Down Town)ဧရိယာတွင် မြေဈေးကွက်မှာ ပိုမိုမြင့်တက်သွားကြောင်း ဝါရင့်မြေပွဲစားကြီးများထံမှသိရသည်။

"မန္တလေးမြို့ ၂၆ လမ်းနှင့် ၃၅ လမ်းကြား၊ ၈၄ လမ်းနှင့် ၆၂ လမ်းကြား အဓိကလမ်းမကြီးတွေမှာ မြေဈေးက မြင့်သွားပါတယ်။ ယခင်ပေါက်ဈေးထက် ၂ဆမှ ၅ဆအထိ တက်သွားတာပါ။ ဒီလိုတက်ရခြင်းဟာလည်း မန္တလေးမြို့မှာ နိုင်ငံခြားက ကားအရောင်းပြခန်း (Show Room)တွေလုပ်ဖို့ရယ်၊ နိုင်ငံခြားကုမ္ပဏီများလာရောက် အခြေစိုက်ပြီးရင်းနှီးမြှုပ်နှံမှုတွေလုပ်နိုင်တာရယ်ကြောင့်"ဟု၎င်းကပြောသည်။

မန္တလေးမြို့ မြေဈေးမှာ ယခင်တန်ကြေးထက် နှစ်ဆမှ ငါးဆမြင့်တက်လာခဲ့သည်ဟုဆိုသည်။

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## မှတ်ဆိတ်နှင့် နှုတ်ခမ်းမွေးရိတ်ရခြင်းအကြောင်း ကျော်သူဖွင့်ဟ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ- ၁**

မှတ်ဆိတ်နှင့် နှုတ်ခမ်းမွေးရိတ်ရခြင်းမှာ မြစ်ဆုံစီမံကိန်းရပ်ဆိုင်းခြင်းကြောင့်မဟုတ်ကြောင်း ကျော်သူကပြောသည်။

အောက်တိုဘာလ ၁ရက်က အင်တာနက် စာမျက်နှာများထက်တွင် မြစ်ဆုံစီမံကိန်းရပ်ဆိုင်းလိုက်ခြင်းကို ကြို ဆိုဂုဏ်ပြုသည့် အနေဖြင့် ကျော်သူက ၎င်း၏မှတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများကို ရိတ်လိုက်ကြောင်း သတင်းများထွက်ပေါ် လာသဖြင့် ကာယကံရှင်ထံ 7 Day News က မေးမြန်းရာ "မှတ်ဆိတ်နဲ့နှုတ်ခမ်းမွေးတွေ ရိတ်ပစ်လိုက်တာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းလိုက်လို့ ရိတ်လိုက်တာ မဟုတ်ပါဘူး။ တိုက်ဆိုင်သွားတာပါ။ ဦးက အမိဋ္ဌာန် ၉ ရက်ဝင်နေပါတယ်။ အမိဋ္ဌာန်က ထွက်ပြီးပြီးချင်းပဲ ကိုယ့်အမိဋ္ဌာန်နဲ့ကိုယ် ရိတ်ပစ်လိုက်တဲ့ အချိန်နဲ့ ဒီမြစ်ဆုံစီမံကိန်းသတင်း ကြားရတဲ့အချိန် တိုက်ဆိုင်ပြီး သတင်းတွေဖြစ်သွားတာပါ" ဟု ဖြေကြားခဲ့သည်။

စက်တင်ဘာလ ၃၀ ရက်စွဲဖြင့် လွှတ်တော်သို့ပေးပို့ခဲ့သော နိုင်ငံတော်သမ္မတ၏ မြစ်ဆုံစီမံကိန်းရပ်ဆိုင်းကြောင်း သဝဏ်လွှာအပေါ် ဧရာဝတီကိုချစ်ခင်သူ တစ်ဦးအနေဖြင့်ဝမ်းမြောက်ကြိုဆိုကြောင်းကိုလည်း ကျော်သူက ဆက်လက်ပြောသည်။

"မြစ်ဆုံစီမံကိန်း ရပ်လိုက်တဲ့သတင်းကြားရတာ ကောင်းပါ တယ်။ တိုင်းပြည်က ဒီမိုကရေစီလမ်းကြောင်းပေါ် သွားနေတဲ့ အချိန်မှာ နိုင်ငံတော်သမ္မတကြီးက အများပြည်သူရဲ့ အသံကို နားထောင်ပြီး အများပြည်သူရဲ့ဆန္ဒကို လိုက်လျောပေးတဲ့အပေါ် ဝမ်းသာပါတယ်။ ဒီလိုအချိန်က တိုင်း ပြည်အတွက် တကယ့်ကို ကြိုဆိုသင့်တဲ့အချိန်ပါ" ဟု ပြောကြားသွားသည်။




## မျက်နှာဖုံး-မြစ်ဆုံစီမံကိန်းကို အစိုးရသက်တမ်းအတွင်း ရပ်ဆိုင်းထားမည် မှ

ထိုသဝဏ်လွှာမှာ စာမျက်နှာလေးမျက်နှာပါဝင်ပြီး အဓိကအားဖြင့် ပြည်သူတို့၏ မြစ်ဆုံအပေါ် စိုးရိမ်ပူပန်မှုများကို ထည့်သွင်းရေးသား ထားပြီး မိမိတို့အစိုးရအနေနှင့်ပြည်သူများက ရွေးကောက်တင်မြှောက် ထားသော အစိုးရဖြစ်သည့်အတွက် ပြည်သူ့ဆန္ဒကို အလေးထားဖြေ ရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသဖြင့် မြစ်ဆုံစီမံကိန်းကို အစိုးရ သက်တမ်းအတွင်း ဆက်လက်တည်ဆောက်ခြင်းမပြုဘဲ ရပ် ဆိုင်းသွား မည့်အကြောင်းကို လွှတ်တော်များသို့ သဝဏ်လွှာပို့ကာ အသိပေး ခဲ့ခြင်းဖြစ်သည်။

မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်ပူပန်မှု များကို အချက်ငါးချက်ဖြင့် ရေးသားထားပြီး ယင်းအချက်များတွင် သဘာဝက လက်ဆောင်ပေးထားသော ကချင်ပြည်နယ်ရှိ သဘာဝ အမွေအနှစ်မြစ်ဆုံနေရာပျောက်ကွယ်သွားနိုင်ခြင်း၊ ရာသီဥတုပြောင်း လဲခြင်းကြောင့် ရေခဲတောင်များ အရည်ပျော်ခြင်း၊ မြစ်ညာအထက်ပိုင်း ရှိတိုင်းရင်းသားကျေးရွာများ ရေနစ်မြုပ်၍ ၎င်းတို့၏ အသက်မွေးဝမ်း ကျောင်းများ ဆုံးရှုံးပျက်စီးနိုင်ခြင်း၊ ထိုဒေသရှိကျွန်းနှင့် ရာဘာစိုက်ခင်း များ ရေမြုပ်ပျက်စီးသွားနိုင်ခြင်းနှင့် အရေးအကြီးဆုံးဖြစ်သော ဧရာ ဝတီမြစ်ကြီး ထိခိုက်ပျက်စီးနိုင်ခြင်းတို့ကြောင့် ရပ်ဆိုင်းသွားရန်ဆုံးဖြတ် ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ချုပ်ဆိုထားသောစာချုပ်နှင့်ပတ်သက်၍ နှစ် နိုင်ငံမိတ်မပျက်အောင် သဘောတူလက်ခံသည်အထိ ညှိနှိုင်းသွား မည်ဟုလည်း သဝဏ်လွှာတွင် ရေးသားထားသည်။

လိုအပ်သောလျှပ်စစ်ဓာတ်အားများကိုလည်း အခြားသောနေရာ များတွင် စီမံကိန်းများဖြင့် သေချာစွာလေ့လာစိစစ်ကာထုတ် လုပ်သွား နိုင်ရန် ကြိုးပမ်းသွားမည်ဟု သမ္မတက ပြောကြားထားကြောင်း နိုင်ငံ တော်သမ္မတရုံးမှ သတင်းရရှိသည်။

### မြစ်ဆုံစီမံကိန်းရပ်ဆိုင်းလိုက်ခြင်းအပေါ် အမြင်များ

"ကောင်းတာပေါ့။ ပညာရှင်တွေရဲ့စကားကို အလေးထားပြီး ပြည်သူတွေရဲ့စကားကို နားထောင်တယ်။ အစိုးရကိုလည်း နောက်ပိုင်း ဒီလိုပြည်သူ့ဆန္ဒအတိုင်း ဆက်လုပ်သွားနိုင်ပါစေလို့ ဆုတောင်းပါ တယ်။ စီမံကိန်းရပ်တဲ့နောက်ပိုင်းမှာ မြစ်ဆုံက သစ်ထုတ်လုပ်ရေးတွေ၊ ရွှေတူးဖော်ရေးတွေကိုပါ တစ်ပြိုင်တည်းရပ်ရမယ်"

**ဒေါက်တာထင်လှ၊ ဥက္ကဋ္ဌ**
**ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA)**

"မြန်မာလူမျိုးတွေဟာ အရေးကြီးရင် သွေးနီးကြပါတယ်။ ဒီလို ဆုံးဖြတ်ချက်ချပေးတဲ့ သမ္မတကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရှေ့လျှောက်လည်း ဒီလိုနိုင်ငံကောင်းသွားမယ့် ဆုံးဖြတ်ချက်တွေကိုချ သွားဖို့လည်း မျှော်လင့်ပါတယ်။ ဧရာဝတီအရေးက မြစ်ဆုံစီမံကိန်းရပ် သွားရုံနဲ့ မပြီးသေးပါဘူး။ တူးခွင့် ပေးထားတဲ့ ရွှေတူးလုပ်ငန်းတွေ၊ သစ်ထုတ်လုပ်ငန်းတွေပါ တစ်ပြိုင်တည်းရပ်ဖို့လိုတယ်။ မြစ်ဆုံစီမံ ကိန်းရပ်သွားတာကတော့ ပြောမပြတတ်အောင် ဝမ်းသာတယ်လို့ပြော ချင်တယ်"

**ဦးစိုးညွန့်၊ ဥက္ကဋ္ဌ**
**မြန်မာငှက်နှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးအသင်း**

"သမ္မတရဲ့ အဆုံးအဖြတ်ကို တကယ့်ကိုကြိုဆိုပါတယ်။ ထောက် ခံပါတယ်။ ဝမ်းလည်းသာပါတယ်။တကယ်ဆိုရင် အခု လက်ရှိအစိုးရ သက်တမ်းမှာတင်မဟုတ်ဘဲ ဘယ် အစိုးရတက်လာတက်လာ ဧရာ ဝတီမြစ်ရဲ့အစဖြစ်တဲ့ မြစ်ဆုံနေရာ မှာ ဆောက်မယ့်ဆည်ကို ရပ်သင့် ပါတယ်"

**ဦးစိုးဝင်းငြိမ်း(Green Hearts Environment Network )**

"ဝမ်းသာတာတောင် မကပါဘူး။ ဘယ်လိုပြောမလဲ။ ကြားကြား ချင်းအရမ်းပျော်သွားတယ်။ ဒီကိစ္စကို လွှတ်တော်မှာ ကချင်လူထု ကိုယ် စားပြောပေးကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း အရမ်းကျေးဇူးတင်တယ်။ အခုမှပဲ စိတ်အေးလက်အေးဖြစ်သွားတာ ပေါ့။ အသက်ကယ်ဆေး ထိုးလိုက်သလိုပါပဲ။ ကျေးဇူးလည်း အရမ်းတင် ပါတယ်။

**လူမှုကူညီရေးလုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ**
**အသက်၄၀ကျော် ကချင်တိုင်းရင်းသူတစ်ဦး**

"မြစ်ဆုံစီမံကိန်းကို ရပ်လိုက်တာဟာ အစိုးရရဲ့ အင်မတန် ကောင်း တဲ့ဆုံးဖြတ်ချက်ပါ။ ရဲရင့်မှန်ကန်တဲ့ခြေလှမ်းပါ။ ဒီလိုပဲ ပြည်သူလူထုရဲ့ ဆန္ဒကို အလေးထားပြီး ဒီလိုပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆုံးဖြတ်ချက်တွေ ချသွားဖို့ လို အပ်ပါတယ်"

**ဦးကျော်ရင်မြင့်(စာရေးဆရာ)**

# လွတ်ငြိမ်းချမ်းသာခွင့်ကို သမ္မတက ကတိပြုလိုက်သည့်အတွက် မျှော်လင့်ချက်ပိုမိုအားကောင်းလာဟုဆို

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ အောက်တိုဘာ- ၁**

နိုင်ငံတော်သမ္မတက အကျဉ်းသားများလွှတ်ပေးရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားလိုက်သည့်အတွက် သည်ရက်ပိုင်းများအတွင်း သတင်းထွက်ပေါ်နေသည့် အကျဉ်းကျခံများလွတ်မြောက်ရေးမှာပို၍အားတက်စရာဖြစ်လာကြောင်း လွတ်ငြိမ်းချမ်းသာခွင့်မျှော်လင့်သူများက သုံးသပ်ပြောကြားသည်။

အကျဉ်းသားများလွှတ်ပေးရေးကိစ္စများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အခွင့်အာဏာအတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက လွှတ်တော် နှစ်ရပ်သို့ပေးပို့သည့် ဧရာဝတီမြစ်ဆုံစီမံကိန်းကိစ္စသဝဏ်လွှာတွင် ကတိပြုပြောကြားထားခြင်းဖြစ်သည်။

"မြစ်ဆုံကိစ္စကိုနောက်ဆုတ်ပေးဖို့ဆုံးဖြတ်လိုက်တဲ့အတွက် အကျဉ်းသားကိစ္စကတိပေးတာကို ယုံကြည်မျှော်လင့်ဖို့အားရှိသွားတာပေါ့။ အခုရက်ပိုင်းမှာကို ကောလာဟလတွေကလည်း ထွက်နေတာရှိတယ်။ ပြီးတော့ ဦးအောင်ကြည်နဲ့ဒေါ်အောင်ဆန်းစုကြည်တွေ့တော့လည်း ဆွေးနွေးတာမှာ ဒီကိစ္စပါတယ်လို့ပြောထားတယ်။ အရင်ကထက်စာရင်တော့ပိုမျှော်လင့်လို့ရသွားတာပေါ့" ဟု အကျဉ်းသားလွတ်မြောက်ရေး အမြန်ဆုံးဖြစ်ရန် မျှော်လင့်နေသည့် နိုင်ငံရေးလှုပ်ရှားသူတစ်ဦးကပြောသည်။

ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်နေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကလည်း သင့်လျော်သော မကြာမီကာလအတွင်း လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ရှိကြောင်း အစည်းအဝေးရက်အတွင်းက ပြောကြားခဲ့သည်။

ထို့အပြင် သင့်လျော်သောကာလတွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဩဂုတ်လ ၂၆ရက်က လွှတ်တော်အစည်းအဝေးတွင်တင်ပြတောင်းဆိုလိုက်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ကို နိုင်ငံတော်သမ္မတအနေဖြင့် ချင့်ချိန်သုံးသပ်ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်သောကြောင့်တင်ပြခြင်းဖြစ်ကြောင်း ပြောကြားသွားကြသည်။

## ပျောက်ဆုံးနေသော နဝမတန်းကျောင်းသူ ပြန်တွေ့

**မင်းဒင်**

**မန္တလေး၊ အောက်တိုဘာ-၃**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အ. ထ. က(၁၂) တွင်ပညာသင်ကြားနေသည့်နဝမတန်းကျောင်းသူပျောက်ဆုံးအပြီး ရက်နှစ်ဆယ်ကျော်အကြာ၌ ရန်ကုန်မြို့တွင် တွေ့ရှိ၍ ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်း၏ဖခင်က ပြောကြားသည်။

စက်တင်ဘာ ၄ ရက်မှစတင်ပျောက်ဆုံးခဲ့ပြီး အောက်တိုဘာ ၁ရက်တွင် မိတ်ဆွေတစ်ဦး၏ အကြောင်းကြားချက်အရ ရန်ကုန်မြို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် တွေ့ရှိခဲ့ပြီး ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ ခြင်းဖြစ်သည်။

ကျောင်းစာနှင့်ပတ်သက်၍ မိဘကဆူသောကြောင့် စိတ်ကောက်၍ ရန်ကုန်သို့သွားသော ရထားဖြင့် လိုက်သွားခဲ့သည်။ ရထားပေါ်တွင် အမျိုးသမီးတစ်ဦး၏ အကူအညီ၊ ရထားပေါ်ရှိ တာဝန်ကျရဲတပ်ဖွဲ့တစ်ဦးနှင့် ရန်ကုန်မြို့ မီးရထားဘူတာဝင်းအတွင်းမှ လက်ဖက်ရည်ဆိုင်၏အကူအညီဖြင့် သူမ၏လိပ်စာကို အချိန်ယူစုံစမ်း၍ နေအိမ်ပြန်ပို့ပေးနိုင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

# မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းလိုက်ခြင်းကို ကချင်ဒေသခံများ ကြိုဆို

**အေးမြကျော်**

**ရန်ကုန်၊ အောက်တိုဘာ-၃**

သမ္မတဦးသိန်းစိန်အစိုးရ သက်တမ်းအတွင်းတွင် မြစ်ဆုံ ရေအားလျှပ်စစ်ထုတ်ယူမည့်စီမံကိန်းကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်ခြင်းကို ကချင်ပြည်နယ်မှဒေသခံများက ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကြိုဆိုကြောင်း ဒေသခံများက ပြောကြားသည်။

ကချင်တိုင်းရင်းသားတို့၏ အသည်းနှလုံးဟုတင်စားသော မြစ်ဆုံနေရာတွင် ရေမြုပ်ဧရိယာ ကေပေါင်း ၉၈သိန်း ရေမြုပ်မည့် စီမံကိန်းကို အစိုးရသက်တမ်း ငါးနှစ်တာသက်တမ်းအတွင်း ရပ်နားသွားမည်ဖြစ်ကာ အကျိုးတူပူးပေါင်း လုပ်ကိုင်နေသော တရုတ်နိုင်ငံနှင့်မိတ်ဝတ်မပျက်အောင် စာချုပ်ကိစ္စများညှိနှိုင်းသွားမည်ဆိုသည့် သဝဏ်လွှာတွင်ပါဝင်သောသမ္မတ၏ဆုံးဖြတ်ချက်ကြောင့် ရေကာတာကို စိတ်ပူခဲ့ကြသော မြစ်ကြီးနားဒေသခံများအပါအဝင် ကချင်လူမျိုးများ အတိုင်းအတာတစ်ခုအထိ စိတ်သက်သာရာရခဲ့ကြောင်းကချင်ပြည်နယ်ဒေသခံများကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှုများအရ သိရသည်။

"အသက်ကယ်ဆေးထိုးလိုက်သလိုပါပဲ။ ဒီသတင်းကိုကြားကြားချင်း ဝမ်းသာတာမှ ဝမ်းသာတယ်လို့ပြောတာ ထက်ကိုပိုပါတယ်"ဟု အသက် ၄၀ အရွယ်ရှိ ကချင်တိုင်းရင်းသူတစ်ဦးက 7DayNews ၏ဆက်သွယ်မေးမြန်းမှုကိုဖြေကြားသည်။

တမံအမြင့်ပေ ၅၀၀နီးပါးရှိမည့် ရေကာတာပြီးဆုံးလျှင် မမျှော်လင့်ထားသော ဘေးအန္တရာယ်များကြောင့် ရေကာတာကျိုးပေါက်မည်ကို စိုးရိမ်ခဲ့ကြသော မြစ်ကြီးနားမြို့ခံများမှာ သမ္မတဦးသိန်းစိန်၏ ဆုံးဖြတ်ချက်ကို ကျေးဇူးတင်ကြောင်း တူညီစွာပြောကြားကြသည်။

"မြစ်ဆုံရပ်ပြီလို့ကြားတော့ ဘယ်လိုပြောမလဲ ။တစ်ပူတော့ လျော့သွားတာပေါ့နော" ဟု အသက် ၂၉ နှစ်အရွယ်ရှိ လူမှုကူညီရေးအဖွဲ့အစည်းတစ်ခုတွင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော ကချင်တိုင်းရင်းသူ မရိန်နော်ကပြောကြားသည်။

သမ္မတက မြစ်ဆုံကိုရပ်ဆိုင်းထားမည်ဟုတရားဝင်ပြောကြားအပြီး နောက်တစ်နေ့တွင် မြစ်ဆုံစီမံကိန်းနေရာသို့သွား ရောက်ခဲ့သောမြစ်ကြီးနားမြို့ခံတစ်ဦးက "မိုးရွာနေလို့လားတော့မသိဘူး။ ဘာမှ ထူးထူးခြားခြားမတွေ့ခဲ့ရဘူး။ ခုမှပြောပြီးတာဆိုတော့ တရုတ်အလုပ်သမားတွေ၊ အင်ဂျင်နီယာတွေ ချက်ချင်းဘယ်ပြန်ဦးမလဲ။ ရွှေမှော်တွေကတော့ အပြည့်ပဲတွေ့ခဲ့တယ်။ တန်ဖဲရွာမှာ(မြစ်ဆုံစီမံကိန်း တည်ဆောက်မည့်ရွာ)"ဟု သူမြင်တွေ့ခဲ့ရသည့် မြစ်ဆုံမြင်ကွင်းကိုပြောပြသည်။

ယင်းကပင်ဆက်လက်၍ "မြစ်ဆုံစီမံကိန်း ရပ်လိုက်သလို ရွှေမှော်တွေကိုပါချက်ချင်းရပ်ခိုင်းမှ အဆင်ပြေမယ်ထင်တယ်။ အခုတွေ့ရသလောက်တော့ အဲနားတစ်ဝိုက်ရွာတွေမှာ ရွှေမှော်တွေကြောင့် တော်တော်ရုပ်ဆိုးနေပြီ" ဟု ပြောကြားသည်။



# Current Affairs

7DAY NEWS JOURNAL
Vol.10, No.29 · OCTOBER 6, 2011

## ကားအဟောင်း၆၀၀၀ကျော်အပ်နှံပြီး၊ကားသွင်းခွင့်လိုင်စင်၈၀၀ကျော်ခွင့်ပြုထား

**အားမာန်**

**ရန်ကုန်၊အောက်တိုဘာ-၃**

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအဖွဲ့ထံသို့ အောက်တိုဘာ ၁ ရက်အထိ ကားအဟောင်း အစီး ၆၀၀၀ ကျော်လာရောက်အပ်နှံပြီး၊ အောက်တိုဘာ ၃ ရက်အထိ အစားထိုးရန်ကားသွင်းခွင့်လိုင်စင် ၈၆၀ ကျော် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

တစ်နိုင်ငံလုံးရှိ ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအဖွဲ့ ၁၈ဖွဲ့ထံသို့ အောက်တိုဘာ ၁ ရက်အထိ လာရောက်အပ်နှံသောကားအစီးရေတွက် ၆၀၈၉ စီးရှိပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသည်။ ကားဟောင်းအပ်နှံ၍ အစားထိုးကားတင်သွင်းခွင့် လိုင်စင်လျှောက်ထားသူများထဲမှ အောက်တိုဘာ ၃ ရက်ထိ ၈၆၀ ကျော်ကိုကားသွင်းခွင့်လိုင်စင်များချထားပေးလိုက်ပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သွင်းကုန်ဌာနညွှန်ကြားရေးမှူး ဦးကိုမင်းကပြောသည်။

ကားသွင်းခွင့်လိုင်စင်များမှာ လိုင်စင်စထုတ်ပေးသည့်ရက်မှ သုံးလသက်တမ်းရှိသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်သက်တမ်းရှိကာလအတွင်း ကားမတင်သွင်းခဲ့နိုင်ပါကလည်း လိုင်စင်သက်တမ်းထပ်မံတိုးမြင့်ပေးရန် အစီအစဉ်ရှိကြောင်းသွင်းကုန်ဌာနမှ တာဝန်ရှိသူကဆိုသည်။

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်မှ ကားတင်သွင်းသောအခါ လိုင်စင်လျှောက်ထားစဉ်က ဖော်ပြထားသောမော်ဒယ်နံပါတ်နှင့် အမှန်တကယ်တင်သွင်းလာသောမော်ဒယ်နံပါတ်မတူညီပါကလည်း ခွင့်ပြုထားသောမော်ဒယ်အတွင်းဖြစ်နေပါကခွင့်ပြုပေးမည်ဖြစ်ကြောင်း သွင်းကုန်ဌာနမှ တာဝန်ရှိသူကပြောသည်။ သို့သော်ထိုသို့ကွဲလွဲမှုအတွက် အကောက်ခွန်ဌာနသို့သတ်မှတ်တန်ကြေးပေးဆောင်ရမည်ဖြစ်သည်။

လိုင်စင်တွင် ဖော်ပြထားသောမော်ဒယ်နံပါတ်နှင့် တင်သွင်းလာသောမော်ဒယ်နံပါတ် ကွဲလွဲနေသည့်အပြင်၊ တင်သွင်းလာသည့်မော်ဒယ်မှာ ခွင့်ပြုထားသောမော်ဒယ်ထက်မြင့်နေပါက ပြည်သူပိုင်အဖြစ် သိမ်းဆည်းခံရမည် ဖြစ်ကြောင်း တာဝန်ရှိသူက ရှင်းပြသည်။

"ဥပမာ တိုယိုတာဆလွန်းဆိုရင် ၁၉၉၅ ကနေ ၂၀၀၂ မော်ဒယ်အထိခွင့်ပြုထားတယ်။ လိုင်စင်မှာ လျှောက်တော့ ၂၀၀၀ မော်ဒယ်လျှောက်ပြီး ၂၀၀၂ မော်ဒယ်တင်သွင်းလာရင် လိုင်စင်မှာဖော်ပြထားတာနဲ့ကွဲလွဲနေပေမယ့် ခွင့်ပြုထားတဲ့ အတွင်းမှာဖြစ်တော့ ရတယ်။ ဒါပေမဲ့ အကောက်ခွန်ဌာနကို သတ်မှတ်ဒဏ်ကြေးဆောင်ရမယ်။ နောက်တစ်မျိုးက သူက ၂၀၀၂ မော်ဒယ်လျှောက်ထားပြီး တင်သွင်းခွင့်မပြုတဲ့ ၂၀၀၃ မော်ဒယ်တင်သွင်းလာရင်တော့ ပြည်သူပိုင်အသိမ်းခံရမယ်" ဟု သွင်းကုန်ဌာနမှ တာဝန်ရှိသူက ရှင်းပြသည်။

နေပြည်တော်ရှိ One Stop Service သို့ လိုင်စင်လာရောက်လျှောက်ထားသူများတွင် တစ်ဆင့်ခံဝန်ဆောင်မှုပေးသောကုမ္ပဏီမှ တစ်ဆင့် လျှောက်ထားသူအများဆုံးဖြစ်ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-အောင်ဘာလေထီအပိုဂုဏ်ပြုဆုပေးသည့်အစီအစဉ် ပယ်ဖျက် မှ

ယင်းသို့လုပ်ဆောင်ခြင်းကိုတွေ့ရှိပါက တည်ဆဲဥပဒေများ အရအရေးယူခြင်းခံရဖွယ်ရှိကြောင်း တွေ့ဆုံပြောကြားခဲ့သည်ဟုသိရသည်။

အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်သည့်(၂၇၃)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲ အထိသာကျပ်သိန်း ၁၀၀၀ ဆုပေါက်သူကိုအပိုဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀၀ နှင့်အရောင်းကိုယ်စားလှယ်ကို အပိုဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ ပေးအပ်ချီးမြှင့်ခွင့်ရှိသည်ဟုသိရသည်။

"အပိုဆုဖြုတ်လိုက်တဲ့အတွက် ထီဈေးကွက်အလားအလာကတော့ အကောင်းအဆိုးမျှခြေပဲရှိမယ်လို့ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ထီဈေးကွက်က အဆင့်ဆင့်သွားတဲ့ပုံစံဖြစ်နေလို့ပါ။ တခြားနိုင်ငံတွေမှာ ဆိုရင် အွန်လိုင်းစနစ်ကသွားတဲ့အတွက် စရိတ်ဆိုတာမရှိဘူး။ ထီအတွက် ငွေအရင်းအနှီးမလိုဘူး။ ရောင်းမကုန်တဲ့ထီအပေါ်မှာ ဆုံးရှုံးမယ့်ငွေကြေးမရှိဘူး။ ဒီမှာက ထီကုန်သည်ဆီကနေတစ်ဆင့်ဆင့်ကဲဆင့်ကဲ ယူရောင်းတဲ့အတွက် ပြင်ဆင်စရိတ်၊ သယ်ပို့စရိတ်၊ ထိန်းသိမ်း၊ဖြန့်ဖြူးတဲ့စရိတ်စတာတွေကြောင့် မူရင်းဖြန့်ဈေးအတိုင်းမရောင်းနိုင်တာပါ။ ၂၇ လမ်းထဲက ထီဖြန့်ချိရေးဆိုင် တွေမှာ မူရင်းဈေးရောင်းဈေးနဲ့ဝယ်လို့ရပါတယ်။ အပိုဆုဖြုတ်လိုက်တော့ ထီဈေးကြီးရတာ ထီကုန်သည်တွေ အပိုဂုဏ်ပြုဆုကြောင့် ဈေးတင်ရောင်းတယ်ဆိုတဲ့ ယူဆချက်ကို ပယ်ဖျက်ပြီးသားဖြစ်သွားတာပေါ့" ဟုဝါရင့်ထီလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

"ထီကို ဝါသနာအလျောက်ထိုးလာခဲ့တာ နှစ်ပေါင်း၄၀သက်တမ်းအတွင်း ၉၃ကြိမ် ပေါက်ခဲ့ဖူးပါတယ်။ အပိုဆုပေးခြင်း၊ မပေးခြင်းက အရေးမကြီးပေးမယ့် ထီဈေးကျခြင်း၊ မကျခြင်းကသာ ထီဝါသနာရှင်တွေအတွက် အရေးကြီးပါတယ်။ အပိုဂုဏ်ပြုဆု သိန်း ၅၀၀ဆိုတာက သိန်း၁၀၀၀ ပေါက်တဲ့သူ တစ်ယောက်တည်းကပဲရတာ။ တစ်ဦးတည်းရဖို့အတွက် အားလုံးက ထီကို ဈေးကြီးပေးပြီး ဝယ်ထိုးနေရသလိုဖြစ်နေတယ်။ ထီဈေးကျလာတာကို ကြိုဆိုပါတယ်။ ထီတောင် ပိုထိုးနိုင်တာပေါ့"ဟု လစဉ်ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းဖိုးအထိ အကုန်အကျခံကာ ပုံမှန်ထီထိုးသူတစ်ဦးက ပြောကြားသည်။


အောင်ဘာလေထီဈေးကွက်တွင် ထီတစ်စောင်ကျပ် ၃၀၀ မှ ၄၀၀ ဈေးဖြင့်ဈေးမြောက်ခဲ့သည့် ထီမှာ လက်တလောဈေးကွက်တွင် တစ်စောင်လျှင် လက်လီဈေး ၂၅၀ ကျပ်ဝန်းကျင်နှင့်လက်ပွေ့၊ ထီကား၊ ထီတွန်းလှည်းများတွင် ကျပ် ၂၇၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိသည်ဟုစုံစမ်းသိရသည်။

**-ပြင်ဆင်ဖတ်ရှုပါရန်**

7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်(၂၈) စာမျက်နှာ၁၉ ပါ'ရန်ကုန်တွင် ပွင့်လင်းရာသီ၌ အိမ်ရာစီမံကိန်းသစ်များ တိုးချဲ့မည်'သတင်းမှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ရယူထားခြင်းမဟုတ်ပါကြောင်းနှင့် ထိုသို့မှားယွင်းစွာဖော်ပြခဲ့ခြင်းအတွက်သက်ဆိုင်ရာဌာနအား 7Day News အနေဖြင့်တောင်းပန်ပါကြောင်း ဖော်ပြအပ်ပါသည်။

-7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်(၂၅) စာမျက်နှာ၁၄ ပါ **ကင်ဆာရောဂါဖြစ်ပွားမှုများနေ** သတင်းမှ 'ဆေးရုံကြီးက ကင်ဆာရောဂါဌာနဆိုရင်လည်း သက်ဆိုင်ရာ ဆရာဝန်တွေက အပြင်မှာ အလှူရှင်တွေရှာပြီး မတတ်နိုင်တဲ့ သူတွေကိုဆေးဖိုးခံပြီး ကုသနေရတာတွေလည်းရှိတယ်'ဟုဒေါက်တာနီလာအောင်က ပြောကြားသည်အစား ဦးလှထွန်း(ကင်ဆာဖောင်ဒေးရှင်း)မှ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်ဟုပြင်ဆင်ဖတ်ရှုပါရန်။

**အယ်ဒီတာ**







**TRADEMARK CAUTION**

GEOX S.P.A., a company incorporated in Italy at VIA FELTRINA CENTRO 16 MONTEBELLUNA LOC. BIADENE (TREVISO) ITALY is the Owner and Sole Proprietor of the following Trademark:-

**GEOX**

Reg:No.4/74/2005
Reg:No.4/4400/2008

In respect of : Int'l class 3, perfumes, toilet water, personal deodorants, essential oils for personal use, body lotions, aftershave lotions, shaving balms, shaving cream, shoe cream, shoe polish; shower gel, bubble bath, bath pearls, skin soaps, eye shadows, cosmetic pencils, foundation make-up, face powders, talcum powder, rouges, lipsticks, mascaras, skin cleansing creams, skin cleansing lotions, sun screen preparation, nail polish, beauty masks, facial scrubs, face creams, body creams; cosmetic creams, creams and gels all for weight reduction or slimming purposes; cosmetic creams, creams and gels all for the prevention, reduction and elimination of cellulite; hair shampoos, hair sprays, hair lotions, hair dye, hair rinses, hair lighteners, hair conditioners, hair moisturizers, hair styling foam and gels, dentifrices.

In respect of : Int'l class 9,eyeglasses, sunglasses, protective eyewear, cases for glasses, sport glasses, chains for glasses, frames for glasses, lenses for glasses, pince-nez; protective clothing, protective and safety shoes and boots, protective helmets, cd player cases.

In respect of : Int'l class 18, handbags, luggage, shoulder bags, beach bags, clutch bags, all purpose sports bags, attache cases, school bags, tote bags, shoe bags for travel; travelling bags, credit card cases, document cases, passport cases, cosmetic cases sold empty, keycases, knapsacks, rucksacks, briefcases, purses, wallets, travelling trunks, suitcases, umbrellas, parasols, walking sticks.

In respect of : Int'l class 20, chairs, tables, benches, deckchairs, armchairs, furniture partitions; armchairs, tables for meeting rooms, desks, typing desks, drawers, sofas, writing desks; wardrobes, cupboards, beds, shelves, chests, of drawers, file cabinets, umbrella stands, furniture namely chests, tea carts, footstools, seats (furniture), mirror stands, mirrors, book cases, clothes hangers, doors for furniture, furniture frames, non-metal window frames, window blinds, window shades, chair legs, table leaves, arm rests, decorative wall plaques not of textile; plastic stoppers and lids, cushions, pillow, mattresses, beds for household pets, hand fans, shopping baskets, picture frames, trays not of metal, towel dispensers not of metal, clothes hooks not of metal,mannequins , cradles, plastic and wooden sculptures; non-metal door handles and knobs, non-metal window handles, non-metal key holders, non-metal ladders.

In respect of : Int'l class 21,empty perfume atomizers, plastic bath racks, soap boxes, soap dispensers, paper towel dispensers, shaving brushes and brush stands, cosmetic brushes, hair brushes, shoe brushes, shoe horns, shoe trees
or stretchers, shoe polish applicators without shoe polish; fitted vanity cases, comb cases, hair combs, sponge holders,toilet tissues holders, house hold sponges, powder puffs, towel bars and rings, wash basins, grills, confectioner's decorating bags, serving spoons, slotted spoons, basting spoons, mixing spoons, cutting boards, bread boxes, cake servers, casseroles, strainers, sieves and collanders all for household use, cookery molds, cookie cutters, cruets not of precious metals for oil and vinegar, garlic presses, pepper grinders, non-electric griddles, graters, spatulas, whisks, ice cube molds for refrigerators, kitchen ladles, lemon squeezers, non-electric juicers, scoops, salt and pepper shakers, bowls, cannister sets, containers for food,insulating jars, pitchers, pots, vases, gravy-boats, covers for dishes and pots, butter dishes, napkin holders, toothpick holders, non-electric kettles, non-electric coffee percolators, non-electric pressure cookers, frying pans, cooking pots, plates, serving platters, saucepans, saucers, soup tureens, serving trays not of precious metals; seltzer bottles, caviar coolers, cocktail picks, cocktail shakers, decanters, beverage stirrers, swizzle sticks, funnels, bottle openers, cork screws, cups, jugs, mugs, drinking glasses, dust bins, ironing boards and shaped covers therefor, cloth brushes, lawn sprinklers, gardening gloves, pails, wastepaper baskets, non metal decorative boxes and plates, non- electric candelabras not of precious metal, candlesticks not of precious metals, flower pots, flower pot holders; glass, stained glass, unwrought glass, decorative crystal prisms; earthenware, crystal.

In respect of : Int'l class 25,pullovers, gloves, cardigans, jerseys, neckwear, sweaters, socks, stockings, tights, trousers, leggings, skirts, jackets, jerkins, shirts, vests, waistcoats, jumpers, track suits, blouses, blousons, jeans, sweat pants, gym suits, knickers, pants, shorts, T-shirts, sweatshirts, suits and dresses, overcoats, coats, anoraks, rain coats, belts, suspenders, loungewear, underwear, beachwear, sleepwear, footwear, work shoes and boots, shoe parts, non-slipping devices for shoes and boots, metal fittings for shoes and boots; headwear.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
Email : MYINT.Advocate@mptmail.net.mm
Ph : 371 990 6.Oct.2011

# အမှုကြန့်ကြာခြင်းများနှင့် ကာလနှင့်ကိုက်ညီမှုမရှိသည့်ငွေဒဏ်များက တရားရုံးအပေါ် အားကိုးယုံကြည်မှုလျော့နည်းစေ

ငြိမ်းငြိမ်းနိုင်

တရားခွင်များ၏ ကြန့်ကြာမှု အပြင် ပြစ်ဒဏ်ချမှတ်ပါကလည်းကာလနှင့် ကိုက်ညီမှုမရှိသည့် ဒဏ်ငွေများကြောင့် တရားစွဲဆိုသူတို့နစ်နာဆုံးရှုံးရကာ အမှန်တရားအတွက် အမှုရင်ဆိုင်လိုသူများ တရားရုံးအပေါ် အားကိုး ယုံကြည်မှု လျော့နည်းလာကြောင်း တရားရုံးဆိုင်ရာ ပညာရှင်အသိုင်းအဝိုင်းနှင့် အမှုရင်ဆိုင်လျက်ရှိသည့် အမှုသည်များက သုံးသပ်ပြောကြားသည်။



တရားစီရင်ရေး ကြန့်ကြာမှုဟုဆိုရာတွင် သာမန်ပြစ်မှုများမှာ သုံးလနှင့် ခြောက်လသာ ကြာမြင့်သည်ဆိုသော်လည်း တစ်ခါတစ်ရံ သက်သေများသည့်အမှုများတွင်လည်းကောင်း၊ ရဲဘက်သက်သေပါသည့်အမှုများတွင်လည်းကောင်း၊ ဥပဒေအရာရှိနှင့် တရားသူကြီးတို့၏ အားနည်းချက်ရှိခြင်းကြောင့်လည်းကောင်း၊ တရားခွင်များအချိန်ကြန့်ကြာစေနိုင်ခြင်းဖြစ်သည်။

တရားလွှတ်တော် ရှေ့နေဖြစ်ပြီး တရားသူကြီး သက်တမ်း ၁၅ နှစ်နီးပါး အတွေ့အကြုံရှိသည့် ဦးဝိုင်ဆာ့ခ်က“တရားခွင်တွေကြန့်ကြာတာ မြန်မာပြည်ရဲ့ တရားရေးစနစ်ကြောင့် မဟုတ်ဘူး။ အဲဒီစနစ်ကို ထိန်းကျောင်းကျင့်သုံးနေသူတွေရဲ့လိုအပ်ချက်ကအဓိကပါ။ အဲဒီတော့ တရားခွင်မြန်ဆန်ဖို့ သည် တရားသူကြီးက အရေးကြီးဆုံးပဲ” ဟု သုံးသပ်ပြောဆိုသည်။

တရားရုံးချုပ်က အမှုများကို ခြောက်လ၊တစ်နှစ်ထက်မကြာစေရဟု ညွှန်ကြားထားပြီး တစ်နှစ်ထက်ကြာပါက အစီရင်ခံစာတင်ခိုင်းသည်အထိကြီးကြပ်မှုများ ပြုလုပ်ကြောင်းလည်း တရားရေးအသိုင်းအဝိုင်းကပြောဆိုသည်။

အမှုများမြန်ဆန်ရေးနှင့် ပတ်သက်ပြီး ကျင်းပနေသော လွှတ်တော်အစည်းအဝေးအတွင်း တရားသူကြီးချုပ်ဦးထွန်းထွန်းဦးက “အမှုမှန်ကန်မြန်ဆန်ရေးကို ထိခိုက်စေသည့် လုပ်နည်းလုပ်ဟန်၊ တာဝန်ယူကင်းမဲ့မှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှုတို့ပေါ်ပေါက်ပါက ကျူးလွန်သူကိုသာမက အနီးကပ် ကြီးကြပ်သူကိုပါ အရေးယူမည်ဖြစ်ကြောင်း”လွှတ်တော်အမတ်တစ်ဦး၏ မေးမြန်းချက်ကို ကတိပြုဖြေကြားထားသည်။

ဦးထွန်းထွန်းဦးက ရန်ကုန်တိုင်းအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့်စက်တင်ဘာလဆန်းပိုင်းက တွေ့ဆုံရာတွင်လည်း မိမိကိုယ်တိုင် အဂတိလိုက်စားမှု ကင်းရှင်းပြီး မိမိလက်အောက်ဝန်ထမ်းများ အဂတိလိုက်စားမှုမဖြစ်ပေါ်ရေးကိုအစဉ်တစိုက်ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

တရားခွင်များ အတွင်းကြုံတွေ့ရသည်များနှင့် ပတ်သက်ပြီး ဝါရင့်အမျိုးသမီးရှေ့နေ တစ်ဦးက “အမှုက သက်သေတွေများလို့ကြာတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ တချို့အမှုတွေမှာ တရားသူကြီးက မြန်ချင်လား၊ နှေးချင်လား ဆိုတာတွေ ရှိသေးတယ်။ တစ်ဖက်ရှေ့နေက အချိန်ဆွဲနေတာကို သိသိကြီးနဲ့ လက်ခံတာတွေလည်း ရှိတယ်။ တရားသူကြီးအပေါ်မှာ အများကြီး မူတည်ပါတယ်” ဟု ပြောကြားသည်။

ထို့အပြင် တရားခွင်များတွင် အမှုကြန့်ကြာခြင်းများရှိပြီး ပြစ်ဒဏ်ချမှတ်ပါကလည်း ငွေဒဏ်များမှာ ခေတ်နှင့်မလျော်ညီသည့်အတွက် အမှုသည်များမှာ အချိန်ကုန်ငွေပန်းနှင့် အဆုံးသတ်ရသည့် အမှုများ များပြားသည့်အတွက် အမှုရင်ဆိုင်ရန်တွန့်ဆုတ်လာကြခြင်းဖြစ်သည်ဟု တရားရေး အသိုင်းအဝိုင်းကဆိုသည်။

“ဘယ်သူကမှ တရားရုံးကို ဒုက္ခခံပြီးမသွားချင်ကြဘူး။ တရားရုံးက ပြစ်မှုနှင့် ပြစ်ဒဏ်ထိုက်သင့်အောင် မချမှတ်တဲ့ အချိန်မှာ တရားရုံးအပေါ် အားကိုးယုံကြည်စိတ် လျော့နည်းသွားပါတယ်။ ထောင်ဒဏ်ကတော့ ရတယ်။ ဘယ်ခေတ်မှာမဆို ပြောင်းလဲမှု မရှိနိုင်ဘူး။ ငွေဒဏ်ကပြောင်းလဲလာတယ်။ အဲဒီတော့ ပြစ်မှုဆိုင်ရာဥပဒေတွေမှာ ငွေဒဏ်ကို ပြန်လည်စိစစ်ပြီး ပြုပြင်သင့်တယ်” ဟုမြို့နယ်တရားသူကြီးတစ်ဦးက ထောက်ပြပြောဆိုသည်။

လတ်တလောတွင် ကျင်းပနေသည့် လွှတ်တော်အစည်းအဝေးများအတွင်း မြန်မာနိုင်ငံတရားစီရင်ရေးစနစ်နှင့်ပတ်သက်ပြီး မေးမြန်းခြင်း၊ အဆိုပြုတင်သွင်းခြင်းများရှိသော်လည်း ငွေဒဏ်များ၏ ကာလ မကိုက်ညီမှုနှင့်ပတ်သက်ပြီး ပြန်လည် ပြုပြင်ရေးဆွေးနွေးချက်များ၊အားနည်းနေသေးကြောင်းလည်းထောက်ပြပြောဆိုမှုများရှိသည်။

လွှတ်တော်တွင် တက်ရောက်နေသည့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဦးဘုန်းမြင့်အောင်က“ဟုတ်တယ်။ သိပ်ဆွေးနွေးတာ မရှိသေးဘူး။ ဒါပေမဲ့ လွှတ်တော်ထဲမှာဥပဒေပညာရှင်တွေအများကြီး ပါပါတယ်။ အဲဒီတော့ကာလနဲ့မကိုက်ညီတဲ့ဥပဒေတွေ၊ ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့ သူတို့တွေက တင်သွင်းဆွေးနွေးလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားသည်။

ရာဇဝတ်မှုတစ်ခုကို တစ်နှစ်နှင့် လေးလကြာ ရင်ဆိုင်နေရပြီး ယခုအထိ အမှုမပြီးဆုံးသေးသည့် အမှုသည်တစ်ဦးကသူမ၏ အမြင်ကို ယခုကဲ့သို့ ပြောကြားသည်။

“အမှုက ၅၁ ချိန်းလောက်ရှိပြီ။ တရားခံဘက်ကို မစစ်ရသေးဘူး။ ငွေကလည်း သိန်း ၂၀ ကျော်လောက်ကုန်နေပြီ။ အမှုက သာမန် နာကျင်စေမှုနဲ့ပဲ စွဲရတာဆိုတော့ငွေဒဏ်ထောင်ဒဏ်လောက်ပဲချမှာ သိပါတယ်။ ဖြစ်နိုင်ရင်တော့ ကိုယ်ခံရတဲ့အတိုင်းအတာ မဟုတ်ရင်တောင် ထိုက်သင့်တဲ့ အပြစ်ကို ခံရစေချင်တယ်။ အချိန်လည်းကြာ၊ ငွေလည်း ကုန်ပေမယ့်အပြစ်ရှိလို့ ပြစ်ဒဏ်ခံရတယ်ဆိုတာကိုလိုချင်လို့ စွဲခဲ့တာပါ” ဟု သူမ၏ အတွေ့အကြုံကို ပြောကြားသည်။

တရားလွှတ်တော်ရှေ့နေ ဦးဝိုင်ဆာ့ခ်က တရားခံကထ၍ကပြီး ပြန်သွားရသောတရားလို၏မကျေနပ်ဒေါသစကား ကြားခဲ့ရသည့် အမှုတစ်ခုကို သူတရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကြုံတွေ့ခဲ့ရကြောင်း ယခုကဲ့သို့ရှင်းပြသည်။

ရာအိမ်မှူးအမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအား ပါးရိုက်သည့်အမှုဖြစ်သည်။ ထိုအမှုက သာမန်နာကျင်စေမှုဖြစ်သည့်အတွက် ပြစ်ဒဏ်က အမြင့်ဆုံးထောင်ဒဏ်တစ်နှစ်ဖြစ်ကာ ငွေဒဏ်ကကျပ်တစ်ထောင်ဖြစ်သည့်အတွက် နောက်ဆုံးတွင် ငွေဒဏ်တစ်ထောင် ပေးဆောင်စေရန် ဆုံးဖြတ်ပေး ခဲ့ရသည်။

တရားရုံးတွင် စီရင်ချက်ချမှတ်ပြီးသည့်အခါ တရားလိုက “တရားသူကြီးတစ်ခု မေးလို့ရမလားတဲ့။ သူ့ကို တစ်ထောင်ငွေဒဏ်ရိုက်ရင် ကျွန်မကသူ့ကို အချက်တစ်ထောင်ရိုက်မယ်။ တစ်ချက်တိုင်းမှာတစ်ထောင်ပေးမယ်။ အဲလိုရမလား”ဟူ၍ တုံ့ပြန်မေးမြန်းခြင်းကိုခံခဲ့ရသည်ဟုဆိုသည်။

“လူတစ်ယောက်ကအမှုကိုဆွဲနေပြီး သူကလည်း ပါးရိုက်ခံရသေးတယ်။ တရားရုံးသွားလာတဲ့ စရိတ်တွေကတောင် တစ်သိန်းမကဘူး။ ဒါပေမဲ့ ပြစ်ဒဏ်ချမှတ်တဲ့အခါကျတော့ ဒဏ်ငွေက တစ်ထောင်ဆိုတော့ စွဲတဲ့သူ ဘယ်လောက်နစ်နာလိုက်မလဲ။ တရားခံက ထကပြီးပြန်သွားတဲ့အမှုတွေက အများကြီး။ တရားသူကြီးဘက်ကလည်း ပါးရိုက်ရုံနဲ့တော့ ထောင်တစ်နှစ်မချချင်ဘူးလေ” ဟုဦးဝိုင်ဆာ့ခ်ကပြောကြားသည်။

ပြစ်မှုဆိုင်ရာဥပဒေများမှာ ၁၈၆၀ ပြည့်နှစ်ကပင် ရေးဆွဲခဲ့ခြင်းဖြစ်သည့်အတွက်ချမှတ်သည့် ငွေဒဏ်များက ခေတ်ကာလနှင့် မကိုက်ညီတော့ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ကလေးစရိတ်၊ မယားစရိတ်အတွက် ဥပဒေအရ သတ်မှတ်ချက်မှာ ၁၀၀ ကျပ်ဖြစ်သည့်အတွက်ယင်းငွေဒဏ်ဟောင်းများက နစ်နာသူဘက်သို့ အခွင့်အရေးလွန်စွာနည်းစေကြောင်း ထောက်ပြပြောဆိုကြခြင်းဖြစ်သည်။

ယခု အစိုးရသစ်လက်ထက်တွင် သန့်ရှင်းသောအစိုးရဖြစ်ရေး ကြိုးပမ်းအကောင်အထည်ဖော်နေသည်ဟုဆိုသည့်အတွက် တရားခွင်များတွင် အမှုများ မှန်ကန်မြန်ဆန်ရေး အရေးကြီးသလို၊ ခေတ်မမီတော့သည့် ငွေဒဏ်များ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းရေးသည်လည်း မြန်မာနိုင်ငံ၏ တရားစီရင်ရေးအတွက် လွန်စွာအရေးကြီးနေသည်ဟု ဆိုကြသည်။ ။

**သတင်းထောက် ( ၂ ) ဦး အလိုရှိသည်**

7Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် သတင်းထောက်တစ်ဦးနှင့် အနုပညာသတင်းထောက်တစ်ဦး အလိုရှိသည်။

- သတင်းထောက်အဖြစ်ရပ်တည်ရန် စိတ်အားထက်သန်သူ၊ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း၊ အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မည်သူမဆို လာရောက်လျှောက်ထားနိုင်သည်။
- အနုပညာသတင်းထောက်နေရာအတွက် ရုပ်ရှင်၊ဂီတနှင့် အနုပညာအကြောင်းအရာများသိရှိနှံ့စပ်သူကို ဦးစားပေးမည်။
- အတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်ပါသည်။

လပြည့်ဝန်းပလာဇာ(၁၀)ထပ်၊ အမှတ်(၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011



# ဘာအရေးကြီးဆုံးလဲ

မမကျော်(ပညာရေး)

လွန်ခဲ့တဲ့ နှစ်ပတ်လောက်က7Day Newsဂျာနယ်မှာ ဆရာမောင်သာချိုရဲ့ 'မြန်မာလိုတော့ ရေးလိုက်မိပါပြီ'ဆောင်းပါးကိုဖတ်ခဲ့ရပါတယ်။ဆရာမောင်သာချိုကို အပြည့်အဝထောက်ခံရင်း ကျေးဇူးလည်းတင်မိပါတယ်။ အခုခေတ် စာသင်ကျောင်းတွေ (အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကျောင်း၊ နိုင်ငံတကာကျောင်း) မှာ မိဘ၊ ဆရာ၊ ကျောင်းသားအများစုကမြန်မာစာဟာ အရေးမကြီးဘူးလို့ ထင်နေကြပါတယ်။ အင်္ဂလိပ်စာ သင်ကြားရေးမှာ Reading၊ Writing၊ Listening၊ Speaking ဆိုတဲ့ 4 Skills ကို ကျယ်ကျယ်လောင်လောင်ပြောဆိုနေကြတာ တွေ့ရပါတယ်။ တကယ်တော့မြန်မာစာသင်ကြားရေးမှာလည်း အရေး၊အဖတ်၊ အပြော၊ အနာ အကြားစွမ်းရည်လေးမျိုးတိုးတက်စေရန်ဆိုတဲ့ ရည်ရွယ်ချက်ကို အတိအလင်းပြဋ္ဌာန်းထားပြီးသားပါ။

ကျွန်မတို့ ငယ်ငယ်က ဖတ်စာတွေကိုဆရာမကဖတ်ပြ၊ကျွန်မတို့က လိုက်ဖတ်၊ တစ်တန်းလုံးသံပြိုင်ဖတ်၊ အဖွဲ့လိုက်ဖတ်၊ တစ်ဦးချင်းဖတ်၊ ဖတ်စာတစ်ပုဒ်ကို အကြိမ်ကြိမ် အခါခါ၊ ညက်ညက်ကြေအောင် ဖတ်ကြရပါတယ်။ ဆရာ၊ ဆရာမကလည်း အသံထွက်၊ အဖြတ်အတောက်မှန်ကန်ဖို့ သေသေချာချာ ဖတ်ပြ၊ နားထောင်၊ပြင်ပေးလုပ်ခဲ့ကြပါတယ်။ အခုလည်း သူငယ်တန်း၊ ပထမတန်း မြန်မာစာပြဋ္ဌာန်းစာအုပ်တွေမှာ ဖတ်စာလို့ရေးထားပြီး ဖတ်ဖို့ ပြဋ္ဌာန်းထားပြီးသားပါ။ ဒါပေမဲ့ ဆရာ၊ ဆရာမတွေက မြန်မာစာသင်တာ လွယ်ပါတယ်လို့ယူဆပြီး မြန်မာစာ စာသင်ချိန်တွေကို အပြည့်အဝမသင်ဘဲ အရေးကြီးတယ်လို့ ယူဆနေတဲ့ သင်္ချာ၊ အင်္ဂလိပ်စာ ဘာသာရပ်တွေကိုသင်ဖို့ အချိန်ပိုယူကြပါတယ်။ မြန်မာစာသတ်ပုံမှန်မှန်ကန်ကန်ရေးတတ်ဖို့၊ အပြောစွမ်းရည်နဲ့ အနာအကြားစွမ်းရည် တိုးတက်ဖို့ဆိုတာတွေ သင်ကြားရေးမှာပေ့ါလျော့နေကြပါတယ်။ ဒါတွေက မြန်မာစာကို တကယ်သင်ပါတယ် ဆိုတဲ့ အခြေခံပညာကျောင်းတွေမှာတောင်ဖြစ်နေတဲ့ အဖြစ်အပျက်ပါ။ ဒီတော့ မြန်မာစာကို ချစ်မြတ်နိုးသူများက မြန်မာစာမြှင့်တင်ရေးအတွက် ဘယ်လိုလုပ်ရရင် ကောင်းမလဲဆိုတာ ဝိုင်းဝန်းစဉ်းစားလာကြပါတယ်။

ဒီလို စဉ်းစားရာက ထွက်ပေါ်လာတဲ့ဆောင်းပါးတစ်ပုဒ်အဖြစ် မင်းသန်းထိုက်(ဒေးဒရဲ)ရဲ့ 'သားရွှေအိုးထမ်းလာတာပဲ မြင်ချင်ပါတယ်'ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို 7Day News ဂျာနယ်မှာ ဖတ်လိုက်ရပါတယ်။ ဆောင်းပါးရှင်က မြန်မာစာအတွက်သာမက သိပ္ပံဘာသာရပ်များအတွက်ပါ ထည့်သွင်းစဉ်းစားပြီး အကြံဉာဏ်တွေတင်ပြခဲ့ပါတယ်။

အခုအချိန်မှာ သိပ္ပံဘာသာရပ်ကို မူလတန်းအဆင့်မှာကတည်းက ပြဋ္ဌာန်းသင်ကြားနေပေမယ့် မြန်မာစာလိုပဲ မျက်နှာငယ်တဲ့ဘာသာရပ်အနေနဲ့သာရှိနေပါတယ်။ ဆရာ၊ ဆရာမအများစုက သိပ္ပံသင်တာများ လွယ်လွယ်လေးလို့ယူဆပြီး ကလေးကိုယ်တိုင် စူးစမ်းလေ့လာပြီးမှ ဖြေရမယ့်အဖြေတွေကို တစ်ခါတည်း ရေးပေးပြီး အလွတ်ကျက်မှတ်စေပါတယ်။ ကလေးသိတဲ့ သတ္တဝါ၊ အသီး၊ အရွက်၊ အပင် စတာတွေ ဘယ်လောက်ပဲရှိရှိ ဆရာ၊ ဆရာမရေးပေးထားတဲ့အဖြေကိုပဲ ဖြေရပါတယ်။ ကလေးတွေ စဉ်းစားတွေးခေါ်ဖို့ စူးစမ်းလေ့လာဖို့အတွက် ရထားတဲ့ သိပ္ပံဘာသာရပ်စာသင်ချိန်တွေကို သင်္ချာ၊ အင်္ဂလိပ်စာ ဘာသာရပ်တွေအတွက်ပဲ သုံးလိုက်ပြန်ပါတယ်။

ဒီနှစ်ပိုင်းတွေမှာ ကလေးဗဟိုပြုချဉ်းကပ်သင်ယူနည်းကို အသုံးပြုလာတဲ့ မြို့နယ်တွေမှာတော့ ကလေးတွေကိုယ်တိုင်လုပ်ဆောင်ပြီး၊ စူးစမ်းလေ့လာပြီး၊ စဉ်းစားပြီး သင်ယူနိုင်တဲ့နည်းလမ်းတွေနဲ့သင်ကြားနေတာတွေ့ရပါတယ်။ပညာရေးဝန်ကြီးက ၂၀၁၂-၂၀၁၃ မှာ တစ်နိုင်ငံလုံး ကလေးဗဟိုပြုချဉ်းကပ်သင်ယူနည်းနဲ့ သင်ကြားနိုင်ဖို့သင်တန်းတွေ ပေးသွားမယ်လို့ လွှတ်တော်မှာဖြေကြားခဲ့တာလည်း အားရစရာပါပဲ။

တကယ်တော့ မူလတန်း၊ အလယ်တန်းအဆင့်မှာကတည်းက သိပ္ပံဘာသာရပ်ရဲ့ အခြေခံတွေကို မြန်မာလို ပြဋ္ဌာန်းသင်ကြားပေးနေတာဖြစ်လို့ အမှန်တကယ် နားလည်တတ်ကျွမ်းခဲ့မယ်ဆိုရင် အထက်တန်းအဆင့်မှာ သင်ရတဲ့ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာရပ်တွေဟာ မခက်ခဲတော့ပါဘူး။ ဒီလိုပါပဲ၊ သူငယ်တန်းကတည်းက အင်္ဂလိပ်စာ စသင်နေတဲ့ခေတ်မှာ အင်္ဂလိပ်စာကိုသာ 4 Skills ရအောင် သင်ယူတတ်မြောက်ခဲ့မယ်ဆိုရင် အထက်တန်းအဆင့်မှာသင်ရတဲ့ သိပ္ပံဘာသာရပ်များကို အင်္ဂလိပ်လို လေ့လာသင်ယူဖို့ကလည်း ခက်ခဲမှာမဟုတ်ပါဘူး။

ဒီတော့ အင်္ဂလိပ်စာရဲ့ အရေးကြီးမှုကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုလာပါပြီ။ အင်္ဂလိပ်စာဟာ နိုင်ငံတကာသုံး ဘာသာစကားဖြစ်နေပါတယ်။ သိပ္ပံဘာသာရပ်ဆိုတာကလည်း နိုင်ငံတကာမှာ နောက်ဆုံးတွေ့ရှိလေ့လာချက်တွေအထိ ကိုးကားစာအုပ်တွေ၊အင်တာနက်သတင်းအချက်အလက်တွေကို လေ့လာနိုင်ဖို့လိုအပ်ပါတယ်။ အဲဒီ ကိုးကားစာအုပ်တွေ၊ သတင်းအချက်အလက်တွေက အင်္ဂလိပ်လိုရေးသားထားတာပါ။ အင်္ဂလိပ်စာကို ဘာသာစကားတစ်ခုအနေနဲ့သာမက သိပ္ပံဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများကိုပါ နားလည်မှသာ အဲဒီ သတင်းအချက်အလက်တွေကို ဖတ်ရှုနားလည်နိုင်ပါလိမ့်မယ်။

တကယ်တော့ ဘာသာရပ်တိုင်းဟာ ညီတူညီမျှအရေးကြီးပါတယ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာပေကို ထိန်းသိမ်းဖို့ မြန်မာစာဟာ ထိပ်ဆုံးက အရေးကြီးသလို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလိုက်မီနိုင်ဖို့ အင်္ဂလိပ်စာကလည်း အရေးကြီးပါတယ်။ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်းနဲ့ သင်္ချာဘာသာရပ်များ (အထက်တန်းအဆင့်မှာ သင်ကြားတဲ့ ဘောဂဗေဒ) အားလုံးဟာ သူ့တန်ဖိုးနဲ့သူ အရေးကြီးကြတာပါပဲ။

ဆရာ၊ ဆရာမများအနေနဲ့ ငယ်စဉ်ကတည်းကစပြီးမြန်မာစာကို တကယ်တတ်အောင် (စွမ်းရည်လေးမျိုးစလုံးရအောင်) သင်ပေးခဲ့သလို အင်္ဂလိပ်စာကိုလည်း 4 Skills ကျွမ်းကျင်အောင် သင်ပေးခဲ့မယ်။ သိပ္ပံဘာသာရပ်ကိုလည်း တကယ်ပဲလက်တွေ့စူးစမ်းလေ့လာ၊စမ်းသပ်၊ စဉ်းစားတွေးခေါ်၊ ကောက်ချက်ဆွဲပြီး သင်ယူနိုင်အောင် ဆောင်ရွက်ပေးခဲ့မယ်ဆိုရင် အထက်တန်းအဆင့်မှာသင်ယူရတဲ့ သိပ္ပံဘာသာရပ်တွေကိုလည်း နိုင်ငံတကာအဆင့်မီ ဖတ်ရှုလေ့လာသင်ယူနိုင်ကြမှာပဲလို့ ယူဆမိပါတယ်။

အင်္ဂလိပ်စာ၊ မြန်မာစာနဲ့ သိပ္ပံဘာသာရပ်တွေကို တကယ်တတ်ကျွမ်းနားလည်သူတွေ ပေါများလာရင် သိပ္ပံပညာတွေအကြောင်း မြန်မာလို ရေးသားထားတဲ့စာအုပ်တွေလည်း ရေးသားထုတ်ဝေကြမှာပါပဲ။ပြင်ပလေ့လာချင်သူတွေ ဖတ်ရှုစရာစာအုပ်တွေလည်း ပေါများလာမှာပါပဲ။ ဘာသာရပ်အားလုံးကို အမှန်တကယ်တတ်ကျွမ်းရမယ့် ကျွမ်းကျင်မှုတွေရအောင်မူလတန်းအဆင့်ကတည်းက သင်ကြားပေးခဲ့မယ်ဆိုရင် အဆင့်ဆင့်ဖြတ်သန်းဖို့ မခက်ခဲနိုင်ဘူးလို့ ထင်မြင်ယူဆမိပါတယ်။

ဆောင်းပါးရှင်မင်းသန်းထိုက် (ဒေးဒရဲ)က ကျွန်တော့်ဉာဏ်တစ်ထွာတစ်မိုက်ကလေးနှင့် . . . . . လို့ ရေးထားသလိုပဲ။ ကျွန်မကလည်း မတောက်တစ်ခေါက် တတ်သမျှ မှတ်သမျှလေးနဲ့ ပြောမိပါပြီ။ ညီတူညီမျှအရေးကြီးတဲ့ ဘာသာရပ်တွေကို တကယ်တတ်ကျွမ်းအောင် သင်ကြားနိုင်ဖို့ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားမှုစွမ်းရည်တိုးတက်မြှင့်တင်ပေးရန်မှာလည်း ပို၍အရေးကြီးတယ်လို့ ထင်မြင်ယူဆမိပါကြောင်း။ ။

## JOKE

### အဝတ်အစားနှင့်လစာ

ကုမ္ပဏီတစ်ခုက ၎င်း၏ အလုပ်သမားများအား မိမိလစာနှင့်လိုက်ဖက်သည့် အဝတ်အစားများကို ဝတ်ဆင်ရန် အကြံပေးထားသည်။

- ဒေါ်လာ ၃၀၀ တန် ဒီဇိုင်နာအဝတ်အစားများဝတ်ဆင်ပါက သင်၏ ဘဏ္ဍာရေးအခြေအနေကောင်းမွန်သည်ဟုယူဆသည်။ ထို့အတွက် သင့်ကိုလစာတိုးပေးရန် စဉ်းစားဖို့မလို။
- စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်လာပါက သင့်ပိုက်ဆံကိုင်တွယ်သုံးစွဲနည်း သင်ယူဖို့လိုအပ်ကြောင်း အကြံပေးလိုသည်။ ထို့အတွက် သင့်ကိုလစာတိုးပေးမည်မဟုတ်။
- သင့်တင့်သော အဝတ်အစားများ ဝတ်ဆင်သူများမှာ ရသင့်ရထိုက်သောလစာများရရှိပြီးဖြစ်သည်ဟုသတ်မှတ်ပြီး လစာတိုးပေးသင့်သော အချက်မတွေ့ဟုမှတ်ယူသည်။
- ကျေးဇူးတင်ပါသည်။

### တိတ်တိတ်နေပေးပါ

အမေရိကန်နိုင်ငံ နီယာဂါရာရေတံခွန်သို့ ကမ္ဘာလှည့်ခရီးသွားအုပ်စုတစ်စုအား ခေါ်ဆောင်လာသော တိုးရစ်ဂိုက်က ရှင်းပြနေသည်။

"ဒီရေတံခွန်ဟာ ကမ္ဘာ့အကြီးဆုံးရေတံခွန်ဖြစ်ပါတယ်။ ရေတံခွန်ကြီးရဲ့အသံဟာ ကျယ်လွန်းအားကြီးလို့ အသံထက်မြန်တဲ့ လေယာဉ်ပျံအစီးနှစ်ဆယ်လောက်ပျံသွားရင်တောင် အဲဒီလေယာဉ်ပျံတွေရဲ့ဆူညံသံကို မကြားနိုင်ပါဘူး"

ထိုသို့ပြောနေရင်းမှ တိုးရစ်ဂိုက်က နောက်နားမှ အမျိုးသမီးအုပ်စုအား ယခုလိုလှမ်းပြောလိုက်သည်။

"ကျွန်တော်တို့ ရေတံခွန်သံ နားထောင်လို့ရအောင် ဟိုနောက်နားက အမျိုးသမီးအုပ်စု ကျေးဇူးပြု၍ တိတ်တိတ်နေပေးပါ" ဟူ၍။

# မြန်မာစာသည် တို့စာ

မောင်မောင်ကြီး

၁-၉-၂၀၁၁ ရက်နေ့ 7Day News ဂျာနယ်မှ ဆရာမောင်သာချို၏ 'မြန်မာလိုတော့ ရေးလိုက်မိပါပြီ'ဆောင်းပါး၊ ၂၂-၉-၂၀၁၁ ရက်နေ့ 7Day News ဂျာနယ်ပါ ဆရာမင်းသန်းထိုက် (ဒေးဒရဲ)၏ 'သားရွှေအိုးထမ်းလာတာပဲ မြင်ချင်ပါသည်'ဆောင်းပါးများကို ဖတ်လိုက်ရပါသည်။ 'မြန်မာစာဝေဒနာ' ဆောင်းပါးများဟု ဆိုချင်ပါတော့သည်။

ထိုဆောင်းပါးများကြောင့် ကျွန်တော့်မှာလည်း ငိုချင်သလို ရယ်ချင်သလို ခံစားရပါသည်။ အကြောင်းမှာ ကျွန်တော်သည်လည်း ၁၉၈၄ မှ ၂၀၁၁ ဖေဖော်ဝါရီအထိ မြန်မာစာပြဆရာဖြစ်ခဲ့သောကြောင့်ပါတည်း။ မြန်မာစာဝေဒနာခံစားခဲ့ရသောကြောင့်ဖြစ်ပါသည်။ ပို၍ဆိုးသည်မှာ မှားနေသောအမှားများကို ပြင်ခွင့်မရရုံသာမက မှားကြောင်းကိုပင်မပြောရန် ပိတ်ပင်ခံခဲ့ရသောကြောင့်ပါတည်း။

ယခုမူ ကျေးဇူးရှင်ဆရာနှစ်ဦးက အမှားမှော်ရုံတောကြီးကိုစတင်ခုတ်ထွင်လိုက်ကြပါပြီ။ ဤလုပ်ငန်းသည်အစသာဖြစ်သော်လည်း လုပ်၍ရပြီ ဟူသောအသိကြောင့် ကျွန်တော်ရယ်လိုခြင်းဖြစ်ပါသည်။ ဆယ်စုနှစ်များစွာ အမှားကိုမှားပါသည်ဟုပြောခွင့်မရခဲ့ခြင်းကို ကျွန်တော်ငိုချင်ခြင်းဖြစ်ပါသည်။ ကျွန်တော် တာဝန်ထမ်းခဲ့ရသောကျောင်းမှာ တောကျောင်းဖြစ်ပါသည်။ ရန်ကုန်မြို့မှ မိုင် ၄၀ မျှသာကွာဝေးသော်လည်း ထိုဒေသသည် တောခေါင်ခေါင်ဖြစ်နေပါသည်။ သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာပေဘာမျှမလာပါ။

သို့သော် ကလေးများက ပညာကိုလိုချင်ကြပါသည်။ ကျွန်တော်တို့သည်သာ သူတို့အတွက် သတင်းစာ၊ အဘိဓာန်၊ စာကြည့်တိုက်များဖြစ်ကြပါသည်။ ကျွန်တော်တို့က ရှိသမျှကို အိတ်သွန်ဖာမှောက်ပေး၍ သူတို့ကလည်း ရသမျှကိုကျုံး၍ယူကြ၊ သယ်ကြသည်မှာ ပျော်စရာကောင်းလှပါသည်။ ထိုစဉ်က (ဆရာမင်းသန်းထိုက်ပြောသလို) အင်္ဂလိပ်စာမှအပ ဘာသာစုံ မြန်မာလိုသင်ခဲ့ကြရပါသည်။ ကလေးများသည် ဘာသာရပ်များကို နားလည်၊ တတ်ကျွမ်း၍ ထူးချွန်ခဲ့ကြသည်မှာ ကျွန်တော့်ကိုယ့်တွေ့ပင်ဖြစ်ပါသည်။

မြန်မာစာအကြောင်းကို ပြောပါမည်။ ထိုအချိန်က ကလေးများသည် မြန်မာစာကိုရေးတတ်ကြပါသည်။

စာ(၄၀) သို့

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ မန္တလေးသတင်းထောက်များ- စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
နယ်သတင်းထောက်များ- မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။
ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။
ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7 DAY NEWS JOURNAL

# Business

Vol.10, No.29 • OCTOBER 6, 2011



ဓာတ်ပုံ - ရဲအောင်အောင်(အေဖ်ပီ)

## ကားဈေး ကျပ်သိန်း ၂၀ မှ ၅၀ အထိ ပြန်တက်

**ဇာဇာနီ**

**ရန်ကုန်၊ အောက်တိုဘာ- ၁**

ရန်ကုန်မြို့ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးဈေးကွက်တွင် ကားအမျိုးအစားအလိုက်ကျပ်သိန်း ၂၀ ကျော်မှ ကျပ်သိန်း ၅၀ ကြား မြင့်တက်လာကြောင်း အဆိုပါယာဉ်ရောင်းဝယ်ရေးဈေးကွက်မှသတင်းရရှိသည်။

"အောက်ကားတွေဆိုရင် ကျပ်သိန်း နှစ်ဆယ်နဲ့ သုံးဆယ်ကြား၊ အပေါ်ကားဆို ကျပ်သိန်း လေးဆယ်နဲ့ ငါးဆယ်ကြားမှာ ပြန်တက်လာတယ်"ဟု ကားပွဲစားကိုအောင်ဝင်းက 7Day News သို့ပြောသည်။

ကားဈေးနှုန်းများ မြင့်တက်လာခြင်းမှာ ကားဟောင်းအပ်နှံသူအများစုသည်ကားဟောင်းအပ်နှံ၍ ကားတင်သွင်းခွင့်ပါမစ်တစ်စောင်ကို ပြင်ပတွင် ကျပ်သိန်း ၁၂၀ ဖြင့် ပြန်ရောင်းပြီး သင့်တော်သော ကားများပြန်လည်ဝယ်ယူလျက်ရှိကြသည်။ ထို့ကြောင့် စက်တင်ဘာလကုန်ပိုင်းတွင် ကားအရောင်းအဝယ်ပြန်လည်ကောင်းခဲ့ပြီး ကား ဈေးနှုန်းများမြင့်လာခြင်းဖြစ်ကြောင်း အထက်ပါကားဝယ်ရောင်းလုပ်ကိုင်သူကဆိုသည်။

"အခုဆိုရင် ဈေးကွက်က မှန်းလို့ရသွားပြီ။ ကားတင်သွင်းခွင့်ပါမစ်တစ်စောင်ကို နယ်ဈေးက သိန်း ၁၁၀၊ ရန်ကုန်မှာ ၁၂၀၊ ရှိတယ်ဆိုတော့ ရွှေငါး 2.5 G သွင်းမယ်ဆိုရင် ပါမစ်ဖိုး ၁၃၀ ပဲ ထား၊ ဂျူတီဖိုးက နောက်ထပ် သိန်း ၂၅၀ နဲ့ဆို သိန်းသုံးရာကျော်လေးရာလောက်ကျမှာဆိုတော့ တော်ရုံလေးဘီးကားအပ်တဲ့သူက မသွင်းနိုင်တော့ ရှိတဲ့သူ ပြန်ရောင်းကြတာပေါ့"ဟု ကားပွဲစား ကိုကျော်မြင့်က ပြောသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်များသော ကားအမျိုးအစားများမှာ စူပါဆလွန်း လ၊သ၊အအက္ခရာကျပ်သိန်း ၁၁၀ နှင့် ၁၂၀ ကြား၊ အက်စ်အီးဆလွန်း ၁၈ ကားများမှာ ကျပ်သိန်း ၁၂၀ ခန့်၊ ဟိုင်းအေ့စ် ဆဖ်၊ ကေဇက်အန် ၁၈၅၊ ၉၇ မော်ဒယ်မှာ ကျပ်သိန်း ၆၀၀ ခန့်ရှိကြောင်းသိရသည်။

ဈေးကွက်တွင် ၂၀၀၂ မော်ဒယ်အောက် လူကြိုက်များသော ကားအမျိုးအစားများမှာ ပါဂျဲရိုး ၄၆၊ ၂၀၀၂ ရွှေငါး၊ ၉၉ မတ်ခ်တူး၊ ဆဖ် KZN 185 တို့ဖြစ်ပြီး ယင်းကားဈေးနှုန်းမှာ ကျပ်သိန်း ၄၀၀ ကျော်မှ ကျပ်သိန်း ၆၀၀ အထိရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၃၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၅၃ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၃၇ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၀ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၃၅ | ကျပ် |

၂၀၁၁ အောက်တိုဘာ ၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် စက်တင်ဘာ ၃၀ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၁၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၆၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၀၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၇၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၀၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၀၆၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၈၀. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၈၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၁၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၇၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၁. ၀၃၄၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၁၅၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၉၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၁၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၂၂. ၃၀၀ |
| ရေနံစိမ်း | စည် | ၁၀၂. ၇၆၀ |
| ငွေ | ၁ အောင်စ | ၃၀. ၀၈၃ |
| ကြေးနီ | ပေါင် | ၃၁၅. ၂၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၆၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ အောက်တိုဘာ ၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရေထွက်လုပ်ငန်းတွင် နိုင်ငံခြားကုမဏီများနှင့် စပ်တူလုပ်ကိုင်လိုကြောင်း ပြည်တွင်းလုပ်ငန်းရှင်များ အကြံပြု

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ- ၂၇**

ရေထွက်လုပ်ငန်းကဏ္ဍပြည်ပတင်ပို့မှု မြင့်မားလာစေရန် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းကာဖက်စပ်လုပ်ကိုင်ခြင်း၊ ကုန်ကြမ်းသွင်းကုန်ချောပို့လုပ်ကိုင်ခြင်းများ ဆောင်ရွက်ရန် ရေလုပ်ငန်းရှင်များက သက်ဆိုင်ရာသို့ အကြံပြုတင်ပြထားကြောင်း သတင်းရရှိသည်။

"ဖက်စပ်လုပ်ဖို့ရာ ၅၀ ရာခိုင်နှုန်းစီ ဒါမှမဟုတ် သူတို့ ၄၀ ကိုယ် ၆၀ ရာခိုင်နှုန်းစီလုပ်ကြဖို့ပါ။ အဲဒီလိုမလုပ်ရင် ကျွန်တော်တို့က လူပဲစိုက်ပြီး အလုပ်သမားအနေနဲ့ပဲ ဖြစ်မှာ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၂)ဦးနှင်းဦးက ပြောသည်။

သို့မှသာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ရပ်တည်လာနိုင်ပြီး ၎င်းတို့ကို ငွေကြေးအရင်းအနှီးအရလည်း ပံ့ပိုးပေးသင့်ကြောင်း ၎င်းကပြောသည်။

အလားတူ လုပ်ငန်းမျိုးဖြစ်သော ပြည်ပမှ ကုန်ကြမ်းသွင်းပြီးကုန်ချောပြန်ပို့သည့် လက်ခစားလုပ်ငန်းများကိုလည်း လက်ခံ၍ လုပ်ဆောင်ချင်ကြောင်း အအေးခန်းစက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"အဲဒီလို လုပ်ငန်းမျိုးတွေကို အိမ်နီးချင်းနိုင်ငံတွေကလည်း လုပ်ကိုင်နေကြတာပဲ။ ဒါမှ ကျွန်တော်တို့စက်ရုံတွေ ကုန်ကြမ်းပြတ်လို့စက်ရုံမလည်ပတ်နိုင်တာ။ အလုပ်သမားတွေ အလုပ်မလုပ်ရတာမျိုး မဖြစ်တော့ဘူး"ဟု ၎င်းက ငါးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတွင် ပြောကြားသည်။

ယခုနှစ် အစပိုင်းမှ နှစ်လယ်အထိ အအေးခန်းစက်ရုံများ ကုန်ကြမ်းပြတ်ခဲ့ခြင်းကြောင့် စက်ရုံများရပ်နားထားရခြင်းနှင့် စွမ်းအားပြည့် မလည်ပတ်နိုင်ခြင်းများကြောင့် အလုပ်သမားများ လျှော့ချခဲ့ရကြောင်း အအေးခန်းစက်ရုံပိုင်ရှင်များက ပြောသည်။







7 DAY NEWS JOURNAL
Vol.10, No.29 · OCTOBER 6, 2011

# ပဲတင်ပို့မှုမြင့်တက်လာသော်လည်း ဈေးကောင်းမရသေး

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ- ၂၉**

ပြည်ပသို့ပဲတင်ပို့မှုသည်ယခင်နှစ်ကထက် နှစ်ဆနီးပါးမြင့်တက်ခဲ့သော်လည်း ဈေးနှုန်းရရှိမှုမှာ လျော့နည်းနေကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနရှိ ကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရသိရသည်။

ယခုနှစ်ပဲတင်ပို့မှုသည် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ စုစုပေါင်းတန်ချိန် ၈၀၀,၀၀၀ ကျော်ရှိပြီးယခင်ဘဏ္ဍာနှစ်အလားတူကာလတွင် ပဲတန်ချိန် ၄၈၈,၅၀၀ သာတင်ပို့နိုင်ခဲ့သည်။ ပဲတင်ပို့မှုမှရရှိငွေမှာ ယခင်နှစ်က ကန်ဒေါ်လာ ၆၇၆ သန်းကျော်ရှိသော်လည်းယခုနှစ်တွင်ကန်ဒေါ်လာ ၅၁၃ သန်းသာရှိသည်။

လက်ရှိ ပြည်တွင်းပဲဈေးသည် မတ်ပဲFAQအမျိုးအစားကို တစ်တန်လျှင်၅၉၅၀၀၀၊SQအမျိုးအစား ၆၆၀,၀၀၀ ဈေးရှိသည်။ စက်တင်ဘာလတွင်းတွင် မတ်ပဲ FAQ သည် တစ်တန်လျှင် ၆၇၀,၀၀၀ ထိ ဈေးရှိခဲ့သည်။ ယင်းကြောင့် မတ်ပဲတစ်တန်လျှင် ကျပ် ၈၀,၀၀၀ ဝန်းကျင် ဈေးကျလာသည်။

"စက်တင်ဘာမှာ အိန္ဒိယပဲအထွက်ကအောက်တိုဘာမှထွက်လာတယ်။ ဒါကြောင့်စက်တင်ဘာလလယ်က အိန္ဒိယအဝယ်ကြောင့်ဈေးမြင့်ကုန်တယ်။ မတ်ပဲကဒီရက်ပိုင်း အိန္ဒိယအဝယ်ရပ်တော့ ဈေးပြန်ကျသွားတယ်"ဟု ပြည်ပသို့ပဲတင်ပို့နေသည့်လုပ်ငန်းရှင်တစ်ဦးက လက်ရှိဈေးကွက်အခြေအနေကို ရှင်းပြသည်။

ထို့အတူ မတ်ပဲဈေးကျဆင်းခဲ့သည့်အတွက် ပဲစင်းငုံမှာလည်း တစ်တန်ကို ၄၈၀,၀၀၀ သာ ဈေးရသည်။ ပဲတီစိမ်းမှာ တစ်တန်ကို ကျပ် ၇၅၀,၀၀၀ ဖြင့် ဈေးငြိမ်နေသည်။

ယခုနှစ် ပဲမျိုးစုံတင်ပို့ခဲ့သည့်တန်ချိန် ၈ သိန်းကျော်တွင် မတ်ပဲသည် တန်ချိန် ၃၈၆,၀၀၀ ပါဝင်သည်။ ယခင်နှစ်က အလားတူကာလတွင် မတ်ပဲတင်ပို့နိုင်မှုသည် တန်ချိန် ၂၆၀,၀၀၀ ဝန်းကျင်ရှိသည်ဟုသိရသည်။



၂၀၁၀-၁၁ ဘဏ္ဍာနှစ်က ပဲ မျိုးစုံတင်ပို့နိုင်မှုမှာ တန်ချိန် ၉၅၇,၀၀၀ ရှိပြီး ကန်ဒေါ်လာ ၉၃၉ သန်းရရှိကြောင်းသိရသည်။




# ပြည်တွင်းရွှေဈေး ပြန်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

ကမ္ဘာ့ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းလာမှုကြောင့်ပြည်တွင်းရွှေဈေးနှုန်းများလည်း ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။

"ဈေးကျပေမယ့် အရောင်းအဝယ်က တက်မလာဘူး။ အေးသွားတယ်။ ရာသီဥတုကြောင့်လည်းပါမယ်ထင်တယ်။ မိုးရွာရင်အရောင်းအဝယ်တော့ အေးလေ့ရှိတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း တစ်အောင်စလျှင် ၁,၉၀၀ ဒေါ်လာကျော်ထိ မြင့်တက်သွားရာမှ တဖြည်းဖြည်းနှင့် ဆက်တိုက်ပြန်လည်ကျဆင်းလာရာ ယခု စက်တင်ဘာ ၂၉ ရက်တွင် တစ်အောင်စလျှင်၁,၆၀၀ဒေါ်လာထိကျဆင်းလာခဲ့သည်။

ထို့အတူအမေရိကန်ငွေဈေးမှာလည်း တစ်ယူနစ် ၉၀၀ ကျပ်ထိမြင့်တက်ခဲ့ရာမှ ယခုစက်တင်ဘာ ၂၈ရက်တွင် တစ်ယူနစ်လျှင် ၈၁၈ ကျပ် ထိ ကျဆင်းခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာဈေးပေါ် မူတည်၍ ပြောင်းလဲလေ့ရှိသော ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၇,၀၀၀ ကျပ်ထိ ကျဆင်းခဲ့သည်။

"အပိုင်းဈေးကွက်မှာ အရောင်းအဝယ်အေးတယ်။ ပြည်တွင်းဈေးက အပြင်ထက်မြင့်နေတော့ လိုင်းမထွက်လို့ အရောင်းအဝယ်အေးတယ်"ဟုရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်တွင်းရွှေဈေးသည်ဈေးကျဆင်းနေသည့်တိုင် ကမ္ဘာ့ရွှေပေါက်ဈေးယှဉ်လျှင်ကျပ်၁၀,၀၀၀ နီးပါးမြင့်နေသေး၍ ဈေးနှုန်းများဆက်လက်ကျဆင်းမှုရှိနေနိုင်သေးကြောင်း ရွှေလုပ်ငန်းရှင်အချို့က ခန့်မှန်းပြောကြားသည်။

# ရန်ကုန်စည်ပင်နှင့် ကုမဏီနှစ်ခုပူးပေါင်း ကုန်စည်ပြပွဲကျင်းပမည်

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၇**


ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ပုဂ္ဂလိကကုမ္ပဏီတစ်ခုတို့ ပူးပေါင်းကာ ဗိုလ်ချုပ်အောင်ဆန်းဈေး ကားပတ်လမ်းတွင်အောက်တိုဘာ၁၀ရက်မှ ၂၂ ရက်အထိ ကုန်စည်ပြပွဲ ၂၀၁၁ ကိုပြုလုပ်မည်ဖြစ်ကြောင်း ရန် ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

ယင်းကုန်စည်ပြပွဲတွင် မြန်မာ့တိုင်းရင်းဆေးများ၊ ကော်ဖီမစ်အမျိုးမျိုး၊ မြန်မာ့သနပ်ခါးထုတ်ကုန်များ၊ အလှကုန်များ၊ အမျိုးသား၊ အမျိုးသမီးအဝတ်အထည်များ၊ စာရေးကိရိယာအမျိုးမျိုး၊ ဆပ်ပြာအမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ခေါက်ဆွဲခြောက်များ၊ ခြင်ဆေးခွေများ၊ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ပစ္စည်းများနှင့် စက်မှု-၁ ထုတ်ကုန်များ၊ သမဝါယမအသင်းများ၏ ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ကုန်စည်ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး ဆက်သွယ်ဆောင်ရွက်လိုသူများသည် ဖုန်း- ၀၉-၄၃၀၈၀၇၅၃၊ ၀၉-၄၉ ၃၀၀၀၇၀၂ နှင့် ၀၉ -၅၁၀၃၇၇၄ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## 7DAY BOOK REVIEW




### ဂျာနယ်လစ်တစ်ယောက်ရဲ့ ဆူးခင်းလမ်း

(ကောင်းဟိတ်)

ဘီဘီစီရုပ်သံမီဒီယာမှ ရုပ်သံသတင်းထောက် ဂျွန်ဆင်ဆမ်ရေးသားသော Twenty Tales from the War Zone စာအုပ်ကို ဘာသာပြန်ဆိုထုတ်ဝေသည့်စာအုပ်ဖြစ်သည်။ ဂျွန်ဆင်ဆမ်သည် ဗြိတိန်နိုင်ငံသားဖြစ်ပြီး အသက် ၂၂နှစ်အရွယ် ၁၉၆၆ ခုနှစ်တွင် ဘီဘီစီရေဒီယိုသတင်းဌာန၌လက်ထောက်အယ်ဒီတာအဖြစ် တာဝန်စတင်ထမ်းရွက်ခဲ့ပြီး ကမ္ဘာအနှံ့ သွားရောက်သတင်းယူရသည့် သတင်းထောက်ဖြစ်ခဲ့သည်။ ထို့နောက် ၎င်းသွားရောက်ခဲ့သည့် ဒေသ၏အဖြစ်အပျက်နှင့် အတွေ့အကြုံများကိုပေါင်းစပ်၍ ဆောင်းပါးများရေးခဲ့ရာ ယခုစာအုပ်တွင် ပုဒ်ရေ ၂၀ စုစည်းဖော်ပြထားသည်။ ၁၉၈၂ အစ္စရေး-လက်ဘနွန်အရေးအခင်း၊ အာဖရိကအင်ပါယာမှ ကေရာဇ်ဘိုကာဆာနှင့်တွေ့ဆုံစဉ်၊ အိုဆမာဘင်လာဒင်နှင့်တွေ့ဆုံမှု၊ ပင်လယ်ကွေ့စစ်ပွဲ အတွေ့အကြုံ၊ အီရန်တော်လှန်ရေးကာလအတွင်း မြို့တော်တီဟီရန်သို့ရောက်ရှိနေသော သတင်းသမားဘဝ၊ ဗြိတိန်တော်ဝင်မင်းသမီး ဒိုင်ယာနာ ကားမှောက်ကွယ်လွန်စဉ် အဖြစ်အပျက်နှင့် စစ်အာဏာရှင်များဖြစ်သော ကဒါဖီနှင့် ဆဒ်ဒမ်ဟူစိန်တို့အကြောင်း ၎င်းကြုံခဲ့ရသည့် အတွေ့အကြုံကို ရေးသားထားသည်။

ဂျွန်ဆင်ဆမ်သည် ၁၉၇၀ပြည့်နှစ်တွင် ဒဗ္ဗလင်အခြေစိုက် အိုင်ယာလန်၏ ဘီဘီစီသတင်းထောက်ဖြစ်လာပြီး မြောက်အိုင်ယာလန်ပြဿနာများကို ထဲထဲဝင်ဝင်သတင်းယူပြီးနောက် အင်္ဂလန်နိုင်ငံသို့ သွားရောက်ကာ ပြည်တွင်း စစ်သတင်းများရယူစဉ် ဘဝတွင် အခက်ခဲဆုံးနှင့် အသက်အန္တရာယ်နှင့် အနီးဆုံးကြုံတွေ့ရပုံကို ဆောင်းပါးအဖြစ်ရေးခဲ့သည်။ ဂျွန်ဆင်ဆမ်၏ဆောင်းပါးများသည် ရုပ်သံမီဒီယာဂျာနယ်လစ်တစ်ဦးပီပီ စိတ်လှုပ်ရှားဖွယ် ထိတ်လန့်မှုများကြားအသက်ရှင်ရပ်တည်နိုင်ရေး၊ ဟာသဓာတ်အရေးကြီးပုံနှင့် အရေးကြုံပါက သက်လုံကောင်းရမည်ဖြစ်သော သတင်းမီဒီယာသမားတစ်ဦး၏ ပုံရိပ်များဖြင့် သွက်လက်လှုပ်ရှားနေပါသည်။ စာအုပ်ကို မြနန္ဒာစာအုပ်တိုက်မှ တန်ဖိုး ၁,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




### မောင်သော်က၏ ညနေခင်းများ

(မောင်သော်က)

သတင်းစာဆရာ၊ စာရေးဆရာ အထောက်တော်လှအောင်'သောင်းပြောင်းထွေလာရယ်စရာ' မဂ္ဂဇင်းအား ကိုင်တွယ်ခဲ့စဉ် စာရေးဆရာမောင်သော်က ပင်တိုင်ရေးခဲ့သော 'ပင်စင်စားတစ်ဦးနှင့် အာလူးပူရီနှင့်ပင်စင်နာတစ်ဦး၏ အာလူးမှတ်တမ်း' ဆောင်းပါးများစုစည်းမှုနှင့် ၁၉၈၇-၈၈ နှစ်များက ထွက်ရှိခဲ့သော ပန်မဂ္ဂဇင်းပါ 'ယမကာညနေခင်းများ' ဆောင်းပါးများကိုစုစည်း၍ မောင်သော်က၏ ညနေခင်းများ စာအုပ်ထွက်ရှိလာခြင်းဖြစ်သည်။

တိုက်ရေယာဉ်(၁၀၃)စာအုပ်ဖြင့် လူသိများထင်ရှားသည့် မောင်သော်ကသည် သရော်စာအရေးကောင်းသူလည်းဖြစ်သည်။ ယခုစာအုပ်တွင်ပါဝင်သည့်ဆောင်းပါးအများစုမှာ ၎င်းဖြတ်သန်းခဲ့သောခေတ်ကို ထင်ဟပ်လျက်ရှိပြီး စာဖတ်သူ မငြီးငွေ့အောင် စကားဝိုင်းပုံစံဖြင့်ရေးသားထားသည်။ ခေတ်ကိုထင်ဟပ်သောဆောင်းပါးများဟုဆိုရခြင်းမှာ ၁၉၇၀-၈၀ ဝန်းကျင်နှစ်များက လမ်းစဉ်ပါတီလက်ထက် ဆောင်ရွက်ခဲ့သော ဂဠုန်စီမံချက်၊ ရန်ကုန်မြို့ရှိအပေါက်များ၊ ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသောဘတ်စ်ကားများအကြောင်း၊ မြန်မာလူမျိုးတို့၏ အယူသီးသော ဓလေ့နှင့် စည်းကမ်းမဲ့ပရမ်းပတာနိုင်ခြင်း၊ ဓာတ်ဆီထုတ်စားသော ကားများ၊ လမ်းစဉ်ပါတီခေတ်က ယမကာဝယ်ရခက်ပုံ၊ ရန်ကုန်မြို့မှ အိမ်သာများအကြောင်း စသဖြင့် အကြောင်းအရာစုံ၊ အဖြစ်အပျက်စုံတို့ကို ထိရောက်သော စကားလုံးအသုံးအနှုန်းတို့ဖြင့် ဝေဝေဆာဆာရေးထားရာသုတသာမကရသပါခံစားရသည့် ဆောင်းပါးကောင်းများ စုစည်းမှုဟုလည်း ဆိုနိုင်ပါသည်။

စာအုပ်ကို လင်းသစ်ရောင်စဉ်စာအုပ်တိုက်မှ တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ဟင်းသီးဟင်းရွက်တွေကို အစားနိုင်ဆုံးအင်းဆက်

အင်းဆက်အမျိုးပေါင်းများစွာရှိသည့်အနက် ခရစ်ယာန်သမ္မာကျမ်းစာပါ ကျိုင်းကောင်အဖြစ် အသိများသည့်သဲကန္တာရကျိုင်းကောင် Schistocera Gregria သည်ကမ္ဘာပေါ်တွင်သီးနှံများကိုဖျက်ဆီးကာအစားသောက်နိုင်ဆုံးအင်းဆက်ဖြစ်သည်။ ၎င်းကိုအာဖရိက၊ အရှေ့အလယ်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံတို့ရှိ ခြောက်သွေ့ပြီးမိုးခေါင်သောနေရာများတွင် အများဆုံးတွေ့ရှိရသည်။

အဆိုပါကျိုင်းကောင်များသည် ၎င်းတို့၏ကိုယ်အလေးချိန်နှင့်ညီမျှသော အလေးချိန်ရှိသည့်အစားအစာများကို လျင်မြန်စွာစားသောက်နိုင်သည်ဟုဆိုသည်။ ကြီးမားသောကျိုင်းကောင်အုပ်လိုက်သည် ဟင်းသီးဟင်းရွက်တန်ချိန် ၂၀၀၀၀ ကိုတစ်နေ့ထဲနှင့်ကုန်အောင်စားသောက်နိုင်စွမ်း ရှိသည်ဟုသိရသည်။

*—Source: Wisdom Monthly Digest*

## တစ်ပတ်တာကံကြမ္မာ

အောက် တို ဘာ ၅ ရက် မှ ၁၁ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ကျန်းမာရေးအနည်းငယ်ချူချာမည်။ လုပ်ငန်းကံတက်လမ်းရှိမည်။ ရည်ရွယ်ချက်များအောင်မြင်မည်။ ကာလအတန်ကြာ ပိတ်နေသောလမ်းကြောင်းများပြန်ပွင့်မည်။ ရန်နှင့်ယှဉ်ပြီး လုပ်ရသောကိစ္စများ ပြန်လည်အဆင်ပြေမည်။ မိမိက ကောင်းသလောက် မိမိအပေါ် ပြန်ကောင်းသူတွေ့ရခဲသည်။ မတော်တဆ ထိခိုက်မှုဂရုစိုက်ရမည်။ သတိနှင့်ယှဉ်ပြီး အရာရာ ဆောင်ရွက်ပါ။ စိတ်အနှောင့်အယှက်ရှိတတ်သည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မည်။ ရည်ရွယ်စိတ်ကူးထားသည်များ အပြည့်အဝအောင်မြင်မည်။ မိမိက လွယ်လင့်တကူပြီးမြောက်အဆင်ပြေမည်ဟု ထင်ထားသည်များ ခက်ခက်ခဲခဲဖြေရှင်းရမည်။ အကြံအစည်သစ်များ ဆောင်ရွက်ဆဲအနှောင့်အယှက်များပေါ်တတ်သည်။ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ ကိုယ်ကျင့်တရားညံ့ဖျင်းမှုကြောင့် လုပ်သမျှမအောင်မြင်ဘဲရှိတတ်သည်။ မေတ္တာရေးတွင်အညံ့ရှိနေမည်။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

လိုရာအောင်မြင်မည်။ ရည်မှန်းထားသည်များမှအဆင်ပြေမည်။ ငွေကြေးကံကောင်းမည်။ သူတစ်ပါးကိစ္စများ၊ လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေရမည်။ ခက်ခဲသောပြဿနာများကို ပိုင်ပိုင်နိုင်နိုင်ဖြေရှင်းနိုင်မည်။ ငွေကြေးမြှုပ်နှံခြင်းကို ယခုရက်ပိုင်းတွင် မလုပ်ပါနှင့်။ ပြန်မရဘဲ ဆုံးရှုံးတတ်သည်။ ရပ်ဝေးမှ လူ၊ စာ၊ ပစ္စည်းများလက်ခံရရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

စကားများရမည်။ ရန်အပြိုင်အဆိုင်များနှင့်တွေ့ရတတ်သည်။ အခက်အခဲများဖြေရှင်းရမည်။ မိမိအပေါ် ကောင်းကျိုးပေးသောသူများနှင့်တွေ့ရမည်။ လွန်ခဲ့သောကာလက လက်လွှန်ထားသောငွေကြေး၊ ဥစ္စာပစ္စည်းများပြန်လည်ရရှိမည်။ ကာလအတန်ကြာ အဆက်အသွယ်ပြတ်နေသောသူများနှင့် ပြန်လည်ဆက်သွယ်ချိတ်ဆက်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်လိမ့်မည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်ချမ်းမြေ့စရာများနှင့် အေးချမ်းမှုများပြည့်နှက်နေမည်။ လိုရာပြည့်မည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အလုပ်ကံတိုးတက်မည်။ ကျန်းမာရေးအနည်းငယ်ချူချာသည်မှအပ အခြားစိုးရိမ်ဖွယ်ရာရောဂါများမရှိပါ။ ခရီးနှင့်ပတ်သက်သောကံအကျိုးပေးသည်။ လူမျိုးခြားအကျိုးပေးမည်။ ပညာရေးတွင် ထင်သလောက်မပေါက်ဘဲ စိတ်ပန်း၊ လူပန်းဖြစ်မည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရွှေးရခက်လောက်အောင် အခွင့်အရေးနှစ်မျိုးပေါ်တတ်သည်။ ခရီးနှင့်ပတ်သက်သည်များ အဆင်ပြေအောင်မြင်မည်။ လူမျိုးခြားများ ကူညီမစမည်။ တိုင်းတစ်ပါးနှင့်ဆက်နွှယ်၍ လုပ်ငန်းကောင်းများရရှိမည်။ အတူလက်တွဲလုပ်ကိုင်သူများနှင့် စိတ်ဝမ်းကွဲတတ်သည်။ ငွေကြေးကံ၊ စီးပွားကံကောင်းစွာတိုးတက်မည်။ သို့သော် စိတ်ရှုပ်ရတတ်သည်။ ပြဿနာအခက်အခဲများကြုံရတတ်သည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

သတိရှိရမည့်ကာလဖြစ်မည်။ အန္တရာယ်အနှောင့်အယှက်များ ဝန်းရံနေသည်။ ပေါ့ဆ၍မရ၊ တစ်ချက်မှားသည်နှင့် များစွာနစ်နာမည့်ကိန်းကြုံနေသည်။ မနာလို၊ အပြိုင်အတိုက်အခံများဝန်းရံနေသည်။ စိတ်ပန်းလူပန်းဖြစ်တတ်သည်။ မိခင်၊ အကြီးအကဲအမျိုးသမီးတို့တွင် ဝမ်းနည်းကြေကွဲစရာတစ်ခုခုနှင့် ကြုံတတ်သည်။ မေတ္တာရေးတွင် စိတ်ချမ်းမြေ့စရာများကြုံတွေ့ရမည်။ စိတ်အနှောင့်အယှက်များကင်းစင်သွားမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်အနှောင့်အယှက်များနှင့် စိတ်ညစ်စရာများမည့်ကာလဖြစ်သည်။ ရန်အတိုက်အခံများကြုံမည်။ ကာလအတန်ကြာ ခက်ခက်ခဲခဲရှိနေသည့်ကြားမှ အဆင်ပြေသွားလင့်ကစား မိမိဆုံးဖြတ်ချက်မှားယွင်းသောကြောင့် ထင်သလောက် မပေါက်မြောက်ဘဲဖြစ်မည်။ လူယုံထား၍မရ၊ မိမိ၏ စိတ်ကူးရှိရာ မိမိဘာသာကြံစည်လုပ်ကိုင်ဆောင်ရွက်ပါ။ အောင်မြင်တိုးတက်မှုလမ်းစများပွင့်လာမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လုပ်အားကြောင့်သာမက ကံကြောင့်ပါ ငွေဝင်နိုင်သောအနေအထားရှိသည်။ ကံဇာတာမြင့်မားလာသည်နှင့်အမျှ မိမိက အထူးတလည် ကြိုးစားလုပ်ကိုင်ပါက အဆင့်အတန်းမြင့်မားသောဘဝသို့ ရောက်ရှိခံစားရမည်။ ကြိုတင်တွက်ဆထားသည်များနှင့် လက်တွေ့တွင် ကွာဟမည်။ အရာရာကို ကြိုတင်မျှော်မှန်းပြီး လုပ်ရန်မသင့်၊ အချစ်ရေးတွင်ရှုပ်ထွေးနေမည်။ အချစ်မှား၊ သံယောဇဉ်မှားတတ်သည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ပေါင်းစပ်၍ လုပ်သောကိစ္စများမှထူးခြားသည့်အောင်မြင်မှုများရရှိမည်။ သူတစ်ပါး၊ အများနှင့်သက်ဆိုင်သောကိစ္စများ ဆောင်ရွက်ရန်အကျိုးရှိမည်။ ဥစ္စာ၊ ပစ္စည်းတိုးတက်မည်။ ငွေကြေးကံကောင်းမည်။ လိုအင်ဆန္ဒရှိသည်များ လက်တွေ့ဆောင်ရွက်၍ အောင်မြင်မည်။ အမှားအယွင်းတစ်စုံတစ်ရာကြုံပါက ဖြေရှင်းရန်အလွန်ခက်ခဲသောအခြေအနေသို့ရောက်ရှိမည်။ ပညာရေးတွင်မပေါ့ဆသင့်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အပြောင်းအလဲများရှိမည်။ မှန်းထားသည်များ ရည်ရွယ်ထားသည်များကို လက်တွေ့ဆောင်ရွက်၍ မနိုင်မနင်းဖြစ်နေမည်။ အလုပ်တစ်ခု မပြီးမီ နောက်တစ်ခု စတင်လုပ်ကိုင်ရတတ်သည်။ မူလရည်ရွယ်ထားသည်က တစ်မျိုး၊ လက်တွေ့ဆောင်ရွက်သောအခါ တစ်မျိုးကြုံပြီး ဦးတည်ချက်ပြောင်းလဲကာ ကသောင်းကနင်းများဖြစ်တတ်သည်။ လုပ်ငန်းလုပ်ကိုင်သူများ လူတကာ၏ ဒုက္ခပေးခြင်း ကြုံတွေ့ရမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အလွန်ခက်ခဲကြမ်းတမ်းသောပြဿနာများကြားထဲသို့ ဝင်ရောက်ရင်ဆိုင်ရမည်။ ငွေကြေးနှင့်ပတ်သက်သည်များ ပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်၍ အကျိုးရှိမည်။ သူတစ်ပါးအပေါ် မိမိကောင်းခဲ့သည့်အကျိုးဆက်များမှ ထူးခြားသည့်ကံမြင့်မားခြင်း၊ ငွေဝင်ခြင်းဖြစ်ပေါ်မည်။ ပညာနှင့်ပတ်သက်၍ လုပ်သမျှ ထူးချွန်စွာနှင့် အောင်မြင်မှုများထွန်းပေါက်စွာရကိန်းရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ဒုက္ခပေးတတ်သည်။

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011



# အိုဘားမားနှင့် အာရပ်ကမ္ဘာ

**ကြည်နေဝင်းမင်း**

(ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေး ပါလက်စတိုင်းတို့၏ ကြိုးပမ်းမှုကိုတုံ့ပြန်ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် ဗီတိုအာဏာမှလွဲ၍အခြားကမ်းလှမ်းစရာမရှိပါက၂၀၀၉ ခုနှစ်တွင် အီဂျစ်နိုင်ငံကိုင်ရိုမြို့၌ အစ္စလာမ်ကမ္ဘာသို့ အိုဘားမားပြောကြားခဲ့သောမိန့်ခွန်းမှာ စကားအဖြစ်သာ အဖတ်တင်နေမည်ဖြစ်ကြောင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဟောင်း ပီဂျေခရိုလီကဆိုထားပါသည်။)

ပြီးခဲ့သော ရက်သတ္တပတ်ဗုဒ္ဓဟူးနေ့က အမေရိကန်သမ္မတဘားရက်အိုဘားမား နယူးယောက်မြို့ ကုလသမဂ္ဂစင်မြင့်ပေါ်သို့တက်လာချိန်တွင် ကုလသမဂ္ဂသို့အစိုးရသစ်တစ်ဖွဲ့ဝင်ရောက်လာခြင်းကို ကြိုဆိုခဲ့ပါသည်။ အဖွဲ့ဝင်သစ်မှာ လစ်ဗျားနိုင်ငံမှ အမျိုးသားအသွင်ကူးပြောင်းရေး ကောင်စီ (NTC) ဖြစ်နေခြင်းမှာ သူအနေအထားနှင့်သူ ပြောင်မြောက်လှပါသည်။ အဖွဲ့ဝင်သစ်မှာ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ (PA) မဟုတ်ဟုဆိုသည်မှာမူ နောင်တရစရာကောင်းပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေး ပါလက်စတိုင်း၏ လျှောက်ထားမှုကိုအိုဘားမားက ဗီတိုအာဏာဖြင့်ခြိမ်းခြောက်ခဲ့ရခြင်းမှာ ပေါ်လစီကျရှုံးမှုဖြစ်သည်။

ရှင်းရှင်းလင်းလင်းဆိုရလျှင် အမေရိကန်၏ ပေါ်လစီ (အိုဘားမားကလည်း သူ၏မိန့်ခွန်းတွင် ထပ်မံ၍ အလေးအနက်ဆိုထားပါသည်) ဖြစ်သည့် နှစ်ဖက်တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုသည် အစ္စရေး၊ ပါလက်စတိုင်း သီးခြားနိုင်ငံများပေါ်ထွက်လာရေးအတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်ဆိုခြင်းမှာ မှန်ကန်တိကျပါသည်။

ကျရှုံးမှုမှာ နိုင်ငံတစ်နိုင်ငံထူထောင်ရေး ပါလက်စတိုင်းတို့၏ တောင်းဆိုမှုကို ကိုင်တွယ်ရန် သမိုင်းဝင် အပြောင်းအလဲကာလတစ်ရပ်တွင် နယူးယောက် (ကုလသမဂ္ဂ)သို့ ရောက်ရှိလာပြီး ဗီတိုအာဏာခြိမ်းခြောက်မှုမှ လွဲ၍ အခြားကမ်းလှမ်းစရာ မရှိခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်ဇွန်လ ကိုင်ရိုမြို့တွင် ရဲရင့်သော လုပ်ရပ်များနှင့်အစပျိုးမှု အသစ်တစ်ရပ်အကြောင်းပြောခဲ့သည့် သမ္မတတစ်ဦး၊ "လူသားတို့၏ တိုးတက်မှုကိုငြင်းပယ်၍ မရနိုင်" ဟုပြောခဲ့သောသမ္မတတစ်ဦးအတွက် ပိုကောင်းသောတုံ့ပြန်မှုလိုအပ်ခဲ့ပါသည်။ အစ္စလာမ်ကမ္ဘာဆီသို့ ရှေ့တစ်လှမ်းမတိုးပါက ကိုင်ရိုမိန့်ခွန်းမှာလမ်းဆုံးတစ်ခုဖြစ်ပါလိမ့်မည်။

ဗီတိုအာဏာကို သေချာပေါက်သုံးစွဲလိမ့်မည်ဟု မဆိုလိုပါ။ ကုလသမဂ္ဂက ပါလက်စတိုင်းတို့၏ တောင်းဆိုမှုကို သုံးသပ်လေ့လာပါမည်။ အမေရိကန်နိုင်ငံနှင့် အမေရိကန်၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် ရုရှားတို့ပါဝင်သည့်လေးပွင့်ဆိုင်အဖွဲ့ကိုအစ္စရေးနှင့်ပါလက်စတိုင်းတို့ တိုက်ရိုက်ဆွေးနွေးမှုဆီသို့ ပြန်သွားရေးလမ်းကြောင်းရှာရန် အချိန်ရပါလိမ့်မည်။

သို့သော် ဗီတိုအာဏာခြိမ်းခြောက်မှုတော့ လုပ်ခဲ့ပါပြီ။ ထို့အတွက် အမေရိကန်၏ ဂုဏ်သိက္ခာအပေါ် ပွန်းပဲ့ပျက်စီးမှုအချို့ရှိခဲ့ပြီဖြစ်သည်။

ပါလက်စတိုင်းတို့၏ ကုလသမဂ္ဂသို့ ဝင်ရောက်ရေးလျှောက်ထားမှုအပြီးတွင် လေးပွင့်ဆိုင် အဖွဲ့က ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ဆွေးနွေးညှိနှိုင်းမှုများ ရက် ၃၀ အတွင်းပြန်လည် စတင်ရေး၊ သုံးလအတွင်း တိကျသော အဆိုပြုချက်များ ပေါ်ထွက်လာရေးနှင့် ၂၀၁၂ ခုနှစ်ကုန်ပိုင်းတွင် သဘောတူညီမှုတစ်ရပ် ရရှိရေးတို့ကိုတင်ပြခဲ့ပါသည်။

လွန်ခဲ့သော သီတင်းပတ်ပေါင်းများစွာကပင်ယင်းကြေညာချက်ကို တင်ပြခဲ့သင့်ပါသည်။ ၎င်းမှာအမေရိကန်ပေါ်လစီသည် ကမ္ဘာပေါ်တွင်အလွန်အရေးကြီးသော ဒေသမှ လက်တွေ့ဖြစ်ရပ်များ၏ နောက်၌ ကျန်နေခဲ့သည်ဆိုသော နောက်ထပ်နမူနာတစ်ခုဖြစ်သည်။

သမ္မတအိုဘားမားကလည်း နိုင်ငံထူထောင်ရေးပါလက်စတိုင်းတို့၏ ရည်မှန်းချက်မှာ အမေရိကန်နိုင်ငံခြားရေးပေါ်လစီအတွက် စမ်းသပ်မှုတစ်ရပ်ဖြစ်ကြောင်း၎င်း၏ကုလသမဂ္ဂမိန့်ခွန်းတွင် ဝန်ခံခဲ့ပါသည်။ သို့သော် ၎င်းတင်ပြသော "အောင်မြင်မှုအတွက် ဖြစ်နိုင်လောက်သော အစီအစဉ်တစ်ရပ်မရှိသော အားပေးမှု" မှာလည်း မလုံလောက်ပေ။

နေ့စဉ်သမိုင်းသစ်များ ရေးထိုးနေသော ကန့်ကွက်ဆန္ဒပြသူများက ရည်မှန်းချက်များမြှင့်တင်လိုက်ပါပြီ။ အိုဘားမားပြောသလိုပင်၎င်းတို့က "လွတ်လွတ်လပ်လပ်နှင့် ဂုဏ်သိက္ခာရှိရှိနေထိုင်ရေး ၎င်းတို့၏ မွေးရာပါအခွင့်အရေးကိုတောင်းဆိုနေခြင်း" ဖြစ်သည်။

အစိုးရများထံမှ ပိုပိုသာသာတောင်းဆိုရန် ၎င်းတို့အား မည်သူကပြောကြားခဲ့သနည်း။ အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်သူက ကိုင်ရိုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သောတစ်နှစ်ကကုလသမဂ္ဂမှာပင် အစ္စရေးနှင့်ပါလက်စတိုင်းတိုက်ရိုက်ဆွေးနွေးပွဲများပြုလုပ်နေချိန်၊ သို့သော် အက်ကြောင်းများပေါ်နေချိန်မှာပင် ပါလက်စတိုင်းအား နိုင်ငံတကာအသိုင်းအဝိုင်းနိုင်ငံများက ကြိုဆိုနိုင်မည့် သဘောတူညီချက်တစ်ရပ် တစ်နှစ်အတွင်း ရရှိနိုင်သည်ဟု အိုဘားမားက ပြောကြားခဲ့ပြီး မျှော်လင့်ချက်များကိုမြှင့်တင်ခဲ့ပါသည်။

များမကြာမီ ယင်းအစီအစဉ်ပြိုကွဲခဲ့သည်။ ဆွေးနွေးမှုများပြုလုပ်နိုင်ရန် အစ္စရေးတို့၏ အိမ်ရာဆောက်လုပ်မှုများ ရပ်တန့်ထားရေးကို အိုဘားမားအစိုးရက ကြို၍ သတ်မှတ်ခဲ့သည်။ ထို့နောက် ယင်းသတ်မှတ်ချက်ကိုတည်တံ့အောင်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။ အစ္စရေးတို့၏ အိမ်ရာဆောက်လုပ်မှု ပေါ်လစီအပေါ် အိုဘားမား၏ လူသိရှင်ကြားဝေဖန်မှုမှာလည်း ပြည်တွင်းမှာပင် နိုင်ငံရေးတန်ပြန်မှုများဖြစ်ပေါ်စေခဲ့သည်။ သမ္မတမှာ ခံစစ်နေရာရောက်သွားသည်။ သို့သော် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နာတာညာဟုတို့၏ နှစ်ကြိမ်တွေ့ဆုံမှုကလည်း ၎င်းတို့နှစ်ဦးကြား အယုံအကြည်မဲ့မှုကိုပေါ်ထွက်လာစေခဲ့သည်။

ယင်းနောက် အာရပ်နွေဦးကျရောက်လာခဲ့ရာ ယင်းကနိုင်ငံရေးရှုမျှော်ခင်းကို အခြေခံကျကျပြောင်းလဲခဲ့သည်။ သို့သော်မျှော်လင့်ချက်များကို မြှင့်တင်ပေးခဲ့ပြီးပေါ်လစီချမှတ်ရာတွင် ပြည်သူ့ဆန္ဒအခန်းကဏ္ဍကို မြင့်တက်စေခဲ့သည်။ လူအများအပြားက ရှုပ်ထွေးမှုနှင့် အန္တရာယ်ကို မြင်နေချိန်တွင် မစ္စတာအဘတ်စ်က လိုအပ်ချက်နှင့် အခွင့်အရေးကို မြင်တွေ့ခဲ့သည်။

ပြည်သူများ၏ မျှော်မှန်းချက်များကိုမြန်မြန်ဆန်ဆန်မတုံ့ပြန်ခဲ့၍

စာ(၄၅)သို့








Welcome to Nature's Product
TA AYE MAR
HON MIRIN
လူသားတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေဟာ သဘာဝကရတာပါ...
ဒါဆိုကျွန်တော်တို့ဘယ်လိုလုပ်မလဲ...
Living Eternity Industrial Co., Ltd.
TA AYE MAR (HON MIRIN)
သဘာဝအရသာ TA AYE MAR

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.29 · OCTOBER 6, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တီဗီငှက်အဘိတန်** | 160,000 |

Technoland ဆိုင်မှ အောက်တိုဘာ(၁)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၇ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ (၂၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၆,၀၀၀-၈,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ (၁) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၂,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၇၀၀-၄,၇၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၁၂,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၁၂,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၇,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |

အောက်တိုဘာ(၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၃၀-၁၄၀ |
| စူဂူကီး ဝက်ဂွန် R⁺ | - | ၁ဂ | ၁၅၀ |
| တောင်းအော့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂစ/၈ဆ | ၁၆၀ |
| စူဂူကီး R- (2Way) | - | ၅ခ-၄ခ | ၉၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၅က တန် | ၁၅၀-၂၀၀ |
| တိုယိုတာ (ဖင်ကောက်) | ၂၀၀၀ | ၃ဂ | ၃၅၅ |
| မတ်ခ်တူး(မတ်တူးရွှေငါး) | ၉၉ (၄) | ၄ဂ/၅ဂ | ၄၅၀ |
| ဆပ် | ၉၇ | ၄ဂ/၅ဂ | ၇၅၀ |
| ပါဂျဲရို | ၉၇ | ၃ဂ | ၆၅၀ |

အောက်တိုဘာ (၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Sep(25) | Sep (26) | Sep (27) | Sep(28) | Sep (29) | Sep (30) | Oct (1) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်း ထောင့်။**

**PH:09-73037776, 09-73204374**

**တိုက်ခန်းရောင်းမည်**

အမှတ်(၂၇)၊ ပ-ထပ်၊ ၂လွှာပူး၊ ဝေဠုဝန်လမ်းကျယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။ ဆိုဈေး-ကျပ်သိန်း(၂၀၀)၊ ဦးရဲနိုင်။

**တိုက်ခန်းရောင်းမည်**

အခန်း(A\002)၊ တိုက်-၈၊ မြေညီ၊ ပေ(၁၅×၇၀)၊ ရတနာမွန်အိမ်ရာစီမံကိန်း၊ အေးရိပ်မွန်၃-လမ်း၊ (၃)ရပ်၊ လှိုင်မြို့နယ်၊ ကျပ်သိန်း(၄၅၀)။ ဖုန်း ၀၉-၅၀၀၅၉၄/ ဦးလှကြည်

**တိုက်ခန်းရောင်းမည်**

အမှတ်(၂၂၃/၂၂၅)၊ မြေညီထပ် ၂ ခန်း၊ ပ-ထပ် ၂ခန်း၊ သစ်ဆိပ်လမ်း၊ သစ်တောရပ်ကွက်၊ အလုံမြို့နယ်။ ကျပ်သိန်း ၁၀၀၀၊ မြေညီ-ကျပ်သိန်း (၃၀၀)၊ ပထပ် ကျပ်သိန်း(၂၀၀)။ ဖုန်း-၀၉၈၅၃၇၀၉၂/ဦးဝင်းကြွယ်။

**Top Design Computer**

I-Office-12000, DTP-15000, Graphic Design-25000,A+-18000, Photoshop -20000

**Ph: 298441**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ငါးကန်(၁၅၀)ကေ၊ ကလော့ကွင်း၊ မက္ကသံကျေးရွာ၊ ခရမ်းမြို့နယ်၊ အရှုပ်အရှင်းကင်းသည်။ ဆိုဈေး ကျပ်သိန်း- ၂၅၀၀

ဖုန်း-၀၉ ၅၁၁၇၃၁၃

**ပညာဒါနကွန်ပျူတာ**

ကွန်ပျူတာပြဿနာများကို TLCC Computer Centre သို့ SMS ပို့ရုံဖြင့် စာလုံးရေ ၁၆၀ အခမဲ့ပြန်ပေးပါမည်။ ဖုန်း-၀၉ ၅၁၉၆၀၆၇

**ဝန်ဆောင်မှု**

အတန်းတင်စာမေးပွဲကြီး နီးလာပြီမို့ အောင်ဆုပိုင်ပညာရေးဝန်ဆောင်မှုကို ဆက်သွယ်လိုက်ပါ။

ဖုန်း-၀၉ ၄၉၂၈၃၀၆၅

**ငှားမည်**

၅-လွှာ၊ ပေ(၂၅×၄၀)၊ **3BR-1.6 L**၊ မြေညီ၊ ပေ(၂၃×၆၀)၊ မြေပါရှိုထပ်ခိုး ပြည့်-**9L**၊ မြေညီ၊ ပေ(၁၁×၅၀)၊ အင်းစိန်လမ်းမ- **6L** ။ ဖုန်း- ၂၄၂၆၄၅

**ရောင်းချပေးသည်**

လူနာခွဲစိတ်ခန်းများအတွက် ခွဲခန်းဝတ်စုံများ အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးပါသည်။

ဖုန်း-၆၃၆၆၃၆

**English Special Classes**

**U Than Tun Soe**

၉၊၁၀တန်း အင်္ဂလိပ်စာသီးသန့်တစ်ဦးချင်း/ဝိုင်း၊ လစဉ် လဆန်းပထမပတ်စမည်။ အိမ်လိုက်သင်သည်။

ဖုန်း-၀၉ ၅၁၆၇၂၁၁

**Mr. English**

Syntax & Articulatory Phonetics (အတွေ့အကြုံ ၂၅ နှစ်ရှိ)

ဖုန်း- ၀၉ ၅၀၅၈၉၃၄

**ဂျပန်ရိုးရာ ဆူရှီလုပ်ငန်း**

အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံလိုသူတစ်ဦး နှစ်ပတ်အတွင်း ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉ ၇၃၀၃၈၉၃၃

**ရောင်းမည်**

ပေ(၆၀×၆၀)၊ နှစ်ထပ်အိမ်ပါကိုဒေါင် ၂လုံး၊ ရေမီးစုံ၊ အမှတ်(၁၀၁)၊ ကျန်စစ်သားလမ်း၊ ၇၁ ရပ်၊ ဒဂုံတောင်ပိုင်း။

ဖုန်း-၀၉ ၇၃၀ ၂၆၀၉၅

**ရောင်းမည်**

ဒဂုံ(၁)အနီး၊ ပေ(၁၈×၅၅)၊ နဝဒေးလမ်း၊ ဒု-ထပ်၊ ပြင်ဆင်ပြီး၊ အိပ်ခန်း ၂ခန်း၊ A/C ၃လုံး၊ ပါကေးခင်း၊ ကြွေပြားအပြည့်ကပ်၊ လေဝင်လေထွက်ကောင်း။ ကျပ် သိန်း-(၆၃၅)။

ဖုန်း-၀၉ ၄၉၂၄၄၂၃၇

**သင်ကြားပေးသည်**

၉ တန်း **Phy, Math,Chem** ဘာသာများ သီးသန့်သင်ကြားသည်။၉၊၁၀ တန်းဘာသာစုံ **Guide** လုပ်ပေးသည်။ ဖုန်း-၀၉ ၅၁ ၂၈၅၁၈

ဒေါ်စုမွန်အောင်

**ပန်းချီကိုကျော်**

မွေးနေ့ပွဲ၊ ပါတီပွဲ၊ မိတ်ဆုံစားပွဲ၊ ပျော်ရွှင်ပွဲများအတွက် ရုပ်ပြောင်ပုံတူပန်းချီရေးဆွဲပေးသည်။

ဖုန်း-၀၉ ၇၃၁၉၂၃၅၁

**ရောင်းမည်**

ပေ(၄၅×၆၀)၊ ဝါယာလက်(၁)လမ်း၊ ကမ္ဘာအေး ကျပ်သိန်း(၄၅၀၀)၊ ပေ(၈၀×၁၂၀)၊ နှစ်ကွက်တွဲတ/ဒဂုံဖုန် ၂၊ ကျပ်သိန်း(၂၄၀၀)၊ ပေ(၁၀၀)ပတ်လည်၊ သပြေကုန်း၊ နေပြည်တော်၊ ကျပ်သိန်း(၃၂၀၀)။

ဖုန်း-၀၉ ၅၁၁၄၅၉၅

**မြန်မာအကသင်တန်း**

Sat/ Sun (16:00-18:00) K&Q Language & Arts

ဖုန်း-၀၉ ၇၃၁၁ ၂၀၇၅

**Study in Tokyo**

2012/ April Intake, 2012/July Intake(Enroll-Now)

ဖုန်း-၀၉ ၄၃၀၆၄၉၈၇

**ဝန်ဆောင်မှု**

ကြွေပန်းကန်ပြား၊ မတ်ခွက်၊ အနုမြူခွက်၊ ဖန်ခွက်၊ ကြွေပြား၊ သတ္တုပြားနှင့် တီရှပ်များပေါ်တွင် အမှတ်တရ ပုံရိပ်များ ရိုက်နှိပ်ပေးနေပါပြီ။

ဖုန်း-၀၉ ၄၃၀၈၃၅၁၉

**ဆောင်ရွက်ပေးသည်**

လုပ်ငန်းစာရင်းဇယားများကို Excel 2007 ဖြင့် လွယ်ကူရှင်းလင်းစွာ အမြန်ဆောင်ရွက်ပေးပါသည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာလုံးဖြင့်။

ဖုန်း-၀၉ ၇၃၀၀၄၄၂၆

**မြန်မာစာအိမ်လိုက်သင်သည်**

နိုင်ငံခြားသား၊ မြန်မာသားသမီးများအတွက် မြန်မာစာ ဖတ်စာ၊ မြန်မာစကား အိမ်လိုက်သင်ပေးပါသည်။

ဖုန်း-၀၉ ၇၃၀၄၉၅၄၃

**Computer Service**

**DynamicWin Computer Services**

**ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။**

**ဖုန်း- ၀၉-၇၃၀၁၂၄၆၉၊ ၂၄၆၇၉၅**

**ဝန်ဆောင်မှု**

ဆီသိုလှောင်ကန်များ၊ Tank farm Terminal များ၏လောင်စာဆီပမာဏများကို အဝေးမှတိုင်းတာကြည့်ရှုခြင်း၊ United Eleven မှ Free Consultation စနစ်ဖြင့်အခမဲ့ဝန်ဆောင်မှုပေးသည်။ ဖုန်း-၀၉ ၅၀၉၈၉၇၆

**LED ရောင်စုံဆိုင်းဘုတ်လုပ်ငန်း**

ပြည်ပမှတင်သွင်းသော LED ရောင်စုံမီးပြေး ၁ ပေပတ်လည် ၆၀၀၀၀ ကျပ်နှုန်းဖြင့် တပ်ဆင်ပေးပါသည်။

ဖုန်း-၀၉ ၅၃၇၀၁၁၈

**နွေပန်းချီ**

နိုင်ငံတကာ ကလေးပန်းချီပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ထိ အိမ်အရောက်ရေဆေးအထူးသင်ကြားပေးနေပါသည်။

ဖုန်း-၀၉ ၄၉၂၆၃၁၅၉

**B.Sc နိုင်ဝင်း**

TV, LCD, Plasma TV Project, 2 UBC & Audio များကို အိမ်အရောက်ပြုပြင်ပေးနေပါသည်။

ဖုန်း-၀၉ ၇၃၀၉၈၆၃၀

**ပုံရိပ်မြိုင်မိတ္တူ**

မူရင်းထက် မိတ္တူကောင်းတယ်။ အကောင်းဆုံးဝန်ဆောင်မှုနှင့် ဈေးနှုန်းသက်သာစွာဝန်ဆောင်မှုပေးသည်။ ဖုန်း-၀၉ ၅၄၁ ၂၈၄၆(ရန်ကုန်တက္ကသိုလ်RC ဝင်းအတွင်း)

**Future Star မူကြိုကျောင်း**

ကလေးများအတွက် ဘာသာစုံနှင့် တရုတ်စာ၊ အထွေထွေဗဟုသုတနှင့် လိမ္မာယဉ်ကျေးမှုဘာသာရပ်များကို သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၇၃၀၄၉၅၄၃

**ဂုဏ်ထူးနည်းပြသင်တန်းများ**

၅တန်းမှ ၁၀ တန်းအထိ၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီနားလည်လွယ်ကူသောနည်းဖြင့် စာသင်နှစ် ၁၀ နှစ်ကျော်ဆရာများမှ အိမ်အရောက်သင်ကြားပေးသည်။ ဆရာဘိုဘိုလွင်

ဖုန်း-၀၉ ၇၃၀၈၃၂၄၆

**ဂျပန်ဟင်းလျာကြိုက်သူများအတွက်**

M"S Japanese Dining Bar UTOPIA Tower မှဖွင့်လှစ်နေပါပြီ၊ Dinner 20% off

ဖုန်း-၀၉ ၇၃၁၉၅၀၂၈

**နိုင်ငံခြားကြောင်ရောင်းမည်**

အကျား(ဝါ/နက်)မျက်လုံး ပြာ/စိမ်း အဖြူမျက်လုံးပြာ၊ နှစ်လသားပေါက်အထီး၊ အမ အစုံရောင်းရန်ရှိပါသည်။ ဖုန်း-၀၉ ၅၁၇၃၈၇၁

**ရောင်းမည်**

Pajero 46 အင်ဂျင်၊ အကွဲရာ၇ခ/. . ၊ တစ်လုံးစီး။ ဖုန်း-၀၉ ၅၁၇၃၈၇၁

**အိမ်လိုက်သင်သည်**

G.C.E 'O' Level(Maths) နှင့် Grade-11 ဘာသာစုံသင်ကြားပေးသည်။ ဆရာကျော်ဖြိုးထွန်း

ဖုန်း-၀၉ ၇၃၀၄၇၅၉၁

**စက်ရုံဂိုဒေါင်ရောင်းရန်ရှိသည်**

ရွှေပေါက်ကံစက်မှုဇုန်တွင် ပေ(၁၅၀)ပတ်လည် အဆောက်အအုံနှင့် ပေ(၃၀×၈၀) နှစ်ထပ်ရုံးခန်းပါပြီးငှားမည်။ ဖုန်း-၀၉ ၄၉၃၁၆၅၆၄

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## စာ(၂၅) ချေးငွေနှင့် ဆင်းရဲနွမ်းပါးမှုထိပ်တိုက်အတွေ့ မှ

အစိုးရ၏ အဆိုအရ အိမ်ထောင်စုစာရင်းတစ်ခုတွင်လူတစ်ဦးသာ ချေးငွေထုတ်ယူနိုင်သည်ဟုသိရသည်။ သို့သော် အချို့သောရပ်ကွက်များတွင်မူရပ်ကွက်ရုံးများမှ တာဝန်ရှိသူများနှင့် နီးစပ်သည့် ရပ်ကွက်သူ၊ ရပ်ကွက်သားများအား သန်းခေါင်စာရင်းတစ်ခုတည်းတွင် အနည်းဆုံးလူနှစ်ဦးနှင့်အထက်ကို ချေးပေးနေသည့်ကိစ္စအချို့လည်းဖြစ်ပေါ်နေသေးသည်။

“ကျွန်တော်ကြားရသလောက်က ရပ်ကွက်လူကြီးရဲ့ ဆွေမျိုးတွေနဲ့ သူတို့နဲ့ရင်းနှီးသူတွေ ကိုပမာဏတော်တော်များများ ချေးပေးနေတယ်လို့ပါ” ဟု ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရပ်ကွက်တစ်ခု၌နေထိုင်သူ အသက် ၃၅ နှစ်အရွယ် အငှားယာဉ်မောင်းတစ်ဦးကလည်းဆိုသည်။

ထို့အပြင် ကနဦးချေးယူသည့် ငွေပမာဏကိုပြီးဆုံးသည်အထိ ပြန်လည်ပေးဆပ်ပြီးသည့်မည်သူကိုမဆို ပထမဆုံးထုတ်ချေးပေးသည့်ပမာဏထက် ပိုမိုများပြားသည့် ချေးငွေကိုဆက်လက်ထုတ်ပေးမည်ဖြစ်သည်။

သမဝါယမအသင်းဇဟို၏နောက်ထပ်ငွေချေးပေးနေသည့်ပုံစံတစ်ခုမှာ ချေးပေးလိုက်သည့်ငွေပမာဏ၏ သုံးပုံတစ်ပုံကို ပြန်လည်သိမ်းထားခြင်းဖြစ်သည်။ ထိုစနစ်နှင့်ပတ်သက်ပြီး ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်အတွင်းရှိရပ်ကွက်တစ်ခုတွင် နေထိုင်သူ အသက်၄၅နှစ်အရွယ်အိမ်ရှင်မတစ်ဦးက “ ရုံးမှာသုံးသိန်းချေးမယ်ဆိုရုံးက နှစ်သိန်းပဲထုတ်ပေးတယ်။ တစ်သိန်းကိုသူတို့ယူထားတယ်။ ဒါပေမဲ့ ချေးတဲ့သူက သုံးသိန်းစာအတိုးနှုန်းကို ပေးနေရမယ်။ တကယ်လို့သုံးသိန်းစာအတိုးနှုန်းပေးနေပြီး သုံးသိန်းဆပ်လို့ကျေသွားရင် ရပ်ကွက်ရုံးက သူတို့ယူထားတဲ့ တစ်သိန်းကိုပြန်ပေးတယ်။ ပြီးရင် သူတို့ကချေးတဲ့သူကို သူတို့ယူထားတဲ့ တစ်သိန်းအတွက် အတိုးလည်းပြန်ပေးတယ်။ သုံးသိန်းပမာဏကတော့ နည်းနည်းပြေလည်သူတွေကိုချေးတာပါ” ဟုဆိုသည်။

အစိုးရဘက်မှသတ်မှတ်ချက်နည်းစနစ်မျိုးစုံဖြင့် ချေးငွေများထုတ်ချေးနေခြင်း၏နောက်ဆက်တွဲတွင်မူ ၄င်းတို့၏ရည်ရွယ်ချက်ဖြစ်သည့်တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ကိုင်လာနိုင်ကြရန်ဟူသည့်အဓိကအကျဆုံးအချက်မှာ စီမံကိန်းကနဦးအချိန်တွင်ပျောက်ဆုံးနေသည်။

ထိုအချက်မှာ ချေးငွေများထုတ်ယူသူအများစုအနေဖြင့်၄င်းတို့၏ချေးငွေများကို စီးပွားရေးဆန်ဆန်ပြန်လည် အသုံးချမှုများမပြုလုပ်ကြခြင်းပင်ဖြစ်သည်။

ငွေကြေးချေးယူသူအများစုမှာ ချေးငွေများကိုအသုံးချကာရွှေများကိုဝယ်ယူခြင်း၊ အခြားသော ငွေကြေးလိုအပ်သူများသို့မြင့်မားသည့် အတိုးနှုန်းများဖြင့်တစ်ဆင့် ပြန်လည်ချေးငှားခြင်း၊ လက်တလောပေးရန် ရှိနေကြသည့် ကြွေးမြီပြဿနာများကို ဖြေရှင်းခြင်း၊ ဈေးဝယ်ထွက်ခြင်းကဲ့သို့နေရာများတွင် အသုံးချခြင်းတို့ကို သာပြုလုပ်နေကြသည်ဟု ယင်းကဲ့သို့ချေးငွေယူကြသူအချို့ကပြောသည်။

“အခုရုံးကနေငွေသုံးသောင်းချေးပြီးပြန်လာတာ။ ဘယ်မှာအသုံးချဖို့လဲဆိုတော့ အပြင်မှာနှစ်ဆယ်တိုးနဲ့ချေးထားတာကိုပြန်ဆပ်ဖို့ပါ။ ဒါလေးကို သုံးကျပ်တိုးနဲ့ ခုလိုချေးပြီး အပြင်အကြွေးကိုဆပ်လိုက်တော့နောက်တစ်ခေါက်ချေးရင်တခြားလိုတဲ့နေရာမှာသုံးရတာပေါ့” ဟု အသက် ၄၅ နှစ်အရွယ် ရန်ကုန်မြို့တွင်း နေထိုင်သည့်ခေါင်းရွက်ဗျပ်ထိုး ဟင်းသီးဟင်းရွက်ရောင်းချသူဒေါ်အေးလှကပြောသည်။

ချေးငွေထုတ်ယူသူများက၄င်းတို့ချေးငွေများကိုပြန်လည်အသုံးချနေမှုများနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်တစ်ခု၏ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက “ အခုပိုက်ဆံချေးတဲ့သူတွေ တော်တော်များများကိုတွေ့နေရတာက ချေးငွေတွေကိုစီးပွားရေးတစ်ခုခုအတွက်ရင်းနှီးလိုက်ကြတာ မဟုတ်ဘဲရွှေသွားလုပ်တဲ့သူတွေ၊ လက်တလော အကြွေးကိုဖြေရှင်းတဲ့သူနဲ့၊ ဈေးဝယ်ထွက်ဖို့ သက်သက်လာချေးတဲ့သူတွေပဲ။ တချို့တွေကဒီမှာအတိုးနည်းနည်းနဲ့ယူပြီး အပြင်မှာ အတိုးကြီးကြီးနဲ့ပြန်ချနေတာ” ဟု ၄င်း၏အတွေ့အကြုံကိုပြောသည်။

ချေးငွေများကို အသုံးပြုကာရွှေဝယ်ယူစုဆောင်းသည့်သူများကလည်း ငွေချေးပေးသည့်နေရာတိုင်းလိုလိုတွင်ရှိနေသည်ဟုသိရသည်။

“တကယ်လိုလို့ မဟုတ်ဘဲရွှေလုပ်ဖို့သက်သက်ချေးတာကတော့ တကယ်လိုအပ်တဲ့တခြားသူတွေကိုထိခိုက်နိုင်တယ်လို့ထင်တယ်” ဟု လသာမြို့နယ်အတွင်းရှိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတစ်ရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း အထက်ပါအတိုင်းသုံးသပ်ပြောကြားသည်။

ထိုကဲ့သို့သောအခြေအနေများနှင့် မတူညီသည့် အခြားအကြောင်းအရာများသည်လည်း ချေးငွေလုပ်ငန်းလုပ်ကိုင်သည့်နေရာအချို့တွင်ရှိနေသေးသည်။

ယင်းမှာ ကျေးလက်ဒေသများတွင်ပိုမိုအဖြစ်များသည်ဟုသိရသည်။ သက်ဆိုင်ရာမြို့နယ်ရုံးအချို့၏ လူတိုင်းမချေးမနေရစနစ်ပင်ဖြစ်သည်။ ထိုမချေးမနေရစနစ်ကိုကြုံတွေ့ခဲ့ရသည့်ရောဝတီတိုင်း၊ ဟင်္သာတမြို့နယ်နေ အသက် ၃၀နှစ်အရွယ် အမျိုးသမီးတစ်ဦးက “ ကျွန်မတို့နားက အဘွားကသူ့ကို ရပ်ကွက်ကလူကြီးတွေက ငွေချေးပါဆိုလို့ သူကသွားချေးလိုက်တာ။ ငွေသုံးသောင်း။ ပြီးတော့ သူကချေးလာတဲ့ငွေကို ဒီအတိုင်း သူ့သေတ္တာထဲမှာထည့်ပြီးသိမ်းထားတာ။ အဲ့ဒီပိုက်ဆံထဲကပဲ နေ့တိုင်းရပ်ကွက်ကသတ်မှတ်ထားသလောက် ပြန်ပြီးပေးနေတာ။ အဲ့ဒါသုံးသောင်းလည်းပြည့်ရော အဘွားကပြီးပြီထင်တာမှာ ရပ်ကွက်ကလူတွေက အဘွားကိုအတိုးဆိုပြီးထပ်တောင်းတယ်။ အဘွားထင်တာက မချေးမနေရချေးရတယ်ထင်ပြီး အတိုးတွေဘာတွေသူမသိဘူး။ သူချေးတဲ့ပိုက်ဆံကိုပဲမသုံးဘဲနေ့တိုင်းပြန်ပေးရမယ်ထင်တာ။ အဲဒီကိစ္စအဘွားကိုနားလည်အောင်မနည်းရှင်းပြလိုက်ရတယ်” ဟု သူမကဆိုသည်။

ယင်းကဲ့သို့အခြေအနေများကိုစီးပွားရေးပညာရှင်များက ချေးငွေကြေးသုံးစွဲမှုပုံစံများလွဲချော်နေခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထိုအခြေအနေသည် ရေရှည်တွင် ထိန်းချုပ်ရန် ခက်ခဲလာနိုင်ဖွယ်ရှိနေကြောင်း စီးပွားရေးပညာရှင်အချို့က ဆိုကြသည်။

“အစိုးရကတော့ သူတို့ချေးပေးတဲ့ငွေတွေနဲ့ တစ်ပိုင်တစ်နိုင်ဖြစ်ဖြစ် စီးပွားရေးလုပ်ငန်းလေးတွေ ထူထောင်ပြီး ဝင်ငွေလည်ပတ်တာ ပုံမှန်ဖြစ်လာနိုင်ကြစေဖို့ပဲ။ အခုလို အစိုးရက ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ ငွေတွေထုတ်ချေးတာကို ရွှေတွေဝယ်မယ်၊ ဈေးဝယ်ထွက်တဲ့ နေရာမှာသုံးမယ်ဆိုရင်တော့ ငွေကြေးလည်ပတ်စီးဆင်းမှုက ဘာမှဖြစ်လာမှာမဟုတ်သလို အစိုးရရဲ့ ရည်မှန်းချက်လည်း အောင်မြင်မှာမဟုတ်ဘူး။ အဓိကက လူတွေငွေကိုမသုံးစွဲတတ်တာကပြဿနာဖြစ်နေတာ” ဟုစီးပွားရေးပညာရှင်ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။

၄င်းကဆက်လက်ပြီး “ ဒီချေးငွေတွေကို အသုံးချမှုမှာ အရေးကြီးတာက စီးပွားရေးအတွက် တကယ်သုံးလိုက်ဖို့ပဲ။ မလိုအပ်ဘဲ သုံးလိုက်စားလိုက်ရင် ဘာမှအကျိုးမဖြစ်တော့ဘူး။ ဒီနေရာမှာ ဆင်းရဲတဲ့ငွေကြေးချေးယူသူတွေနဲ့ ဈေးကွက်ကို အပြန်အလှန်အချိတ်ဆက်ပေးဖို့ပဲ။ ဒါကိုအစိုးရက လုပ်ပေးရမယ်။ များများချေးကြပြီး ချေးငွေတွေကို ပြန်မပေါ်လာမှာစိုးတယ်။ ချေးတဲ့ငွေဟာ မိသားစုစီးပွားရေးတစ်ခုအတွက်ပဲဖြစ်သင့်တယ်” ဟုသုံးသပ်ပြောကြားသည်။

ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အစိုးရချေးငွေလုပ်ငန်းဟူသော စီမံချက်စနစ်တစ်ခု၏ အဓိကရည်ရွယ်ချက်နှင့် ကနဦးကာလတွင် လွဲချော်နေသည့် ပြည်တွင်း၏ လတ်တလောအသေးစား ချေးငွေလုပ်ငန်းနှင့် ပတ်သက်ပြီး စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ညို (ဘောဂဗေဒ) က“ ဒီအတိုင်း ရေရှည်ဆက်သွားလို့မရဘူး။ အခုအစမှာကတည်းက ဒီလိုဖြစ်နေရင် အစမှာကိုပဲ ထိန်းချုပ်ရမယ်။ ကြာလာရင်ထိန်းချုပ်ရခက်သွားလိမ့်မယ်။ ချေးပေးတဲ့သူနဲ့ ချေးယူတဲ့သူတွေအချိတ်အဆက်အမြဲရှိနေဖို့လိုမယ်။ ချေးလိုက်ပြီး တာဝန်ကျေမဟုတ်ဘူး။ နောက်ကနေစစ်ပေးရမယ်။ တကယ်လို့ ချေးငွေကို လွဲမှားပြီး သုံးနေမယ်ဆို နောက်ထပ် ထပ်ချေးမယ့် ချေးငွေကိုမပေးတော့ဘူးဆိုတာမျိုးတွေ အစကတည်းကရှိသင့်တယ်” ဟု သုံးသပ်ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းတက္ကသိုလ်မှ ပါမောက္ခ မိုဟာမက်ယူနွတ်စတင်ခဲ့သည့် အသေးစားချေးငွေလုပ်ငန်းသည် ယခုအချိန်တွင် ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံများတွင်သာမဟုတ်ဘဲ အမေရိကန်ကဲ့သို့နိုင်ငံများတွင်ပါ အသုံးချနေသည့် စနစ်တစ်ခုဖြစ်နေပြီဖြစ်သည်။ ၂၀၀၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည့် အသေးစားချေး ငွေလုပ်ငန်းစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်၊ ရပ်ကွက်များအတွက် ကျပ်သန်းပေါင်းရှစ်ထောင့်နှစ်ရာခုနစ်ဆယ့်နှစ်သန်းရှိသွားပြီဖြစ်ဟုဆိုသည်။

## စာ(၃၂) မြန်မာစာသည် တို့စာ မှ

ဆရာက အကြောင်းအရာကိုရှင်းပြပြီး အဓိကအချက်များကို ထုတ်ပေးလိုက်လျှင် ကိုယ်ပိုင်အရေးအသားဖြင့် မှတ်စုဖြစ်အောင် ရေးသားနိုင်ကြပါသည်။ စိတ်ကြိုက်မြန်မာစာကိုပင် တတ်အောင်သင်၍ အောင်မြင်အောင်ဖြေဆိုနိုင်ကြပါသည်။ ယခု အထက်တန်း ကျောင်းသားများမှာမူ ဝါကျများ၊ စာပိုဒ်များကို စနစ်တကျ၊ မှန်ကန်အောင် ရေးရန်မဆိုထားနှင့် လက်ရေးမပီသ သတ်ပုံမျှ မမှန်ကန်တော့သည်ကို တွေ့ရပါလိမ့်မည်။

ယနေ့စာစီစာကုံးမေးခွန်းကိုကြည့်ပါ။ ရေးစေလိုသည့်အချက်များကိုရည်ညွှန်းချက်ပေးထားရပါသည်။ အကြောင်းမှာ ပေးထားသော ခေါင်းစဉ်နှင့်ညီအောင် မရေးနိုင်ကြတော့သောကြောင့်ဟုဆိုပါသည်။ စာစီစာကုံးမေးခွန်းသည် ကျောင်းသား၏ ပင်ကိုယ်အရည်အသွေးကို အဖော်ထုတ်နိုင်ဆုံးမေးခွန်းဖြစ်သည်။ ကျောင်းသား၏ ဒေသန္တရ၊ ဘာသန္တရ စုဆောင်းနိုင်မှု၊ အတွေးအခေါ်နှင့် ဉာဏ်ကွန့်မြူးမှုတို့ကို ဖော်ထုတ်ခွင့်အရဆုံး နေရာဖြစ်ပါသည်။ ခေါင်းစဉ်တစ်ခုတည်းကိုပင်ရှုထောင့်အသွယ်သွယ် အမြင်အမျိုးမျိုး၊ အရေးအဖွဲ့ အနည်းနည်းတို့ဖြင့် လက်စွမ်းပြခွင့်ရထိုက်ပါသည်။

သို့သော် ထိုစာစီစာကုံးသည် ဆယ်စုနှစ်တစ်ခုကျော်မျှ သတင်းစာ၊ သတင်းတို့မှ ဗဟုသုတများကိုသာ အဓမ္မစီကုံးစေသော ဘုန်းတော်ဘွဲ့များဖြစ်သွားသော အခါကျောင်းသားတို့၏ ဉာဏ်ကွန့်မြူးခွင့်ကို ပိတ်ပင်လိုက်သကဲ့သို့ဖြစ်စေပါသည်။ ဤအချက်သည် မြန်မာစာအရေးအသားကို ညံ့သွားစေသောအချက်တစ်ခုဟု ကျွန်တော်မြင်မိပါသည်။ ဤအတိုင်း ဆက်လက်သွားနေပါက နောင်ဆယ်စုနှစ်အတွင်း စာစီစာကုံးကို ကွက်လပ်ဖြည့်ပုံစံမေးရတော့မည်လားဟု ကျွန်တော်ပူပန်မိပါသည်။

ယနေ့မြန်မာစာသည်(ဆရာမင်းသန်းထိုက် ညွှန်ပြသကဲ့သို့) သင်ကြားမှုမညှို့ငင်ဘာသာ မဟုတ်တော့ခြင်းသည်လည်း အရေးကြီးသော အချက်ဖြစ်ပါသည်။ တစ်ခါက ကျွန်တော်သည် မြို့ပေါ်ကျောင်းကြီးသို့တက်၍ ထူးချွန် စာမေးပွဲ အဖြေလွှာများကို စစ်ဆေးရပါသည်။ ရမှတ်များကို အဖြေလွှာများ ပေါ်သို့ရေးသွင်းရသောအခါ ကျွန်တော်က မြန်မာကိန်းဂဏန်းဖြင့်ရေးမိပါသည်။ ထိုအခါအခြားဆရာမများက အင်္ဂလိပ်ဂဏန်းဖြင့်သာ ရေးသွင်းရန် ကန့်ကွက်ပြောဆိုကြပါသည်။ ကျွန်တော့်ရင်ကို ရန်ပုံခွင်းအမြောက်မှန်သကဲ့သို့ခံစားခဲ့ရပါသည်။ ယနေ့ရုံးသုံးစာပေသည် မြန်မာစာသာဖြစ်နေသေးသည်ကို ထိုဆရာမများ သတိရမိကြဟန်မတူပါ။

ကျောင်းများ၏ ရုံးခန်းတွင်ရုံးတက်ရုံးဆင်း လက်မှတ်ထိုးရသောစာအုပ်များရှိကြပါသည်။ တက်ချိန်ဆင်းချိန်များကို မြန်မာကိန်းဂဏန်းဖြင့်ရေး၍ လက်မှတ်ထိုးသူ ဘယ်နှဦးရှိပါသနည်း။ ယနေ့ မြန်မာသုံးကိန်းဂဏန်းသည် ပျောက်ကွယ်စပြုနေပါပြီ။ မြန်မာစာကို မြန်မာကမျှ မသုံးလျှင် မည်သူသုံးပါမည်နည်း။ နှစ်ပေါင်းရာချီ၍ တည်တံ့အောင်ပြုစုထိန်းသိမ်းခဲ့ကြရသော မြန်မာစာပေသည်ယနေ့ခေတ်တွင်မှပျောက်ကွယ်ရမည်ဆိုသော် မည်သူတို့တွင် တာဝန်အရှိဆုံးဖြစ်ကြပါမည်နည်း။ မည်သူတို့သည် အရှက်ထိုက်ဆုံး ဖြစ်ကြပါမည်နည်း။ ပုဂံသားမြန်မာ့ဘိုးဘွားတို့ကို အားနာသင့်ကြပါသည်။

ရှေ့က ဆရာနှစ်ပါးပြောသကဲ့သို့ပင် အင်္ဂလိပ်စာတော်သည်မှာ ကောင်းပါသည်။ မြန်မာစာညံ့သည်မှာကား မကောင်းပါ။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာစလုံးတော်လျှင်ကား အကောင်းဆုံးဖြစ်ပါသည်။ မွန်ဝန်ကြီးဗညားဒလသည် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကြီးကို မွန်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုရေးသားခဲ့၏။ မွန်၊ မြန်မာနှစ်ဘာသာလုံးကို ကျွမ်းကျင်နိုင်နင်းလှသောကြောင့် ထိုကျမ်းသည် မြန်မာစာပေနယ်ပယ်၌ အရေးအဖွဲ့ကောင်းလှသည်ဟု နာမည်တွင်ခဲ့ရပါသည်။

ဆရာတော်ဦးဩဘာသ၏ ပါဠိ၊ မြန်မာ နှစ်ဘာသာနိုင်နင်းမှုကလည်း မဟောသဓနှင့် ဝေဿန္တရာတို့ကိုမြန်မာပြည်မှာရှိခဲ့သည်ဟုထင်မှတ်စေခဲ့ပါသည်။ ဆရာကြီးရွှေဥဒေါင်းသည် အင်္ဂလိပ်စုံထောက်ကြီးရှားလော့ဟုမ်းကို စုံထောက်မောင်စံရှားအဖြစ် မြန်မာမှုပြုခဲ့ရာတွင် မောင်စံရှားထံသို့ စာရေး၍ အကူအညီတောင်းသူများပင်ရှိခဲ့ဖူးကြောင်းသိရပါသည်။ ဤကား နှစ်ဘာသာလုံး ထူးချွန်ထက်မြက်မှု၏ တန်ခိုးအာနိသင်ပင်ဖြစ်ပါသည်။

ယနေ့ မြန်မာလူငယ်များ အင်္ဂလိပ်စာ တော်လာသည်ကို လက်ကမ်း၍ ကြိုဆိုပါသည်။ ကမ္ဘာသုံးဘာသာစကားကို ကျွမ်းကျင်စွာတတ်ကျွမ်းမှ မိမိတို့နိုင်ငံတွင် မသင်ရ မသိရသေးသော၊ ကောင်းမွန်သောအဆင့်မြင့်ပညာမျိုးစုံကို လေ့လာသင်ယူနိုင်မည်။ နိုင်ငံတကာတွင် မျက်နှာမငယ်ဘဲ ခေတ်နောက်မကျဘဲ သွားလာလုပ်ကိုင်နိုင်မည်။ အင်္ဂလိပ်စာ၏ အရေးကြီးပုံကလည်း ပြော၍ပင်ကုန်မည်မဟုတ်ပေ။ သို့သော် ‘ချစ်လှစွာသောနှမကလေး၊ ကျေးဇူးပြု၍ ကျွန်ုပ်ကို ရေချမ်းချမ်း တစ်ခွက်ပေးစေချင်ပါသည်’ ဟူသော ခေတ်သို့ ပြန်မရောက်အောင်လည်း မြန်မာစာကို အလေးထားဖို့လိုသည်။ ထို့ကြောင့် သတ္တမတန်း၊ မြန်မာ့သမိုင်းသင်ခန်းစာမှ တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံကို ပြန်လည်သတိရမိပါသည်။

‘မြန်မာစာသည် တို့စာ၊
မြန်မာစကားသည် တို့စကား
တို့စာကို ချီးမြှောက်ပါ၊
တို့စကားကို လေးစားပါ’

ထိုကြွေးကြော်သံကို ကျွန်တော်သတိရသကဲ့သို့ မြန်မာအများတို့သည်လည်း သတိရနိုင်ကြပါစေသောဝ်။ ။

# Environment

7DAY NEWS JOURNAL

Vol.10, No.29 • OCTOBER 6, 2011


# သစ်တောနှင့်တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဥပဒေများပြင်ဆင်ကာဒဏ်ကြေးများတိုးမြှင့်သတ်မှတ်မည်

**အေးမြကျော်**

**ရန်ကုန်၊**

**စက်တင်ဘာ- ၂၈**

တောရိုင်းတိရစ္ဆာန်များနှင့်အပင်များတရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းကို အရေးယူရန်ပြဋ္ဌာန်းထားသော တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကိုခေတ်နှင့်လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ကာ ဒဏ်ကြေးငွေများတိုးမြှင့်သွားရန်ရှိကြောင်း သစ်တောဦးစီးဌာနက 7Day News ၏ မေးမြန်းမှုကိုပြန်လည်ဖြေကြားခဲ့သည်။

၁၉၉၄ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေနှင့်၁၉၉၂ခုနှစ်က ပြဋ္ဌာန်းခဲ့သောသစ်တော ဥပဒေများကိုခေတ်နှင့်လိုက်လျောညီထွေဖြစ်အောင်ပြင်ဆင်သွားနိုင်ရန်လတ်တလောတွင်ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းကစက်တင်ဘာ၁၂ရက်တွင်ကျင်းပသော ဒီရေတောနှင့်သဘာဝဝန်းကျင်ပြန်လည်ထူထောင် ရေးကွန်ရက်၏ နှစ်ပတ်လည် အခမ်းအနား၌ပြောကြားသွားခဲ့သည်။

ထိုဥပဒေနှစ်ခုတွင် အဓိကအားဖြင့်ဥပဒေပါအချို့စကားရပ်များကိုဖွဲ့စည်းပုံအခြေခံဥပဒေပါစကားရပ်များနှင့်အညီပြင်ဆင်သွားမည်ဖြစ်ပြီး ဥပဒေတွင် ပြဋ္ဌာန်းထားသော ဒဏ်ကြေးငွေများကိုပါ တိုးမြှင့်သွားမည်ဟု 7Day News ၏ စာဖြင့်မေးမြန်းမှုကိုသစ်တောဦးစီးဌာနက ပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံမှ တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏အစိတ်အပိုင်းများကိုတရားမဝင်ရောင်းဝယ်ဖောက်ကားရာ အကြီးဆုံးဈေးကွက်မှာ တရုတ်နိုင်ငံဈေးကွက်ဖြစ်ပြီး တရုတ်နှင့်မြန်မာနယ်စပ်နေရာများတွင်ရောင်းဝယ်ဖောက်ကားမှုအများဆုံးပြုလုပ်သည်ကိုတွေ့ရှိခဲ့ကြောင်းတောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသူများထံမှသိရသည်။



*ညောင်ရွှေမြို့နယ်အတွင်း တရားမဝင်ရောင်းဝယ်သူများထံမှ ဖမ်းဆီးရမိသော လိပ်ပုတီးတစ်ကောင်ကို ၂၀၁၀ မေလအတွင်းက တွေ့ရစဉ်*

ဓာတ်ပုံ-အေးမြကျော်

တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ နိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ကျား၊ ဆင် စသည့်တောရိုင်းတိရစ္ဆာန်များသည် လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန် စာရင်းဝင်သောကြောင့် ယင်းတို့ကို ဖမ်းဆီးသတ်ဖြတ်သည်ဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းများကို ရောင်းဝယ်ဖောက်ကားလျှင်ဥပဒေပုဒ်မ၃၇(က)အရ ထောင်ဒဏ်ခုနစ်နှစ်ဖြစ်စေ၊ ဒဏ်ကြေးငွေ ငါးသောင်းကျပ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ခုလုံးကိုဖြစ်စေ ကျခံရနိုင်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

အခြား ကာကွယ်ထားသော စာရင်းဝင် တောရိုင်းတိရစ္ဆာန်များကို ရောင်းဝယ်ဖောက်ကားလျှင်လည်း ဥပဒေပုဒ်မ ၃၆(က)၊ ၃၆(ခ) တို့ဖြင့် ထောင်ဒဏ်၊ ငွေဒဏ်ချမှတ်ရန် ဥပဒေပြဋ္ဌာန်းထားသည်။

ဥပဒေကိုပြင်ဆင်ခြင်းနှင့်အတူဒဏ်ငွေများကိုတိုးမြှင့်ခြင်းကို ကြိုဆိုကြောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းလုပ်ဆောင်နေသူများကပြောကြားသည်။

"ဒဏ်ကြေးတွေကို တိုးမယ်ဆိုတာကြိုဆိုပါတယ်။ ဒဏ်ကြေးကတောရိုင်းတိရစ္ဆာန်ရောင်းရငွေထက်နည်းနေတာကနေ ဒဏ်ကြေးတိုးလိုက်တော့ ပိုထိရောက်တဲ့အရေးယူမှုတွေပိုလုပ်နိုင်မယ်လို့ထင်ပါတယ်"ဟု တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းလုပ်ဆောင်နေသူတစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများမှာ တရုတ်နိုင်ငံနှင့်အနီးဆုံးဖြစ်သောနှစ်နိုင်ငံကုန်သွယ်ရေးတွင် အချက်အချာကျသည့်မန္တလေးတိုင်းဒေသကြီးတွင် အများဆုံး ဖမ်းဆီးရမိပြီး ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင်အများဆုံးဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာန၏ စာရင်းဇယားများအရသိရသည်။

တရားမဝင်ရောင်းဝယ်ဖောက်ကားရန် အများဆုံးဖမ်းဆီးကြသော တောရိုင်းတိရစ္ဆာန်များမှာ ကျား၊ ဆင်၊ တောဆိတ်၊ သင်းခွေချပ်၊ ချေ၊ ကုန်းလိပ်၊ တောဝက်၊ မြွေအမျိုးမျိုး၊ တောက်တဲ့၊ တောင်ဆိတ်၊ အင်းကျား၊ ဝက်ဝံ၊ ဘွတ်ငှက် စသည့် တောရိုင်းတိရစ္ဆာန်များဖြစ်ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

သစ်တောဦးစီးဌာနစာရင်းဇယားများအရ ၂၀၁၀ပြည့်နှစ်အတွင်းက တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်မှုပေါင်း ၃၃ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လကုန်အထိပြစ်မှုပေါင်း ၁၆ မှုကို ဖမ်းဆီးအရေးယူထားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တောရိုင်းတိရစ္ဆာန်များကို အဓိကရောင်းဝယ်ဖောက်ကားရာ ဈေးကွက်များမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက တိုင်းရင်းဆေးများ ဖော်စပ်ရန်နှင့် ဟင်းလျာများအဖြစ် ရောင်းချရန် အများဆုံးဝယ်ယူလေ့ရှိကြသည်။

## Environment Cartoon










Tourism
7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# နိုင်ငံခြားဧည့်သည်များ လေ့လာနိုင်ရန် ရိုးရာ နတ်ကနားပွဲ တစ်လလုံးကျင်းပမည်

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ- ၂၉

ညောင်ဦးမြို့အနီး သက်တမ်းနှစ်တစ်ထောင်ခန့်ရှိသော မန်ကျည်းပင်ကြီးတည်ရှိရာ ဇီးအိုကျေးရွာတွင် ကမ္ဘာ့လှည့် ခရီးသွားများ လေ့လာနိုင်ရန် ရိုးရာနတ်ကနားပွဲကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးလုပ်ငန်းသွားလုပ်ငန်းရှင်များအသင်း၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

"နိုဝင်ဘာတစ်လလုံး ကျင်းပသွားဖို့ စီစဉ်ထားပါတယ်" ဟု ပုဂံဒေသခံခရီးသွားလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကဆိုသည်။

အဆိုပါ ဇီးအိုကျေးရွာတွင် ရိုးရာနတ်ကနားပွဲအပြင် တရားစခန်းဖွင့်လှစ်ခြင်းနှင့် အင်ကြင်းကျောက်ပန်းပုဆိုင်နှင့် လက်မှုပစ္စည်းဆိုင်များပါ ဖွင့်လှစ်သွားမည်ဟု သတင်းရရှိသည်။



တောင်ပြုန်းနတ်ပွဲတော်မြင်ကွင်း

ဓာတ်ပုံ-ဝေယံ

သွားရောက်ကြည့်ရှုလိုသူများကို အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ ပုဂံလေဆိပ်တွင် အခမ်းအနားဖြင့် ကြိုဆိုပြီး Shuttle Bus များဖြင့် နေ့လယ် ၁ နာရီတွင် ခရီးစဉ်စတင်ထွက်ခွာ၍ ညနေ ၃ နာရီတွင် ပုဂံသို့ပြန်ပို့ရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဇီးအို ကျေးရွာမှာ ညောင်ဦးမြို့တောင်ဘက် ၁၂ မိုင်ခန့်အကွာ ပုဂံ-ပုပ္ပားကားလမ်းမှ ညာဘက်သို့ ခွဲထွက်သွားရသောလမ်းပေါ်တွင်တည်ရှိပြီး ဂျစ်ကားများနှင့် ဘတ်စ်ကားများဖြင့်သာ သွားရန် အဆင်ပြေကြောင်းနှင့် အချိန်တစ်နာရီနီးပါး မောင်းနှင်ရကြောင်းဒေသခံများကပြောသည်။

# ရေခန်းသဖြင့် ခေတ္တပိတ်ထားသည့် အင်းလေးကန်ရေပေါ်ဈေး မူလနေရာတွင် ပြန်ဖွင့်မည်

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ- ၂၇



အာဆီယံဒေသ၏ အမွေအနှစ်တစ်ခုဟု တင်စားခေါ်ဝေါ်ကြသောအင်းလေးကန်အတွင်းရှိရေပေါ်ဈေးကိုယခင်နေရာဟောင်းတွင် ပြန်လည်ဖွင့်လှစ်ရန် သက်ဆိုင်ရာက ညွှန်ကြားလာကြောင်း ခရီးသွားလုပ်ငန်းရှင်များအသင်း ရှမ်းပြည်နယ်(အင်းလေးဒေသ)မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒုဝန်ကြီးလာတုန်းက ပြောသွားတာပါ။ အရင်နေရာမှာ ပြန်ဖွင့်ဖို့ကို"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။ အင်းလေးကန်ရေပေါ်ဈေးကို အင်းလေးကန် အနောက်တောင်ထောင့် ဖောင်တော်ဦးဘုရား၏ အနောက်မြောက်ဘက်ရှိ ဟဲယားရွာမရွာအတွင်း ရွာလမ်းမချောင်းရေပြင်ပေါ်တွင် လှေဖြင့် လှည့်လည်ရောင်းချလေ့ရှိသည်။ သို့သော် ၂၀၀၇-၂၀၀၈ နွေရာသီတွင် ရာသီဥတုပူပြင်းသဖြင့် အင်းလေးကန်ခန်းခြောက်ခဲ့ပြီး ရေပေါ်ဈေးအား ခေတ္တပိတ်ထားခဲ့ရသည်။


"၂၀၁၁ မှ ရေက ပုံမှန်အတိုင်းပြန်ရောက်လို့ရေပေါ်ဈေးပြန်ဖွင့်ပေမယ့်ရေကျသွားတုန်းက တူးထားတဲ့တူးမြောင်းထဲမှာလုပ်တဲ့အတွက်လှေဝင်ရတာခက်တယ်"ဟု အင်းလေးဒေသခံလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ထို့ကြောင့် ရေပေါ်ဈေးအားယခုအခါတူးမြောင်းအပြင်ဘက် ယခင်ရွာလမ်းအတိုင်းပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ အရှေ့တောင်အာရှတွင် မြန်မာနှင့်ထိုင်းနိုင်ငံတွင်သာ ရေပေါ်ဈေးရှိကြပြီး အင်းလေးရေပေါ်ဈေးမှာ ငါးရက်လျှင်တစ်ရက်သာ အလှည့်ကျရောင်းချသောဈေးဖြစ်သည်။





7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# The Cartoon Logo





















7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# စင်ကာပူရေနံချက်စက်ရုံတွင် ပေါက်ကွဲမှုများ ဖြစ်ပွား



**စင်ကာပူ၊ စက်တင်ဘာ - ၂၉**

တစ်နေ့လျှင် ရေနံစည်ပေါင်းငါးသိန်းထုတ်လုပ်နိုင်သည့် Royal Dutch Shell ကုမ္ပဏီ၏ စင်ကာပူရေနံချက်စက်ရုံ ဆက်လက်မီးလောင်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်နေ့လယ်ပိုင်းခန့်တွင်ယင်းစက်ရုံမှ ပေါက်ကွဲသံများကြားရကြောင်း သိရသည်။

ပါဆာပန်ဂျန်းဆိပ်ကမ်းနှင့် အနောက်ဘက်ကမ်းခြေမှမျက်မြင် သက်သေများက မည်းမှောင်နေသော မီးခိုးလုံးများနှင့် မီးတောက်ကြီးများ တက်လာသည်ကို မြင်တွေ့ခဲ့ကြောင်း ပြောကြားသည်။

ချန်နယ်နယူးစ်အေရှားတယ်လီဖုန်းလိုင်းသို့ ခေါ်ဆိုခဲ့သော မစ္စတာချန်းက မီးခိုးလုံးများမှာ ယမန်နေ့ကထက်များပြားကြောင်း ပြောကြားခဲ့သည်။

ရှဲလ် ရေနံချက်စက်ရုံတွင် မီးလောင်မှုများလာကြောင်း စင်ကာပူ အရပ်ဘက်ကာကွယ် ရေးတပ်ဖွဲ့(SCDF)ကလည်းပြောကြားသည်။ မီးသတ်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပြီး မီးလောင်ကျွမ်းမှုကိုလည်း အကာအရံတံတိုင်းအတွင်းထိန်းချုပ်ထားနိုင်သေးကြောင်း သိရသည်။

အနီးအနားတွင်ရှိသောရေနံသိုလှောင်ကန်များသို့အပူကူးစက်မှုမရှိစေရန် ပတ်ဝန်းကျင်အအေးခံလုပ်ငန်းများလုပ်ဆောင်ရာတွင် ရေထိုးပိုက်ကြီးအခု ၂၀ ခန့်အသုံးပြုနေကြောင်း SCDF က ပြောကြားသည်။

မီးတောက်ကို ထိန်းချုပ်နိုင်ရန် SCDF မှမီးသတ်သမား ၁၀၀ နှင့် ရှဲလ်ကုမ္ပဏီမှ "လိုအပ်သော" ဝန်ထမ်း ၂၅၀ သည် ညလုံးပေါက်ကြိုးပမ်းခဲ့ကြောင်း သိရသည်။ SCDF ၏မီးသတ်ကားနှစ်စီးမှာဆိုးဆိုးဝါးဝါးပျက်စီးခဲ့ပြီး အခြားမီးသတ်ကားတစ်စီး အနည်းငယ်ပျက်စီးခဲ့သော်လည်းလူထိခိုက်ဒဏ်ရာရမှု မရှိဟုသိရသည်။

*—Ref: Reuters*




# ရှန်ဟိုင်းရထားတိုက်မှုကြောင့် ဘေးကင်းလုံခြုံမှုအပေါ် မေးခွန်းထုတ်လာ



Photo - Reuters

**ရှန်ဟိုင်း၊ စက်တင်ဘာ - ၂၈**

တရုတ်နိုင်ငံ၏ စီးပွားရေးမြို့တော် ရှန်ဟိုင်းတွင် မြို့တွင်းပြေးဆွဲသောရထားနှစ်စင်းတိုက်မှုဖြစ်ပေါ်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ကျယ်ပြန့်သော သယ်ယူပို့ဆောင်ရေးကွန်ရက်ကို အလျင်အမြန်တည်ဆောက်ခဲ့ရာ၌ ဘေးကင်းလုံခြုံမှုအပိုင်း၌ ပေါ့လျော့ခဲ့လေသလားဟူသော စိုးရိမ်မှုများ အသစ်တစ်ဖန်ဖြစ်ပေါ်လာသည်။

စက်တင်ဘာလ ၂၆ရက်တွင် ရှန်ဟိုင်းမြို့တွင်းပြေးရထားနှစ်စင်းတိုက်မိ၍ လူပေါင်း ၂၈၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် 'ပို၍သတိထားရန်' နိုင်ငံပိုင်မီဒီယာက အစိုးရအား တိုက်တွန်းထားသည်။ နိုင်ငံအရှေ့ပိုင်းဝမ်ဂျူးမြို့တွင် လူပေါင်း ၄၀ သေဆုံးခဲ့သည့် မြန်နှုန်းမြင့်ရထားနှစ်စင်းတိုက်မှုဖြစ်ပေါ်ခဲ့ပြီး လပိုင်းအတွင်းမှာပင် ယခုရထားတိုက်မှုထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခု မတော်တဆမှုမှာ အချက်ပြစနစ်ချို့ယွင်းမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု အများစုမှာ ဒဏ်ရာမပြင်းထန်သော်လည်း ရှန်ဟိုင်းမြို့၏အသစ်လွင်ဆုံးမက်ထရိုရထားလိုင်းတွင်တိုက်မိခဲ့ခြင်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာပြပွဲ(World Expo)အစီအစဉ်ကိုတိုးချဲ့ခဲ့သည့် မြို့တော်အာဏာပိုင်များအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ပြုလုပ်ခဲ့သည့်ခြောက်လကြာပြပွဲသို့ကမ္ဘာတစ်ဝန်းမှ လူပေါင်း သန်း ၇၀ ကျော်လာရောက်ကြည့်ရှုခဲ့ပြီး ကမ္ဘာ့စီးပွားရေးမြို့တော်အဖြစ်ဖွံ့ဖြိုးလာနေသောမြို့တော်အတွက် ကြီးမားသောအောင်မြင်မှုဟု ရှုမြင်ခံရသည်။

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဂလိုဘယ်တိုင်းမ်စ် သတင်းစာကလည်းတရုတ်နိုင်ငံအနေဖြင့် ဘေဂျင်းနှင့် ရှန်ဟိုင်းကဲ့သို့မြို့ကြီးများအတွက်ခေတ်မီသယ်ယူ ပို့ဆောင်ရေးစနစ်များတည်ဆောက်ရုံမျှလွဲ၍ရွေးချယ်စရာမရှိကြောင်း၊ သို့သော် ဘေးကင်းလုံခြုံရေးပေါ့လျော့မှုများအဖြစ်မခံနိုင်ကြောင်း ဖော်ပြသည်။—*Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## နောက်ကျောဖုံး - တာလီဘန်ငြိမ်းချမ်းရေး မဟာဗျူဟာ ဟာမစ်ကာဇိုင်း ပြန်လည်သုံးသပ်မည် မှ

အထောက်အထား အသစ်များအရ မစ္စတာရက်ဘာနီအား လုပ်ကြံသူမှာ ပါကစ္စတန်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း သမ္မတကာဇိုင်း၏နန်းတော်မှ ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။

အာဖဂန်နိုင်ငံသား အများအပြားက ၎င်းတို့နိုင်ငံတွင် တာလီဘန်ဦးဆောင်သောပုန်ကန်ထကြွမှုများမှာ ပါကစ္စတန်နှင့် ဆက်နွှယ်နေကြောင်း မသင်္ကာဖြစ်ခဲ့ကြသည်။ ယခု ထုတ်ပြန်ချက်မှာ ရက်ဘာနီ သတ်ဖြတ်ခံရမှုတွင် ပါကစ္စတန်နှင့် ဆက်နွှယ်နေကြောင်း အပြင်းထန်ဆုံးထုတ်ပြန်ချက်ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်ပေါ်လာရန်မှာ ပါကစ္စတန်နှင့် ဆွေးနွေးရန်လိုအပ်ကြောင်း သမ္မတကာဇိုင်းက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့ပြီး ဆွေးနွေးပွဲများတွင် မူလာ မိုဟာမက်အိုမာကဲ့သို့ အာဖဂန်တာလီဘန်ထိပ်တန်းခေါင်းဆောင်များနှင့် အဆက်အသွယ်မရရှိခဲ့ခြင်းအတွက် စိတ်ပျက်ရကြောင်းလည်း ပြောသည်။

စက်တင်ဘာ ၂၀ ရက်က ရက်ဘာနီ အားသတ်ဖြတ်ရန် ကက်တာမြို့တွင် စီမံခဲ့ပြီး အသေခံတိုက်ခိုက်မှုပြုလုပ်ခဲ့သူမှာ ပါကစ္စတန်နိုင်ငံသား တစ်ဦးဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးထံမှ ကိုးကား၍ ကြေညာချက်၌ ဖော်ပြသည်။

*—Ref: AFP*

## နောက်ကျောဖုံး - ရေကြီးနေသော ထိုင်းနိုင်ငံအလယ်ပိုင်းခ႑ိုင်ဒေသကြီးနှစ်ခုကို ဘေးအန္တရာယ်ရှိ ဇရိယာအဖြစ်ကြေညာ မှ

ယင်းဒေသများတွင် ရေကြီးနေသည်မှာ တစ်လခန့်ရှိပြီဖြစ်ပြီး လူပေါင်း ၂၂၄၀၀၀ ကျော် ရေကြီးမှုဒဏ် ခံစားနေရကြောင်း ဘန်ကောက်ပို့စ် သတင်းစာက ဖော်ပြခဲ့သည်။ ယင်းဒေသမှ ဆည်များ၏ ရေတံခါးများ ဖွင့်ချခဲ့သောကြောင့်လည်း အခြေအနေ ပိုဆိုးခဲ့ရကြောင်း သတင်းစာတွင် ရေးသားထားသည်။

ရေလွှမ်းမိုးမှုဒဏ်ခံစားနေရသူများအား ကူညီရန် စစ်ဘက်တပ်ဖွဲ့ဝင် ၁၀,၀၀၀ ချထားပြီး စစ်တပ်ယာဉ် ၅၀၀ နှင့် လှေပေါင်း ၁၀၀ အသုံးပြု၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေကြောင်း အေအက်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နိုင်ငံတစ်ဝန်းရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ ၂၀၆ ဦးရှိသွားပြီဖြစ်ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးစေရေးဌာနက ပြောကြားပြီး ခရိုင်ဒေသကြီး ၂၃ ခုတွင် ရေကြီးနေဆဲဖြစ်ကာ လူပေါင်း ၁ ဒသမ ၈ သန်းရေကြီးမှုဒဏ်ခံစားနေရကြောင်း ဘန်ကောက်ပို့စ် သတင်းက ဖော်ပြသည်။ *—Ref: UPI/Bangkok post*



# Leader's Profile

## အိန္ဒိယ တာတာ ကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ

# ရက်တန်နာဗယ်တာတာ

ရဲမင်း

မစ္စတာရက်တန်နာဗယ်တာတာသည် Tata အုပ်စုမိခင်ကုမ္ပဏီကြီး Tata Sons ၏ လက်ရှိဥက္ကဋ္ဌဖြစ်သည်။ ထို့အတွက် Tata အုပ်စုဝင် ကုမ္ပဏီများဖြစ်သော တာတာသံမဏိ၊ တာတာကားကုမ္ပဏီ၊ တာတာစွမ်းအင်၊ တာတာအတိုင်ပင်ခံလုပ်ငန်းများ၊ တာတာ လက်ဖက်ရည်၊ တာတာဓာတု၊ တာတာအိန္ဒိယဟိုတယ်ကုမ္ပဏီ၊ တာတာတယ်လီဖုန်းလုပ်ငန်းများ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

ရက်တန်တာတာအား ၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်တွင် မွန်ဘိုင်းမြို့၌မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို မွန်ဘိုင်းမြို့၌ သင်ယူခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ကော်နယ်လ်တက္ကသိုလ်မှ ဗိသုကာနှင့် အဆောက်အအုံတည်ဆောက်မှုဆိုင်ရာ အင်ဂျင်နီယာဘာသာရပ် အထူးပြုဖြင့် အင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ အမေရိကန်နိုင်ငံ IBM ကုမ္ပဏီမှ အလုပ်ကမ်းလှမ်းမှုရှိခဲ့သော်လည်း တာတာကုမ္ပဏီဥက္ကဋ္ဌ JRD Tata ၏ အကြံဉာဏ်ကိုလက်ခံခဲ့ပြီး မိသားစုစီးပွားရေး၌ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မိသားစုကုမ္ပဏီတွင် ပြန်လည်ဝင်ရောက်အလုပ်လုပ်ကိုင်သော်လည်း ပထမဦးစွာ တာတာသံမဏိစက်ရုံတွင် သာမန် ကော်လာပြာအလုပ်သမားများနှင့်အတူအလုပ်လုပ်ကိုင်ရသည်။ ၁၉၇၁ ခုနှစ်တွင် အမျိုးသားရေဒီယိုနှင့် အီလက်ထရွန်နစ်ကုမ္ပဏီ (Nel-co) ၏ ဒါရိုက်တာဖြစ်လာခဲ့ပြီး ဈေးကွက်ဝေစု ၂ ရာခိုင်နှုန်းသာရရှိထားသောကုမ္ပဏီကို ၂၅ရာခိုင်နှုန်းဈေးကွက်ဝေစုရရှိလာအောင် ပြောင်းလဲခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ဒုက္ခတွေ့နေသောချည်မျှင်နှင့်အထည်လုပ်ငန်း Empress Mills ကိုလွှဲပြောင်းရယူခဲ့ပြီး အမြတ်အစွန်းရအောင်ကြိုးစားခဲ့သော်လည်း ၎င်းအဆိုပြုတင်ပြသော ရူပီးသိန်း ၅၀ ရင်းနှီးမြှုပ်နှံရေးမှာ ငြင်းပယ်ခံခဲ့ရ၍ မအောင်မြင်ခဲ့ပေ။

၁၉၈၁ ခုနှစ်တွင်မစ္စတာ JRD Tata သည် တာတာစက်မှုလုပ်ငန်းများဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ရာ မစ္စတာရက်တန်တာတာအား ၎င်း၏ရာထူးကို ဆက်ခံစေခဲ့သည်။ Tata Industries ကဲ့သို့ ကြီးမားသောကုမ္ပဏီကြီးကို ဆက်ခံရန် မစ္စတာရက်တန်တာတာမှာအတွေ့အကြုံအလုံအလောက်မရှိဟု ဝေဖန်ခံခဲ့ရသည်။ သို့သော် မစ္စတာရက်တန်တာတာသည် ၁၉၉၁ ခုနှစ်တွင် တာတာအုပ်စု၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။

ကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌဖြစ်လာချိန်မှာပင် မစ္စတာရက်တန်တာတာက လူငယ်မန်နေဂျာများကိုဦးစားပေးခန့်အပ်ခဲ့သည်။ Tata နှင့် ဆက်နွှယ်နေသောလုပ်ငန်းများအားပို၍သဟဇာတဖြစ်သော ကုမ္ပဏီများအဖြစ် ပြောင်းလဲခဲ့ပြီး 'အများပိုင်ဓနသဟာယ'ဖြစ်အောင် စွမ်းဆောင်ခဲ့သည်။ တာတာအတိုင်ပင်ခံလုပ်ငန်းကို အများပိုင်ကုမ္ပဏီဖြစ်လာစေခဲ့ပြီး Tata Motors ကုမ္ပဏီကိုလည်းနယူးယောက်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီဖြစ်အောင် စွမ်းဆောင်ခဲ့သည်။

မစ္စတာရက်တန်တာတာ လက်ထက် အအောင်မြင်ဆုံးလုပ်ရပ်မှာ သံမဏိနှင့် အလူမီနီယံလုပ်ငန်းများ လုပ်ကိုင်သည့်အင်္ဂလိပ်-ဒတ်ချ်ပိုင်ကုမ္ပဏီ Corus Group အား Tata Sons က လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ ယင်းလွှဲပြောင်းရယူမှုမှ တာတာအုပ်စုသည် ကမ္ဘာတွင် ပဉ္စမမြောက် အကြီးမားဆုံး သံမဏိကုမ္ပဏီကြီးကိုပိုင်ဆိုင်လာခဲ့သည်။ ယခုဆိုလျှင် Tata Group သည် နိုင်ငံပေါင်း ၈၀ ကျော်တွင် စက်ရုံများထူထောင်ထားပြီး နိုင်ငံပေါင်း ၈၀ ခန့်သို့ပင် ကုန်ပစ္စည်းတင်ပို့ခြင်းအပြင် ဝန်ဆောင်မှုများပါ ပူးတွဲလုပ်ကိုင်သည့် အိန္ဒိယနိုင်ငံ၏ ကြီးမားသောကုမ္ပဏီအုပ်စုကြီးဖြစ် သည်။

မစ္စတာရက်တန်တာတာသည် အိမ်ထောင်ပြုခဲ့ခြင်းမရှိဘဲ လာမည့် ၂၀၁၂ ခုနှစ်တွင် Tata ဥက္ကဋ္ဌအဖြစ်မှ အနားယူရန်ရည်မှန်းထားသည်။

*—Ref: Wikipedia*

## စာ(၃၆) - အိုဘားမားနှင့် အာရပ်ကမာ မှ

၎င်းအား အမာခံထောက်ခံသူမစ္စတာမူဘာရက် ဇာတ်သိမ်းသွားသည်ကိုမြင်တွေ့လိုက်ရချိန်တွင် မစ္စတာအဘတ်စ်ကၡ၎င်း၏ကစားနည်းကို ပြောင်းလိုက်ပြီး ထိုးစစ်နေရာယူလိုက်သည်။

၎င်းတို့၏ ဘဝရှင်သန်နေထိုင်မှုအတွက် ပို၍ ခက်ခဲလာနိုင်သည်ဟု သိမြင်နေသည့်ကြားမှပင်နိုင်ငံသီးခြားထူထောင်ရေးကို ပါလက်စတိုင်း ၈၃ ရာခိုင်နှုန်းက ထောက်ခံခဲ့သည်။ မစ္စတာအဘတ်စ်မှာ နိုင်ငံရေးအရှိန်ရသွားသလို လေသံလည်း မာနိုင်ပြီဖြစ်သည်။ အာရပ်နွေဦးရှိနိုင်သေးလျှင် ပါလက်စတိုင်း နွေဦးအဘယ်ကြောင့်မရောက်လာနိုင်သနည်း။

ယခုဆိုခဲ့သမျှ အားလုံးမှာ အထူးအဆန်းအံ့သြစရာ မဟုတ်ပါ။ မစ္စတာအဘတ်စ်က ၎င်းဘာလုပ်မည်ဆိုသည်ကို လူတိုင်းအား ပြောခဲ့ပါသည်။ ယင်းနောက်မှာပင် အမေရိကန်နိုင်ငံအား တစ်နည်းတစ်ဖုံ အငိုက်ဖမ်းနိုင်ခဲ့သည်။

အမေရိကန်အရာရှိများက မစ္စတာအဘတ်စ်အား မှားယွင်းနားလည်ခဲ့သည်လား(သို့မဟုတ်) ဗီတိုအာဏာခြိမ်းခြောက်မှု၏နောက်ဆက်တွဲအရှုပ်အထွေးများကိုပင် လျှော့တွက်ခဲ့လေသလား။ နှစ်ခုစလုံးမှာ ယုံကြည်မှုမပေးနိုင်လှပေ။

တာဝန်စတင်ထမ်းဆောင်ချိန်တွင် အိုဘားမားအစိုးရသည် အာရပ်ကမ္ဘာတွင် လူထုထင်မြင်ချက်အရေးကြီးပုံကို အသိအမှတ်ပြုခဲ့ပြီး အမေရိကန်နိုင်ငံ၏ ရှုထောင့်နှင့် ပေါ်လစီများကို ပြင်ဆင်ရေး တန်ပြန်ရန် လိုအပ်ပုံကို သိမြင်ခဲ့သည်။

ထို့အတွက်ကြောင့်ပင် သမ္မတအိုဘားမား ကိုင်ရိုသို့သွားခဲ့ခြင်းဖြစ်သည်။ ကိုင်ရိုမြို့တွင် အိုဘားမားက တင်းမာမှုများကို သတ္တိရှိရှိရင်ဆိုင်ရန်၊ နိုင်ငံတကာအများသဘောတူညီမှုတစ်ရပ်တည်ဆောက်ရန်၊ တာဝန်သိတတ်မှုဖြင့် ရှင်သန်ရန်၊ အပြောင်းအလဲကို ထွေးပွေ့ရန်ပြောကြားခဲ့သည်။

ဗီတိုအာဏာမှာ ယင်းမျှော်လင့်ရည်မှန်းချက်မှ နောက်ပြန်ဆုတ်ခြင်းဖြစ်သည်။ ယင်းမှာစမ်းသပ်မှုဖြစ်သည်။ ငြိမ်းချမ်းရေးမှာ ခက်ခဲပါသည်။ သို့သော် တစ်ခုတည်းသော အဖြေမှာ ဗီတိုအာဏာဟုဆိုလျှင် ကိုင်ရိုမိန့်ခွန်းသည် အမေရိကန်ပေါ်လစီကို ကိုယ်စားမပြုတော့ပါ။

ယင်းမှာ မိန့်ခွန်းတစ်ခုသာ ဖြစ်ပါတော့သည်။

*—Ref: The end of a new beginning*

## နောက်ကျောဖုံး - ဗြိတိန် အာဏာရပါတီညီလာခံ ကျင်းပနေစဉ် လူပေါင်း ၃၅ ၀၀၀ ကန့်ကွက်ဆန္ဒပြ မှ

"အလုပ်လက်မဲ့ မြင့်တက်ခြင်း၊ လူနေမှုအဆင့်အတန်းနိမ့်ကျခြင်းနဲ့ စီးပွားရေးရပ်တန့်မှုတွေ ဖြစ်ပေါ်စေတဲ့ လစာဖြတ်တောက်မှု၊ ပြည်သူ့လုပ်ငန်းတွေအပေါ် တိုက်ခိုက်တဲ့ အစိုးရရဲ့ ဆိုးရွားတဲ့ ပေါ်လစီတွေကိုဆန့်ကျင်ကြောင်း ပြသဖို့ ဒီချီတက်ဆန္ဒပြမှုကို စည်းရုံးခဲ့တာဖြစ်ပါတယ်"ဟု ကုန်သွယ်ရေး သမဂ္ဂကပြောကြားသည်။

ဆန္ဒပြသူများတွင် အစိုးရအလုပ်သမားများနှင့်လက်ဝဲဂိုဏ်းတက်ကြွလှုပ်ရှားသူများလည်းပါဝင်ခဲ့ပြီး လူပေါင်း ၃၅,၀၀၀ ခန့်ရှိကြောင်း ရဲတပ်ဖွဲ့က ခန့်မှန်းထားသည်။ ဆန္ဒပြသူများက "စည်းစည်းလုံးလုံးနဲ့ တိုက်ပွဲဝင်ကြ"ဟူသော စာတန်းများကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးသမဂ္ဂအများအပြားက ဆော်သြထားသည့် နိုဝင်ဘာ ၃၀ ရက် လူထုကန့်ကွက်မှုကြီးတွင်လည်း တစ်နိုင်ငံလုံးပေါင်းစည်းဆန္ဒပြကြမည်ဖြစ်ကြောင်း သမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်သူ မာ့ခ်ဆာဝေါ့ကာက လူအုပ်ကြီးအား ပြောကြားသည်။ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၏ ညွန့်ပေါင်းအစိုးရသည် ၂၀၁၅ ခုနှစ်အရောက်တွင် ဗြိတိန်နိုင်ငံ၏ ဘတ်ဂျက်အား ဝင်ငွေထွက်ငွေညီမျှသော ဘတ်ဂျက်ဖြစ်လာစေရန် ရည်မှန်းထားသည်။

*—Ref: AFP*

## နောက်ကျောဖုံး - နယူးယောက်ဝေါလ်စထရိ ဆန့်ကျင်ဆန္ဒပြမှုတွင် လူ ၇၀၀ ကျော် ဖမ်းဆီး မှ



လော့စ်အိန်ဂျလိစ်နှင့် ဘော်စတွန်မြို့တို့တွင်လည်း အလားတူ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး ဘော်စတွန်မြို့ရှိ အမေရိကန်ဘဏ်ကော်ပိုရေးရှင်း အဆောက်အအုံခန်းမမှ ထွက်ခွာရန် ငြင်းဆန်ခဲ့သူ ၂၅ ဦးအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ကြောင်း ဘလွန်းဘာ့ဂ်သတင်းတွင် ဖော်ပြသည်။ *—Ref:Ap/Bloomberg*

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

“

# တူရကီဟာ ဒီမိုကရေစီနိုင်ငံဖြစ်တယ်

## တူရကီဝန်ကြီးချုပ် ရီဆပ်တေယစ်အာဒိုဂန်နှင့် တွေ့ဆုံခြင်း



ကျော်မျိုး

တူရကီဝန်ကြီးချုပ်ရီဆပ်တေယစ်အာဒိုဂန်ဟာ လက်ရှိမှာတော့ နိုင်ငံတကာမှာ လူကြိုက်များတဲ့ ခေါင်းဆောင်တစ်ဦးအဖြစ် ရပ်တည်လာနေပါတယ်။ ၎င်းဟာ ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ အစ္စလာမ်မစ်နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်ဖြစ်နေပြီး “အာရပ်ကမ္ဘာရဲ့မကြာမီက ဖြစ်ခဲ့တဲ့ အာရပ်နွေဦးဒီမိုကရေစီ လှုပ်ရှားမှုတွေကို ထောက်ခံခဲ့သူပါ။ ဒါ့ကြောင့်၎င်းကိုမကြာမီက အီဂျစ်မှာ ရော့ခ်စတားတစ်ဦးလိုကြိုဆိုခဲ့ကြပြီး အရှေ့အလယ်ပိုင်းဒေသမှာလည်း ထူးခြားတဲ့သူရဲကောင်းတစ်ဦး အဖြစ်ထင်ပေါ်ခဲ့ပါတယ်။ ဒါ့အပြင် ၎င်းဟာ မကြာသေးမီက ပါလက်စတိုင်းနိုင်ငံကို တရားဝင်အသိအမှတ်ပြုရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များနဲ့အတူ ကျယ်ကျယ်လောင်လောင် ထောက်ခံခဲ့ပါသေးတယ်။ ဝန်ကြီးချုပ်အာဒိုဂန်ဟာ ၂၀၀၃ ကစလို့ အာဏာရလာခဲ့ပြီး မကြာမီကမှ နောက်ထပ်သက်တမ်းတစ်ကြိမ်အတွက် ရွေးချယ်တင်မြှောက်ခံထားရပါတယ်။ တိုင်းမ်မဂ္ဂဇင်းဟာ မကြာမီကပဲ ၎င်းကို နယူးယောက်မှာ ကုလသမဂ္ဂအထွေထွေညီလာခံအစည်းအဝေးတွေလာတက်စဉ် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

မေးမြန်းဖြစ်သမျှအကြောင်းအရာတွေကတော့ တူရကီရဲ့ပျက်ယွင်းလာတဲ့ အစ္စရေးနဲ့ ဆက်ဆံရေး၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ကျရှုံးမှုနဲ့ ၎င်းအာရပ်နွေဦးကိုထောက်ခံမှု၊ တူရကီနဲ့ အီးယူရဲ့ အနေအထားစတဲ့ အကြောင်းအရာတွေပဲဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ဟာ ပါလက်စတိုင်းနိုင်ငံထူထောင်ရေးကိုအပြည့်အဝထောက်ခံခဲ့တယ်။ ကုလသမဂ္ဂမှာကြုံနေရတဲ့အဖြစ်တွေ အကုန်လုံးက ငြိမ်းချမ်းရေးဖြစ်စဉ်ကို မကူညီပါဘူးလို့ ပြောနေတဲ့လူတွေလည်းရှိပါတယ်။ ဖြစ်စဉ်ပြီးဆုံးသွားပြီလို့ဝန်ကြီးချုပ် ဘယ်လိုတွေးမိတာပါလဲ။**

အရင်ဦးဆုံး ဆိုရရင်တော့ လိုအပ်နေတာက လုံခြုံရေးကောင်စီအနေနဲ့ ပါလက်စတိုင်းက ပြည်သူတွေရဲ့ တောင်းဆိုမှုကို မှန်တယ်လို့ ပြောဖို့ပါ။ ဒီအချိန်မှာ ဆွေးနွေးစရာ တခြားတစ်ခုရှိတယ်ဆိုရင် အဲဒီနှစ်နိုင်ငံကြားမှာပဲဆွေးနွေးသင့်တယ်။ ကျွန်တော်တို့စဉ်းစားဖို့လိုတဲ့ နောက်တစ်ချက်လည်းရှိပါသေးတယ်။ အခြေခံအားဖြင့် ၁၉၆၇ နယ်စပ်ကိစ္စတွေပေါ့။ (၁၉၆၇ အာရပ်-အစ္စရေးစစ်ပွဲအပြီး သတ်မှတ်ထားသောနယ်မြေအပိုင်းအခြားကို



ဆို လိုသည်။) အစ္စရေးဟာ ပထမတော့ ၁၉၆၇ နယ်စပ်တွေကို ပြန်လက်ခံတော့မယ်ပုံပေါ်ခဲ့တယ်။ ဒါပေမဲ့ တစ်နည်းနည်းနဲ့ အလှမ်းပြန်ဝေးသွားတယ်။ ဒီကိစ္စဆီသူတို့နီးနီးကပ်ကပ် ပြန်ရောက်လာဖို့လိုအပ်ပါတယ်။ ပါလက်စတိုင်းဟာလက်ရှိမှာတော့ ဝက်ပါပိုင်းစံထဲမှာရှိနေတယ်။

ဒီတိုင်းမ်မဂ္ဂဇင်းကတစ်ဆင့် လူသားမျိုးနွယ်ကို ကျွန်တော် နှိုးဆော်လိုပါတယ်။ ပါလက်စတိုင်းတွေဟာ အဲဒီမှာ ဖြစ်တည်ရှင်သန်ဖို့ ရှိနေကြပါတယ်။ သူတို့ဟာအဲဒီအရပ်မှာ လေဟာပြင် အကျဉ်းထောင်ထဲ ရှန်းကန်နေရဖို့ အပြစ်ပေးခံထားရတာ မဟုတ်ပါဘူး။ ဒီကိစ္စမှာ အစ္စရေးရဲ့ရက်စက်မှုဟာ နောက်ထပ်ဆက်မရှိသင့်တော့ပါဘူး။ ပြီးတော့လည်း ပါလက်စတိုင်းကိုနိုင်ငံတစ်နိုင်ငံအ

ဖြစ် အသိအမှတ်ပြုရေးအတွက် တရားဝင်တောင်းဆိုမှုတွေဟာလည်း လုံခြုံရေးကောင်စီနဲ့ ကုလအထွေထွေညီလာခံနှစ်ခုစလုံးမှာ လိုက်လျောစဉ်းစားသင့်ပါတယ်။ ဒီတောင်းဆိုချက်တွေကို အဖျက်သဘောနဲ့ ချဉ်းကပ်သူတွေကတော့ သမိုင်းမှာ သူတို့ရဲ့ တင်ပြချက်တွေကို ဘယ်တော့မှ အခိုင်အမာပြနိုင်မှာမဟုတ်တော့ပါဘူး။

**ပြီးခဲ့တဲ့လေးငါးနှစ်လောက်တုန်းကတော့ တူရကီနဲ့ အစ္စရေးအကြားဆက်ဆံရေးဟာ သိပ်နီးစပ်ခဲ့တယ်။ ဒီဒေသတစ်ခုလုံးရဲ့အရှိန်အဟုန်ကိုတောင် ပြောင်းလဲနိုင်စွမ်းရှိတယ်။ အခုတော့ နှစ်နိုင်ငံကြားကကြိုးတွေဟာပြတ်တောက်တော့မယ်ပုံ ပေါ်နေပါတယ်။**

အစ္စရေးနဲ့ ကျွန်တော်တို့ရဲ့ နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးဟာ အစ္စရေးဘက်က မာဗီမာမာရာသင်္ဘောကို စီးနင်းပြီး အပြုသဘောဆက်ဆံရေးကိုမဖျက်ဆီးခဲ့ဘူးဆိုရင် ပြန်အားကောင်းလာနိုင်ပါတယ်။ အဲဒီသင်္ဘောက နိုင်ငံတကာရေပိုင်နက်ထဲမှာ သွားလာနေတာ။ အဲဒီတုန်းက အစ္စရေးတို့စီးနင်းတာခံရတဲ့ ရေယာဉ်တွေဟာကစားစရာတွေ၊ အစားအစာတွေနဲ့ အခြားပစ္စည်းတွေပါဝင်တဲ့ လူသားချင်းစာနာမှု အထောက်အပံ့တွေကလွဲလို ဘာမှမဟုတ်ခဲ့ဘူး။ ရေယာဉ်တွေမှာ နိုင်ငံ ၃၂ နိုင်ငံက နိုင်ငံသား ၄၅၀ ကျော်ပါတယ်။ သေဆုံးခဲ့သူ တစ်ဦးဆိုရင် တူရကီမျိုးနွယ် အမေရိကန်နိုင်ငံသားဖြစ်တယ်။ အခုတော့ အစ္စရေးဝန်ကြီးချုပ်က ဒီရေယာဉ်အုပ်စုဟာ လက်နက်တွေအပြည့်ပါလို့စီးနင်းခဲ့ရတာပါလို့ စွပ်စွဲနေတုန်းပါပဲ။ စွပ်စွဲခံရသလို သူတို့မှာ သေနတ်တွေသာပါရင်ဘာ့ကြောင့်ပြန်မပစ်ရသလဲ။ လုံခြုံရေးကောင်စီနဲ့ ဂျီနီဗာက ကုလအေဂျင်စီတွေမှာ ထုတ်ပြန်တဲ့ အစီရင်ခံစာတွေမှာလည်း ဒီဖြစ်စဉ်အကြောင်းဖော်ပြထားတော့ ဖတ်ကြည့်ရင် သင်္ဘောတွေမှာ သေနတ်တွေ သယ်လာပါတယ်ဆိုတဲ့ သဲလွန်စတွေကို ဘယ်တော့မှ တွေ့ရမှာမဟုတ်ပါဘူး။ အခုအချိန်မှာလည်း သူတို့ဟာ တူရကီနွယ်ဖွားလူကိုးဦး သေဆုံးမှုအတွက် တောင်းပန်ဖို့ ငြင်းဆန်ထားသလို ကျန်ရစ်သူမိသားစုတွေအတွက် လျော်ကြေးပေးဖို့လည်း ငြင်းဆန်ထားတယ်။ ဒါတွေ မပြီးသရွေ့နှစ်နိုင်ငံဆက်ဆံရေးဘယ်တော့မှ ပုံမှန်ဖြစ်လာမှာမဟုတ်ပါဘူး။

**ဝန်ကြီးချုပ်နဲ့ပြင်သစ်သမ္မတ ဆာကိုဇီတို့က ကုလအထွေထွေညီလာခံမှာ အမေရိကန်ကလုပ်နေတဲ့ငြိမ်းချမ်းရေးဖြစ်စဉ် ချဉ်းကပ်နည်းဟာ ကျရှုံးနေပြီလို့ထောက်ပြခဲ့ကြတယ်။ ဒီတော့ ဝန်ကြီးချုပ်အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အလုပ်ဖြစ်အောင် ဘယ်လိုကွဲပြားခြားနားတဲ့ နည်းနဲ့လုပ်မလဲ။**

ဒီကိစ္စမစဉ်းစားခင်ကိုယ့်ကိုယ်ကိုယ် ရိုးသားမှုစံနှုန်းစစ်ဆေးဖို့လိုပါတယ်။ ဒီမေးခွန်းကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ။ ကျွန်တော်တို့ တကယ်ပဲ ပြဿနာကို ဖြေရှင်းချင်သလား။ မဖြေရှင်းချင်ဘူးလားလို့။ ကံမကောင်းစွာဘဲ လေးပွင့်ဆိုင်အဖွဲ့ထဲမှာ (ဖြေရှင်းနိုင်မယ့်) သဲလွန်စတွေ ကျွန်တော်မမြင်မိပါဘူး။ ဒီနေ့အချိန်အထိ လုံခြုံရေးကောင်စီဟာ အစ္စရေးနဲ့ ဆက်နွယ်တဲ့ ပိတ်ဆို့အရေးယူမှုလုပ်နိုင်တဲ့ ဆုံးဖြတ်ချက် ၈၉ ခုကျော် ချမှတ်ပြီးပြီ။ ဒါပေမဲ့တစ်ခါမှ သူတို့ပိတ်ဆို့မခံရဖူးဘူး။ ဒါ့အပြင် အထွေထွေညီလာခံက ထုတ်ပြန်တာဆုံးဖြတ်ချက် ၂၀၀ လောက်ရှိတယ်။ တစ်ခုမှ အကောင်အထည်မပေါ်ပါဘူး။

အစ္စရေးကိုအရေးယူတဲ့ပိတ်ဆို့မှုတွေ ဘာ့ကြောင့်မရှိတာလဲ သိချင်မှာပဲ။ အီရန်နဲ့တုန်းကတော့ ပိတ်ဆို့အရေးယူမှုတွေ ရှိခဲ့တယ်။ ဆူဒန်နဲ့လည်း ဒီလိုပဲ။ ဒါဖြင့် အစ္စရေးကျတော့ရော။ ပိတ်ဆို့မှုတွေသာဒီခေတ်ကာလမှာ လုပ်ဖြစ်ခဲ့ရင် ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခဖြေရှင်းပြီးတာ ကြာလောက်ပြီ။ ဒါ့ကြောင့် ပါဝင်ပတ်သက်နေသူအားလုံးကို ရိုးသားဖို့၊ ကုလဆုံးဖြတ်ချက်တွေနောက်မှာ ရပ်တည်ဖို့ကျွန်တော်ဖြစ်စေချင်နေတာပါ။ ဒါဟာ တကယ်လည်း ကုလအဖွဲ့ကြီးထဲမှာပြုပြင်ပြောင်းလဲရေးလုပ်ဖို့ လိုနေတာကို ပြတယ်။ လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နေရာရထားတဲ့ နိုင်ငံတွေဘာလုပ်နေလဲ။ သူတို့ပျောက်ကွယ်သင့်ပြီ၊ တစ်ကမ္ဘာလုံးက ဒီအမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံရဲ့ဆုံးဖြတ်ချက်တွေကို လိုက်နာရတဲ့ကျွန်လို ဖြစ်နေပါတယ်။

**ဝန်ကြီးချုပ်ဟာ အာရပ်နွေဦးဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံတွေဆီ အောင်မြင်တဲ့အလည်အပတ်ခရီးတွေထွက်ခဲ့တယ်နော်။ အဲဒီနိုင်ငံတွေမှာလည်း အာဏာရှင်တွေကိုဖယ်ရှားပြီးတူရကီပုံစံဒီမိုကရေစီကိုလှမ်းကြည့်နေကြပုံပါပဲ။ ဒီလိုသာဆိုရင် ဝန်ကြီးချုပ်ရဲ့ကူညီမှုက ကမ္ဘာတစ်ဝန်းမှာ ဒီမိုကရက်တစ် ပြောင်းလဲမှုတွေအကြောင်းပြောတဲ့အခါ အမေရိကန်ရင်ဆိုင်ရသလိုမျိုး တစ်ပုံစံတည်းဝေဖန်ခံရမှုတွေ ဖြစ်လာစေနိုင်မလား။**

အခြားလူတွေနဲ့ မတူတာက ကျွန်တော်က အဲဒီနေရာတွေမှာ လမ်းပေါ်ကလူနည်းနည်းလောက်ကိုကြည့်ဖို့ သွားတာမဟုတ်ပါဘူး။ ရည်ရွယ်ချက်ရှိရှိနဲ့ သမ္မတလောင်းတွေ နိုင်ငံရေးပါတီသစ်တွေနဲ့ စကားပြောချင်လို့ပါ။ အခြေအနေကိုနားလည်နိုင်ဖို့ လူအများကြီးနဲ့ တွေ့ခွင့်လည်းရခဲ့တယ်။ တွေ့ဆုံပွဲတွေမှာတော့ ကျွန်တော်ပြောတာပေါ့။ တူရကီဟာ ဒီမိုကရေစီနိုင်ငံဖြစ်တယ်။ ဘာသာရေးမဆန်တဲ့လူမှုတိုင်းပြည်၊ တရားဥပဒေစိုးမိုးမှုရှိတယ်လို့ သူတို့အကူအညီလိုရင်တော့ ကျွန်တော်တို့ ကူညီနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာကိုယ့်ရဲ့နိုင်ငံရေးစနစ်ကို တင်ပို့ချင်တဲ့စိတ်ထားမရှိပါဘူး။

**တူရကီဟာ အရှေ့အလယ်ပိုင်းမှာ အခန်းကဏ္ဍ ပိုကြီးမားလာတာနဲ့ အမျှ နဂိုရည်မှန်းချက်ဖြစ်တဲ့အီးယူအဖွဲ့ဝင်ဖြစ်ရေးကို လက်လျှော့လိုက်ပါပြီလား။**

ပြင်သစ်သမ္မတဟောင်း ယာ့က်ရှီးရက်နဲ့ ဂျာမန်အဓိပတိဟောင်းဂါးဟတ်ရှရိုးဒါးတို့ ရှိစဉ်တုန်းကတော့ တူရကီဟာ ဥရောပခေါင်းဆောင်တွေရဲ့ ဆွေးနွေးပွဲတိုင်းမှာ ပါဝင်ခဲ့တယ်။ ဒါပေမဲ့ အဓိပတိမာကယ်နဲ့ ဆာကိုဇီတို့တက်လာချိန်မှာတော့ အပြောင်းအလဲတွေရှိလာပါပြီ။ သူတို့ရဲ့ သဘောထားအမြင်တွေရှိနေပေမယ့် ကျွန်တော်တို့ကတော့ အီးယူအဖွဲ့ဝင်ဖြစ်ရေးလမ်းကြောင်းကိုလုပ်ခဲ့တယ်။ ဒါပေမဲ့ပြည်သူတွေရဲ့ အီးယူအဖွဲ့ဝင်ဖြစ်ရေးအပေါ် ယုံကြည်မှုကလှုပ်ခါစပြုလာပြီ။ ကျွန်တော်တို့ (အဖွဲ့ဝင်ဖြစ်ရေး) ဦးတည်ဆဲပါ။ ဘာ့ကြောင့်လဲဆိုတော့ အီးယူမှာ ဘယ်ခေါင်းဆောင်မှ ထာဝရရှိမှာ မဟုတ်လို့ပါပဲ။ သူတို့တစ်နေ့ အစားထိုးခံရမယ်။ ကျွန်တော်တို့လည်း တစ်နေ့အစားထိုးခံရမယ်။ ဒါပေမဲ့ အချိန်ကြာတာနဲ့အမျှ တူရကီဟာ ပိုပြီးအားကောင်းလာတယ်။ ဥရောပနိုင်ငံတော်တော်များများရဲ့ အခြေအနေကလည်း တော်တော်လေးမြင်သာထင်ရှားနေပါတယ်။

*—Ref: 'Time meets Turkish Prime Minister Recep Tayyip Erdogan',*

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011



ကိုလံဘီယာနိုင်ငံ မယ်ဒရင်းမြို့တွင် ကဗျာရွတ်ဖတ်နေသည့် မင်းထင်ကိုကိုကြီး။

◀ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ရေးသားသည့် “ကဗျာဆိုတာ” ကဗျာ လက်ရေးမူရင်း

# မင်းထင်ကိုကိုကြီး ပြောပြတဲ့ ဒေါ်အောင်ဆန်းစုကြည် ကဗျာအကြောင်း

ချမ်းခိုက်ခိုက်

**မင်းထင်ကိုကိုကြီးဟာ ကိုလံဘီယာနိုင်ငံမှာ ယခုနှစ်ဇူလိုင်လ ၂ ရက်နေ့ကနေ ၉ ရက်နေ့အထိ ပြုလုပ်ခဲ့တဲ့ နိုင်ငံတကာကဗျာပွဲတော်ကို တက်ရောက်ဖို့ ကဗျာဆရာတစ်ဦးအနေနဲ့ ဖိတ်ကြားခံခဲ့ရပါတယ်။ ဒီပွဲတော်မှာ မင်းထင်ကိုကိုကြီးက ၄င်းရဲ့ကဗျာတွေအပြင် ဒေါ်အောင်ဆန်းစုကြည် ရေးသားတဲ့ ‘ကဗျာဆိုတာ’ ခေါင်းစဉ်နဲ့ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုဖတ်ကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကဗျာကိုပွဲတော်မှာ ရွတ်ဖတ်လိုက်တဲ့အခါ ပွဲတော်ရောက်ကဗျာဆရာတစ်ဦးက ဒီကဗျာကနေ တိုက်ရိုက်စိတ်ကူးရရှိပြီးရေးသားထားတဲ့ကဗျာတစ်ပုဒ်ထပ်မံပေါ် ထွက်လာခဲ့သလို ကဗျာကို ပွဲတော်ထိသယ်ဆောင်ဖတ်ကြားခဲ့သူ မင်းထင်ကိုကိုကြီးကလည်း ကဗျာတစ်ပုဒ်မွေးဖွားရေးသားဖြစ်ခဲ့ပါတယ်။ ဒီကဏ္ဍကနေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ‘ကဗျာဆိုတာ’ ကဗျာအကြောင်း မင်းထင်ကိုကိုကြီးက အခုလိုပြောပြခဲ့ပါတယ်။**

## ‘ကဗျာဆိုတာ’

ကဗျာဆိုတာ
လူ့စဥ်းစားဉာဏ်ရဲ့ ပဲ့တင်သံ၊
လူ့နှလုံးသားရဲ့ ခုန်လှုပ်သံ၊
လူ့စိတ်ဓာတ်ရဲ့မြည်ဟီးသံ၊
လူ့မျှော်လင့်ချက်ရဲ့ သီကျူးသံ၊
ကဗျာဆိုတာ
ကျွန်မတို့ရဲ့ရုန်းကန်သံပါပဲ။

**အောင်ဆန်းစုကြည်**

ကျွန်တော်ကဗျာပွဲတော်သွားဖြစ်မယ်လို့ သေချာသွားတဲ့အချိန်မှာ ဒီနှစ် ၂၀ အတွင်း ရေးထားတဲ့ကဗျာတွေထဲက နိုင်ငံခြားသားနားလည်ခံစားလို့ရမယ့်ကဗျာတွေကို ၁၅ ပုဒ် ရွေးထားပြီး ရွတ်ရမယ့် ကဗျာတွေကို ကျွန်တော် ထပ်ရွေးခဲ့တယ်။ ဒါပေမဲ့ အမေစုဆီကလည်း ကဗျာလေးတစ်ပုဒ် ယူသွားပြီး တခြားနိုင်ငံကကဗျာဆရာတွေရှေ့မှာ ရွတ်ရဖတ်ရရင်ကောင်းမှာပဲလို့ ရွတ်ချင်ဖတ်ချင်စိတ်ဖြစ်မိတယ်။ အဲဒါနဲ့ အမေစုကို ကျွန်တော်နိုင်ငံတကာကဗျာပွဲတော်ကိုကဗျာဆရာတစ်ယောက်အနေနဲ့ ဖိတ်ကြားခံရပါတယ်၊ ဒီပွဲမှာ ဖြစ်နိုင်လို့ရှိရင် ကဗျာလေးတစ်ပုဒ်ကို ချီးမြှင့်စေချင်ပါတယ်လို့ တောင်းခံရပါတယ်။ အမေစုက ရေးပေးမယ်ပြောတော့အရမ်းပျော်သွားတယ်။ သွားမယ့်ရက် လေဆိပ်ကို ဆင်းခါနီးအချိန်လေးမှာပဲ ကဗျာရပြီလို့သိရတယ်။ သူက အရမ်းကို အလုပ်များတဲ့သူဆိုတော့ ကဗျာမရမချင်း စိတ်ထဲ တော်တော်မောတယ်။

ကဗျာသွားယူတဲ့အချိန်က လေဆိပ်လည်းဆင်းခါနီးပြီ။ အမေစုမှာလည်း ဧည့်သည်တစ်ယောက်ရှိနေတော့အမေစုကကဗျာပေးပြီးချိန်မှာ ‘ဖတ်ကြည့်ပါဦး’ လို့ပြောတယ်။ ကျွန်တော်ကလည်း သွားရမယ့်အချိန်က အရမ်းနီးနေလို့ “ကျွန်တော် မဖတ်တော့ပါဘူး။ဒီတိုင်းပဲယူသွားတော့မယ်” လို့ပြောပြီး တက္ကစီပေါ်ရောက်မှ ဖတ်ဖြစ်ပါတယ်။ ဒီကဗျာလေးကို ဖတ်လိုက်ရတဲ့အချိန်မှာ ကိုယ့်နှလုံးသားကို ဆွဲငင်ဆောင့်ဆွဲလိုက်သလိုခံစားရတဲ့ စကားလုံးလေးတစ်လုံး သွားတွေ့တယ်။ ကဗျာရဲ့ နောက်ဆုံးစကားလုံးလေး ‘ကဗျာဆိုတာ ကျွန်မတို့ရဲ့ရုန်းကန်သံပါပဲ’ လို့ သူရေးထားတယ်။ အဲဒီစကားလုံးလေးက ကျွန်တော်ကို တော်တော်ကြီးငြိသွားစေတယ်။

အမေစုရဲ့ကဗျာကို ကဗျာပွဲတော် ပထမဆုံးနေ့မှာပဲ တခြားနိုင်ငံကကဗျာဆရာတွေကို ဝေဖြစ်တယ်။ ပြီးတော့ အမေစုရဲ့ ကဗျာကို အရင်ရွတ်ပြီးမှ ကျွန်တော့်ကဗျာတွေကို ရွတ်တယ်။

စာ(၄၉)သို့

# “မြန်မာပြည်မှာ ပြန်လည်နေထိုင်ဖို့အစီအစဉ် လောလောဆယ် မရှိသေးပါဘူး”

## မြန်မာပြည်သိန်းတန်နှင့်တွေ့ဆုံခြင်း

အေးသူစံ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**၁၉၈၈ ခုနှစ် စက်တင်ဘာလကုန်ကတည်းက မြန်မာနိုင်ငံကနေ အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားခဲ့တဲ့ အဆိုတော် မြန်မာပြည်သိန်းတန်ဟာ နှစ်ပေါင်း ၂၃နှစ်အတွင်းပထမဆုံးအကြိမ် အမိမြေကို အဆိုတော် ဇော်ဝင်းထွဋ်ရဲ့ စီစဉ်မှုနဲ့ ပြန်လည်ရောက်ရှိလာပါတယ်။ အသက်အရွယ်ကြီးရင့်သွားပေမယ့် အသံတော့ မပျက်စီးသေးတဲ့ ၄င်းရဲ့ ဖျော်ဖြေပွဲတွေကို ရန်ကုန်နဲ့ မန္တလေးမြို့မှာ အောက်တိုဘာလအတွင်း ကြည့်ရတော့မှာဖြစ်လို့မြန်မာပရိသတ်နဲ့ဝေးကွာနေချိန်အတွင်း သိန်းတန်(မြန်မာပြည်)ရဲ့ အပြောင်းအလဲတွေကို မေးမြန်းခဲ့ပါတယ်။**

**မြန်မာနိုင်ငံကို အနှစ် ၂၀ ကျော် ပြန်မလာဖြစ်တဲ့အပေါ် ပရိသတ်တော်တော်များများ ထင်မြင်ကြသလို ဒီမှာ Black List စာရင်းဝင်တာကြောင့်ဆိုတာ ဟုတ်ပါသလား။**

အမေရိကကနေ ဒီကို ကိုယ်ရေးကိုယ်တာကိစ္စကြောင့် မလာဖြစ်တာဖြစ်ပါတယ်။ ဦးအမေရိကမှာအေးအေးဆေးဆေးပဲနေပါတယ်။ သမ္မာအာဇီဝနဲ့ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ပြီးနေပါတယ်။ Black Listတွေ ထဲမှာလည်း ဦးမပါဘူးကွယ့်။

**ဒါဆို နှစ်ပေါင်းများစွာ ပြန်မလာဘဲနေပြီး ခုချိန်မှ ဘာကြောင့် ပြန်လာဖို့ ဆုံးဖြတ်လိုက်တာပါလဲ။**

ဪ သီချင်းတွေဆိုဖို့ပေါ့ကွဲ့။ ပရိသတ်ကြီးကို သီချင်းတွေနဲ့ ကျေးဇူးဆပ်ချင်တယ်။ ဦးကလည်း ခုချိန်ထိ ဆိုနေနိုင်သေးလို့ပါ။ မဆိုနိုင်ဘူးဆိုရင် ပြန်လာဖို့လည်း မလွယ်နိုင်ပါဘူး။ ဒါ ပရိသတ်ကိုလည်းအမှတ်တရကျေးဇူးဆပ်တာပါ။ နောက်ပြီး မိခင်ကြီးကလည်း အသက် ၁၀၀ ရှိပြီလေ။ ဦးရဲ့မိခင်ကြီးကို ပူဇော်ကန်တော့ရမှာပေါ့။

**အရင်ကရော မြန်မာနိုင်ငံကို ပြန်လာဖို့ ကြိုးစားဖူးပါသလား။**

ပြန်လာဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး။

**ဘာကြောင့်မအောင်မြင်ခဲ့တာပါလဲ။**

အမေရိကားမှာ ဦးရဲ့ကိုယ်ရေးကိုယ်တာကိစ္စလေးတွေရှိလို့ပါ။ အလုပ်နဲ့ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာပါ။

စာ(၄၉)သို့







## မြစ်ဆုံအလွမ်းနှင့် L ဆိုင်းဇီ


အေးသူစံ

ရန်ကုန်၊ စက်တင်ဘာ- ၂၇

ကချင်တိုင်းရင်းသူ အဆိုတော် L ဆိုင်းဇီသည် မြန်မာပြည်သိန်းတန်၏ ဖျော်ဖြေပွဲတွင် 'မြစ်ဆုံကို လွမ်းတယ်' သီချင်းကို သီဆိုမည်ဖြစ်ပြီး မြစ်ဆုံနှင့် ပတ်သက်သည့် ခံစားချက်အချို့ကိုလည်း သူမက ပြောသည်။

"ဆိုင်းဇီဒီပွဲမှာ 'မြစ်ဆုံကိုလွမ်းတယ်' ဆိုတဲ့ သီချင်းလေးကို ဆိုမှာပါ။ ကချင်ပြည်နယ်ရဲ့ မြစ်ဆုံ မေခနဲ့မလိခအလှကို ဖော်ကျူးထားတဲ့ 'မြစ်ဆုံကို လွမ်းတယ်' ဆိုတဲ့ကချင်ပြည်နယ် ကိုယ်စားပြုတဲ့ သီချင်းကို ကချင်တိုင်းရင်းသူတစ်ဦးအနေနဲ့ ခုချိန် ခုအခါမှာ သီဆိုခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါ တယ်"ဟု L ဆိုင်းဇီက ပြောသည်။

L ဆိုင်းဇီသည် ယခင်ကလည်း အဒေါ်ဖြစ်သူ L ခွန်းရီ ရေးသားခဲ့သည့် 'မလိခမှ အလွမ်းလေးတွေ' သီချင်းကိုလည်း သီဆိုဖူးခဲ့ပြီး ယခုသီချင်းမှာ မြစ်ဆုံ နှင့်ပတ်သက်၍ ဒုတိယအကြိမ် သီဆိုခြင်းဖြစ်သည်။








7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## စာ-၄၇၊ မင်းထင်ကိုကိုကြီးပြောပြတဲ့ ဒေါ်အောင်ဆန်းစုကြည် ကဗျာအကြောင်း မှ

ကဗျာပွဲ တော်ဒုတိယနေ့ည တည်းတဲ့ ဟိုတယ်ရှေ့မှာ ကျွန်တော်ထိုင်နေတုန်း တောင်အာဖရိကကဗျာဆရာက အပြင်ကနေပြန်လာပြီး ကျွန်တော့်ကို နှုတ်ဆက်စကားပြောတယ်။ ပြီးတော့ သူရေးထားတဲ့ကဗျာစာရွက်လေးတစ်ရွက်ထုတ်ပေးတယ်။ 'မင်းပေးတဲ့ ဒေါ်အောင်ဆန်းစုကြည်ကဗျာဆီကနေ တိုက်ရိုက်စိတ်ကူးညဏ်ရတဲ့ကဗျာ' ဆိုပြီး ပေးတာပါ။ ဒီပြန်ရောက်တော့ သူ့ မူရင်းအတိုင်းပဲ အမေစုကို အဲဒီကဗျာလေး ပေးခဲ့ပါတယ်။ အမေစုလည်း ဖတ်ကြည့်ပြီး သဘောကျပုံရပါတယ်။

အဲဒီကဗျာလေးက

**''Poetry Is. . .''**

poetry is. . .
The grasping of man's hands
The clasping of man's hands
The slapping and clapping of man's hands
The reach of man's hands
Poetry is . . .
The rising
The raising
And the touching of man's fists

*iain EWOK robin son*
*SOUTH AFRICA* တဲ့။

အဲဒီကဗျာလေးကို ကိုယ်လည်းကြိုက်တယ်။

အမေစုရဲ့ 'ရုန်းကန်သံ' စကားလုံးလေးက ကိုယ့်ကို ဘယ်လောက်ဖမ်းစားတယ်ဆိုတာ တွေ့တဲ့သူတိုင်းကို တော်တော်ပြောမိတယ်။ အမေစုဆီက ကဗျာရရင် အဲဒီကဗျာနဲ့ဆက်စပ်ပြီး ကဗျာတစ်ပုဒ်ရေးမယ် လို့တော့ စိတ်ကူးမရှိခဲ့ပါဘူး။ တကယ်တမ်း ကိုယ်ကဗျာမရေးဖြစ်တာ တော်တော်ကြာပါပြီ။ ဒါပေမဲ့ 'ရုန်းကန်သံ' စကားလုံးပေါ်မှာ ခံစားရပြီး ကဗျာရေးချင်တဲ့စိတ်တွေဖြစ်လာတယ်။ တောင်အာဖရိကကဗျာ ဆရာရဲ့ကဗျာနဲ့ အမေစုကဗျာကိုဖတ်ပြီး'သံကြိုးကွင်းသံတည်ည်' ဆိုတဲ့ ကဗျာလေးကို ကိုယ်ရလိုက်တယ်။ အောက်တိုဘာလထုတ် ပိတောက်ပွင့်သစ်မဂ္ဂဇင်းမှာ အဲဒီ ကိုယ့်ကဗျာလေးပါလာတယ်။

**'သံကြိုးကွင်းသံ တည်ည်'**

ဆံပင်တွေလည်း ဆွေးမြည့်လို့
လည်ပင်းတွေလည်း ဆန့်ထွက်လို့
အဲသည်လို ထွက်ပြီးသား အသက်တွေလည်းပြန်ပြန်ဝင်နေလို့
တောင့်တောင့်ကြီး ရပ်နေရတာတောင်
ခြေထောက်တွေက လှမ်းနေလို့
ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့လက်သီးတွေထဲ
သွေးချင်းတိုက်မိလို့
ငါတို့ ရုန်းကန်သံ
နည်းနည်းလှုပ်လိုက်တာနဲ့ မြည်တယ်။ ။

အမေစုကဗျာထဲက စကားလုံး 'ရုန်းကန်သံ' ကို ကျွန်တော်ရှောင်လို့မရဘူး။ 'ငါတို့ရုန်းကန်သံ နည်းနည်းလေးလှုပ်လိုက်တာနဲ့ မြည်တယ်' ဆိုတဲ့ စာသားအတိုင်းပဲ ကျွန်တော်တို့မြည်နေတာတွေကို ကျွန်တော်တို့ရဲ့ ရုန်းကန်သံပဲပေါ့။ ကျွန်တော်ရေးထားတဲ့ကဗျာလေးကို အမေစုကိုပေးမဖတ်ရသေးပါဘူး။ မကြာခင်မှာ ပေးမှာပါ။ ဒီကဗျာထဲမှာ အမေစုရဲ့ 'ရုန်း ကန်သံ' စကားလုံးကိုသုံးထားတယ်ဆိုတော့ ပေးဖတ်ရမှာပါ။

အမေစုရဲ့ကဗျာကိုဖတ်ပြီး အမေစုရဲ့မြန်မာစာပေ အရေးအသားနဲ့ ကျွမ်းကျင်မှုကို ကျွန်တော်တော်တော်ဂုဏ်ယူမိပါတယ်။ ဇွန် ၃၀ ရက်နေ့မှာ ကဗျာလေးကို ဖတ်လိုက်ရတော့ 'ကဗျာဆိုတာ ကျွန်မတို့ရဲ့ ရုန်းကန်သံပါပဲ' ဆိုတဲ့စကားလုံးလေးတစ်ခုတည်းနဲ့တင် အမေစုရဲ့ သူ့မှာ ရှိတဲ့ မြန်မာစာပေအခံလေးတစ်ခုကို တွေ့လိုက်ရတယ်။ ဒါက ဖျတ်ခနဲသတိထားလိုက်မိတာပဲရှိတယ်။ ဒီရှေ့မှာ သူမြန်မာလိုရေးတဲ့စာတွေအများကြီး မဖတ်ခဲ့ဖူးဘူးလေ။ နောက်တစ်ခါ ပြည်သူ့ခေတ်ဂျာနယ်မှာ ပုဂံသွားတဲ့ ဆောင်းပါးကိုဖတ်လိုက်ရတဲ့ အချိန်မှာ အမေစုရဲ့မြန်မာစာအရေးအသား၊ ဝါကျဖွဲ့စည်းပုံ၊ စကားလုံးအသုံးအနှုန်း၊ အရေးနဲ့ အပြော အဲဒီအပေါ်မှာ သူကျွမ်းကျင်နိုင်နင်းပုံကို တွေ့ရပြီး အရမ်းအံ့သြရသလို တော်တော်လေး ဝမ်းမြောက်ဝမ်းသာဖြစ်မိတယ်။ နိုင်ငံခြားမှာ ၂၈ နှစ်ကြာနေခဲ့တဲ့ သူတစ်ယောက်အနေနဲ့ အင်္ဂလိပ်စာတစ်ခုတည်း မဟုတ်ဘဲ မြန်မာစာအရေးအသားကိုလည်း နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ စာပေအဆင့်အတန်းရှိရှိရေးသားနိုင်တဲ့အပေါ် ဝမ်းသာဂုဏ်ယူကျေနပ်မိတယ်။

## သီတင်းကျွတ်ပွဲတော်ကာလအတွင်း ရန်ကုန်တွင် ကျင်းပမည့်ဖျော်ဖြေပွဲအချို့

| | | | | |
|---|---|---|---|---|
| ၁။ အောက်တိုဘာ (၈) | ကဗျာဘွဲ့မှူးတစ်ကိုယ်တော်ဖျော်ဖြေပွဲ | ကဗျာဘွဲ့မှူးနှင့် ဧည့်သည် အဆိုတော်များစွာ၊ ဟာသသရုပ်ဆောင်များ၏တစ်ခန်းရပ်ဟာသပြဇာတ် | အမျိုးသားကဇာတ်ရုံ | ၅,၀၀၀၊ ၈,၀၀၀ နှင့် ၁၀,၀၀၀ကျပ် |
| ၂။ အောက်တိုဘာ (၁၂) | သီတင်းကျွတ်လပြည့်ည ပျော်ပွဲရွှင်ပွဲကြီး | စိုင်းစိုင်းခမ်းလှိုင်၊ J-me၊ ရဲလေး ဂျောက်ဂျက်၊ Snare, Nine One, ကျော်ထွဋ်ဆွေ၊ G-family, Ar.T, Sz စိုးကြီး၊ Bunny Phyo, လွှမ်းပိုင်၊ စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ မိစန္ဒီ၊ Bobby Soxer | ယုဇနဂါးဒင်းဟိုတယ် | ၅,၀၀၀ ကျပ် |
| ၃။ အောက်တိုဘာ (၂၂) | နှစ်(၂၀)အလွန် မြန်မာပြည်သိန်းတန်၏ သီချင်းတွေနဲ့ ပြန်ဆုံမယ့်ည | မြန်မာပြည်သိန်းတန်၊ ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ ဇော်ပိုင်၊ R ဇာနည်၊ L လွန်းဝါ၊ အောင်လ(Reason)၊ချိုပြုံး L ခွန်းရီ၊ ထွန်းအိန္ဒြာဗို၊ မို့မို့၊ L ဆိုင်းဇီ၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အိမ့်ချစ် | သုဝဏ္ဏမိုးလုံလေလုံ ခန်းမ | ၅,၀၀၀၊ ၁၀,၀၀၀ နှင့် ၁၅,၀၀၀ |

## စာ-၄၇၊ မြန်မာပြည်သိန်းတန်နှင့်တွေ့ဆုံခြင်း မှ

| | |
|---|---|
| အမည်အရင်း | - သိန်းတန် |
| မိဘအမည် | - ဦးဘသာ၊ ဒေါ်ကြင်နု |
| မွေးသက္ကရာဇ် | - ၈. ၁၂. ၁၉၄၅ |
| ဇာတိ | - အင်းဝ |
| ဂီတလောကသို့ စတင်ဝင်ရောက်သည့် ခုနှစ် | - ၁၉၆၉ (ဝန်းကျင်) |
| ပထမဆုံး သီဆိုသည့်သီချင်း | - မနောအလှပန်း မောင့်ချစ်သူ (၁၉၇၁ ဝန်းကျင်) |

အလုပ်နဲ့ သက် ဆိုင်တဲ့အခါကျတော့ ထားခဲ့ဖို့မဖြစ်တဲ့ဟာလေးတွေပါ။ တခြားဘာအကြောင်းမှ မဟုတ်ပါဘူး။

**အခုပြန်လာဖို့ စီစဉ်ချိန်ဘယ်လောက်ကြာခဲ့ပါသလဲ။ဘယ်လို အခက်အခဲတွေကြုံခဲ့ရပါသလဲ။**

အခက်အခဲတော့ဘာမှ မရှိခဲ့ပါဘူးကွယ်။ ဦးဘာမှလည်း ဒီကို ယူမလာဖြစ်ခဲ့ပါဘူး။

**မြန်မာ့မြေပေါ် ခြေချချင်း ခံစားမိတဲ့ခံစားချက်ကိုပြောပြပါ ဦး။**

မိခင်နဲ့ အင်မတန် ကွဲကွာနေတဲ့ ကလေးတစ်ယောက်ဟာ အဝေးမှာသူ့ဟာသူ လေလွင့်နေပြီးမှ မိခင်အိမ်ကို၊ မိခင်ရှိတဲ့ဆီကို ရုတ်တရက်ပြန်ရောက်လာတဲ့ အခါကျတော့ မိခင်ရဲ့ရင်ခွင်ထဲကို အတင်းတိုးဝင်ပြီးတော့ ဘယ်ကိုမှ မသွားချင်တော့ဘူး။ မိခင်ရဲ့ ရင်ခွင်ထဲမှာပဲ သူဟာ ချွဲပျစ်ပြီး ဖက်တွယ်ပြီး ချစ်နေချင်တဲ့ ခံစားမှုမျိုး ဖြစ်မိပါတယ်။

**ဒါဆိုမြန်မာပြည်မှာ ပြန်လည်အခြေချနေထိုင်ဖို့ အစီအစဉ်ရှိ ပါသလား။**

မြန်မာပြည်မှာ ပြန်လည်နေထိုင်ဖို့အစီအစဉ်တော့ လောလောဆယ် မရှိသေးပါဘူး။

**ဟိုကို ရောက်လာတဲ့ အနုပညာရှင်တွေနဲ့ရော ဦးအဆက်အ သွယ်ရှိပါသလား။ ဥပမာ-အန်တီမာမာအေး၊ မရတနာဦး၊ မမေဆွိတို့လိုပေ့ါ။**

မြန်မာပြည်ကနေ အမေရိကားကိုရောက်လာကြတဲ့ ဂီတအနုပညာရှင်အားလုံးလိုလိုဦးသိန်းတန်တို့အမြဲလိုလိုဆုံဖြစ်ကြပါတယ်။ ဦးသိန်းတန်အိမ်ကိုလည်း သူတို့လာကြပါတယ်။ အတူတူစားကြ၊ သောက်ကြ၊ ချက်ကြ၊ ပြုတ်ကြ တွေ့ဆုံဖြစ်ပါတယ်။

**ဒီဖျော်ဖြေပွဲတွေအတွက် ဦးရဲ့ အနုပညာအကျိုးအမြတ် ဘယ်လောက်ထိရရှိမှာပါလဲ။**

အဲဒါကတော့မသိဘူးကွယ့်။ ဒီဟာနဲ့ပတ်သက်ပြီး အစီအစဉ်အတိအကျမရှိသေးပါဘူး။မေတ္တာ စေတနာအပြည့်နဲ့ ပရိသတ်ကို ဖျော်ဖြေဖို့ ရည်ရွယ်ထားပါတယ်။ အနုပညာကြေးအပိုင်းကို ဦးမသိပါဘူး။

**မြန်မာပြည်မှာနေမယ့် တစ်လ အတွင်း ဖျော်ဖြေရေးခရီးစဉ် လည်ပတ်ရေးအပြင် တခြား ဘာတွေလုပ်ဖြစ်မှာပါလဲရှင့်။**

အချိန်ရရင် ရသလောက်အမေ့ဆီမှာနေဖို့၊ ညီအစ်ကိုမောင် နှမတွေနဲ့ တွေ့ဆုံပြီးတော့ ဘာသာရေးစကားလေးတွေ တစ်ဦးနဲ့တစ်ဦးဖလှယ်ပြီးပြောကြဖို့စိတ်ကူးထားပါတယ်။

**ဒီအတောအတွင်း ဦးရဲ့နေထိုင်ကုန်ကျစရိတ်အားလုံးကို ဦးညီထွဋ်က အစစအရာရာ တာဝန်ယူထားတယ်ဆိုတာရောဟုတ်ပါသလား။**

ဒါမှန်ပါတယ်ကွယ်။

**ပလေးဘွိုင်သန်းနိုင်ဟာ ဩစတြေးလျက ပြန်လာတော့ ပရိသတ်အား၊ ပရိသတ်အသံကို ပြန်လည်မြင်တွေ့နိုင်မယ့် ဂီတ ဖျော်ဖြေပွဲလုပ်ခဲ့ပါတယ်။ ဦးရဲ့ အခုဖျော်ဖြေပွဲအတွက်ရော ဘယ်အချက်တွေအပေါ် ကြို တင်ရင်ခုန်မိပါသလဲ။**

ဦးသိန်းတန် ဆိုလိုက်တဲ့ သီချင်းတိုင်း၊ သီချင်းတိုင်း ပရိသတ်ရင်ထဲမှာ ကြိုက်နှစ်သက်နေဖို့ကို တွေးပြီး ရင်အခုန်ဆုံးပါပဲ။ ပရိသတ်အကြားချင်ဆုံး သီချင်းတွေကို ဦးသိန်းတန်ဆိုဖြစ်ဖို့ ကြိုးစားဖို့ရာက ရင်အခုန်ဆုံးပါပဲ။

**ဦး အခုအတွေ့ချင်ဆုံးလူတစ်ယောက်ဆိုရင်. ။**

မိခင်ဖြစ်ပါတယ်။

**အခုတွဲဖက်ပြီး သီဆိုဖျော်ဖြေချင်တဲ့ အဆိုတော်ရှိရင် ဘယ်သူပါလဲရှင့်။**

တွဲပြီး သီဆိုချင်တဲ့သူကတော့ အကယ်ဒမီချိုပြုံးပေ့ါကွယ်။ ငယ်ငယ်တည်းက ဦးသိန်းတန်ရဲ့ စုံတွဲသီချင်းတွေမှာ သူက မူရင်း အဆိုတော်ဖြစ်ခဲ့တာကိုးကွဲ့။ ဒီ တော့ သူနဲ့ဆိုချင်တာပေ့ါကွယ်။

**ဦးအနေနဲ့ ဖြည့်စွက်ပြောချင်တာရှိရင်. . ။**

ပရိသတ်ကြီးကို မေတ္တာပို့ပြီးတော့ နှုတ်ဆက်စကား ပြောချင်တာပါပဲ။ ပရိသတ်အားလုံး ကျန်းကျန်းမာမာချမ်းချမ်းသာသာနဲ့ လိုအင်ဆန္ဒ အသီးသီး အောင်မြင်ပြည့်စုံကြပါစေ. . ။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Lion King | Walt Disney Studios | ၆၁,၄၇၅,၄၀၂ | ၂ |
| ၂။ | Moneyball | Sony Pictures | ၁၉,၅၀၁,၃၀၂ | ၁ |
| ၃။ | Dolphin Tale | Warner Bros. Pic. | ၁၉,၁၅၂,၄၀၁ | ၁ |
| ၄။ | Abduction | Lionsgate | ၁၀,၉၂၅,၂၅၃ | ၁ |
| ၅။ | Killer Elite | Open Road Films | ၉,၃၀၀,၀၀၀ | ၁ |
| ၆။ | Contagion | Warner Bros | ၅၇,၀၀၇,၈၉၈ | ၃ |
| ၇။ | Drive | Film District | ၂၁,၄၁၇,၃၇၃ | ၂ |
| ၈။ | The Help | Dream Works Studios | ၁၅၄,၄၁၄,၁၅၃ | ၇ |
| ၉။ | Straw Dogs | Screen Gems | ၈,၈၃၅,၁၈၇ | ၂ |
| ၁၀။ | I Don't Know How She Does It | The Weinstein Company | ၇,၉၆၈,၄၆၅ | ၂ |

## Movie Review

### What's Your Number




ရည်းစားပေါင်း ၂၀ ကျော်နှင့် တွဲသွားတွဲလာလုပ်ခဲ့ပြီးသူများသည် 'အချစ်စစ်'ကိုတွေ့ရှိရန် အခွင့်အရေးကိုကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း မဂ္ဂဇင်းဆောင်းပါးတစ်ပုဒ်ကိုဖတ်လိုက်ရပြီးနောက် အယ်လီတစ်ယောက် အထိတ်တလန့်ဖြစ်သွားသည်။ ထိုနေ့မှစ၍ ရည်းစားဟောင်းများကို နည်းလမ်းပေါင်းစုံဖြင့် ပြန်လည်ဆက်သွယ်ရန်ကြိုးစားပြီး မည်သူကမိမိအတွက်အချစ်စစ်ဖြစ်ခဲ့လေသနည်းဆိုသည်ကို ပြန်လည်ဆန်းစစ်ရာ အယ်လီတစ်ယောက် အချစ်စစ်ကိုရှာတွေ့ဦးမည်လားဆိုတာ. . . .

အချစ်၊ ဟာသပေါင်းစပ်ထားသော ဇာတ်ကားအား ဒါရိုက်တာ Mark Mylod က ရိုက်ကူးထားပြီး Anna Faris၊ Chris Evans၊ Ari Graynor၊ Blythe Danner တို့ပါဝင်သရုပ်ဆောင်ထားသည်။ 20th Century Fox က စက်တင်ဘာ ၃၀ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# ဦးတေဇက ရန်ကုန်ယူနိုက်တက်ကို ကန်ဒေါ်လာသုံးသိန်းဆုချ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

၂၀၁၁ မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းအား အသင်းပိုင်ရှင်ဦးတေဇက အမေရိကန်ဒေါ်လာသုံးသိန်းဆုငွေချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

ယခုနှစ် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ၂၂ ပွဲအပြီးတွင် ရမှတ် ၅၄ မှတ်ဖြင့် ဒုတိယနေရာမှ ရောဝတီယူနိုက်တက်အသင်းထက် နှစ်မှတ်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပြိုင်ပွဲတစ်လျှောက်တွင် ၁၇ ပွဲနိုင်၊ ၃ ပွဲသရေ၊ ၂ ပွဲရှုံး၊ ရဂိုး ၅၀၊ ပေးဂိုး ၁၅ ဂိုး ရလဒ်ရရှိခဲ့သည်။

ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့်အတွက် ရန်ကုန်အသင်းသည် ဆုဖလားနှင့်အတူ ဆုကြေးငွေကျပ်သိန်း ၅၀၀ ရရှိခဲ့ပြီး ဒုတိယဆုရ ရောဝတီယူနိုက်တက်အသင်းက ဆုကြေးငွေ ကျပ်သိန်း ၃၀၀ ရရှိခဲ့သည်။




ဆုဖလားနှင့်ရန်ကုန်ယူနိုက်တက်ကို တွေ့ရစဉ်

ဓာတ်ပုံ - အောင်အောင်

၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ၏ ချန်ပီယံဆုကို ရတနာပုံအသင်းက နှစ်ကြိမ်ဆက်ရရှိခဲ့ပြီး ယခုနှစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းဗိုလ်စွဲခဲ့သည့်အတွက် ချန်ပီယံအသင်းသစ်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

# ဥသာယူနိုက်တက် ပြည်တွင်းနည်းပြတစ်ဦး ရှာဖွေနေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ- ၁**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဥသာယူနိုက်တက်အသင်းသည် နည်းပြချုပ်စင်ကာပူနိုင်ငံသား ဆီဗာဂျီအပါအဝင် နိုင်ငံခြားသားကစားသမားသုံးဦးတို့နှင့် လမ်းခွဲလိုက်ကြောင်း သတင်းရရှိသည်။

သို့သော် ဘရာဇီးကစားသမား ဂျူနီယာနှင့်မူ စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးနေကြောင်း လစ်လပ်သွားသော နည်းပြချုပ်နေရာတွင် ပြည်တွင်းနည်းပြတစ်ဦးအား အဓိက ရှာဖွေသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံခြားသားကစားသမားနှစ်ဦးလည်း ခေါ်ယူရန်စီစဉ်ထားကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

နိုင်ငံခြားကစားသမားသုံးဦးမှာ လစ်ပီလစ်ပီ၊ ဒီဂျာနယ်(ကင်မရွန်း)၊ မာစီယို (ဘရာဇီး)တို့ဖြစ်သည်။ နည်းပြအပါအဝင် ၎င်းတို့လေးဦးစလုံးသည် ၂၀၁၁၊ ဒီဇင်ဘာလတွင်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဥသာယူနိုက်တက်အသင်းသည် အေးဂျင့်ဖြစ်သူနှင့်ဆွေးနွေးကာ ၂၀၁၁မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အပြီးမှာပင် စာချုပ်သက်တမ်းမတိုးဘဲ လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

နည်းပြချုပ် ဆီဗာဂျီသည် ဥသာယူနိုက်တက်အသင်းအား ၂၀၁၀ MFF Cup ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး ကစားသမားလစ်ပီလစ်ပီသည်လည်း ၂၀၁၀ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူဖြစ်သည်။



ဓာတ်ပုံ - အောင်-

ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အပြီးတွင် ဥသာယူနိုက်တက်အသင်းသည် အဆင့် ၅ တွင် ရပ်တည်နိုင်ခဲ့ပြီး တိုက်စစ်မှူးလစ်ပီလစ်ပီသည် သွင်းဂိုး ၆ ဂိုးသွင်းယူထားကြောင်း သိရသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# ဝင်းဇော်ထွဋ် အစွမ်းပြခဲ့သော ဂရင်းမာစတာ စစ်တုရင်ပြိုင်ပွဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၃၀**

ပြည်ပဂရင်းမာစတာ စစ်တုရင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်အင်တာနေရှင်နယ်ဂရင်းမာစတာ စစ်တုရင်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဝင်းဇော်ထွဋ်ကပထမရရှိခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အဆိုပါပြိုင်ပွဲကို စက်တင်ဘာလ ၂၁ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ ပြိုင်ပွဲတွင် ဗီယက်နမ်မှ ဂရင်းမာစတာနှစ်ဦးနှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မာစတာတစ်ဦး၊ အိန္ဒိယမှ ဂရင်းမာစတာတစ်ဦး၊ စင်ကာပူနှင့် မလေးရှားမှ အင်တာနေရှင်နယ်မာစတာတစ်ဦးစီ(ပြည်ပ)မှ ကစားသမားခြောက်ဦးနှင့် ပြည်တွင်းကစားသမားခုနစ်ဦး စုစုပေါင်း ၁၃ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်ကစားသမားများ ပတ်လည်ယှဉ်ပြိုင်ကစားအပြီးတွင် မြန်မာမှ ဝင်းဇော်ထွဋ်က ရမှတ် ၉ ဒသမ ၅ မှတ်ဖြင့် ပထမ၊ ဗီယက်နမ်မှ Nguyen Van Hai က ရမှတ် ၈ ဒသမ ၅ မှတ်ဖြင့် ဒုတိယ၊ ဗီယက်နမ်မှ Bui Vinh က ရမှတ် ၈ မှတ်ဖြင့် တတိယရရှိခဲ့သည်။

ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သည့်အတွက် ဆုကြေးချီးမြှင့်ခြင်းမရှိသော်လည်း ပြည်ပမှ ပြိုင်ပွဲဝင်ကစားသမားများ၏ ခရီးစရိတ်နှင့် တည်းခိုနေထိုင်စရိတ် ကုန်ကျငွေစုစုပေါင်းနှင့် ပြိုင်ပွဲဝင်ဂရင်းမာစတာစစ်တုရင်ကစားသမားများအတွက် ချီးမြှင့်ငွေများကိုလည်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ အကုန်ကျခံ၍ ကျင်းပခြင်းဖြစ်သည်။

:: အားကစားကြယ်ပွင့် ::

# ကမ္ဘာ့ဂျူဒိုလောကရဲ့ အောင်မြင်မှုအရှိဆုံးကစားသမား တက်ဒီရီနာ

ကိုအေးမြတ်



ပြီးခဲ့တဲ့ ဩဂုတ်လကုန်က ပြင်သစ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဂျူဒို ချန်ပီယံရှစ်ပြိုင်ပွဲမှာ ပြင်သစ် လူငယ်ဂျူဒိုသမားလေး တက်ဒီရီနာဟာ အမျိုးသား ကီလို ၁၀၀ နှင့်အထက် ဟဲဗီးဝိတ်တန်းမှာ ဂျာမနီမှ အန်ဒရီယက်စ်တိုလ်ဇာကိုအနိုင်ရကာ ဂျူဒိုလောကရဲ့ ကမ္ဘာ့စံချိန်သစ်အဖြစ် ၎င်းရဲ့ ငါးခုမြောက် ကမ္ဘာ့ဂျူဒိုချန်ပီယံရှစ်သရဖူကိုဆွတ် ခူးနိုင်ခဲ့ပါတယ်။

တက်ဒီရီနာဟာ တကယ်တော့ ဒီ ၂၀၁၁ မှ ကျော်ကြားလာတဲ့ ကမ္ဘာ့ထိပ်တန်းဂျူဒိုသမားမဟုတ်ပါဘူး။ သူဟာ ၂၀၀၇ ခုနှစ်ကတည်းက ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲမှာ ဟဲဗီးဝိတ်သရဖူကိုရရှိခဲ့ပြီး အမျိုးသားဂျူဒိုသမားတွေထဲမှာ လက်ရှိအချိန်အထိ အသက်အငယ်ဆုံးနဲ့ ကမ္ဘာ့ချန်ပီယံဘွဲ့ကို ရရှိသူတစ်ဦးဖြစ်လာခဲ့တာပါ။ တက်ဒီရီနာကို ၁၉၈၉၊ ဧပြီ ၇ မှာ မွေးတာမို့ ၎င်း ကမ္ဘာ့ချန်ပီယံဖြစ်ချိန်မှာ အသက်က ၁၈ နှစ်နဲ့ ငါးလအရွယ်ပဲရှိခဲ့ပါတယ်။ ဒီစံချိန်ဟာ အမျိုးသမီးဂျူဒိုသမားတွေထဲကဆိုရင် ၁၉၉၃ ခုနှစ်က ယိုကိုတာနီကမ္ဘာ့ချန်ပီယံဖြစ်စဉ်က အသက် ၁၈ နှစ်နဲ့ တစ်လကို တော့ မမီခဲ့ပေမယ့် ဂျူဒိုအားကစားသမိုင်းမှာတော့ အသက်အငယ်ဆုံးနဲ့ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့တဲ့ အမျိုးသားဂျူဒိုကစားသမားဆိုတဲ့ စံချိန်ကိုတော့ ရရှိစေခဲ့ပါတယ်။

**ငယ်ဘဝ**

တက်ဒီရီနာဟာပြင်သစ်ပိုင်နက် ကာရစ်ဘီယံဒေသမှ ဂွါဒီလုဒ်ကျွန်းမှာ မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်ပါတယ်။ ၎င်းဟာ ငယ်စဉ်က ဂျူဒိုအားကစားအပြင် ရေကူး၊ ဘောလုံးနဲ့ တောင်တက်အားကစားတို့ကို ဝါသနာပါခဲ့ပေမယ့် အသက်ခြောက်နှစ်အရွယ်ကတည်းက ဂျူဒိုကိုပဲ တစ်စိုက်မတ်မတ်ကစားခဲ့တာမို့ ထူးချွန်တဲ့ လူငယ်ကစားသမားလေးဖြစ်လာခဲ့ပါတယ်။ တက်ဒီဟာ မိသားစုနဲ့အတူ အသက် ၁၄ နှစ်အရွယ်မှာတော့ ပြင်သစ်ကိုပြောင်း ရွှေ့လာခဲ့ပြီး ပြင်သစ်ရဲ့ အိုလံပစ်ဂျူဒိုချန်ပီယံဖြစ်သူ ဒေးဗစ်ဒူးလက်ကိုအားကျခဲ့ပြီး ၎င်းကိုလည်း ဒေးဗစ်နဲ့နှိုင်းယှဉ်တာကို ဂုဏ်ယူခဲ့ပါတယ်။

တက်ဒီဟာ ပထမဆုံး ကမ္ဘာ့အဆင့်ပြိုင်ပွဲအဖြစ် ၂၀၀၇ ဥရောပ ဂျူဒိုချန်ပီယံရှစ်နဲ့ ကမ္ဘာ့ဂျူဒိုချန်ပီယံရှစ်ပွဲတွေမှာ ဟဲဗီးဝိတ်တန်းကဝင်ပြိုင်ခဲ့ပြီး ချန်ပီယံဆုတွေဆွတ်ခူးနိုင်ခဲ့ပါတယ်။

စာ(၅၂)သို့


Ogival
SINCE 1995
Available at: CHERRY OO


WINNER
Double Bonus Sale
Enjoy Special Discount For "Thadingyut Festival"
TODAY - 31 OCTOBER 2011
Limited Stock
PLUS BED
GEO BED
OPERA BED
VERTIO WARDROBE
GEO WARDROBE
OPERA WARDROBE
10% OFF
RESORT DRESSING TABLE
PLUS DRESSING TABLE
ROGER L-SHAPE SOFA
PANAVISION TV STAND 1.20
NOBEL SHELF
TIMBER S SHOE CABINET
UREKA WORKING TABLE
VERTIO TV STAND 1.60
DEAN DAY BED
NOTTE COFFEE TABLE
TRIO/L SIDE TABLE
BOBBY 1 SEATER
YANGON/MANDALAY MK WINNER

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.29 · OCTOBER 6, 2011

# ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ခွင့်ပိတ်သည့် ပြစ်ဒဏ်ကို မြန်မာအယူခံဝင်မည်

ဗိုလ်ဗိုလ်ဝင်း၊ ကျော်မျိုး

**ရန်ကုန်၊ အောက်တိုဘာ - ၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား အိုမန်နှင့်ပွဲ၏ဖြစ်ရပ်များနှင့်ပတ်သက်၍ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ရန် ဆုံးဖြတ်ချက်အပေါ် တွင်အယူခံဝင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကပြောကြားသည်။

မြန်မာအသင်းသည် အိုမန်နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဇူလိုင်လ ၂၈ ရက်က သုဝဏ္ဏကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာပရိသတ်များက ကွင်းအတွင်းသို့ အရာဝတ္ထုမျိုးစုံဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ပွဲကိုရပ်ဆိုင်းခဲ့ရသည်။

ဖီဖာသည် ထိုပွဲပြီးနောက် အိုမန်အသင်းအား ၂-၀ ဂိုးဖြင့် အနိုင်ပေးခဲ့ သည်။ ထို့အပြင် နောက်ဆက်တွဲအဖြစ် ၂၀၁၈ကမ္ဘာ့ဖလား ခြေစစ်ပွဲ၌ မြန်မာဝင်ပြိုင်ခွင့်ပိတ်ပင်ခဲ့ပြီး ဆွစ်ဖရန့်ငွေ ၂၅,၀၀၀(ဒေါ်လာ ၂၇,၇၅၈)ဒဏ်ကြေး ပေးဆောင်ရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။



ဓာတ်ပုံ - ရဲအောင်ဖောင်(အေဖ်ပီ)

မြန်မာ-အိုမန်ပွဲစဉ်တွင် ပရိသတ်က အရာဝတ္ထုမျိုးစုံဖြင့် ပစ်ပေါက်၍ အိုမန်နည်းပြအဖွဲ့ဝင်တစ်ဦး ခေါင်း၌ ဒဏ်ရာရသွားစဉ်

"ဒဏ်ကြေးငွေကို အယူခံမဝင်ပါဘူး။ ဒါပေမဲ့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ရောက်ခွင့်အတွက်တော့အယူခံဝင်သွားပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ အနာဂတ်ကလေးတွေ ကစားနိုင်မယ့်လမ်းကြောင်းတစ်ခုကို ပိတ်မသွားအောင် ကြိုးစားခြင်းဖြစ်ပါတယ်" ဟု ဦးဇော်ဇော်က ယခုလ ၂ရက်တွင် ဆီဒိုးနားဟိုတယ်၌ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့အပြင် နောက်ပိုင်းပွဲစဉ်များအတွက်လည်း ယခုထက်ပို၍ စိတ်ချရရန် အဖွဲ့ချုပ်အနေဖြင့် အကောင်းဆုံးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ဇော်ကပြောကြားသည်။

"ဒီအပြစ်ပေးမှုက ကျွန်တော်တို့အတွက် အကောင်းဘက်ကကြည့်ရင်လည်း နိုင်ငံတကာကို သွားတဲ့နေရာမှာ ဒီလိုလုပ်ရင်ဒီလိုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့လူမျိုးတွေသိလာရပြီ။ နောက်တစ်ခါမဖြစ်တော့အောင် စည်းကမ်းလိုက်နာရတော့မယ်။ ပရိသတ်တွေနားလည်သဘောပေါက်အောင်လည်း မီဒီယာတွေရော(အားလုံး) အကူအညီပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကပြောကြားသည်။

စာ(၅၀) - အားကစားကြယ်ပွင့် မှ



ဒီနောက် ၂၀၀၈ မှာတော့ ဘေဂျင်းအိုလံပစ်ကို ပြင်သစ်ကိုယ်စားပြု ဝင်ပြိုင်ခဲ့ပြီး ဟဲဗီးဝိတ်တန်းမှာတတိယကြေးတံဆိပ်သာရခဲ့ပါတယ်။ ဒါပေမဲ့ဒီနှစ်ထဲမှာ ကမ္ဘာ့ဂျူဒိုအိုးပင်းချန်ပီယံရှစ်မှာတော့ ပထမ ရွှေတံဆိပ်ပြန်ရခဲ့တယ်။ ဒီနောက် တက်ဒီဟာ ၂၀၀၉၊ ၂၀၁၀နဲ့ ၂၀၁၁မှာကျင်းပတဲ့ ကမ္ဘာ့ဂျူဒိုချန်ပီယံရှစ် သုံးကြိမ်ဆက်တိုက်မှာဟဲဗီးဝိတ်ရွှေတံဆိပ်ရပြီး အောင်မြင်မှုအရှိဆုံးဂျူဒိုကစားသမားတစ်ဦးဖြစ်ခဲ့ပါတယ်။

**မိသားစုဘဝ**

တက်ဒီရီနာဟာ အစ်မနှစ်ယောက်၊ အစ်ကိုတစ်ယောက်ရှိတဲ့ မွေးချင်းလေးဦးမှာ အငယ်ဆုံးသားဖြစ်ပါတယ်။ ၎င်းရဲ့မိခင် မာရီပီယာရီကတော့ အိမ်တွင်းအလှဆင်ပညာရှင်တစ်ဦးဖြစ်ပြီး ဖခင်မွိုင်ဆီကတော့ စာတိုက်ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ တက်ဒီဟာငယ်စဉ်ကတည်းက ခန္ဓာကိုယ်ထွားကျိုင်းပြီး ခွန်အားကောင်းသူဖြစ်တာမို့ မိဘတွေက ၎င်းကို အားကစားလုပ်ဖြစ်အောင် အားပေးခဲ့ပြီး ဂျူဒိုအားကစားကို ရွေးချယ်စေခဲ့ပါတယ်။ တက်ဒီဟာ အားကစားမှာ ရှုံးနိမ့်ရမှာကို သိပ်ကြောက်သူဖြစ်တာကြောင့်အသင်းလိုက်ကစားရတဲ့ ကစားနည်းတွေကိုမနှစ်သက်ပါဘူး။ ဒါနဲ့ပတ်သက်ပြီး "အသင်းလိုက် အားကစားနည်းမှာ ကိုယ့်အသင်းရှုံးရင် အကူအညီမဲ့သလိုခံစားရတယ်။ ဂျူဒိုကစားနည်းမှာကျတော့ရလဒ်ဟာကိုယ့်အပေါ် ပဲမူတည်တယ်" လို့ တက်ဒီက လစ်ဘရေးရှင်းသတင်းစာကိုပြောဖူးပါတယ်။



7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

## ကုလသမဂ္ဂ ညီလာခံတက်ရောက်သော သံတမန်များထံမှ ကားရပ်နားခွင့်ဒဏ်ကြေး ကန်ဒေါ်လာ ၁၇ သန်းခန့်ရရန်ရှိ

**နယူးယောက်၊ စက်တင်ဘာ - ၂၆**

နယူးယောက်မြို့တော်သည်ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပစဉ်အတွင်း ကမ္ဘာ့ခေါင်းဆောင် သံတမန်များ စုရုံးရောက်ရှိလာမှုကြောင့် သံတမန်များအတွက် ကားရပ်နားခွင့် လက်မှတ်များ ထုတ်ပေးခြင်းမှ ဒဏ်ငွေ ကန်ဒေါ်လာ ၁၇ သန်းနီးပါးအထိ အကြေးရရန်ရှိနေကြောင်း သိရသည်။ မြို့တော် ဘဏ္ဍာရေးဌာနက ထိုပမာဏမှာ ဇူလိုင်လမှ ယနေ့အထိ ရရှိခဲ့ခြင်းဖြစ်ပြီး ကားရပ်နားခွင့်လက်မှတ်မသုံး၍ ဒဏ်ငွေဆောင်ရမှုတွင် အီဂျစ်နိုင်ငံမှာ ကန်ဒေါ်လာ ၁ ဒသမ ၉ သန်းဖြင့် ထိပ်ဆုံးမှရှိနေပြီး ယင်းနောက် နိုင်ဂျီးရီးယားမှာ ဒေါ်လာတစ်သန်းခန့်ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားမှာ ဒေါ်လာ ၇၂၅,၀၀၀ ဖြင့်လည်းကောင်း အသီးသီးရပ်တည်ခဲ့သည်ဟုဆိုသည်။

ယခုအခါ အမေရိကန်ကွန်ဂရက်အမတ်များဖြစ်သော မိုက်ကယ်ဂရင်းမ်၊ ပီတာကင်းနှင့် အီဒိုဖတ်စ်တောင်းစ်တို့က နယူးယောက်တွင် ကားရပ်နားခွင့် ဒဏ်ကြေး ဆောင်ရန် ပျက်ကွက်သော သံတမန်များ၏ နိုင်ငံများကို ပိတ်ဆို့ အရေးယူမှုများပြုလုပ်မည့် ဥပဒေကြမ်းတစ်ရပ် မိတ်ဆက်တင်ပြထားသည်။ လက်ရှိဥပဒေအရ နယူးယောက်နှင့်ဝါရှင်တန်မြို့နှစ်မြို့အတွက် ပေးသွင်းရမည့် ကားရပ်နားခွင့် ဒဏ်ကြေးစုစုပေါင်း ၁၁၀ ရာခိုင်နှုန်းကိုကျူးလွန်သော သံတမန်များ၏နိုင်ငံများထံ ပေးအပ်သော အကူအညီများမှ နုတ်ပယ်သွားမည်ဟု သိရသည်။

သို့သော် ယင်းမြို့တော်များကမူ ယင်းဒဏ်ကြေးငွေများကိုပြန်ရရန်မရှိဟုဆိုသည်။ နယူးယောက်မြို့တော်သည် ကုလသမဂ္ဂရုံးစိုက်ရာဖြစ်ပြီးနိုင်ငံရပ်ခြားစစ်သံရုံးများနှင့်ကောင်စစ်ဝန်ရုံးများ (၂၈၉) ခုရှိသည်။ ဥပဒေကြမ်းတင်သွင်းသည့်ကွန်ဂရက်အမတ်ဂရင်းစ်က “သင်ဟာ နယူးယောက်မှာ ကားရပ်နားခွင့် လက်မှတ်ဝယ်ထားတယ်ဆိုရင် သတ်မှတ်နှုန်းပေးရမှာပါ။ ချွင်းချက်မရှိပါဘူး။ နယူးယောက်မြို့တော်ရဲ့ဘတ်ဂျက်ဟာ တင်းကျပ်ထားပြီးဖြစ်ပါတယ်။ နိုင်ငံခြားသံတမန်တွေဟာ နယူးယောက်အခွန်ထမ်းပြည်သူတွေရဲ့ ငွေကိုသုံးပြီး အခမဲ့ရပ်နားခွင့်ရဖို့ မထိုက်တန်ပါဘူး” ဟုပြောသည်။

*—Ref: Reuters*

## ဗြိတိန်ဆယ်ကျော်သက်များ ကြက်ဥမည်သို့ ပြုတ်ရမည်ကို မသိဟုဆို

**လန်ဒန်၊ စက်တင်ဘာ - ၂၇**



ဗြိတိန်နိုင်ငံမှ စိန်းဘူရီစူပါမားကက်အဖွဲ့၏ စစ်တမ်းကောက်ယူမှုအရ ဗြိတိန်ဆယ်ကျော်သက်များမှ ဆယ်ဦးလျှင်တစ်ဦး (၁၀ ရာခိုင်နှုန်း)သည်ကြက်ဥမည်သို့ပြုတ်ရမည်၊ ထမင်းဟင်းချက်ရမည်ကို ပင်မသိကြောင်းဝန်ခံခဲ့သည်ဟု သိရသည်။ စစ်တမ်းတွင် တက္ကသိုလ်စတက်မည့် ကျောင်းသားသစ် ၅၀၂ ဦးကို မေးမြန်းခဲ့ခြင်းဖြစ်ပြီး မေးမြန်းခံရသူ ၅၇ ရာခိုင်နှုန်းက ၎င်းတို့သည် နေအိမ်ပြင်ပ၌ တစ်ခါမှနေထိုင်ဖူးခြင်း မရှိသကဲ့သို့နေအိမ်ပြင်ပထွက်လျှင်မည်သို့နေထိုင်ရမည်ကိုလည်းပြင်ဆင်ထားခြင်း မရှိကြောင်းဆိုကြသည်။

မေးမြန်းခံရသူကျောင်းသားငါးပုံတစ်ပုံမှာ အစားအစာများကို တစ်ဦးတည်း ဈေးဝယ်ဖူးခြင်း မရှိဘဲ ၁၃ ရာခိုင်နှုန်းကလည်း မိမိကိုယ်ပိုင်အဝတ်အစားများကိုတစ်ခါမှ မီးပူတိုက်ဖူးခြင်းမရှိကြောင်း ဖြေခဲ့သည်။ စိန်းဘူရီ၏ ဘဏ္ဍာရေး ဌာနမှ နာတာရှားတားကျူးကလည်း “ပထမဆုံးအကြိမ် တက္ကသိုလ်တက်ဖို့ဘဝမှာတစ်ဦးတည်း နေထိုင်ရခြင်းဟာပညာသင်ဖို့၊ ငွေရေးကြေးရေးကိုင်တွယ် ဖြေရှင်းဖို့၊ သူငယ်ချင်းသစ်တွေနဲ့ ဆက်ဆံဖို့ တာဝန်ရှိလာတာမို့ သူတို့အတွက် ကြောက်လန့်စရာကိစ္စတစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ဟာ ကျောင်းသားတွေကို ကိုယ့်ရဲ့ ငွေရေးကြေးရေးအကြောင်း စဉ်းစားချင့်ချိန်ဖို့၊ ဥပမာအားဖြင့် တက္ကသိုလ်ဝက်ဘ်ဆိုက်တွေ သုံးပြီးအကူအညီဖြစ်မယ့်အရာတွေ ရှာဖွေဖို့ တိုက်တွန်းပါတယ်။ ကြက်ဥကို ဘယ်လိုပြုတ်ရမလဲ ဆိုတာလည်းကောင်းကောင်းသင်ထားသင့်ပါတယ်” ဟုပြောသည်။ ယခုစစ်တမ်းကို ဗြိတိန်၏ စူပါမားကက်စိန်းဘူရီနှင့်အတူဗြိတိန်ကျောင်းပညာရေးဈေးကွက်သုတေသနအဖွဲ့ Opinion Panel တို့က ပူးပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

*—Ref: Dailymail*

## မြောက်ကိုရီးယား ငတ်မွတ်မှုအခြေအနေ ဆိုးဝါးလာနေဟု ကယ်ဆယ်ရေးအဖွဲ့များ ပြောကြား

**ဝါရှင်တန်၊ စက်တင်ဘာ - ၂၈**

မြောက်ကိုရီးယားနိုင်ငံသို့ စားနပ်ရိက္ခာအကူအညီ ပိုမိုပေးအပ်ရန် ကယ်ဆယ်ရေးအုပ်စုများက အမေရိကန်နိုင်ငံအား မေတ္တာရပ်ခံပန်ကြားလိုက်ပြီး ၎င်းနိုင်ငံတွင် ငတ်မွတ်ခေါင်းပါးမှု အခြေအနေ ဆိုးဝါးလာနေကြောင်းနှင့် လာမည့်နှစ်တွင်ပြဿနာကြီးတစ်ရပ် ဖြစ်လာနိုင်ကြောင်း သတိပေး ပြောကြားသည်။

အမေရိကန်နိုင်ငံက ယခုလအစောပိုင်းတွင် မြောက်ကိုရီးယားသို့ ရေဘေးကယ်ဆယ်ရေး ပစ္စည်းများ ပေးပို့ခဲ့သည်။ သို့သော် ၎င်းနှင့်ဆက်ဆံရေးတင်းမာနေသည့် နိုင်ငံသို့ စားနပ်ရိက္ခာများပေးပို့ရေးကိုမူ ထိန်းချုပ်ထားသည်။ ရေကြီးမှုအတွက် အကူအညီများပေးပို့ခဲ့သော အမေရိကန် အကူအညီပေးရေးအဖွဲ့ ငါးဖွဲ့က မြောက်ကိုရီးယားတွင် အရပ်သားများအား ပစ္စည်းများဖြန့်ဝေခြင်းကို ၎င်းတို့စောင့်ကြည့်လေ့လာခဲ့ကြောင်း၊ မိုးကြီးခြင်းနှင့် လေပြင်းများကြောင့် အဆောက်အအုံများ၊ သီးနှံများ၊ လမ်းများပျက်စီးသွားခဲ့၍ ၎င်းတို့မြင်တွေ့ခဲ့ရသည်များမှာ ထိတ်လန့်စရာကောင်းကြောင်းပြောကြားသည်။

“မြောက်ကိုရီးယား နိုင်ငံမှာ အမြဲတမ်းလိုလို ထိလွယ်ရှလွယ်ဖြစ်နေတဲ့ ကျန်းမာရေးနဲ့ စားနပ်ရိက္ခာအခြေအနေဟာ ယိုယွင်းပျက်စီးလာပြီး လူထုဒုက္ခရောက်မယ့်အခြေအနေ ရှိပါတယ်” ဟု အဖွဲ့အစည်းငါးခု၏ ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြသည်။

ချက်ချင်းလက်ငင်းကြားဝင်ဖြေရှင်းပေးခြင်းမရှိပါက မြောက်ကိုရီးယားနိုင်ငံတွင် ခြောက်လမှ ကိုးလအတွင်းယခုထက်ပိုမိုကြီးမားသော ဘေးဒုက္ခအကျပ်အတည်းဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အစီရင်ခံစာတင်ပြသူ Samaritan Purse အကူအညီအဖွဲ့မှ မတ်အဲလင်တန်က ပြောကြားသည်။

*—Ref: AFP*



7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# အကျအဆုံးများနေသော ကဒါဖီ ဆန့်ကျင်ရေးတပ်ဖွဲ့ဝင်များက နေတိုးတိုက်ခိုက်မှုများ ပိုမိုပြုလုပ်ရန် တိုက်တွန်း


Photo - Getty Images

**ဘာနီဝါလစ်၊ စက်တင်ဘာ - ၂၉** ကဒါဖီ၏ မွေးရပ်မြေ ဆာတီမြို့နှင့် အခြားနောက်ဆုံးခံစစ်မြို့ ဘာနီဝါလစ်မြို့ စစ်ဆင်ရေးများတွင်ကျဆုံးမှု အများအပြားနှင့် ကြုံတွေ့နေရသည့် ကဒါဖီဆန့်ကျင်ရေးတပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုများ တိုးမြှင့်ပေးရန် နေတိုးအဖွဲ့အား တိုက်တွန်းလိုက်ကြောင်း သိရသည်။

ရေဒီယိုအသံလွှင့်ချက် တစ်ခုတွင် မွမ်မာကဒါဖီက ဘာနီဝါလစ်မြို့မှ ခုခံမှုများကို ချီးကျူးပြောဆိုခဲ့သည်။ ဘာနီဝါလစ်မြို့ရှိကဒါဖီသစ္စာခံတပ်ဖွဲ့များပစ်ခတ်သော ဒုံးကျည်များကြောင့် ၎င်းတို့၏ တိုက်ခိုက်ရေးသမား ၁၁ ဦးသေဆုံးခဲ့ကြောင်း အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ (NTC) က ပြောကြားသည်။

ထွက်ပြေးတိမ်းရှောင်နေသည့် ခေါင်းဆောင်ကဒါဖီတစ်ယောက်မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မသိရသော်လည်း ၎င်း၏ သားတစ်ဦးဖြစ်သူ ဆာအစ်အယ်လ်အစ္စလာမ်သည် ဘာနီဝါလစ်မြို့တွင် ရှိနေပြီး အခြားသားတစ်ဦးဖြစ်သူ မူတက်ဆမ်သည် ဆာတီမြို့တွင် ရှိနေကြောင်း လစ်ဗျားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဖခင်ကဒါဖီနှင့် ၎င်း၏ ထောက်လှမ်းရေး အကြီးအကဲ ဟောင်းအဗ္ဗဒူလာအယ်လ်ဆာနူဆီနှင့်အတူ ဆာအစ်အားလူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်း စွဲချက်များဖြင့် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးက အလိုရှိနေသည်။

ကဒါဖီတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသူများတွင် အကြီးတန်းတပ်မှူးတစ်ဦးဖြစ်သူ ဒါအိုအယ်လ်ဆာဟင်းအယ်လ်ဂျာဒက်လည်း ပါဝင်ကြောင်း NTC ညှိနှိုင်းရေးမှူးချုပ် အဗ္ဗဒူလာကင်ရှီးလ်က အေအက်ပီသတင်းဌာနအား ပြောကြားသည်။ *—Ref: AFP*






7DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# ကြွေးမြီပြဿနာသည် အီးယူသမိုင်းတွင် အကြီးမားဆုံးစိန်ခေါ်မှုဟု ဥရောပအကြီးအကဲ ပြောကြား

**ဘရပ်ဆဲလ်၊ စက်တင်ဘာ - ၂၉**

ဥရောပသမဂ္ဂသည် လက်ရှိကြုံတွေ့နေရသည့် စီးပွားရေးအကျပ်အတည်းကို ကျော်လွှားနိုင်မည် ဟုယုံကြည်ကြောင်း ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌဟိုဆေးမယ်နျူရယ်ဘာရိုဆိုကပြောကြားလိုက်ပြီး ဥရောပတိုက်၏ ဝေဒနာများကိုကုစားရန် စီးပွားရေးနှင့်နိုင်ငံရေးအရ ပေါင်းစည်းမှု ပိုမိုပြုလုပ်ရန် လိုအပ်သည်ဟု ပြောကြားလိုက်သည်။

စထရက်ဘာ့ဂ်မြို့ ဥရောပပါလီမန်တွင်ပြောကြားသည့် ကော်မရှင်ဥက္ကဋ္ဌ၏ နှစ်ပတ်လည် "နိုင်ငံတော်အခြေအနေ" မိန့်ခွန်း တွင်စီးပွားရေးအကြောင်းအရာများလွှမ်းမိုးခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသောကြွေးမြီအကျပ်အတည်းသည် ဥရောပသမဂ္ဂသမိုင်းတွင် အကြီးမားဆုံး စိန်ခေါ်မှုဟု ကော်မရှင်ဥက္ကဋ္ဌက ခေါ်ဝေါ်ပြီး ဥရောပခေါင်းဆောင်များထံမှ အားကောင်းသောနိုင်ငံရေးဦးဆောင်မှုနှင့် စိတ်ပိုင်းဖြတ်မှုများရှိမှသာ ယူရိုငွေကြေးကို ကယ်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း မစ္စတာဘာရိုဆိုက အလေးအနက်ပြောကြားသည်။

"ပေါင်းစည်းမှုကိုသာ ဆက်လက်မလုပ်ဆောင်ဘူးဆိုရင် ကျွန်တော်တို့ တစ်စစီပြိုကွဲသွားနိုင်တဲ့ အန္တရာယ်ရှိပါတယ်" ဟု ဥရောပသမဂ္ဂကော်မရှင် ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။ ထို့အပြင် အခြားဥရောပနိုင်ငံများက နှစ်ကြိမ်တိုင်တိုင် အကျပ်အတည်းမှ ကယ်တင်ထားရသော ဂရိနိုင်ငံအားဥရောပသုံးယူရိုငွေကြေးစနစ်မှထုတ်ပယ်လိုက်မည်လားဆိုသော စိုးရိမ်မှုများကိုလျော့ပါးစေရန် ကြိုးစားခဲ့ပြီး ဂရိနိုင်ငံသည်ယူရိုဇုန်ဧရိယာ၏ အဖွဲ့ဝင်အဖြစ်ဆက်လက် ရှိနေမည်ဖြစ်ကြောင်းပြောကြားသည်။ *—Ref: REF, RL*



Photo - Reuters

# ဆီးရီးယားအပေါ် ဆုံးဖြတ်ချက် ကုလလုံခြုံရေးကောင်စီတွင် သဘောထားကွဲလွဲ

**ကုလသမဂ္ဂ၊ စက်တင်ဘာ - ၂၉**

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် သွေးထွက်သံယိုမှုများကို ရှုတ်ချရန် ဆုံးဖြတ်ချက်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထပ်မံကြိုးစားမည် ဖြစ်ကြောင်း သိရသည်။ သို့သော် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အစိုးရအပေါ် ပိတ်ဆို့တားဆီးမှုများချမှတ်ရေးနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီအဖွဲ့ဝင်များကြား နက်နက်ရှိုင်းရှိုင်းသဘောထား ကွဲလွဲနေသည်။

ဥရောပနိုင်ငံများနှင့် ရုရှား နိုင်ငံတို့က ၎င်းတို့၏ ကိုယ်ပိုင်စာသားများကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ယင်းစာသားများကိုလုံခြုံရေးကောင်စီက စက်တင်ဘာ ၂၈ ရက်တွင် တံခါးပိတ်ဆွေးနွေးခဲ့သည်။ သို့သော် ပိတ်ဆို့တားဆီးမှုများပြုလုပ်မည်ဟူ၍ ခြိမ်းခြောက်ရေးအတွက်ပင် သဘောတူညီမှုမရရှိခဲ့ပေ။

ဆီးရီးယားနိုင်ငံတွင် သွေးထွက်သံယိုအကြမ်းဖက်မှုများမြင့်တက်လာခြင်းအတွက်လုံခြုံရေးကောင်စီက ဩဂုတ်လတွင် ရှုတ်ချခဲ့ပြီးနောက် အမေရိကန်၏ ထောက်ခံမှုဖြင့် ဥရောပနိုင်ငံများက ဆီးရီးယားသို့ လက်နက်ရောင်းချမှု ပိတ်ပင်ခြင်းကို ချက်ချင်းချမှတ်ရန်၊ အခြားပိတ်ပင်တားဆီးမှုများ အတွက်ဆုံးဖြတ်ချက် ထွက်ပေါ်လာစေရန်ကြိုးပမ်းခဲ့သည်။

သို့သော် ဥရောပနိုင်ငံများ ကနဦးတင်ပြခဲ့သည့် ဆုံးဖြတ်ချက်မူကြမ်းအား ရုရှား၊ တရုတ်၊ တောင်အာဖရိက၊ ဘရာဇီးစသော နိုင်ငံများက ဆန့်ကျင်ခဲ့သည်။ ဆုံးဖြတ်ချက်ကို ဆီးရီးယားနိုင်ငံတွင် လက်နက်ဖြင့် ကြားဝင်ဖြေရှင်းရန် ကြိုတင်ခြေလှမ်းအဖြစ် အသုံးချမည်ကို BRICS နိုင်ငံများက စိုးရိမ်ခဲ့သည်။ လစ်ဗျားနိုင်ငံတွင် အရပ်သားများအားကာကွယ်ပေးရေး ကုလသမဂ္ဂဆုံးဖြတ်ချက်ကို နေတိုးတပ်ဖွဲ့များက တလွဲအသုံးချခဲ့ပြီးယင်းမှာမွမ်မာကဒါဖီအစိုးရအပေါ် လေပေါင်းများစွာပုံး ကြဲတိုက်ခိုက်ရန် အကြောင်းပြချက်ကောင်းဖြစ်ခဲ့သည်ဟု BRICS နိုင်ငံများက ပြောကြားသည်။ *—Ref: AP*



7 DAY NEWS JOURNAL

# International

Vol.10, No.29 • OCTOBER 6, 2011

## နယူးယောက်ဝေါလ်စထရိ ဆန့်ကျင်ဆန္ဒပြမှုတွင် လူ ၇၀၀ ကျော် ဖမ်းဆီး

**နယူးယောက်၊**
**အောက်တိုဘာ-၂**

ကော်ပိုရေးရှင်းကြီးများ လောဘကြီးမှုနှင့် အခြားမကျေမချမ်းမှုများကို ထုတ်ဖော်ပြောဆိုသည့် ကန့်ကွက်ဆန္ဒပြသူများသည်နယူးယောက်မြို့ မန်ဟက်တန် ဘဏ္ဍာရေးရပ်ကွက်တွင် ဆက်လက်ဆန္ဒပြနေကြောင်း သိရသည်။

ယင်းမတိုင်မီ ဘရွတ်ကလင်းတံတားပေါ်တွင် ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများ ထိပ်တိုက်ရင်ဆိုင်မှုများ ရှိခဲ့ပြီးနောက် လူပေါင်း၇၀၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။

'Occupy Wall Street' 'ဝေါလ်စထရိကိုသိမ်းပိုက်ကြ' ဟုခေါ်သောအဖွဲ့သည်မန်ဟက်တန် ဘဏ္ဍာရေးရပ်ကွက်တွင် စတည်းချနေထိုင်၍ ချီတက်ပွဲများပြုလုပ်ခဲ့သည်မှာ သီတင်းပတ်နှစ်ပတ်ကျော်လာခဲ့ပြီဖြစ်သည်။ ဆန္ဒပြသူများက ဘရွတ်ကလင်းတံတားဆီသို့ အောက်တိုဘာ ၁ ရက်တွင် ချီတက်ခဲ့ကြရာ လမ်းဘေးပလက်ဖောင်းများပေါ်မှသာ လမ်းလျှောက်ရန် ရဲတပ်ဖွဲ့က သတိပေးခဲ့သည်။ သို့သော် လူအများအပြားက ကားလမ်းမပေါ်တက်၍ ချီတက်ခဲ့သဖြင့် ရဲတပ်ဖွဲ့က ၎င်းတို့အားဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူအများအပြားအား စည်းကမ်းမဲ့အပြုအမူအဖြစ် တရားရုံးကဆင့်ခေါ်စာများ ထုတ်ပေးပြီးနောက် ပြန်လွှတ်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စာ(၄၅)သို့



Photo - Getty Images

## ရေကြီးနေသော ထိုင်းနိုင်ငံအလယ်ပိုင်းခိုင် ဒေသကြီးနှစ်ခုကို ဘေးအန္တရာယ်ရှိ ဧရိယာအဖြစ်ကြေညာ



Photo - Reuters

**ဘန်ကောက်၊**
**အောက်တိုဘာ-၂**

ထိုင်းနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသတွင် ရေကြီးမှု ပိုမိုဆိုးရွားလာ၍ ခရိုင်ဒေသနှစ်ခုအား ဘေးအန္တရာယ်ရှိ ဧရိယာများအဖြစ် ကြေညာထားကြောင်း သိရသည်။

လော့ဘူရီမြစ်ရေလျှံတက်နေ၍ အယုဒ္ဓယခရိုင်တစ်ခုလုံးနှင့် ပီချစ်ခရိုင်တစ်စိတ်တစ်ပိုင်းအား ဘေးအန္တရာယ်ရှိ ဧရိယာအဖြစ် ကြေညာထားသည်။ ၎င်းမြစ်ဘေးမှ ရပ်ကွက်အများအပြားလည်း ရေမြုပ်နေကြောင်း သိရသည်။

ရေဘေးဒုက္ခရောက်နေသူများအား ကယ်ဆယ်ရေးပြုလုပ်နိုင်ရန် ကုန်းမြင့်ဒေသများရှာဖွေရန် ဒေသခံအရာရှိများအား အမိန့်ပေးထားကြောင်းလည်း သိရသည်။

စာ(၄၅)သို့

## တာလီဘန်ငြိမ်းချမ်းရေး မဟာဗျူဟာ ဟာမစ်ကာဇိုင်း ပြန်လည်သုံးသပ်မည်

**ကဘူးလ်၊ အောက်တိုဘာ-၃**

တာလီဘန်တို့နှင့်ညှိနှိုင်းရန် ငြိမ်းချမ်းရေးထိပ်တန်းကိုယ်စားလှယ်သတ်ဖြတ်ခံရပြီးနောက် ငြိမ်းချမ်းရေးအတွက် မဟာဗျူဟာကို အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက ပြန်လည်သုံးသပ်နေကြောင်း ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အထူးအာဏာရ ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဘာဟာနူဒင်ရက်ဘာနီသည်ယခင်လအတွင်းကသူပုန်များထံမှ ငြိမ်းချမ်းရေးကိုယ်စားလှယ်ဆိုသူတစ်ဦး၏ ခေါင်းပေါင်းတွင် ထည့်သွင်းထားသော ဗုံးဖြင့် လုပ်ကြံခံခဲ့ရသည်။ စာ(၄၅)သို့

## ဗြိတိန် အာဏာရပါတီညီလာခံ ကျင်းပနေစဉ် လူပေါင်း ၃၅ ၀၀၀ ကန့်ကွက်ဆန္ဒပြ

**မန်ချက်စတာ၊ အောက်တိုဘာ-၃**

ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏ လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီ နှစ်ပတ်လည်ညီလာခံ ကျင်းပရာတွင် ကုန်သွယ်ရေးသမဂ္ဂများမှ လူပေါင်း ၃၅,၀၀၀ ခန့်ကန့်ကွက်ဆန္ဒပြခဲ့ကြောင်းသိရသည်။ ၎င်းတို့မှာ အစိုးရ၏ ဘတ်ဂျက်ဖြတ်တောက်မှုများအပေါ် မကျေနပ်၍ ဆန္ဒပြကြခြင်းဖြစ်သည်။

မန်ချက်စတာမြို့တွင်ပြုလုပ်သည့်ဆန္ဒပြချီတက်ပွဲများကို 'အလုပ်အကိုင်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တရားမျှတမှု' အတွက်ဖြစ်ကြောင်း ကုန်သွယ်ရေးသမဂ္ဂကွန်ဂရက်က ခေါ်ဝေါ်သမုတ်ထားသည်။ စာ(၄၅)သို့


■ INTERVIEW PAGE-46

### တူရကီဟာ ဒီမိုကရေစီနိုင်ငံဖြစ်တယ်

တူရကီဝန်ကြီးချုပ် ရီဆပ်တေယစ်အာဒိုဂန်နှင့် တွေ့ဆုံခြင်း

■ NEWS ANALYSIS PAGE-36

### အိုဘားမားနှင့် အာရပ်ကမ္ဘာ





# တံတားကြေးကောက်ခံမှု သုံးဆအထိတိုးမြှင့်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

ကားလမ်းမကြီးများပေါ်ရှိတံတားကြေးကောက်ခံမှုနှုန်းထားများကို အောက်တိုဘာ ၁ ရက်မှစ၍ သုံးဆအထိ တိုးမြှင့်ကောက်ခံသွားမည့်အပြင် ဒဏ်ကြေးကိုလည်း ၁၀ ဆအထိ ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။




ယင်းသို့တိုးမြှင့်ကောက်ခံရာတွင် ပေ ၂,၀၀၀ အထက် စီမံကိန်းဝင်တံတား၊ ပေ ၂,၀၀၀ အောက် စီမံကိန်းဝင်တံတားနှင့် သာမန်တံတားဟူ၍ သုံးမျိုးခွဲခြားထားသည်။

"အခုက တံတားကြေး သုံးဆတက်တယ်လို့သာပြောရတာ။ အမှန်က တော်တော်နစ်နာတယ်။ တန်သတ်မှတ်ချက်က အရင်နဲ့ကွာနေတော့ အရင်က ၁၀ တန်ကစတော့ကုန်အလွတ်ပြန်ရင် တံတားကြေး ၇၀၀ ကျပ်ပဲပေးရတယ်။ အခုကုန်အလွတ်ပြန်ရင်တောင် ကျပ် ၃,၀၀၀ ပေးရမယ်"ဟု ကားပိုင်ရှင်တစ်ဦးက တွက်ချက်ပြောသည်။

တံတားကြေးတိုးမြှင့်ရာတွင် နှုန်းထားသာမက တန်သတ်မှတ်ချက်များကိုလည်း ပြင်ဆင်ထားကြောင်းသိရသည်။

လက်ရှိ တိုးမြှင့်ကောက်ခံမည့်နှုန်းထားမှာ ပေ ၂,၀၀၀ အထက်စီမံကိန်းဝင်တံတားများတွင် ယခင်က ၁၀ တန်မှ တန် ၂၀ အထိ ကျပ် ၁,၀၀၀ ကောက်ခံရာမှ ယခု ငါးတန်မှ ၁၆ တန်အထိ ကျပ် ၃,၀၀၀ အထိ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ပေ ၂,၀၀၀ အောက်စီမံကိန်းဝင်တံတား၌ ယခင်က ၁၀ တန်မှ တန် ၂၀ အထိ ကျပ် ၁,၀၀၀ ပေးဆောင်ခဲ့ရာမှ ယခု ငါးတန်မှ ၁၆ တန်အထိ ၁,၅၀၀ ကျပ် တိုးမြှင့်လိုက်သည်။

သာမန်တံတားများကိုလည်း ယခင်က ငါးတန်မှ ၁၆ တန်အထိ ၁၅၀ ကျပ် ပေးဆောင်နေရရာမှ ၂၅၀ ကျပ်ထိပေးဆောင်ရတော့မည်ဖြစ်ကြောင်းလမ်းတစ်လျှောက်ရှိ တံတားကြေးကောက်ခံရေးဂိတ်များ၌ ကောက်မည့် နှုန်းထားများကိုစာရွက်ပေးဝေထားကြောင်း ယာဉ်ပိုင်ရှင်များကပြောသည်။

ထို့အပြင် ယင်းသတ်မှတ်တန်ချိန်များထက် ပိုတင်လာပါက သတ်မှတ်နှုန်းထက် ၁၀ ဆထိ ဒဏ်ကြေးကောက်ခံသွားမည်ဖြစ်ကြောင်း ၎င်းစာတွင်ဖော်ပြထားသည်။

# ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက ကျိတ်၍မကုရန် တာဝန်ရှိသူ အကြံပြု

**မင်းဒင်**

**မန္တလေး၊**

**အောက်တိုဘာ - ၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကွက်ကျားဖြစ်ပွားလျက်ရှိပြီး ပြီးခဲ့သည့်လဝက်ခန့်က အဆိုပါရောဂါဖြစ်ပွားသူ အမျိုးသမီးသေဆုံးမှုမှာ ဆေးရုံရောက်ရှိမှုနောက်ကျ၍ဖြစ်ရာ ရောဂါဖြစ်ပွားပါက မိမိနေအိမ်၌ကျိတ်ပြီး ကုသခြင်းမျိုးအား ရှောင်ရှားကာ ဆေးရုံ၊ ဆေးခန်းများ၌ ကုသမှုခံယူသင့်ကြောင်း ဆိုင်ရာမှ နှိုးဆော်ထားသည်။

အဆိုပါရောဂါ (အဓိက အရည်ဝမ်းသွားခြင်း)ဖြစ်ပွားပါက အသက်ဆုံးရှုံးသည်အထိဖြစ်နိုင်၍ အချိန်မီ ကုသမှုခံယူနိုင်ရန် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်သင့်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်လဝက်ခန့်က တမ္ပဝတီရပ်ကွက်အတွင်း နေထိုင်သူ အမျိုးသမီးတစ်ဦး ဆေးရုံသို့လာရောက်၍ ဆေးကုသမှုခံယူခဲ့သော်လည်း အချိန်နောက်ကျရောက်ရှိခဲ့မှုကြောင့် အသက်သေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ရေဝင်ရပ်နှင့် ရေဝပ်သည့်နေရာတွင်နေထိုင်သူများသည်ရေကိုကျိုချက်၍သောက်သုံးရန်၊ မကျိုချက်နိုင်ပါက ကလိုရင်းခတ်ထားသည့် ရေအား သောက်သုံးရန်၊ အစားအစာသန့်ရှင်းရန်၊ ယင်နားစာများမစားကြရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးရန်များပြုလုပ်ပြီး ကြိုတင်ကာကွယ်ထားသင့်ကြောင်း ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူကဆက်လက်ပြောကြားသည်။

အနီးကပ်ပြုစုသူများအား ဝမ်းကိုက်ပိုးသေစေသည့်သောက်ဆေးများ ပေးအပ်ထားပြီး ရောဂါတားဆီးထားသကဲ့သို့ လူနာလာရောက်မေးမြန်းခြင်းမျိုးများကိုလည်း ရှောင်ရှားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရောဂါဖြစ်ပွားသည့် လူနာများ၏ အိမ်နှင့် အနီးဝန်းကျင် မိသားစုများအား ယင်လုံအိမ်သာသုံးစွဲရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများအတွက်ပညာပေးခြင်း၊ သောက်သုံးရေများအတွင်း ကလိုရင်းဆေးခတ်ပေးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာမြို့နယ် ကျန်းမာရေး ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

PHOTO **NEWS**



မြန်မာဖက်ရှင်ဒီဇိုင်နာများအဖွဲ့၏ ပထမဦးဆုံးကျင်းပသောဖက်ရှင်ဒီဇိုင်းပြပွဲမှ မော်ဒယ်များကိုတွေ့ရစဉ်။ အောက်တိုဘာ ၁ ရက်က မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသောပြပွဲ၌ ဒီဇိုင်နာ ၂၀ ဦး၏ လက်ရာများဝတ်ဆင်ပြသခဲ့သည်။ ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အခွန်တိုးမကောက်

**ကျော်သီဟ**

**ရန်ကုန်၊ အောက်တိုဘာ-၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် အောက်တိုဘာလမှ စ၍ ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် စတင်လည်ပတ်ရသော်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကောက်ခံနေသော အခွန်များကို တိုးမြှင့်ကောက်ခံသွားမည်မဟုတ်ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ ကောက်ခံရသော အခွန် ၁၉ မျိုးရှိသည်။ ထိုအခွန်များတွင် လမ်းတံတားများဖြတ်သန်းခ၊ မြေယာခွန်၊ ယာဉ်မျိုးခွန်စသည်တို့ ပါဝင်သည်။ လမ်းတံတားများကို အခွန်ကောက်ခံသော ဌာနသုံးခုရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရစည်ပင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ကခွဲ၍ လမ်းတံတားခွန်ကောက်ခံကြခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရက ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် စတင်သုံးစွဲရပြီဖြစ်သော်လည်း ၎င်းတို့ကောက်ခံသော အခွန်များကို တိုးမြှင့်ကောက်ခံမည်မဟုတ်ကြောင်း အဆိုပါ အစိုးရအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

# ဂျပန်ခရီးသွား အသတ်ခံရမှုက ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်နိုင်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၃**

ကမ္ဘာ့လှည့်ခရီးသွားများ လာရောက်ရန် နီးကပ်သော အချိန်တွင် ဂျပန်နိုင်ငံသူတစ်ဦး အသတ်ခံရမှုကြောင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုတစ်စုံတစ်ရာရှိလာနိုင်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

"အရင်တုန်းက တစ်ခါ၊ အခုတစ်ခါဆိုတော့လေ၊ ကိုယ်တို့က Tourism အကြမ်းဖက်မှုမရှိဘူးဆိုပြီး ပြောရောင်းကြတယ်။ အခုလိုဖြစ်သွားတော့ အမည်းစက်တစ်ခုဖြစ်သွားတာပေါ့"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ထွန်းအောင်က မှတ်ချက်ပြုသည်။

ထို့အပြင် ဂျပန်နိုင်ငံမှ လာရောက်သော FIT ခရီးသွားများ လျော့နည်းသွားနိုင်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

"Package Tour တွေတော့ မထိခိုက်နိုင်ဘူး"ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။

ကမ္ဘာ့လှည့်ခရီးသွားများက မြန်မာနိုင်ငံအား ဆင်းရဲသော်လည်း ကြင်နာတတ်သော၊ ဖော်ရွေသော လူများရှိသော နိုင်ငံဟု အသိအမှတ်ပြုကြသည်။

တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် မြန်မာနိုင်ငံသို့ ဂျပန်ခရီးသွား တစ်သောင်းငါးထောင်ဝန်းကျင် လာရောက်ကြောင်း ဂျပန်သံရုံးမှ သိရသည်။

# ပြင်ပမှ နိုင်ငံခြားငွေရောင်းဝယ်သူများ ငွေလဲကောင်တာထက် ဈေးအနည်းငယ်ပိုပေး

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၃**

ပြင်ပတွင် ငွေအရောင်းအဝယ်ပြုလုပ်နေသော လုပ်ငန်းရှင်ကြီးများက နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာဈေးထက် အနည်းငယ်ပိုပေး၍ ရောင်းဝယ်လုပ်ကိုင်နေကြောင်း သတင်းရရှိသည်။

"ကောင်တာက ဖွင့်တဲ့ဈေးထက် တစ်မတ်(၂၅ ပြား)ပိုဝယ်တယ်။ ရောင်းရင်တစ်မတ်လျှော့ပြီး ပြန်ရောင်းပေးနေတယ်" ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ထိုကဲ့သို့တစ်မတ်ကွာ၍ဝယ်ရောင်းလုပ်ပေးသော်လည်း သွားရောင်း၊ သွားဝယ်ရသည့်အတွက် ခရီးစရိတ်ကြောင့် ငွေအရောင်းအဝယ်လုပ်ပေးသော ပွဲစားငယ်များမှ တွက်ခြေမကိုက်ကြောင်း ပွဲစားတစ်ဦးကဆိုသည်။

ထိုကြောင့် အချို့သောပွဲစားများက ငွေလဲကောင်တာဈေးထက်နှစ်ကျပ်ခွာ၍ဝယ်ယူကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

သို့သော် ယခုရက်ပိုင်းတွင် အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီရောင်းလိုအား အနည်းငယ်သာ လျော့နည်းသွားပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်သည်များကဆိုသည်။

ငွေလဲကောင်တာများအား အောက်တိုဘာ ၁ ရက်မှစ၍ အမေရိကန်ဒေါ်လာနှင့် တစ်ယူနစ်လျှင် ၈၆၀ ကျပ်ဈေးဖွင့်၍ဝယ်ယူနေပြီး ဒေါ်လာ ၂၀၀၀ အထက်ကျော်လွန်ပါက အထောက်အထားတစ်စုံတစ်ရာပြရကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# ရေလုပ်ငန်းတွင် အကျိုးတူပူးပေါင်းလုပ်ကိုင်သောစနစ် စတင်ကျင့်သုံးရန် တာဝန်ရှိသူတိုက်တွန်း

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၃**

ရေလုပ်ငန်း ပြည်ပတင်ပို့သော လုပ်ငန်းရှင်များနှင့် ငါးမွေးမြူသူများ အကျိုးတူပူးပေါင်းလုပ်ကိုင်သော ကန်ထရိုက်မွေးမြူရေးစနစ် (Contract Farming)စတင်ကျင့်သုံးရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြောင်း သတင်းရရှိသည်။

"မွေးတဲ့သူရော၊ အစာထုတ်တဲ့သူရော၊ တင်ပို့ရောင်းချသူရော အားလုံးအဆင်ပြေအောင် အခုလိုစီစဉ်တာပါ" ဟု အထက်ပါဝန်ကြီးနှင့်အတူ တွံတေးမြို့နယ်ရှိငါးမွေးမြူသူများထံသွားရောက် တွေ့ဆုံညှိနှိုင်းခဲ့သော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က 7 Day News သို့ပြောသည်။

အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းကို ငါး၊ပုစွန်မွေးမြူသူများနှင့် ပြည်ပတင်ပို့သူများ ပူးပေါင်းကာ လုပ်ဆောင်ရန် ပဏာမသဘောတူညီမှု ရရှိခဲ့ကြောင်း တွံတေးမြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းကျော်ကပြောသည်။

"ပြည်ပတင်ပို့တဲ့ အဖွဲ့က လိုအပ်တဲ့ ငွေကြေးအရင်းအနှီးရဖို့ နိုင်ငံခြားကဝယ်လက်တွေကိုစည်းရုံးဖို့ တာဝန်ယူထားတယ်" ဟု ၎င်းကပြောသည်။

ယခုလောလောဆယ်တွင် ငါးမွေးတောင်သူများမှာ ပြည်ပမှ ဝယ်လက်၏ ဈေးနှုန်းကျဆင်းခြင်းနှင့် အဝယ်ကျဆင်းမှုဒဏ်ကိုတိုက်ရိုက်ထိတွေ့ကာ အရှုံးပေါ် လျက်ရှိနေကြောင်း ဦးဝင်းကျော်က ပြောသည်။ထို့ကြောင့် ငါးမွေးတောင်သူများအား ဈေးနှုန်းအာမခံသည့် ငါးမွေးမြူရေးစနစ်ဖြစ်ပေါ် စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဦးဝင်းကြိုင်က ပြောသည်။

"ထုတ်လုပ်သူ၊ ရောင်းဝယ်သူရော ပြည်ပတင်ပို့သူတွေပါ လုပ်သာကိုင်သာရှိမယ့်နည်းစနစ်တွေပါ" ဟု ၎င်းကပြောသည်။

လယ်ယာလုပ်ငန်းတွင် ကန်ထရိုက်လယ်ယာစနစ် ကျင့်သုံးစဉ်ကလည်း အောက်ခြေမှ လယ်သမားများနှင့် အဖြစ်အပျက်များအား သေချာလေ့လာဆွေးနွေးမှု မပြုခဲ့၍ အခက်အခဲများကြုံတွေ့ခဲ့ရကြောင်း ထို့ကြောင့် အောက်ခြေမှ လက်တွေ့လုပ်ကိုင်သူများကိုဆွေးနွေးရန် ပဲခူးတိုင်းအနောက်ခြမ်းအင်းမမှ ငါးမွေးတောင်သူတစ်ဦးကပြောသည်။

"ကန်ထရိုက်လုပ်ရင် ငါးကန်သမားက ရှုံးလို့မဖြစ်ဘူး။ ရှုံးရင်လည်း သူ့မှာ လျော်စရာငွေမရှိတော့ ငါးကန်ထိုးအပ်ရုံပဲဖြစ်သွားမှာ" ဟု ၎င်းကပြောသည်။

ယခုအစီအစဉ်တွင် မွေးမြူသူ့အစုအဖွဲ့များ၊ ထုတ်လုပ်သူအစုအဖွဲ့များ အသီးသီးဖွဲ့စည်းပေးကာ ပြည်ပတင်ပို့သော ကုမ္ပဏီများနှင့်ပါ ချိတ်ဆက်ပြီး ၎င်းတို့မှတစ်ဆင့် ပြည်ပမှ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်ပါ ဖက်စပ်သဘောလုပ်ကိုင်လာကြဖွယ်ရှိကြောင်း သတင်းရရှိသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်များ တင်ပို့နေရာတွင် စည်းမျဉ်းစည်းကမ်းများ များပြားခြင်း၊ မွေးမြူရေး ငါး၊ ပုစွန်များ တင်ပို့မှုရရှိရေးအတွက် ကြိုးပမ်းနေရခြင်းများနှင့် အခြားသော အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဝယ်ယူမှုကျဆင်းပြီး ဈေးနှုန်းကျဆင်းနေသည်။ငါး၊ပုစွန်မွေးမြူရေးများ လုပ်ငန်းအဆင်မပြေမှုကို နောင်ကာလတွင် မဖြစ်ပေါ်စေရန်ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။






## ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများ ပြန်လည်ချပေးတော့မည်

ယုဇနကိုကို

**ရန်ကုန်၊အောက်တိုဘာ-၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရောင်းချပေးခဲ့သည့် ကျပ်ငါးသိန်းတန် CDMA 800 MHz နှင့် 450 MHz ဖုန်းများကိုပုဂ္ဂလိကကုမ္ပဏီများထံတွင်ပြန်လည်လျှောက်ထားအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပထမဦးဆုံးအနေဖြင့် ပြည်လမ်းပေါ်၌ ဖွင့်လှစ်ထားသော ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ မျက်နှာစာတွင် အဆိုပါဖုန်းများကို နေ့ချင်းပြီးစတင်ရောင်းချခြင်း ဝန်ဆောင်မှုကိုပေးနေပြီဖြစ်ကြောင်း တရားဝင်ကြေညာချက် ထုတ်ပြန်ထားသည်။ အောက်တိုဘာလမှစ၍ ပြန်လည်လျှောက်ထားနိုင်တော့မည်ဖြစ်သည့်အဆိုပါဖုန်းများကိုလတ်တလောအချိန်တွင်ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တွင် ဝယ်ယူနိုင်မည်ဖြစ်သည်။ ထို့နောက် ရက်အနည်းငယ်အကြာတွင် မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းရောင်းချသည့် ကုမ္ပဏီကြီးအချို့တွင်ပါ ဆက်လက်လျှောက်ထားနိုင်တော့မည်ဟု စုံစမ်းသိရှိရသည်။

အဆိုပါဖုန်းများကို ပုဂ္ဂလိက နည်းပညာကုမ္ပဏီများထံ ပြန်လည်လျှောက်ထားရာတွင် နေ့ချင်းလျှောက်ထားရယူနိုင်မည်ဟုဆိုသည်။ သို့သော်ထိုဖုန်းများသည်ယခင်က ကျပ်ငါးသိန်းတိတိဖြင့် အစိုးရကချထားပေးခဲ့ခြင်းဖြစ်သော်လည်း ယခုတစ်ခေါက်တွင်မူ ကျပ်ငါးသိန်းတစ်ထောင့်ငါးရာကျပ်ကျသင့်မည်ဟု ယင်းကုမ္ပဏီမှ စုံစမ်းသိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အဆိုပါစီဒီအမ်အေဖုန်းများကို တစ်နိုင်ငံလုံးတွင် အလုံးရေလေးသိန်းနှင့်အထက်ချထားပေးပြီးဖြစ်သည်။ ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများ ရောင်းချခွင့်ကိုရရှိထားသည့် အဆိုပါကုမ္ပဏီများအနေဖြင့် ဖုန်းလိုင်းပေါင်းမည်မျှချထားပေးမည်ကိုပြောကြားခြင်း မရှိပေ။ သို့သော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တာဝန်ရှိသူများကမူ အဆိုပါဖုန်းများကို တစ်နှစ်တာကာလအတွင်းတွင် နောက်ထပ်အလုံးရေတစ်သိန်းစီ ထပ်မံချထားပေးရန် အစီအစဉ်ရှိကြောင်း ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ပြည်တွင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.29 • OCTOBER 6, 2011

# ယာဉ်ကြောပိတ်ဆို့မှုလျှော့နည်းရေး ရန်ကုန်မြို့လယ်ကျောင်းများ ကျောင်းကြိုပို့ယာဉ် စနစ်တကျအသုံးပြုရန် တာဝန်ရှိသူအကြံပြု

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၇**

ရန်ကုန်မြို့လယ်ရှိ အစိုးရအခြေခံပညာကျောင်းများ၏ ကျောင်းတက်ကျောင်းဆင်းချိန်တွင် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချနိုင်ရန်အတွက် ကျောင်းသားတစ်ဦးလျှင် ကားတစ်စီးနှုန်းလာရောက်ကြိုပို့ခြင်းထက် ကျောင်းသားအများစီးနင်းနိုင်သည့်ကျောင်းကြိုပို့ယာဉ်များကိုစနစ်တကျသတ်မှတ်ပေးသည့်စနစ် လုပ်ဆောင်သင့်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

"ကျောင်းသားတစ်ယောက် ကားတစ်စီးစီလာတာထက် School Bus လို့သတ်မှတ်ပြီး လုပ်သွားမယ်ဆိုရင် အဆင်ပြေနိုင်တယ်။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲသွားနေတာပဲ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဒုတိယဌာနမှူးဦးမျိုးလွင်က အကြံပြုပြောကြားသည်။

ရန်ကုန်မြို့ရှိ အစိုးရအခြေခံပညာကျောင်းများ၏ ကျောင်းတက်ကျောင်းဆင်းချိန်တွင် ရပ်နားထားသော ကြိုပို့ယာဉ်များမှာ လမ်းနှင့်တံတားဌာန၏ ကားပါကင်ခွင့်ပြုမိန့် ပေးထားခြင်းများ မဟုတ်ဘဲ အဆင်ပြေသလိုရပ်နားထားကြခြင်းသာဖြစ်ကြောင်း အဆိုပါဌာနမှသိရသည်။

"ကျောင်းဆင်းကျောင်းတက်ချိန်မှာ ယာဉ်ကြောပိတ်ဆို့မှု အဖြစ်ဆုံးကတော့ စိန့်ဖလိုး၊ စိန့်ဂျွန်း၊ ဒဂုံ-၁ ပဲ။ အဓိကတော့ ကားထားဖို့ နေရာမရှိလို့ဖြစ်တာ။ ကားတွေရပ်တဲ့ပုံစံကို ပြောင်းသင့်တယ်။ နောက်တစ်ခုက ပိုက်ဆံချမ်းသာလို့ ကိုယ်ပိုင်ကားနဲ့ တက်နိုင်တဲ့ကလေးတွေကို ကားရပ်နားဖို့ဝင်းအကျယ်ကြီးရှိတဲ့နေရာက ကျောင်းတွေကို ပြောင်းပေးလိုက်ရင် ကောင်းမယ်" ဟု အငှားယာဉ်မောင်းသက်တမ်းနှစ် ၂၀ နီးပါးရှိသည့် ယာဉ်မောင်းတစ်ဦးကပြောသည်။


**အထက-၁ ဒဂုံ ကျောင်းဆင်းချိန် ယာဉ်ကြောပိတ်ဆို့နေစဉ်**
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့ရှိ စာသင်ကျောင်းများမှာ ကျောင်းသားအင်အားနှင့် စာသင်ခန်းအခြေအနေညီမျှမှုရှိစေရန်အတွက် အထက်တန်းကျောင်းသားများနှင့် မူလတန်း၊ အလယ်တန်းကျောင်းသားများကို ကျောင်းတက်ချိန် တစ်ချိန်စီခွဲခြားတက်စေခြင်းကြောင့် တစ်ရက်လျှင် ယာဉ်ကြောပိတ်ဆို့ချိန် သုံးကြိမ်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"ကျောင်းကြိုပို့ကားကို မိဘတွေ စိတ်ချနိုင်အောင် စာသင်ကျောင်းတွေကဖြစ်စေ၊ ပညာရေးဝန်ကြီးဌာနကဖြစ်စေ သေသေချာချာကြပ်မတ်စီစဉ်ပေးသင့်တယ်" ဟု အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

# ပြင်ပငွေစုငွေချေးဒိုင်အချို့တွင် ရှုပ်ထွေးမှုများဖြစ်နေ

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ- ၂၇**

တရားမဝင် ငွေစုငွေချေးလုပ်ကိုင်သူဒိုင်များ အချင်းချင်းငွေကြေးရှုပ်ထွေးမှုဖြစ်ပေါ်ကာ မိမိကိုယ်ကို သတ်သေခြင်း၊ အခြားနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခြင်းများအထိ ဖြစ်ပေါ်နေကြောင်း ဒေသခံများက ပြောသည်။

"အဲဒီဒိုင်ကိုင်တဲ့ အမျိုးသမီးက သူ့ဘော်လီကြိုးနဲ့ သူ့လည်ပင်းကို ညှစ်ပြီးသေကြောင်းကြံတာ အသက်မသေပေမယ့် ဆေးရုံတက်နေရပြီး အခုမြို့နယ်တရားရုံးမှာ အမှုရင်ဆိုင်နေရတယ်"ဟု တောင်ကြီးမြို့ပေါ်နေ အမျိုးသမီးတစ်ဦးက 7 Day News သို့ပြောသည်။

အထက်ပါ တရားမဝင် ငွေစုငွေချေးဒိုင်ကိုင်သူအမျိုးသမီးမှာ ကျပ်ငွေသိန်းပေါင်း သုံးသောင်းကျော်ပေးရန်ရှိနေကြောင်း သတင်းရရှိသည်။

အလားတူ တောင်ကြီးမြို့ပေါ်တွင် ဒိုင် ၄၀ ခန့်ရှိပြီး တစ်ဒိုင်လျှင် အဖွဲ့ဝင်ငွေစုသူ ၅၀ ကျော်ခန့်စီရှိကြောင်း သိရှိရသည်။ အသေးဒိုင်၊ အလတ်ဒိုင်နှင့် ဒိုင်ကြီးများ ချိတ်ဆက်လုပ်ကိုင်နေကြပြီး ဒိုင်ကိုင်သူများအနက်မှ အချို့သည် တရုတ်နိုင်ငံထဲသို့ ငွေလွှဲပို့ခြင်း၊ ကိုယ်တိုင်ဝင်ချေးခြင်း၊ အချို့မှာ ရန်ကုန်ရှိ စီးပွားရေးလုပ်ငန်းကြီးများနှင့် ချိတ်ဆက်လုပ်ကိုင်ခြင်းနှင့် စက်မှုဇုန်မြေကွက်များဝယ်ယူခြင်းများ ရှိခဲ့ကြောင်း တောင်ကြီးဒေသခံ တစ်ဦးကလည်း ပြောသည်။

အထက်ပါ အမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသအာဏာပိုင်များအား စုံစမ်းရာတွင် အမှုမှာဟုတ်မှန်သော်လည်း ထုတ်ဖော်ပြောဆိုခွင့်မရှိကြောင်း အကြောင်းပြန်သည်။

အထက်ပါလုပ်ငန်းများမှာ လွန်ခဲ့သော တစ်နှစ်ခန့်မှစတင်၍ တွင်ကျယ်စွာ လုပ်ကိုင်လာကြခြင်းဖြစ်ပြီး ယခုနှစ် ဩဂုတ်လဆန်း၌ငွေကြေးလည်ပတ်မှုအခက်အခဲများဖြစ်ခဲ့ကြကြောင်းရင်းတို့ကပြောသည်။

"ငွေစုတဲ့ အဖွဲ့ဝင်တွေကလည်း ဘယ်သူ့ကိုမှ သွားမတိုင်ရဲကြဘူးဖြစ်နေတယ်။ ပေးစရာရှိတဲ့ ဒိုင်လေးတွေကတော့ သုံးလတို့၊ လေးလတို့ ခဏဆိုင်းပေးဖို့ တောင်းပန်နေကြတယ်" ဟုကိုယ်တိုင်ငွေစုနေသော ဒေသခံအမျိုးသမီးတစ်ဦးက အတည်ပြုပြောသည်။

အလားတူ တရားမဝင်ငွေစုငွေချေးခြင်းဖြစ်ရပ်မျိုး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် အခြားသော မြို့များတွင်ပါ ပျံ့နှံ့နေကြောင်းသတင်းရရှိသည်။




UK Education Exhibition
No processing fees and special scholarships for January 2012
Regent Consultancy Services Co. Ltd
office@regent-myanmar.com


MASTER KEY INTERNATIONAL LIMITED COMPANY
LONDON
LONDON


NEW COMET TRADING CO., LTD
ZEYA TRADING CO., LTD
NC
Email: newcomet@myanmar.com.mm